အဋ္ဌသာလိနီ [illegible]

ပထမ ကျော်အောင်စံထားဆရာတော်

ရေးသားတော်မူ၍

မန္တလေးမြို့-တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးနာရဒ

တည်းဖြတ်သုတ်သင်တော်မူအပ်သော

# အဋ္ဌသာလိနီဂဏ္ဌိ

ပါဠိဆရာ-ဦးတင်ရှိန် နှင့် ဦးထွန်းရှိ တို့

ကြည့်ကြပ်ရိုက်နှိပ်သည်၊

{ မူပိုင် }

ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်

မန္တလေးမြို့၊

1957

# နိဒါန်း

ဘုရားတည်းဟူသော နေဝန်း မထွန်းပေါ်ခဲ့သော်, ဘုရား တည်းဟူသော လဝန်း မဆန်းသစ်ခဲ့သော် ထိုထို သဘာဝဓမ္မတို့၏ အမည်ပညတ်မျှကိုသော်လည်း သိရမည်မဟုတ်ချေ၊ ဘုရား တည်းဟူသော နေဝန်း, လဝန်း ထွန်းပေါ် ဆန်းသစ်လာခဲ့သဖြင့်သာ ထိုထိုသဘာဝဓမ္မတို့၏ အမည်ပညတ်များ, အနက်အဓိပ္ပါယ်များကို လူနတ်ဗြဟ္မာသတ္တဝါအများ ခေါ်ဆိုနိုင်ခွင့်, သိမြင်နိုင်ခွင့်ရကြလေသည်။

ဗုဒ္ဓရှင်တော်သည် မဟာကရုဏာရှင် ဖြစ်တော်မူသည်အားလျော်စွာ မိမိ၏လက်ဘော်သို့ရောက်လှုဆဲဖြစ်သောအမြိုက်ခေါတ်ကိုစွန့်လွှတ်ပယ်လှန်တော်မူခဲ့၍ အဖန်ဖန်သေခြင်းဒုက္ခနှင့်တကွသောဘဝသံသရာ ရေယဉ်ကြောဝယ် အမျော အနစ် ခံတော်မူခဲ့ရရှာလေသည်။

ထိုသို့သော အတုမဲ့မဟာကရုဏာတော်သည် အနန္တဖြစ်သော မဟာဝိသယ သဗ္ဗညုတညာဏ်တော် တည်းဟူသော အသီးကို ဖြစ်ထွန်းစေခြင်းကား အလွန်လျှင် ယုတ္တိရှိလှပေသည်။

ဤသို့အားဖြင့် မဟာကရုဏာတော် တည်းဟူသော မျက်နှာပြင်တခု, သဗ္ဗညုတညာဏ်တော်တည်းဟူသော မျက်နှာပြင်တခု မျက်နှာပြင် နှစ်ခုတို့ဖြင့် အတုမဲ့အထွတ်ဆုံးသော ပုဂ္ဂိုလ် ဖြစ်တော်မူသည့် ဘုရားရှင်သည် မဟာကရုဏာတော်ဖြင့် နှိုင်းနှုန်းအပ်သော သဗ္ဗညုတညာဏ်တော်ဖြင့် အဆုံးမဲ့သော ဉေယျဓမ်တို့ကို မြင်တော်မူ၍ အဆုံးမဲ့သော သတ္တဝါတို့အတွက် ဟောကြားတော်မူခဲ့သော ဒေသနာတော်ရပ်ကား ''အဘိအတိရေကော ဓမ္မော အဘိဓမ္မော''ဟူသော ဝိဂြိုဟ်အရ သုတ္တန္တဓမ္မထက် သာလွန်သော အဘိဓမ္မာ ဒေသနာတော်ဖြစ်ပေသတည်း။

ထိုအဘိဓမ္မာ ဒေသနာတော်သည် နက်ယောင်နှင့် နက်သော ရေအလား သဒ္ဒါအားဖြင့်သော်၎င်း, အနက်အားဖြင့်သော်၎င်း, အဓိပ္ပါယ်အားဖြင့်သော်၎င်း အလွန်လျှင် နက်နဲခက်ခဲခြင်းရှိရကား ကျောက်မျက်ရတနာအတိပြည့်သော အဖွင့်ခက်သည့် ကျောက်သေတ္တာကြီးအလား နှောက်သားတစု ကံနု ညာဏ်နုံ့တို့အတွက် ခက်ခဲခြင်းကြီးမက ခက်ခဲ၍နေရာ မဟာအဋ္ဌကထာ ဆရာကြီးများ အစရှိသော

ဝိဇ္ဇာမိုရ်သိဒ္ဓိပေါက် ပုဂ္ဂိုလ်ကြီးတို့၏ သံဝဏ္ဏနာတည်းဟူသော ဆေး ဇွမ်းကောင်းဖြင့် 'ဩြောင်းဩြောင်းတဖုံ, ဥုံဥုံတလီ, သျှရိသျှရိမဏ္ဍန် သိ၍' ကျူး၍ ဖွင့်လှစ်တော်မူခဲ့ကြခြင်းကြောင့်သာ အဘိဓမ္မာ ကျောက်သေတ္တာအတွင်းရှိ ဝင်းဝင်းတောက်ပအလျှံကြွသော ဓမ္မ သဘာဝ အရည်အသွေးများကို တွေ့မြင်နိုင်ခွင့်, အတန်အသင့် သုံး ဆောင်နိုင်ခွင့်ကို ရရှိခဲ့ကြလေသည်။

ကာလသည် သစ်၍ သစ်၍, သကရစ်သည်ဖြို၍ ဖြို၍ ကျဖန်များ လတ်သော် နောက်နှောင်း ရှင်လူတို့သည် မဟာအဋ္ဌကထာ စသော အဋ္ဌကထာ အရှင်တို့ ဖွင့်ဟချက်ကိုပင် ထင်ထင်ပြက်ပြက် မြင်စွမ်း နိုင်ခြင်းမရှိရကား "ဋီကာမ" ခေါ် မူလဋီကာ, ၎င်းဖြင့် မြင်စွမ်း နိုင်ခြင်းမရှိပြန်ရကား "ဋီကာဆင့်"ခေါ် အနုဋီကာ, ၎င်းဖြင့်မြင်စွမ်း နိုင်ခြင်းမရှိပြန်ရကား "မြန်တောင်း"ခေါ် ပါဠိဘာသာရေး မြန်မာ ဘာသာရေး မဓုကျမ်းအမျိုးမျိုး, ယောဇနာအမျိုးမျိုး, နိဿရည်း အမျိုးမျိုးတို့ဖြင့် ရှေးသူဟောင်းတို့သည် အနည်းနည်း အနာနာ အဘိ ဓမ္မာ၏ ခဲရာခဲဆစ် အဖုအထစ်များကို ဖြေဖျဉ် ရှင်းလင်းတော်မူခဲ့ကြ ရကုန်၏။

သို့ရှင်းလင်းတော်မူခဲ့ကြရာ ပါဠိဘာသာအားဖြင့် ရေးသား ထား ရှိသော အဘိဓမ္မာဂဏ္ဌိအမျိုးမျိုး, ဒသရပ်,စုဒ္ဒသရပ်, တေတ္တိံသရပ်၊ မြန်မာဘာသာအားဖြင့် ရေးသားထားရှိသောမြန်တောင်းပိုင်တောင်း ကျမ်းများသည် အဘိဓမ္မာခုနစ်ကျမ်းနှင့် ပတ်သက်၍ အရေးပါအရာ ရောက်လှသော ကျမ်းများဖြစ်ပေသည်၊ သို့သော် ထိုကျမ်းတို့သည် အကျော်အလွှားမရှိ စဉ်တိုက်ရေးသားကြခြင်းမဟုတ်ဘဲ လိုရာလိုရာ စကား တရပ် တရပ် ဖြတ်၍ ကောက်၍ ရေးသားခဲ့ကြခြင်းကြောင့် ညဏ်နု ညဏ်နံ့ သောတဇနတို့အတွက် အကျိုးသက်ရောက် သင့် သလောက် မသက်ရောက်သည်ကို မြင်တော်မူသော **ကျော်အောင် စံထား (ပဌမ) ဆရာတော်**သည် အကျော်အလွှားမရှိ စဉ်တိုက် ရေး သားနည်းကို လိုက်နိုင်သမျှ လိုက်၍ အဘိဓမ္မာခုနစ်ကျမ်းလုံး၏ ဂဏ္ဌိ ကျမ်းကြီးကို ကြိုးပမ်း စီရင်တော်မူခဲ့လေသည်။

ဤနေရာ၌ ဂဏ္ဌိကျမ်းပြုဆရာ ဖြစ်တော်မူသော ကျော်အောင် စံထား (ပဌမ) ဆရာတော်၏ အတ္ထုပ္ပတ္တိကို အမြွက်မျှဆိုအပ်၏၊ ဇရာ

ဝတီ, သလ္လာဝတီ မြစ်နှစ်စင်း၏ အနောက်မျက်နှာ ခရီးရှစ်တိုင်ကွာသော **ပိုက်သင်ရွာ**တွင် အမိ **ရှင်ကြေတ်**, အဖ **ဦးရွှေအောင်** တို့တွင် မွေးမြင်သည်၊ သကရစ်၁၀၄၇-ခုဖွား၊အင်္ဂါသား၊**မောင်ပန်-မောင်ပန်း မောင်ပန်းအောင်** အမည်မှည့်သည်၊ ၈-နှစ်ရွယ်ရှိလျှင် ပခန်းကြီးမြို့တောင် နောင်ဘက္ကာ နိဗ္ဗာန်ကျောင်းဆရာ ဓမ္မနန္ဒာလင်္ကာရ မဟာထေရ် တပည့်ကြီး ပိဋကတ်ဗေဒင် တတ်လှသော **ရှင်စန္ဒမဇ္ဈုသာ**ထံ မိဘတို့အပ်နှံသည်နှင့် ကျောင်းနေသူငယ်အဖြစ်ကပင် တေမိ, ဇနက စသော မဟာနိပါတ်ဇာတ်ဆယ်စောင် ကုန်တွင်သည်၊ရှင်သာမဏေပြုလျှင် **ဉာဏာဝရ** အမည်ပေးသည်၊ ၃-နှစ်အတွင်း သဒ္ဒါ, သင်္ဂြိုဟ်, ညဝါ, နေ့ဝါ, ညာသ်ပါဌ်, ဋီကာ, ဆန်း, အလင်္ကာ သာမဏေတို့ သင်ရိုးစာဝါကို အကြွင်းမဲ့ကုန်စင်သဖြင့် **သာမဏေကျော်** ဟု အရပ်ထက်ဝန်းကျင် ထင်ပေါ် ကျော်စောသည်၊

သကရစ်၁၀၇၅-ခု၊ သီတင်းကျွတ်လဆန်း(၅)ရက်နေ့ဆရာရင်း ရှင်စန္ဒမဇ္ဈုသာ အသက် ၂၈-(၂၉)နှစ်တွင် တန်ဆောင်းကြီး ငြိမ်းသကဲ့သို့ ခန္ဓာစွေ့သဖြင့် သင်္ဂြိုဟ်ပြီးနောက် ရတနာပုရ အဝမြို့သို့ ရောက်လျှင် မှန်နန်းဆင်ဖြူရှင်မင်းတရား ဆရာတော်ကြီး အောင်မြေစံလွတ် မိုးထိဆရာတော်ကြီးထံ တပည့်ခံ၍ သကရစ် ၁၀၇၈-(၁၀၇၉) ခု ကဆုန်လပြည့်နေ့ သုဓမ္မာစရပ်တွင် စမွန်ကျွသား မိုးထိဆရာတော် တပည့်ရင်း ငယ်မည်ငဖုန်း ရဟန်းမည် ရှင်ဂန္ဓသာရနှင့် ဖက်၍စာပြန်ကြရသည်၊စာမေးတော်ခံကြရသည်၊သင်ပြီးသောကျမ်း၌ အဆစ်အပိုင်း ခဲရာခဲရပ်ကိုမေးသော် မေးတိုင်း ဖြေဆိုနိုင်သည်၊ ဓာတ်ပစ္စည်းအရ ဝိဂြိုဟ်ဝစနတ္ထ သံဝဏ္ဏနာ ကျမ်းရိုး ကျမ်းတက်ကိုမေးလျှင် မိုးသေး မိုးဖွဲ ကျသကဲ့သို့ ရှိသော ဟူ၏။

ထိုတွင် **မဇ္ဈိမကျော်** အရာရသည်၊ ထိုကာလ ရဟန်းသံဃာတို့ ပြောဆိုကြသည်ကား “အရှင်ဉာဏာဝရ ကို ရဟန်းရှင်လူတို့ မေးမြန်းကြ၍ မဖြစ်ပြီ၊ သုဓမ္မာစရပ်မှာ မြတ်စွာဘုရား ရုပ်ပွားတော်ကိုထီးဖြူ အုပ်မိုး၍ သီတင်းသုံးနေစေပြီးလျှင် မဖြေနိုင်အောင် မေးတော်မူမှ မဖြေနိုင်ဘဲ ရှိရာသည်၊ ရဟန်း သံဃာ ဖြစ်မူကား ရှင်ဉာဏာဝရ ဆုကို ပြည့်လိုပါ၏ ဟု ဆုပန် ဆုယူ ကောင်းလှပေသည်” ဟု ချီးမွမ်း ထောမနာကြသော ဟူ၏၊

ရှင်ဉာဏဝရ ပေါက်ပေါ် သားချင်းမှန်သမျှ ( ၄၅ ) အိမ်ထောင် စာရင်းကျ လူတို့ကိုလည်း အသည်အရ ရင်းမှ နုတ်၍ မင်းရဲ မြင်းစု ဖွဲ့စေတော်မူသည်၊ ပိုက်သင်ရွာ မြောက်တွင် ကျောက်တိုင် နိမိတ် အပိုင်း အခြားနှင့် **မြင်းသည်ရွာ**ဟု ခေါ်တွင်သည့်၊ ယခုတိုင်ရွာဟောင်းကုန်း ဖုန်းဆိုးတော အထင်အရှား ရှိသော ဟူ၏။

ထို့နောက်နေရင်း ( ဇာတိ ) မြို့ရွာသို့ ပြန်သွားသည်တွင် ပခန်း စည်သူ့ရှင်ဘုရား အနောက်မျက်နှာ တကာ အောင်ဇေယျက ဘုံသုံး ထပ်နှင့်ဆောက်လုပ်သော **မအောင့်တကျောင်း**တွင် ကျမ်းဂန်ပို့ချ၍ နေစဉ် မြန်မာသက္ကရာဇ် ၁၀၉၄-ခု၊ တန်ခူးလဆန်း ၈-ရက် တနင်္ဂနွေ နေ့၌ ဤ**အဌသာလိနီဂဏ္ဌိ**ကျမ်းကို အပြီးတိုင် ရေးသားစီရင်ခဲ့လေ သည်။

ထိုမှတပါး ၎င်းဆရာတော်ပြုစုတော်မူခဲ့သော ကျမ်းဂန်တို့ကား

၁ ရာဇာဓိရာဇ နာမတ္ထပကာသနီကျမ်း
၂ ရာဇာလင်္ကာရကျမ်း
၃ အဘိဓမ္မာချုပ်ကျမ်းဂဏ္ဌိပဒ္ဒ
၄ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိပဒ္ဒ
၅ ပါတိမောက္ခလေခနယ
၆ ကစ္စာယနသာရ နိဿယသစ်အကျယ်
၇ ကမ္မဝါစာဂဏ္ဌိကျမ်း
၈ နန္ဒကဣရဂဏ္ဌိကျမ်း
၉ စက္ကက် နိဿယ
၁၀ မဟာနမက္ကာရနိဿယ
၁၁ မဟာပဏာမဂါထာစု
၁၂ ဆန်းသံပေါက်
၁၃ မင်းရဲသိဃ်သူအမေး ကျော်အောင်စံထားဆရာတော်အဖြေ
၁၄ ငန်းမြာငယ် ဘုမ္မိရတနာဆရာတော်သို့ပေး ပါဠိမေတ္တာစာ
၁၅ အဘိဓာန်နိဿယသစ်
၁၆ သူရာဝိနိဿယ
၁၇ အနုသူရာဝိနိဿယ

စသည်တို့ဖြစ်ပေသည်။

**ဇိနစက္ကာဘိရာမဟူသော နာမတံဆိပ်, ကျော်အောင်စံထားဟူသော** ဌာန တံဆိပ်အားဖြင့် တံဆိပ်နှစ်ထပ်ရသော ကျော်အောင် စံထား ဆရာတော်ဘုရားကြီးသည် တကာတော် ''မဟာဓမ္မရာဇာ ဓိပတိ'' တံဆိပ် နာမံတော် ရှိသော မင်းတရားကြီး ကာလပက္ခ လဆုတ် အခါ ကဲ့သို့ ဖုန်းလက်ရုံး အဟုန် အဝါ အာဏာသတင်း တနေ့တပါး ဆုတ် ယုတ်သည်နှင့် အုတ်ဖိုကွေ့လဝ ဂုဏ္ဏာအိန်တို့ နှောင့်ယှက်ပုန်ကန်သည့် တကြောင်း, ရာမညတိုင်း တလိုင်းပြည် ဟံသာဝတီမြို့ကလည်း ဆင် ကျားရှင် သမိန်ထော ပခိုးမင်းတို့က ပုန်ကန်နှောင့်ယှက်၍ တိုင်းရေး ပြည်မှု မငြိမ်မသက်ရှိသည်နှင့် ငါးထပ်ကြီးဒါယကာ လက်ထက် အဝ မြို့ကို တရုတ်တို့ ဖျက်သည့်ကာလ စံကျောင်းဆရာတော် ဗေဒင်တတ် လောကုတ္တရာ အကျော်တို့ ဆုံးဘူးသည် များကို ထောက်၍ ကြောင့်ကြ စိုးရိမ်ငြီးငွေ့တော်မူသည်လည်းတကြောင်း ထိုအကြောင်းများကြောင့် ရေမြေ့ရှင်အကျိုး တိုင်းပြည် သာသနာ ရေးမှ စ၍ သူ တပါးတို့၏ စီးပွါး ဂန္ထရချကို မ,စ ရွက်ဆောင်ဘူးလှလေပြီ၊ ကိုယ်ကျိုး ကိုယ်စီး ပွါး အရည ဝါသိ ဧကစာရီ တောရဆောက်တည်လိုကြောင်းနှင့် စာ သုံးကြိမ်သွင်းမှ အခွင့်ရသဖြင့် သုနာပရန္တတိုင်းအဝင်အပါ ရေးအခါ ဗဒုံတွင်သော အလုံမြို့စီရင်ရ ကျေးလက် ညောင်ကန်ရွာသို့ ကြွသွား တော်မူ၍ ညောင်ကန်ရွာအနောက်တိုက် ခေါ်ဝေါ်သည့် ကျောင်းတိုက် သို့ ရောက်လျှင် သဃ်ာတို့က ကျောင်းမတွင် နေတော်မူပါ လျှောက် သော်လည်း တိုက်တွင်းတွင်မျှ မနေ၊ ''ငါတို့ မင်းဆရာဖြစ်ပေသည်၊ သူတပါးတို့ မကျဉ်းမြောင်းလေကောင်း'' မိန့်ဆိုတော်မူ၍ တံတိုင်း မီးတား အရှေ့ပါးတွင် ဝါးကျောင်းနှင့် သီတင်း သုံးနေတော်မူသည် ထို့နောက် အဝမင်းလည်း ဟံသာဝတီသို့ ရောက်လေသည်။

လောကာဓိပတိ အလောင်းမင်း မင်းတရားကြီး ရတနသိဃ်ရွှေမြို့ တော် ရွှေနန်းတော်တို့ကို တည်ထောင်တော် မူသောနှစ် သကရစ် ၁၁၁၅-ခု၊ သက်တော် ၄၉-နှစ်တွင် တန်ဆောင်ကြီး ငြိမ်းသကဲ့သို့ ပျံလွန် အနိစ္စ ရောက်တော်မူလေသတည်း။

၂၆-၇-၅၇
ဆရာ-ဦးဆန်းထွန်း
မြန်မာစာပေဌာန
မန္တလေးတက္ကသိုလ်

# အမှာစကား

ပဥ္စမ ကျော်အောင်စံထားဆရာတော် စီရင်တော်မူအပ်သော ဤ **အဋ္ဌသာလိနီ**ဂဏ္ဌိကျမ်းကြီးသည် သာသနာတော်၌ ယခင်က စာအုပ်အဖြစ်ဖြင့် တကြိမ်တခါမျှ မထွက်ပေါ်ခဲ့ဘူးသေးပေ။

အကြောင်းသော် ပေမူမှတဆင့် ကူးယူကာ ပုံနှိပ်မှုအဖြစ် ရောက်စေရခြင်းသည် သေးငယ်သော ကိစ္စမဟုတ်၍ အနှစ် နှစ်ရာကျော်မျှ ပေစာဘဝ မထင်ရှားသောအသွင်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို ငံ့လင့်တော်မူယင်း ရွှေစာတိုက်အတွင်းမှာ ငြိမ်းအောင်း စံပျော်နေရခြင်းဖြစ်ပေသည်။

ထိုစဉ်ကြုံကြိုက်ဝယ် သာသနာတော် တိုးတက်စည်ပင်ရေးကို ပုံနှိပ်လုပ်ငန်းဖြင့် အားပေးနေသော ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်ပိုင်ရှင် ဒါယကာ-**ဦးဘစိန်**, ဒါယိကာမ-**ဒေါ်ကြည်ကြည်**တို့သည် ဤမျှ သာသနာတော်၌ အကျိုးကျေးဇူးများလှသောကျမ်းကြီးတစောင် အကြောင်းမဲ့ ငုပ်မြုပ်နေခြင်းကို လျစ်လျူ မရှုလိုကြတော့ဘဲ စာချစာသင် ထေရ်အရှင်တို့၏မျက်မှောက် လက်ရောက်အပ်နှံရပါမူကား အတိုင်းမသိ အကျိုးရှိလိမ့်မည်ဟူသော မနောမဏိဝိ သဒ္ဓါဓောဗိတိ ပြဋ္ဌာန်းကာ ပုံနှိပ်မူစာအုပ် ဖြစ်မြောက်ရေးကို စတင်ကြိုးပမ်းကြလေတော့သည်။

"နေအရုဏ်သင့် ကြာပဒုံပွင့်"ဆိုသည့်အလား ယင်းသို့ အပတ်တကုတ်အားထုတ်နေစဉ် သာသနာ့မှန်ကူဖြစ်တော်မူသည့်မန္တလေးမြို့ တောင်ပြင်ဒက္ခိဏာရာမဘုရားကြီးတိုက်အဂ္ဂမဟာပဏ္ဍိတ**ဆရာတော် ဦးနာရဒ**အရှင်မြတ်ကလည်း ဒါယကာတို့၏သဒ္ဓါတရားနှင့် သာသနာတော်၏အကျိုး မြော်ကိုးပြီး တည်းဖြတ်သုတ်သင် ပြင်ဆင်ပေးခြင်းဖြင့် ကူညီတော်မူမည်ဟု မိန့်မြွက်တော်မူခဲ့သည့် အလျောက် အဋ္ဌသာလိနီ အဋ္ဌကထာပါဌ်၌ ပို့ချရာ၌ ဆရာတော်ဦးနာရဒ အမြဲအသုံးပြုသည့်ပေမူတစောင်, စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံကျောင်း ဆရာတော် ဦးသုပညိန္ဒာဘိဝံသ " သကျသီဟဓမ္မာစရိယ, အစိုးရ ဓမ္မာစရိယ " ထံမှ ပေမူတစောင် ယင်းပေမူ နှစ်စောင်ကို ဆရာတော် " ဦးနာရဒ " ကိုယ်တော်တိုင် ညှိနှိုင်း တိုက်ဆိုင် သုတ်သင် ပြီးကာ ယခုအခါ ဆရာတော် ဦးနာရဒ ၏ ပြင်ဆင်မွမ်းမံ တန်ဆာဆင်မှုဖြင့် အဆစ်

အဖု အခဲအခက် ပါဌ်ပျက်ပုဒ်ယွင်း မသန့်ရှင်းသော အယူအဆဟု ဆိုအပ်သော တိမ်လွှာတိမ်တိုက် တိမ်မိုက်တို့ကို ဝေးရာသို့ရှဲစေပဲစေ လျက် အထွက် အတက် ဇပ်ချိုး ဖြက်သည့် သဒ္ဒါအနက်တို့ကို ထင် လင်းအောင် ဖြေရှင်းတော်မူခြင်း, ခက်ဆစ် ခက်ဂေ ပုဒ်အဖြာဖြာ တို့ကိုလည်း စုဒ်စောဒနာ မဝင့်သာအောင် ကျမ်းလာနိုင်းချိန် ဉာဏ် ပုဆိန်ဖြင့် ယတိပြတ် ဆုံးဖြတ်တော်မူခြင်းတည်းဟူသောကြယ်တာရာ အပေါင်းတို့ဖြင့် ခြံရံကာ ဤမည်သော အဌကထာလိုနိဂဏ္ဍိ လမင်းကြီး သည် သာသနအာကာဗွေဝယ် ရွှန်းဝေတင့်တယ်စွာ ထွက်ပေါ်နိုင်ခဲ့ ပေပြီတကား။

ယင်းသို့ ကောင်းကင်အလယ် တင့်တယ်ဝင့်ဝါ ထွက်ပေါ်လာခဲ့ သော ဝေ ရွှန်းရောင်ရှိန် လတာဂိုနိပင်ဖြစ်သော်လည်း ကပ္ပဋ္ဌိလေးလီ အပါအဝင် ယုန်ရှင်အမှတ်တံဆိပ် အရိပ်အစက် အမဲကွက်ကလေး များသည် လ၏အလယ် အပြစ်သဘွယ်ပါရှိနေသကဲ့သို့ ကျွန်ုပ်တို့၏ ဂဏ္ဍိအကျော် လသော်မော်ဌလည်း အထက်ကပေါ်ပြခဲ့သည့်အတိုင်း ပေစာအသွင်နှင့် နှစ်ပေါင်း နှစ်ရာကျော်မျှ ရှည်ကြာလေခဲ့ရကား အက္ခရာမှေးမှိန် မထင်မရှားဖြစ်နေခြင်း,ပေစာရေးတို့၏ မကျွမ်းကျင်မှု ကြောင့် အက္ခရာမမှန်ပျက်စီးခြင်း, ခဲယဉ်းစွာကူးယူရခြင်း စသည်တို့ ကြောင့် အနည်းငယ်ချွတ်ယွင်းတိမ်းပါးမှု အမဲကွက်အပြစ်ကလေးများ ပါရှိကောင်း ပါရှိလိမ့်မည်ဟု ထင်မြင်ရပေသည်။

သို့ရာတွင် အဆိုပါ 'ခုတ်ကြားမြက်ပေါက်'မဆိုစလောက် အပြစ် ကလေးများကို ကျွန်ုပ်တို့၏ မွန်မြတ်စင်ကြယ်လှစွာသော စေတနာ သဒ္ဓါတရား အပေါင်းတို့က ဖုံးလွှမ်း ကွယ် ပျောက် သွားစေမည်မှာ ဧကန်မုချ သံသယဖြစ်ဘွယ်မရှိပါကြောင်း။

အယ်ဒီတာ ဦးတင်ရှိန်-ဦးထွန်းရီ
ပိဋကတ်တော်ပြန့်ပွားရေး

# ပဏာမ

ဝသံ ပုရေတု ကုခန္ဓေ, တိရဒေသေ ဝါ ဘူမိံ၊
နိဂ္ဂဟော ပါဒါ ပခန္ဓာ-ကမ္ဗောဇ္ဈာ ပဌျ နာမကေ။
နာဂိန္ဒရာဇ ဂေဇဂေ်, ပူဂိတေ သင်္ဂသဏ္ဍာနံ၊
ဝဏ္ဏေနာဝါ သုရမ္မာယံ,သာလာယ မေဃသာကဏ္ဍာ။
လဒ္ဓလဒ္ဓေဟိ သုတေတာ, ပသန္နေ ဟိ ဂရူဟိ တု၊
ပထမော ဉာတိ ပုဗ္ဗသ, ရဋ္ဌေခါဒေဘန သဏ္ဍနေ။
ဉာဏဝရောတိ သေဋ္ဌဟ္မာ,စသ ဉာဏသ ပါကနေ့ာ၊
သေဋ္ဌံ ဗုဒ္ဓဂ္ဂ သုမေဓံ,သံဃံ နမာမိ ဥတ္တမံ။
ပေသလ သီလအာစာရေ,ဂုရဝေါ မေ သုတာဝဝေဟာ၊
နတွာ ဝါဒ်တု သမူဟံ,ဂဏ္ဍိပဒ္ဒံ လိခါမဟံ။

ဘူ-မြေကို၊ဝါ-ဘူ ဘူခဏ္ဍနံ-မြေတူးခြင်းကို၊ဥပါဒါယ-စွဲ၍၊ ကုခန္ဓေ ကုခန္ဓသမ္ဘတေ-ကူးခန်းဟု သခုတ်အပ်သော။

**အဓိပ္ပါယ်ကား**......ကုလားတချ,မြန်မာတသောင်းနှင့်ကကွ လေးချပြု မြို့၏ အဖြစ်ဖြင့် ဘောင်သုံးလုံးကို တူးမြှို ညှိ၍ ဒ္ဓခန်း အဘာ ငါးရာမျှသော မြေဒ္ဓဘည်ရကား "ကူးခန်း" တွင်သည်ဟူလို။

ဝါ-အကြောင်းတပါးကား၊ မိဂံ-သမင်ကို၊ ဝါ မိဂံ ဝေသန္တ သုဝဏ္ဏမိဂံ-ကူးသန်းလေသော ရွှေသမင်ကို၊ဥပါဒါယ-စွဲ၍၊တိရဒေသ တိရဒေသံခါတေ-ကူးသန်း အရပ်ဟု ဆိုအပ်သော၊ (သမုတ်အပ် သောလည်းဟူ။)

**အဓိပ္ပါယ်ကား**......မွေးတော်ဝတ်သည့် ရွှေသမင်ကဲ့သို့ ထင်စေချက် ကူးသန်းလေရာဖြစ်ရကား "ကူးသန်း" တွင်သည့်ဟူလို။

ဝါ-အကြောင်းတပါးကား (လိုက်စေသည့်) နိဂ္ဂဟံ-မဟာနရပတိ ၏ နှိပ်ခြင်းကို၊ ဥပါဒါယ-၍၊ ပခန္ဓေ ပခန္ဓသညိတေ-ပခန်းဟု သခုတ် အပ်ထသော။

ခန္တတော ကုခန္တတော တိရခန္တတော ဝါ အပေတော ပခန္တာ.....ဟု ဝိဂြိုဟ်ပြု။ ခန္တာ၌ ဒတ္တောကဲ့သို့, ပခန္တာ၌ ပေတောပုဒ်ကဲ့သို့ အာဒေလောပတည်း၊ ဟိနတ္တာဒါစကေန အာ ဒုက္ခရလောပေန ပသန္ဒေန ယုတ္တာ ခန္တာ ခန္တနာမကော ပဒေသော၊ နတ္တာဒိဒါစကေန ဟိ ဘွာဒိသဒ္ဒေဟိ ယုတ္တောတိ ပါပခန္တာ သော်လည်းပြုအဖိဥ္စါယ်ကား.....နရပတိကြီးသည် အသိန်းမကသော စစ်သည်နှင့်တကွ လာ၍ တိုက်ခိုက် သိမ်း ဆည်းသောအဆုံး၌ ကူးခန်း, ကူးသန်းဟူသော အမည်နှစ်ပါး ကို ပ,စေသောအားဖြင့် နံနှိပ်၍ ဆိုခဲ့ပြီးသောဝစနတ္ထနှင့်အညီ ပခန်း မည်ခဲ့သည်ဟူလို။

ပုရေ-ပြည်၌၊ (တုကား နိပါတ်သာ၊ ဝသန္တော၌စပ်၊ ဝိဟာရေ ဟူသော ပဋ္ဌသသ၌ သော်လည်း စပ်)အာကင်-တောင့်တသည်၊ သဘိ-ကဲ့သော၊ဈာန္တာ-ပြည့်စုံခြင်းကြောင့်၊ (ဈာန္တာ,ဥပါဒါတို့ကား 'ယ' ကျေသည်ချည်း) အပဏ္ဏနာမကေ-မတောင့်တဟူသော အမည်ရှိထ သော၊ဝိဟာရေ-၌၊သံ ဝသန္တော-သိတင်းသုံးနေသော၊(အဟံ၌စပ်)

ဤဂါထာ၌ ဒေသကိုဆိုရာ၌ ကုခန္တ, တိရဒေသ, ပခန္တ, အပဏ္ဏဝိဟာရ ဟူသော ဇန္တကို အဘယ်ကိုထောက်၍ ဆိုသ နည်းဟူမူကား.....ပါရာဇိကလင်္ကာ၌ ခက်မြို့ကို ကကုခ နဂရံ ဟု မိန့်သည်ကိုရင်း, မြို့သစ်အရပ်၌ သိတင်းသုံးနေသော သိဒ္ဓိမင်္ဂလာမည်သော ထေရ်မြတ်သည် မြို့သစ်ကို 'နဝပုရ'ဟု မိန့်သည်ကိုရင်း,လက်သန်းဋီကာ,မဏိမဉ္ဇူ,မဏိဒိပ,သာရတ္ထ ဒိပနီစသော များစွာသောကျမ်းတို့၌ ကျောက်သားကို'သိလာ ပုဏ္ဏက'ဟုမိန့်သည်ကိုရင်း, တောင်ဘီလာသူမြတ်သည် စီရင် အပ်သော ယသဝနစာတ္ထု၌ စလင်းမြို့ကို 'စလင်ပုရ' ဟုမိန့် သည်ကိုရင်း,စစ်ကိုင်းချောက်ရပ်၌သိတင်းသုံးနေသောတိသာ သနဓဇ မည်သော ဆရာထေရ်မြတ်အား တပည့် သူမြတ်သည် ထောမနာပြုအပ်သောဂါထာဇန္တတို့၌ စစ်ကိုင်းမြို့ကို'ဈာန္တ သိန္တန တပ္ပုရ ဈာန္တသိန္တ ပေ နတပ္ပုရမှိ'ဟုမိန့်သည်ကိုရင်းထောက်၍ ဆိုသတည်း။ ။တနည်းလည်း.....ကူးခန်းဈာတိပုရေ, ကူးသန်း

ရှုတိပုရေ, မတောင့်တရှုတိဝိဟာရေ ဟူ၍လည်း တပုဒ်တည်း တသမာသ်တည်းမဖြစ်စေမူ၍ဝိမှုစိသင့်၏၊အဘယ်ကြောင့်ထောက် ၍ စိသင့်၏ ဟူသောစကားကို ဆိုသနည်း ဟူမူကား..... အပါ သာသနောပကာရဖြစ်သော ကန့်ညည်းချမ်း, ဖုံကန့်ညည်းချမ်း ၏ သံသုန္တနာဖြစ်သော နိဒ္ဒေသ, ညည်, သံပုင်, နိဂ္ဂဏ္ဍိမ္ပြဋ္ဌ, သဒ္ဒနီတိစသော များစွာသော ကျမ်းကြီးကျမ်းငယ်တို့၌ မဂဓ ဘာသာတို့ နှင့် မြန်မာဘာသာကို တပုဒ်တည်း တသမာသ် တည်း၏ အဖြစ်ဖြင့် စိရင်ခြင်းမရှိ, စီရင်သောသုတ်မရှိ, စီရင် သော ဥဒါဟရုဏ်ပြယုဂ်မရှိသည်ကိုရင်း, လေးပါးသောအင်္ဂါ နှင့် ပြည့်စုံသောကြောင့် စတုရင်္ဂဗိုလ် အမည်ရှိသော အမှက် သည် စိရင်အပ်သော အဘိဓာန်ဋီကာ၌ "ဥယံ ပေယ်ရှုဘိ ချာတေ ပေါ့တင်းတိစ ဝဒန္တိ၊ဥယံ နွားမြီးဆွဲ ရှုဘိချာတေ မှတ် ရှုတိချာတေ နှံ ရှုတိချာတေ ခြင် ရှုဘိချာတေ" စသည်ဖြင့် မဂဓဘာသာနှင့် မြန်မာဘာသာကို သမာသ်မတွဲမူ၍ စီရင် သည်ကိုရင်း, မခုသာရတ္ထဒီပနီ၌ "မေရကွက်-သာပုက်" စသည်ဖြင့် ပုဒ်ကိုမစပ်စေမူ၍ အနက်ကြားစီရင်သည်ကိုရင်း ထောက်၍ ဆိုသတည်း၊ ထိုသို့ မဂဓဘာသာသက်သက်ရင်း, မဂဓဘာသာနှင့် မြန်မာဘာသာကို တပုဒ်တည်း တသမာသ် တည်း မပြုမူ၍ရင်း မစီရင်မူ၍ရာဇိန္ဒရာဇ နာမာဘိဓေယျဒီပနီ၌ "ကျိုင်သည် နဂရံ ပယင်ကျုပ်" ဟူသောပုဒ်တို့ရင်း, ယမိုက် ဂဏ္ဌိသစ်၌ စစ်ကိုင်း ဒရီ ဟူသောပုဒ်တွဲသို့ရင်း, ရှေးဆရာတို့ စီရင်အပ်သောဗုဒ္ဓပဏာမဂါထာ၌ 'စည်သူသာဓိဌဝိသုဘေ, ကူးခန်း၄နဂရေ,တွတ်ခေါင်ဘုန်းစည်ဝိ' ဟူသော ပုဒ်တို့တွဲသို့ ရင်း တပုဒ်တည်း တသမာသ်တည်းစီရင်ခြင်းသည် သဒ္ဒါဖြစ် သင့်၊ ထို့ကြောင့် မစီရင်သင့်(နောတကြော)

သဗ္ဗသတ္တာနံ-တို့ဖြင့်၊ပူမိုတော-ပြည့်ထသော။

ပုရအယှဉ် ဆမ္ဗို၊သပ္ပိသ ပုရေဝွှာ စသည့်တွဲသို၊ ဤကား ယေဘုယျ၊ ထို့ကြောင့်ရကား ပတ္တသိ္မပေ ဩဒနနှံ ပုရဝွှာ စသည်ဖြင့် ဤအဋ္ဌကထာ၌ပင် ဆိုလတ္တံ့။

ပြန့်ပွားရေးမှု)]

နမိုန္ဒ ရုဇ ရာဇဂေ် - မင်းတကာတို့ကို အဦးရသော မင်းမြတ်၏ ရင်ပြင်၌၊ ဝနေ့ပ္ဖုနေ့ သုဝနေ့ပ္ဖုနေ့ - ငွေအဆင်းဖြင့်၊ သုရမ္မာယံ - ၂လုံးမွေ့လျော်ဘွယ်ရှိသော (ဝါ ကား နှိပ်ဝါတ် မျှသာ) မေ့သကစ္ဆာ - တရားကို ဆွေးနွေးချီဖြစ်သော။

သာကစ္ဆာ နေ ယကျေသည်သာ သည်လည်း သံယော ဂေါ်, ပုဇ္ဇာ သန္နိပါသေန စသည်၌ကဲ့သို့ သဟသဒ္ဒတ္ထ ဖြစ်သော သံသဒ္ဒါတည်း၊ ထိုသံသဒ္ဒါကို သာရဇ္ဇော, သာရဂေါ စသည်၌ကဲ့သို့ မိန္နလောပ ပုဗ္ဗဗိဿအားဖြင့် သာကစ္ဆာ ပြီးသည်ဟု သဒ္ဒနီတိ,မဂ်လတ္ထဒီပနီစသည်၌ဆို၏။

သာလာယ-၌၊ လမ္ဗုလဒ္ဓပဉ် - ရအပ်သော တံဆိပ်ရှိကုန်သော၊ သုတဒေတာ အားဖြင့်၊ ပသန္နေဟိ-ကုန်သော၊ ဂရုပ်ာတု-ဆရာတော်တို့သည်သာလျှင်၊ ပုဇ္ဇသ-မေးအပ်သောပြဿနာကို၊ သဇ္ဈနေ ဝိသဇ္ဇနေ-ဖြေခြင်းကြောင့်၊ ရဋ္ဌခေါဘေနံ - တိုင်းနိုင်ငံကို ချောက်ချားစေသဖြင့်၊ ပထမောဠတိ-ပထမဟူ၍၊ ပါကဋော - ထင်ရှားထသော၊အသေ တာဒိသသ-ထိုသို့ ဖြေဆိုစွမ်းနိုင်သော၊ ဉာဏဿ-ဉာဏ်၏၊ ဝါ-အသေ တာဒိသဿ-ထိုသို့သဘောရှိသော၊ဉာဏဿ-ဖြေစွမ်းနိုင်သောဉာဏ်၏၊ သေဋ္ဌတ္တာ - မြတ်သည်၏ အဖြစ်ကြောင့်၊ ဉာဏာဓိရာဇာ-ဉာဏဝရ ဟူ၍၎င်း၊ ပါကဋော - ထင်ရှားထသော၊ အဟံ-ငါသည်၊ သေဋ္ဌ-ချီးမွမ်းအပ်သောသူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်တော်မူထသော၊ ဗုဒ္ဓဿ-မြတ်စွာဘုရားကိုလည်းကောင်း၊ သုဓမ္မဉ္စ - မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်,ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်ကို လည်းကောင်း၊ သံဃဉ္စ - မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန် လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထသံဃာတော်ကိုလည်းကောင်း၊ ပေသလသီလအာစာရေ-သီလ,အကျင့်ကိုချစ်တတ်ကုန်သော၊သုဘာဝေဟ-ပရိယာယ်ကို ဆောင်ကုန်ထသော၊ မေ-ငါ၏၊ ဂရဝေါစ-ဆရာတို့ကိုလည်းကောင်း၊ နတွာ, နမာမိ-ရှိခိုး၏၊ နတွာ-၍၊ ဝါဒေတု-အထူးသဖြင့်သောအယူကိုလျှင်၊ သမူဟံ သမူဟာနေ့ သံဥဒ္ဓရနေ့ာ - ကောင်းစွာအားထုတ်လျက်၊ ဂဏ္ဌိပဒ္ဓံ - ခက်ဆစ်ကျမ်းကို၊ လိခါမိ-ရေးအံ့။

(ပိဋကတ်တော်



# အဋ္ဌသာလိနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဤကရုဏာဝိယ အစရှိသော စကားရပ်ကား.....အဘိဓမ္မာ၏ အဋ္ဌကထာကို ပြုအံ့သော ငါ ဆိုသတည်း၊ ရှေ့ဦးစွာ ကုသလာ ဓမ္မာတိ အစရှိသော မာတိကာ ပဒါနံ စသော ပုဒ်ချုပ်ကို ငဲ့၍ ဘဏ်၊ ပစ္စန္နတ္ထကို ပြုအံ့သော ငါ စသည်ဖြင့် ချေ၊ ကေနဋ္ဌေန အဘိဓမ္မော စသော ပုဒ်ချုပ်ကို ငဲ့၍ ဘဏ်ပြန်၊ ပဏာမနှင့် ချေ၊ တဿ ပါဒေ စသော ပုဒ်ချုပ်ကို ငဲ့၍ ဘဏ်ပြန်၊ ထေ•မနော ပဏာမကို ပြုအံ့သော ငါ ဆိုသတည်းဟု ချေ။

ကရုဏာဝိယ သတ္တေသု,ပညာ ယဿ မဟေသိနော၊
ဉေယျ္ယဓမ္မေသု သဗ္ဗေသု,ပဝတ္တိတ္ထ ယထာရုစိ။

မဟေသိနော-မြတ်သောသီလက္ခန္ဓ အစရှိသည်ကို ရှာပြီးထသော။

ဤအနက်ကား.....မဟန္တေ သီလက္ခန္ဓာဒယော ဧသိ ဂဝေသိ ဟူသော မှုလဋီကာပါဌ်, ဂုဏ်ဖွင့်ပနီပါဌ်,ယောဇနာပါဌ်နှင့် အညီတည်း။

တနည်းကား .....မဟေသိနော - မြတ်သောသီလက္ခန္ဓ အစရှိသော ငါးပါးသောတရားတို့ကို ရှာပြီးထသော။

မြန်မာပြန်ရေးမှု)

ဤအနက်ကား......မဟာဝဂ္ဂ သီလာဒိကေ ပဉ္စမေ ဝဂ္ဂေ သေဝိ ဂဒေသိဘိ မဟာသိ ဟူသော ကင်္ခါဝိတရဏီဋီကာသစ်ပါဌ်, နှင့်အညီတည်း၊ ခန္ဓဝဂ္ဂ ဟုမသုံးသပ်သောအနက်။

တနည်းကား...... မဟောသိနော-မြတ်သောသိတင်းကျေးဇူးစသည် ကို ရှာပြီးထသော။

ဤအနက်ကား-''အဋ္ဌသာလိနိယံ သီလက္ခန္ဓာသမာဓိက္ခန္ဓော ဝါအာဒိသုဂုဏာဂ္ဂနာတိဝုတ္တံ''ဟူသောဝိဘာဝိနီဋီကာပါဌ်, 'သီလက္ခန္ဓာဒယောဝါ သီလာဂုဏာဒယော'ဟူသော မဓုသာ ရတ္ထဒီပနီပါဌ်နှင့်အညီတည်း။

တနည်းကား......မဟောသိနော-မြတ်သောသိတင်းကျေးဇူးအပေါင်း စသည်ကိုရှာပြီးထသော။

**ဤအနက်ကား**......လောကိယ လောကုတ္တရဘေဒဘိန္နံ သီလာဒိ ဂုဏာနံ့ဒေသေန ဂဟေတွာ ပဘုတ္တမာနော ခန္ဓသဒ္ဒေါ သီလ ဒိဂုဏဝိသိဋ္ဌံ ရာသဋ္ဌံ ဒီပေတိ၊ ကေဗိ ပန ဂုဏဋ္ဌော ခန္ဓဋ္ဌောတိ ဝဒန္တိ' ဟူသော ဝိဘာဝိနီမူလဋီကာပါဌ်နှင့် အညီ တည်း၊ ခန္ဓဂုဏကိုသုံးသပ်သောအနက်၊ ဤသို့ကြံရာ၌ မဟာန္တ သဒ္ဒါကား မဟတ္တ, သေဋ္ဌတ္တ, ပူဇတ္တ သုံးပါးတို့၌ ဖြစ်သင့်၏၊ ယခင်သောဇနာခဲ့သည်ကား သေဋ္ဌတ္ထသာ တည်း၊ကျမ်းဆရာ မြတ်တို့ကား သာမန်သာ ဆိုကုန်၏၊ ရှေး ဆရာမြတ်တို့ကား ပေါ်၍သာ ပေးကုန်၏။

တနည်းကား .....မဟောသိနော-မြတ်သောသူတို့သည် ရှာမှီးအပ်ထ သော၊တနည်းကား .....မြတ်သောဉာဏ်ဖြစ်တော်မူထသော။

**ဤအနက်ကား**..... မဟာန္တေဟိ ဧသိတောတိ ပါ။ မဟာန္တော ဉာဏ်ဘိဓါ မဟေသိ ဟူသော ကင်္ခါဝိတရဏီဋီကာသစ်ပါဌ် နှင့်အညီတည်း၊ဤဒုတိယဝိဂ္ဂဟကို ဆင်ခြင်အပ်၏၊ 'ကဿာ'ဟု ပင်္ဂ်တောင်း၊ဉာဏ်သဒ္ဒသာ ဉာဏ်ကာရန္တ ဖြစ်၊ မဟေသိသဒ္ဒသာ ဤကာရန္တ ဖြစ် ဟု မဂ်ဒိပ၌ ဆို၏၊ထို့ကြောင့် မသင့်လွန်း။

(ဝိဋ္ဌကတ်တော်

သီလက္ခန္ဓာဒယော၌ အာဒိသဒ္ဒါဖြင့် သမာဓိက္ခန္ဓ, ပညာ ကွန္ဓ, ဝိမုတ္တိက္ခန္ဓ, ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဤလေးပါးကို ကောက်ယူအပ်ကြောင်း ဆရာ ဟူ၏၊ မရသာရတ္ထဒီပနီ ဆရာ လည်း 'အာဒိသဒ္ဒေန သမာဓိက္ခန္ဓပညာက္ခန္ဓာဒယော သံဂဟိတာ' ဟု အာဒိသဒ္ဒါနှင့် မိန့်၏၊ မိန်ကြောင်းဆရာကား သုံးပါးသာ ဟူ၏၊ ထိုကို မဟာနိဿယစသည်တို့၌ ကောဗ ဟူ၏။

ရာသု ရာန္တာကန္တိသု တွင် တစုံတရာ၌မျှမဖြစ်၊ 'ဝေဟာသာနေဒ္ဒါ အနေကတ္ထော' ဟူရကား ဂဝေသတ္ထ၌ ဖြစ်၏ ဟု ဖြိခြင်းငှါ ငိုကာဆရာ ဂဝေသိ ဟု မိန့်သည်၊ ယောဇနာဆရာကား...... ရာသုဓာတ်၊ ရူပစ္စည်း၊ မုနာဒိပင်ဗ သုဘ်ဖြင့် သက်သည်ဟူ၏၊ မိန်ကြောင်းဆရာကား ဏီပစ္စည်းဟူ၏၊ ပိုင်ဆရာကား အနုတ္တနိ 'ဤ''ဖြစ်လျှင်းမှုလည်းအဟောသိကမ္မကဲ့သို့သမာသ်ဖြစ်သည် ဟူ၏၊မကိုဒ်ပ မဟာနိဿယ ၌ကား အာချာတ်အရာ၌ ဤကာ ရန္တ မထင်သောကြောင့်ရင်း, အလိင်ဖြစ်၍ မဟောသိနော စ သည်ဖြင့် မရှိကောင်းသောကြောင့်ရင်း,သဗ္ဗနာမိကပဒဘတ်တို့ နှင့်မညီသည်၏အဖြစ်ကြောင့်ရင်း အာချာတ်မဟုတ်၊ဘိ တွာ ဝိစဟူသော ယောဂဝိဘာဂဖြင့်လည်းကောင်း,မဟာဝုတ္တိဖြင့် လည်းကောင်း တဒ္ဓိတ်လက္ခမဟုတ်သော အနက်၌သက်သော ဏီပစ္စည်းအဆုံးရှိသော ကိတ်ပုဒ်တည်း ဟု မိန့်၏၊ ပိုင်ဆရာ ကဲ့သို့ ယူသည်ကို ကောဗ ဟူ၏၊ ဤကာရန္တ ရှိမှ'' တဒ္ဓိတ'' သာတည်း၊ မဟောသိသဒ္ဒါသည် သုဂတတ္ထ, ဒေဝတ္ထ နှစ်ပါးတို့ တွင် သုဂတတ္ထ၌ဖြစ်မှု ပုလ္လိင်သာ၊ ဒေဝတ္ထ၌ဖြစ်မှုကားရာတ္ထိ လိင်သာ။ (အဘိခါန်)

ယဿ ယာဒိသဿ-အကြင်သို့သဘောရှိသော။

ဤအနက်အား...... ယော ပနာတိ ယော ယာဒိသောဟူသော ဝိနည်း ပါဠိနှင့်ဒွေသနှင့်ရင်း, တေ တာဒိသေ ပူဇယတော ဟူ သော တာဒိသေဖွင့်၍ဟောသော ပါဠိနှင့်ရင်း''ရာယတ မကိ

ဩသာနမဏ္ဍ သဿရော ဝိဿံ ကမ္ပိ ဒုသဿ ဂဏ္ဍော် ဒေါရံ သင်္ခိစ''
ဟူသောသုတ်နှင့်ရင်း အညီတည်း။

တနည်းကား .. ယဿ ယာဝိသဿ–အကြင်သို့သောသူဖြစ်တော်
မူထသော။

ဤအနက်ကား...... ယာဝိသော ဟူသော နိဒ္ဒေသ၏ အဖွင့်ဖြစ်
သော အဋ္ဌကထာနှင့်အညီတည်း။

အကြင်သို့သောသူဟူသည်ကားဇာတိ,နာမ,ဂေါတ္တ,ဂုဏ
စသည်ကိုယူ၊တရားအနေဖြစ်လျှင် အရာသို့လိုက်၍ ''အကြင်သို့
သော တရားဖြစ်တော်မူထသော''ဟူ၊ ''သမ္ဗုဒ္ဓဿ–မြတ်စွာ
ဘုရား၏'' ဟု ထည့်သည်ကား တဿ ဟူသော နိယတ်ပုဒ်၏
ပဓာန ဖြစ်သော အဘိမွေဿ ဟူသော ပုဒ်ကို ''ယံ ဒေဝ
ဒေဝါနံ''ဟူသော အောက်ဝါကျ၌ ''ယံ အဘိဝမ့်''ဟု ယံ နှင့်
ဋီကာဆရာ ယောဇနာသကဲ့သို့ 'ယဿ' ဟူသော အနိယတ်
သည် အတ္ထဝိသေသကို မဟောတတ်သောကြောင့်ရင်း,ဝိသေ
သျ ပဓာနပုဒ်အဖြစ်ဖြင့် မရှိသောကြောင့်ရင်း,အပ္ပကအားဖြင့်
ပါဠိတော်စသည်၌ မရှိပြားသော်လည်း ထည့်၍သာ ဇောတ္တ
အားဖြင့် ယောဇနာအပ်သောကြောင့်ရင်း အထက် 'တဿ
ပါဒေ နမဿိတွာ, သမ္ဗုဒ္ဓဿ သိရိမတော' ဟူသော ပုဒ်၌
'တဿ'ဟူသော ပုဒ်၌ တဿ ဟူသောနိယတ်၏ ပဓာနဖြစ်
သော'သမ္ဗုဒ္ဓဿ'ဟူသောပုဒ်ကို ဆောင်၍ ယောဇနာသည်၊
ဋီကာ၌–

''ယဿာတိစ ကရုဏာ ပညာနံ ဥဘိန္နံပိ အာဓာရ ပုဂ္ဂလ
နိဒဿနံ၊ မဟောသိနောဘိ တဗ္ဗိသေသနံ'' ဟု ဝိသေသျပဓာန
အဖြစ်ဖြင့်ဆိုသည်တကား ဟူပြားအံ့၊အရတူသောကြောင့်သာ
ဆိုလေသည်ဟူလေ။

ယဿဟူသောသမ္ဗန်ကို ကရုဏာ,ပညာဟူသောနှစ်ပုဒ်၌
'ဘတ္တံ ပစိတွာ ဘုဉ္ဇတိ' ကဲ့သို့ တဏ္ဍနည်း, သိလေသနည်း,
ဩပကနည်း, အာဝုတ္တိ နည်းအားဖြင့် တပြိုင်နက် သွား၊ အဘိ

ဓမ္မသပုဒ်ကို အကျဉ်း၍ စပ်ရာတွင် "အာဂုတ္တိ အာဒိဝသေနဝါ အယမတ္ထော ဝေဒိတဗ္ဗော" ဟု အနုဋီကာ ဆိုသည်နှင့် အညီတည်း။

ကရုဏာ-အသာခရဏာဖြစ်သော မဟာကရုဏာတော်သည်။

မဟာကရုဏာတော်ဟူသည်ကား ရူပါဝစရကြိယာဈာန်, အောက်သောမနသာသဟဂုတ် ၄-ချဉ်ရှိသောကရုဏာတည်း၊ "ကရုဏာဂဟဏေန မဟာကရုဏာ သမာပတ္တိ ဉာဏဿ ဂဟိတတ္တာ" ဟူသော မူလဋီကာပါဌ်, "တဿာစ ဈာနတ္တယ သမ္ပယောဂတော" ဟူသော ဋီကာပါဌ် "သာစ ဈာနတ္တယ သမ္ပယောဂိနီတိ" ဟူသော သုတ်သီလက္ခန် ဋီကာဟောင်းပါဌ်, နေတ္တိဋီကာပါဌ် "ဗုဒ္ဓါနံကိရ ဒေဝသိကံ ပဉ္စသု သမယေ ဖလသမာပတ္တိ သမာပဇ္ဇနံ၊ တတော ဝုဋ္ဌာယ မဟာကရုဏာသမာပတ္တိ သမာပဇ္ဇနံ၊ တတော ဝုဋ္ဌာယ ယေ အဇ္ဇ မယာ ဝိနေတဗ္ဗာ၊ တေ မယှံ ဉာဏဿ ဥပဋ္ဌဟန္တူတိ အဓိဋ္ဌာယ ဝိနေယျသတ္တလောကာနံ၊ တတော သရဏဂမနာဒိ နိပ္ဖတ္တိဟေတု ပုဗ္ဗူပနိဿယာဒိသမောလောကနန္တိကိစ္စံ" ဟူသော ဝိနည်းဋီကာပါဌ်နှင့်အညီတည်း။

ဘုရားသဗ္ဗညုအား ဝိတက် ဝိစာရကို တကြိမ်တည်း လွန်ရကား ရူပါဝစရကြိယာဈာန် ၄-ပါးသာရှိသည်။

ပရဒုက္ခေ ကိရတိ ဝိက္ခိပတိ အပနေတီတိ ကရုဏာ။ ဒိဝါဒိဂိုဏ်း၊ကိရဓာတ်,ယုပစ္စည်းကို အနပြု၊ သုတ်ကြီးဖြင့် ဏ ကိုအ, အ ကို ဥပြု၊ ရဟာဒိတောဏ သုတ်ဖြင့် န ကို ဏ ပြန်။ ။ကံ ရုန္ဓတီတိ ကရုဏာ။ ရုဓာဒိဂိုဏ်း၊အန စသည် ပြုပြ၊နိဂ္ဂဟိတ်ကို သန္တိသုတ်ဖြင့်ချေ၊ ဓကို သုတ်ကြီးဖြင့် ချေ။ ကရောတီတိ ကရုဏာ၊ တနာဒိဂိုဏ်း၊ ယု ကို အန၊ အ ကို ဥ ပြု၊ နကို ဏပြန်။ ကိဏာတီတိ ကရုဏာ၊ ကိယာဒိဂိုဏ်း၊ ကိဓာတ် ယုပစ္စည်း၊ ယု ကို အန၊သုတ်ကြီးဖြင့် ဏ ကို အ,အ ကို ဥ ပြု'ရ'ကား အာဂုံ၊

ထိုတွင် ဘူဝါဒိဂိုဏ်းသား ဋီကာနှင့် ညီသည်၊ သဒ္ဒါငါးပါးတွင် ဓာတ်သဒ္ဒါ။

သဗ္ဗေသု-ခပ်သိမ်းကုန်သော။

ဤသို့ပေးမှုကား ''သဗ္ဗေ တသန္တိ ဒဏ္ဍဿ''စသည်ကဲ့သို့ သာဝသေသယူ။

တနည်းကား......သဗ္ဗေသု - အကြွင်းနှင့် တကွသော သုတ္တဝါ, အကြွင်းမဲ့သော သုတ္တဝါတို့၌။

**ဤအနက်ကား**......''ပုရိမ ဂါထာယ ပန သဗ္ဗေသု ကရဏာယ ထာရုဒ်ိ ပါတ္တိတ္တာတိ သပ္ပဒေသသုတ္တဝိသယာ နိပ္ပဒေသ သုတ္တဝိသယာစ သဗ္ဗာ ဝုတ္တာ'' ဟူသော မူလဋီကာပါဌ်နှင့် အညီတည်း။

သဗ္ဗေသု-သုတ္တဝါတို့၌၊ တနည်းကား ကရဏာ၏အာရုံဖြစ်ထိုက်သောသဘောတို့၌။

**ရှေ့အနက်ကား**......''ရူပါဒိသု သုတ္တာ ဝိသတ္တာတိ သုတ္တာ၊ တဿာ ပန ပညတ္တိယာ ခန္ဓသန္တာနေ နိရုဠ္ဘာဝတော နိဿန္ဒူ ရာဂါဝိ သုတ္တာဘိ ဝုစ္စန္တိ'' ဟူသော မူလဋီကာပါဌ်နှင့် အညီတည်း။

ရူပါဒိသု၌ ရူပကား ရူပက္ခန္ဓာကိုယူ၊အာဒိအရ ဝေဒနာက္ခန္ဓာစသည်ကိုယူ။ပုထုဇဉ်,သေက္ခတို့ကား'ရူပါဒိသု သုတ္တာ, နိရုဠ္ဘာဝေတာ'ဟူသော အကြောင်းနှစ်ပါးကြောင့် သုတ္တမည်၏၊ ရဟန္တာကား နိရုဠ္ဘာဝတော ဟူသော အကြောင်းကြောင့်သာ သုတ္တမည်၏။

ဤသုတ္တာဟူသော ပုဒ်၌ ထိုထိုသို့သော ပါဠိတို့တွင် ''ရူပါဒိသု သုတ္တာ ဝိသတ္တာတိ သုတ္တာ''အစရှိသော သပဒဝိဂ္ဂဟသာ မှု၏၊ထို့ကြောင့် သပဒဝိဂ္ဂဟသာ သင့်မြတ်၏၊ရူပသိဒ္ဓိဆရာကား ထိုထိုသို့သောပါဠိကို နှလုံး၌မထားမူ၍ '' ရူပါဒိသုစ အသဇ္ဇိ သဇ္ဇတိ သဇ္ဇိဿတီတိ သုတ္တာ''ဟု အသပဒဝိဂ္ဂဟကို ဆို၏၊

(ဝိရှုကတ်တော့)

တနည်းလည်း နှလုံး၌ ထားလျှင်မှုလည်း အဿပဒ္ဒဝိဂ္ဂဟကို လည်း ပြုအပ်သည်၏အဖြစ်ကို ပြသည်ဟု သိအပ်၏။

ပသိဒ္ဓရုဋ္ဌိ ဥပစာရရုဋ္ဌိနှစ်ပါးတို့တွင် ဋီကာဆရာအလိုအား ဖြင့် ''ရုဋ္ဌိဘာဝတော''ဟု မဆိုမူ၍ ပသိဒ္ဓအနက်ရှိသော နိရုဠှ သဒ္ဒါဖြင့် ''နိရုဠှဘာဝတော''ဟု ဆိုခြင်းကြောင့် ပသိဒ္ဓရုဋ္ဌိ မည်၏၊ တပါးသော ကျမ်းဆရာတို့၏ အလိုအားဖြင့် ဥပစာရ ရုဋ္ဌိ မည်၏၊ အနုဋီကာ၌''ဘူတပုဗ္ဗဂတိယာဝါ သတ္တတာ ဝေဒိ တဗ္ဗာ'' ဟူရကား ၎င်းဋီကာဆရာအလိုအားဖြင့် ''မဏ္ဍုကော နာမ ဒေဝပုတ္တော အဟောသိ၊ မဏ္ဍူဒေဝါနာမ ဒေဝပုတ္တော အဟောသိ၊ ကဏ္ဍကော နာမ ဒေဝပုတ္တော အဟောသိ'' ဟူ သကဲ့သို့ နိဗ္ဗာန္ဒ ရာဂ ဖြစ်သော်လည်း သဆန္ဒ ရာဂ ကာလ၌ သတ္တဝါ ဟူသော အမည်ကို ရခဲ့ဘူးသောကြောင့် ပသိဒ္ဓရုဋ္ဌိ, ဥပစာရရုဋ္ဌိ,ဥပစာရမှ တပါးဖြစ်သော ဘူတပုဗ္ဗဂတိက နည်း တည်းဟူသော နယန္တရဖြင့် အမည်ရသည်ဟူလို၊ ကေဇိဆရာ တို့ကား ''ဋီကာဆရာကား......ပသိဒ္ဓရုဋ္ဌိအားဖြင့် ဆို၏၊ အနုဋီ ကာဆရာကား......ထိုကိုဥပစာရ ရုဋ္ဌိအားဖြင့်လှယ်သဘည်း'' ဤသို့ဆိုကုန်၏၊ထိုစကားကို ဘူတပုဗ္ဗဂတိကနည်း၏ ရုဋ္ဌိနည်းမှ တပါး နယန္တရအဖြစ်ကြောင့် ဆင်ခြင်အပ်၏၊ထိုကေဇိဆရာတို့ သည် ''လူထွက် မောင်ပဥ္စင်း ဟူ၏သို့'' ဟူ၍လည်း ဥပမာကို ဆိုကုန်၏၊ရှေ့၌ခြင်လေပြီ၊'ယာ ပဘူတပုဗ္ဗာ,တတ် ဥပစာရံ' ဟူသော ကျမ်းကိုလည်း ပညာရှိတို့ ဖွဲ့စလေကုန်သည်။

ယထာရုဗိ-အကြင်အကြင် အလိုတော်အလျောက်၊တနည်းကား...... အလိုတော် အားလျော်စွာ၊ တနည်းကား .....ယထာရုဗိ ယာ ယာ ရုဗိ- သည်၊ ပဝတ္တာ-၏၊တာယ တာယ ရုဗိယာ-ဖြင့်၊ပဝတ္တိတ္တဝိသ-ကဲ့သို့၊ (ဝိဘ္ဘာ)ယထာရုဗိ ရုဗိ အနုရူပံ-အလိုတော်အားလျောက်ပဘ်စွာ၊ပဝတ္တိ တ္တဝိယ ပဝတ္တနံ အကာသိဝိယ-ကဲ့သို့၊(အနုရူပ)

ရှေ့ကား-တောင်ဘီလာအကျော်, ပိုင်,မိနွှောင်း စသော ဆရာတို့၏အယူ၊ ထိုဆရာမြတ်တို့သည် ဥပမာ,ပကာရ အနက် တို့ကိုလည်း ကြံကုန်၏၊ နောက်ကား-အရှင်မဟာအရိယာဝံသ

ပြန့်ပွားရေးမှု)

ဆရာမြတ်အယူ၊ထိုဆရာမြတ်သည် ဥပမာ, ပကာရ ကြံသော် ဝါကျ ဖြစ်ခဲ့၊ ဤယထာရုစိ ပုဒ်၏လည်း သမာသ်သာ ဖြစ်ခဲ့၊ အထက် ကုသလတိက်''ယထာနုမတိ ဝေါဟာရသိဒ္ဓိတော'' ဟူသောပိုဒ်၏ အဖွင့်ဋီကာနှင့်လည်းမညီ၊ထို့ကြောင့် ဤအနက် ကိုသာ နိသံသယအားဖြင့် မှတ်အပ်၏ဟု မိန့်တော်မူ၏၊ ဋီကာ ဆိုသည်နှင့် ပြေပြစ်အောင်ယူမည် ခဲ၍။

ပဝတ္တိဣတ္တိဝိယ၌ ပဝတ္တိကား-ဥပ္ပတ္တိ,ဌိတိ အားဖြင့် နှစ်ပါး ပြား၏၊ ထိုတွင် ဥပ္ပတ္တိဟု သိစေလိုရကား ဋီကာဆရာသည် ''ပဝတ္တိဣတ္တိ ဥပ္ပဇ္ဇိတ္တိ'' ဟု မိန့်ပြီ၊ဝိယကား-ဥပမာကို ထွန်း စေသည်၊ဥပမာသုံးပါးတွင်''ဝါကျတ္ထ ဝိသယ ဥပမာ''ဟူလို။

ပညာ-အသာဓာရဏ ဖြစ်သော သဗ္ဗညုတ ဉာဏ်တော်သည်။

ပဇာနာတီတိ ပညာ၊ယထာ သဘာဝံ ပကာရေဟိ ပဋိဝိဇ္ဈ တီတိ အတ္ထော၊မူလဋီကာ။သာမည,မဇ္ဈိမ,ဝိသေသ လက္ခဏာ ကို ပကာရ ဟူသည်၊ ( တောင်ဘီလာအဖွင့် ) သဘာဝေါ ဝါ သာမညံဝါ တထလက္ခဏံ ဟူသောပိဋကတ်သုံးပုံနိဿယ, သဘာဝေါ ဝါ သာမညံဝါ လက္ခဏံ နာမ ဟူသော အဋ္ဌ သာလိနီပါဠိနှင့်အညီ သာမညဝိသေသလက္ခဏာကိုသာသော် လည်း ယူ၊ ပကာရ ဟူသည်လည်း ကောဋ္ဌာသ ဟူလိုသည်၊ အဓိပ္ပါယ်ကား .....သဘောအစုဟူလိုသည်၊(မဟာအရိယာဝံသ အကျော်)

ဉာဏ်တ်သည် ဉာဏအနက်ကို ဟောသည်၊ ဉာဏသည်လည်း အာရမ္မဏ လက္ခဏာဉာဏ်, အာရမ္မဏူပ လက္ခိဉာဏ်, အာရမ္မဏ ပဋိ ဝေဓ ဉာဏ်အားဖြင့် သုံးပါးတို့တွင် အာရမ္မဏ ပဋိဝေဓ ဉာဏ်ကိုလို သည်၊ ဉာဏအနက်သည် သညာ, ဝိညာဏ်, ပညာ သဒ္ဒါ သုံးပါးနှင့် ဆက်ဆံရကား ပညာ၏ ဉာဏကို လိုသည်ဟု သိစေလိုရကား ပဋိ ဝိဇ္ဈတိကို မိန့်သည်။

သကော ဘာဝေါ သဘာဝေါ။ဝိသေသလက္ခဏာရစေ။

(ပိဋကတ်တော်

သမာနော ဘာဝေါ သဘာဝေါ။ သာမည လက္ခဏာရစေ။ သဘာဝေါစ သဘာဝေါစ သဘာဝါ၊ ယေ ယေ သဘာဝါ ယထာသဘာဝံ။

ကြိယာကို မငဲ့မူကား ဤသို့လက္ခဏာရစေ၍ ပထမနည်းချ၊ ကြိယာကိုငဲ့မူကား သဟ ဘာဝေဟိ ယေ ဝတ္တန္တိ သဘာဝါ ဟု လက္ခဏာဝန္တရစေ၍ ဒုတိယနည်းချ၊(ခဲစွ)

သဗ္ဗေသု နိရဝသေသေသု-ကုန်သော။

''သဗ္ဗေ တသန္တိ ဒဏ္ဍဿ''စသည်၌ကဲ့သို့ သပ္ပဒေသ သာဝသေသ၊ နိပ္ပဒေသသာဝသေသ မဟုတ်၊ ''သဗ္ဗေ မနုပါဝေယတာ''ကဲ့သို့ ဖြစ်သည်ဟု ပြဆိုသောကြောင့်''သဗ္ဗေသူတိ အနဝသေသပရိယာဒါနံ''ဟု မူလဋီကာ၌ မိန့်အပ်၏။

ဉေယျ ဓမ္မေသု-ဉေယျဓမ်တရား ငါးပါးတို့၌၊ (အဋ္ဌကထာနည်း) ဉေယျံ ဓမ္မေသု-အဘိညေယျ အစရှိသော ဉေယျဓမ္မတို့၌၊(ဋီကာနည်း) ယထာရုပ်-လျောက်၊(ရှေ့နည်းပေး)ပဝတ္တိတ္တ-ပြီ။ ။(ပထမဂါထာ)

ဤသို့ ပထမဂါထာဖြင့် အလုံးစုံသော ဘုရားဂုဏ်တော်တို့ဖြင့် မြတ်စွာဘုရားကို အကျဉ်းအားဖြင့် ချီးမွမ်းပြီး၍ အဘိဓမ္မာ၏ အဖွင့်ဖြစ်သော အဋ္ဌကထာကိုပြုအံ့သော ဗုဒ္ဓဃောသဆရာမြတ်သည် သုတ်ပါးတို့နှင့် မဆက်ဆံသော ထိုအဘိဓမ္မာ ဒေသနာဖြင့် ဘုရားမြတ်စွာကို ချီးမွမ်းလိုသော်ငှါ၊''ဒယာယ တာယ သဗ္ဗေသု''အစရှိသော ဂါထာတို့ကို ဆိုသတည်း။

အသာဓာရဏဖြစ်သော အဘိဓမ္မာဒေသနာဖြင့် မြတ်စွာဘုရားကို ချီးမွမ်းလိုကုန်သော်ကား''အဘိဓမ္မကထာမဂ္ဂံ,ဒေဝါနံ သမ္ပဝတ္တယိ'' ဤမျှသော စကားကိုသာတည်း ဆိုလေကာမူတုံအံ့၊ အဘယ်အလို့ငှါ ဒယာယ တာယ သဗ္ဗေသု မှသည် တဿ ပညာယ တေဇသာ တိုင်အောင်သော ဂါထာတို့ကို ဆိုလေသနည်း ဟူမူကား-နိဒါန်းသမုဋ္ဌာန်ကို ပြလိုသော်ငှါ ဆိုသည်၊ နိဒါန်းတုံသည်လည်း အဗ္ဘန္တရ နိဒါန်း, ဗာဟိရနိဒါန်း အားဖြင့် နှစ်ပါး အပြားရှိ၏၊ ထိုတွင် မြတ်စွာဘုရား သန္တာန်တော်၌ဖြစ်သောကရုဏာတော်သည် အဗ္ဘန္တရနိဒါန်းမည်၏၊

ကာလ, ဒေသ, ဒေသက, ပရိသတ် လေးပါးတို့သည်ကား - ဗာဟိရ နိဒါန်း မည်၏၊ ထိုတွင် အဇ္ဈတ္တိက နိဒါန်းကိုကား... ဒယာယ တာယ သမုဿာဟိတမာနသော ဟူသောပါဠိဖြင့် ပြသတည်း၊ ဤကား-ခပ်သိမ်းသော ဆရာတို့သည် သုံးစွဲအပ်သော စကားဆက်, စကားတက် ဆိုနည်းတည်း၊ ပါဠိဖတ်ကား......ဒယာသဒ္ဒါသည် ကရုဏာ, မေတ္တာ နှစ်ပါးကို ဟောတတ်၏၊ထိုသို့ဟောတတ်လျှင်းမှုလည်း''ယတ္ထ ယတ္ထ ပဝတ္တတိ၊တတ္ထ တတ္ထ အဓိပ္ပါယ ဝသေန ယောဇေတဗ္ဗော''ဟု မူလ ဋီကာဆရာ ဆိုရကား ကရုဏာကိုသာ ဤအရာ၌ လိုသည်၊ဒယာယ ကား ကရုဏာသာမန်ကို ဟောခဲ့ရကား တာယဟု ဝိသေသနပြုသည်။

သဗ္ဗေသု အကြွင်းမရှိသော သတ္တဝါတို့၌။

''ဣမေသု နိပ္ပဒေသသတ္တဝိသယတံ ဂဟေတုံ'' အစရှိသော မူလဋီကာပါဌ်နှင့် အညီတည်း။

**အဓိပ္ပါယ်ကား**......တဖိတ်သောနတ်တို့၌သာကရုဏာဖြစ်၍ဟောတော်မမူ၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါး အလို့ငှါပင် ဟောတော်မူသည် ဟူလိုသတည်း။

တနည်းကား......တာယ တာဒိသာယ-သော၊ ဒယာယ - သည်၊ သဗ္ဗေသု-တို့၌၊သမုဿာဟိတမာနသော-၍၊ဝါ-သည်။

**အဓိပ္ပါယ်ကား**......တဖိတ်သော နတ်တို့၌သာ ကရုဏာ တိုက်တွန်း၍ ဟောတော်မမူ၊ ခပ်သိမ်းသော သတ္တဝါတို့၌ တိုက်တွန်း၍ ခပ်သိမ်းသော သတ္တဝါတို့၏အကျိုးငှါပင် ဟောတော်မူသည် ဟူလို။

အဇ္ဈတ္တိကနိဒါန်းကိုပြပြီး၍ ဗာဟိရနိဒါန်းကို ပြလိုသော ဆရာသည်'ပါဋိဟီရဝသာနမှိ မှသည် မာတရံ ပမုခံ ကတွာ' တိုင်အောင်သောပါဌ်တို့ကို မိန့်သတည်း၊ ထိုတွင် ပါဋိဟီရ ဝသာနမှိ ဝသန္တော ဟူသောပါဌ်ဖြင့် ကာလကိုပြ၏၊အဓိပ္ပါယ် ကား.....အဝသာနမှိဟု သာမန်ဆိုလျှင်းမှုလည်းခပ်သိမ်းသော ပြာဋိဟာတို့ထက်ပါကဋတ္တဖြစ်ရကား ကျော်မည်သောသရက် ပင်ရင်း၌ပြအပ်သော ပြာဋိဟာကိုသာ လိုသတည်း။

(ဗိဋကတ်ရှေတော်

ပါဋိဟိရဝသာနမှိ – ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့ကို ပယ်သည်၏အဆုံး၌၊

> ဘုရားသဗ္ဗညုသန္တာနဝယ် ကိလေသာကုန်ပြီးရကား ဝေနေယျတို့၏ သန္တာန်၌ရှိသော ကိလေသာတို့ကိုပင် ပဋိပက္ခဟု လေသတည်း။

တနည်းကား......ပါဋိဟိရဝသာနမှိ-ဆန့်ကျင်ဘက် ဖြစ်ကုန်သော တိတ္ထိတို့ကို ပယ်သည်၏အဆုံး၌။

> တိတ္ထိပုဂ္ဂိုလ်တို့သည် ပဟာတဗ္ဗမဟုတ်ရကား ထိုပုဂ္ဂိုလ်တို့၏အယူကိုပယ်သည်ကိုပင်တိတ္ထိတို့ကိုပယ်၏ဟုပါသတည်း။

တနည်းကား......ပါဋိဟိရဝသာနမှိ-ကိလေသာတို့ကို ငြိမ်းစေပြီးသည်မှနောက်၌ဖြစ်စေအပ်သော ဉာဏ်၏အဆုံး၌။

> ကိလေသာကိုဖျောက်၍ နှလုံးတည်ကြည်ပြီးမှ နောက်၌ဖြစ်စေသည်ဟုလိုသတည်း။

ရှေ့နှစ်နက်၌ ပဋိသဒ္ဒါသည် ပဋိပက္ခအနက်ကို ဟောသည်၊နောက်အနက်၌ကား ပစ္ဆာအနက်ကိုဟောသည်ဟုလို၊ ပြာဋိဟာကိုပြုပြီးသည်၏အဆုံး၌ အဘိဓမ္မာကိုဟောခြင်းသည် ဓမ္မဘာတည်း။ကာလကိုကား ပြပြီ၊ဒေသကားအဘယ်နည်း စုဒ်ရှိရကား တိဒသာလယေ မိန့်သော်။

တိဒသာလယေ – သုံးကျိပ် သုံးယောက်သော နတ်တို့၏ နေရာဖြစ်သော တာဝတိံသာနတ်ပြည်၌၊ (တောင်ဘီလာအကျော်) တိဒသာလယေ– သုံးပါးသော အခိုက်အတံ့ရှိသော နတ်တို့၏ နေရာဖြစ်သော တာဝတိံသာနတ်ပြည်၌၊ (ပိုင်,မိန့်ကြောင်းအစရှိသော ရှေးဆရာများ) ပသန္တော–နေတော်မူသည်ဖြစ်၍၊ တနည်းကား......ဝသန္တော–ဝါဆိုတော်မူသည်ဖြစ်၍ နေတော်မူသောမြတ်စွာဘုရားသည်။

> ရှေ့ကား......သာမညသဒ္ဒါအနက်ကိုလိုက်သည်၊ နောက်ကား .....''သတ္တမံ တာဝတိံသဘာနေ ဝဿံ''ဟူသော ဝါဆိုစဉ်၌ လာသော ဗုဒ္ဓဝင်, တထာဂတုပ္ပတ္တိ အဋ္ဌကထာပါဌ်, ''ကဏ္ဍနိုခေါ် အတီတေ ဗုဒ္ဓေါ ဉာမံ ပါဋိဟာရံကတွာ ဝဿံ

ပြန်ပွားရေးမှု)

ဥပေန္တီတိ အာဝဇ္ဇေတွာ တာဝတိံသဘဝနေ ဝသံ ဥပဂတွာ မာတု အဘိဓမ္မပိဋကံ ဒေသေန္တီတိ ဒိသွာ''စသော ဓမ္မပဒအဋ္ဌကထာပါဠိနှင့် အညီတည်း၊ မြတ်သောအရပ်ဖြစ်၍ ဝါဆိုတော်မူသည်ဟုမှတ်၊တိဒသာလယေဖြင့် ဒေသ သာမညကို ပြသည်၊ ဝသနဋ္ဌာဖြင့် ဒေသကကို ပြသည်၊ တာဝတိံသာ နတ်ပြည်၌ ဟော၏ ဟူသည် ဝေဇယန္တာပြာသာဒ်ထက် ဟောသလော, သုဓမ္မာသဘင်၌ဘည်းဟောသလော, ပင်လယ်ကသစ်ပင်ရင်း၌တည်း ဟောသလော သက်ာရှိခဲ့ရကား…… ''ပါရိစ္ဆတ္တက မူလမှိ''ဟုဒေသဒိသေသကို မှတ်ဘိသော်။

မူလသဒ္ဒါကား……မုချအားဖြင့် အမြစ်ဟော၊ ဥပစာအားဖြင့် သမီပဟောတည်း၊ အာယာလည်းဟူ၏၊ယင်းသည့်အာခေရလည်း သာမညဖြစ်ပြန်ရကား……ပဏ္ဍုကမ္ဗလနာမကေ သိလာသနေဟု ဝိသေသကိုမှတ်ဘိသော်။

ပရိသမန္တတော အာဟာပံ ဆာဒေတီတိ ပါရိဆတ္တော၊ပါရိဆတ္တောဧဝ ပါရိဆတ္တကော၊ (သွတ္တတည်း) ပရိသမန္တတော ဆတ္တမိဝ တိဋ္ဌတီတိ ဝါ ပါရိဆတ္တကော၊ကံ သုခံ ပလေတီတိ ကမ္ဗလံ၊ပဏ္ဍု ရတ္တံ ကမ္ဗလံ ပဏ္ဍုကမ္ဗလံ (ရှေးဆရာ)ပကာ ရေဟိ ဒေပါနံ စိတ္တံ ခေတီ ဂဏှာတီတိ ပဏ္ဍု၊ ပဏ္ဍုစ တံ ကမ္ဗလဥ္စာတိ ပဏ္ဍုကမ္ဗလံ၊ ( တောင်ဘီလာ ) ပဏ္ဍုသဒ္ဒေါ ဟေတ္တ ရတ္တဝါစကော၊ နာတိရတ္တဝါစကောတိ ကေစိ၊ (မဓုသာရတ္ထဒီပနီ)

ယုဂန္ဓရေ·ယုဂန္ဓိုရ်တောင်၌၊ တနည်းကား……ယုဂန္ဓိုရ်တောင်၏ အနီးစာက်နှင့်မျှသော ကောင်းကင်၌၊ အာဒိစ္စော–နေမင်းသည်၊တနည်းကား……အဒိတိအမည်ရှိသော နတ်သမီး၏သားသည်၊ သောဘယုတ္တာ–ကဲ့သို့။

ယုဂန္ဓိုရ်ဟူသည်ကား …… သုတ်,ဝိနည်းတို့၌ လာသော မြင့်မိုရ်တောင်ပါး ယုဂန္ဓိုရ်ကိုယူ၊ ၎င်းကား၌ နေ့ စတ္တာလီသယောဇန သဟဿုဗ္ဗေဓောဟူသောကြောင့် သိသတည်း။

[(ဝိဠုကတ်ဘော်

နေလတို့ကား......ယုဂန္ဓိုရ်တောင်၌ တရံတဆစ်မျှ မသွား စဘူး၊ အနန္တာဝိထိသွားသောအခါလည်း ကရဝိကတောင် ထက်သွား၏။ မဇ္ဈိမဝိထိသွားသောအခါလည်း သိမ်ဟုန္တိကျွန်း တောင်သမုဒ္ဒရာ ရေမျက်နှာထက် သွား၏၊ ဗာဟိရဝိထိသွား သောအခါလည်း စကြဝဠာအနီးမှ သွား၏၊ ထိုသို့ မသွားဘူး လျက်''ယုဂန္ဓရေ''ဟု ဆိုသည်ကား...... ''သိနေဟာယံမာဏ ဝေါ''ကဲ့သို့ အစောက်တူရကား သဒိသူပစာအားဖြင့် ဆိုပါ သတည်း၊သောဘေယျဣာဟု ပရိကပ္ပဝိဘတ်နှင့်ဥပမာမှုသည် ကား တရံတဆစ်မျှလျှင် မသွားဘူးမြဲမှုလည်း သွားပြီးသည် ရှိသော် တင့်တယ်အံ့သည်ကိုရည်၍ ကြံဆသောအားဖြင့် ဆိုရ ကား....'' ဘောဂိ ကတွာ စက္ကဝါဠံ၊ သိနေရုဒ္ဓေလ္လာန ဝိဟာနံ'' ဟူသကဲ့သို့ ပရိကပ္ပေါပမာ ဟူလိုသတည်း၊ အချို့ကား မသွား ဘူးသည်ကို နှလုံး၌ထား၍ အဘူတောပမာ ဟုဆိုကုန်၏။

သန္ဒိသိန္နော-၍,သည်။

ကာလ ဒေသ ဒေသကတည်းဟူသော ဗာဟိရနိဒါန်းကို ပြပြီး၍ ပရိသတ်တည်းဟူသော ဗာဟိရနိဒါန်းကို ပြလိုသော ဆရာသည် စက္ကဝါဠသဟဿေဟိ မှသည် မာတရံပမုခံကတွာတိုင်အောင်သော ပါဌ်တို့ကို မိန့်သတည်း။

သဗ္ဗသော-မှ၊(သာမန်)ဒသဟိစက္ကဝါဠသဟဿေဟိ-တသောင်း သော စကြဝဠာတို့မှ၊(ဝိသေသ) အာဂမ္မ-၍၊ ဝါ-သဗ္ဗသော သဗ္ဗဒိသာ ဘာဂေဟိ-တို့မှ၊သန္ဒိသိန္နေန-အညီအညွတ် စည်းဝေးသော၊ တနည်း ကား......ကောင်းစွာ စည်းဝေးသော၊ (သမံ သမ္မာဝါ နိသိန္နေန သန္ဒိ သိန္နေန ဟူသော မူလဋီကာနှင့် အညီတည်း။)

**အခိပ္ပါယ်ကား** .. အချင်းချင်းမထိကြစေမူ၍ ဘုရား၌ရှိသေ စွာပြုလျက်နေရာ၌ ကြည်အပ်သော အပြစ်တို့ကိုကြည်၍ တရား တော်ကိုနာ၏၊ နေရာအပြစ်ခြောက်ပါးတို့တွင် အတိသမ္မုခ, အတိသမီပ, ဥန္နတပဒေသ ဤသုံးပါးကိုကား ကြည်နိုင်၏၊ ပဘိ ဝါတ,အတိပစ္ဆာ, အဘိဒူရ ဤသုံးပါးကိုကား ပရိသတ်များ

သောကြောင့် မကြည်နိုင်ဟူသော အနက်ကိုလည်း ပြီးစေ၏ ဟူလိုသတည်း။

မာတနံ-မယ်တော်ကို၊ ဝါ - မယ်တော်ဖြစ်တူးသော သန္တုသိတ နတ်သားကို။

ရှေ့ကား မရသာရတ္ထဒီပနီ၌ ဆိုအပ်သော ပညာရှိတို့၏ အယူအားဖြင့် မိနတ်သွီးဟု နှလုံးသွင်း၍ပေးသတည်း၊ဝါ-ဘူတ ပုဗ္ဗဂတိကနည်းကို နှလုံးသွင်း၍ပေးသတည်း၊ နောက်ကား...... ထိုထိုသို့သောကျမ်းတို့၌လာသော ''သန္တုသိတဒေဝပုတ္တော နာမ''ဟူသောပါဌ်ကို နှလုံးသွင်း၍ပေးသတည်း။

ပမုခံ-အကြီးကို၊ ဝါ-မြတ်သည်ကို၊ ဝါ-သက်သေကို၊ ကတွာ-၍၊ ။နိဒါန်းပြီး၏။

နိဒါန်းကို ပြပြီး၍ သမုဋ္ဌာန်ကို ပြလိုသော ဆရာသည် '' တဿာ ပညာယ တေဇသာ''ဟူသောပါဌ်ကိုမိန့်သော်၊(တက်)

တဿာ တာဒိသာယ-သော၊ ပညာယ - သုံးပါးသော အစွမ်းနှင့် ပြည့်စုံသော သဗ္ဗညုတညာဏ်တော်၏၊တေဇသာ ဗလေန-ဖြင့်။

**အဓိပ္ပါယ်ကား**...... သမုဋ္ဌာန်တတ်သော ပညာကား...... ပညာမည်ကာ မဟုတ်၊ ဌေယျဓမ်တရားငါးပါးကို သိစွမ်းနိုင်သော,ထိုမှလည်းဟောအပ်သောတရား၏အပြားကိုသိစွမ်းနိုင်သော,ထိုမှလည်း ကျွတ်ထိုက်သောသတ္တဝါတို့၏ အာသယ, အနုသယ, စရိုက်စသည်ကိုသိစွမ်းနိုင်သော သဗ္ဗညုတညာဏ် လျှင်ဘည်းဟူလိုသော်၊ ထိုသို့သမုဋ္ဌာန်ကိုပြရသဖြင့် အဘိဓမ္မာ ဒေသနာ၏ အနည္သာဓာရဏ အဖြစ်ကိုသိရ၏။

အဘိဓမ္မကထာမဂ္ဂံ-အဘိဓမ္မကထာ ဟူသော သိကြောင်းကို၊ (မဂ္ဂ သဒ္ဒါ ဥပါယဟော)တနည်းကား......အဘိဓမ္မာဟူသော စကားအမည် ကို၊(ဤ၌ ပဗန္ဓဟော)

**အဓိပ္ပါယ်ကား**..... ခရီး၌လည်းယှဉ်, အဘိဓမ္မာစကား၌လည်းယှဉ် ရကား ခရီးမဟုတ်သော်လည်း ခရီးဟူလေသတည်း။အောက်

[ပိဋကတ်တော်

ဌ် ဆိုပြီးလျှက် 'ဒေဝါနံ'ဟု တချက်ဆိုပြန်သည်ကား-အောက်ဌ်ကားနိပါတ်,တိပါတ် နတ်တည်း၊အထက်ဌ်ကား-ကျွတ်ထိုက်သောတိပါတ်နတ်တည်း ဟု သိစေလိုသည်၊(ပိုင်,ဆရာ)နတ်တို့သာတတ်နိုင်သည်ကို ပြီးစေသတည်း၊(ရှေးနိဿယဆရာ)ထိုသို့ဆိုသော်လူလွတ်ခဲ့၏၊တနည်းကား .....ထိုနတ်တို့တွင် တစုံတယောက်သော နတ်မျှ မကျွတ်ထိုက်, မသိထိုက်သည် မရှိ၊ကျွတ်ထိုက်, သိထိုက်သည်ချည်းဟု ပြခြင်းငှါ တဖန် မိန့်သတည်း၊ ( မိန္တောင်း ) နောက်နည်း ..... "ပုန ဒေဝါနံတိ ဝစနံ တေသံ ဂဟဏာသမတ္ထတ် ဒိပေတိ၊န ဟိ အသမတ္ထာနံ ဘဂဝါ ဒေသေတိတိ"ဟူသော မူလဋီကာပါဌ်နှင့် ညီသကဲ့သို့ ရှိ၏၊ အဘယ့်ကြောင့်နည်းဟူမူကား-ဘာဝယုဂ်နှင့် ဘာဝသမ္ဗန် မထူးသောကြောင့်တည်း။ ။ထောမနာ ပဏာမ ပြီး၏။

ကရုဏာ ပညာလျှင် အရင်းရှိသော ခပ်သိမ်းသော ဂုဏ်တော်တို့ဖြင့်ရင်း, အဘိဓမ္မာ ဒေသနာတည်း ဟူသော အသာဓာရဏ ဂုဏ်တော်ဖြင့်ရင်း ထောမနာခြင်းတည်း ဟူသော အနုမိပ္ပေတ ပဏာမကို ပြုပြီး၍ အဓိပ္ပေတ ပဏာမကို ပြုလိုသော ဆရာသည် "တဿ ပါဒေ ။ပ။စဥ္စလိံ"ဟူသော ဂါထာကို မိန့်သတည်း(တက်)

သိရီမတော-ပညာတန်ခိုး ရှိထသော။

"သိရီတိ ပညာပုညာနံ အဓိဝစနန္တိ ဝဒန္တိ"ဟူသော မူလဋီကာပါဌ်"သောဝိယတိတိ သိရီ၊ပညာ ပုညာ"ဟူသော ယောဇနာပါဌ်"သရန္တိ ဓာနန္တိ တေယာတိ သိရီ၊ ပညာ၊သရတိ ပဝတ္တတိ တေယ ဖလန္တိ သိရီ၊ပုည"ဟူသော မခုသာရတ္ထဒိပနီပါဌ် " သိရီတိ သရိဘဗ္ဗံ ဂန္တဗ္ဗံ ညာတဗ္ဗံ မတ္ထံ သရတိ ဂစ္ဆတိ ဓာနာတိတိ သိရီ။ပ။ပညာလဗ္ဘတိ၊ အထဝါ သရတိ ဂစ္ဆတိ ပဝတ္တတိ ဖလ မေတေန အတ္တနောဝါ ဖလံ သာရေတိ ဂမေတိ ပဝတ္တေတီတိ သိရီ။ပ။ပုညံဝါ လဗ္ဘတိ"ဟူသော ဟူသော ရာဇိန္ဒရာဇ နာမာဘိဓေယျ ဒိပနီပါဌ်နှင့်အညီတည်း။

ပြန့်ပွားရေးမှု)

တနည်းကား......သိဒ္ဓိမတော-သိဒ္ဓိသောဘဂ္ဂ စသည်နှင့် ပြည့်စုံထသော။

**ဤအနက်ကား။** ''ပုညနိဗ္ဗတ္တာ သိဒ္ဓိရသောဘဂ္ဂါဒိ သမ္ပတ္တိ ကတပုညေ နိဿယတိ၊ ကတပုညေဟိ ဝါ နိဿိယတီတိ သိဒ္ဓိတိ ဝုစ္စတိ'' ဟူသောမူလဋီကာပါဌ်၊ ''ကတပုညေဟိ သေဝိယတေ တေသုဝါ သေဝတီတိ သိဒ္ဓိ၊ ရော၊ ဤစ'' ဟူသော အဘိဓာန်ဋီကာပါဌ်၊ ''ကတပုည ပုဂ္ဂလေ နိဿယတီတိ သိဒ္ဓိ၊ ကတ္တုသာဓနံ၊ ကတပုညေဟိ ဝါ နိဿိယတီတိ သိဒ္ဓိ၊ ကမ္မသာဓနံ၊ သိဒ္ဓိသောဘဂ္ဂါဒိ သမ္ပတ္တိ'' ဟူသော ယောဇနာပါဌ်၊ '' သိဒ္ဓိ ဘောဂါနမာသယောတိ သိဒ္ဓိတိ ဣဿရိယံ၊ သာစတ္တတော ပုညသတ္တိ ပုညဖလမေဝ '' အစရှိသော မဂ်လတ္ထ ဒီပနီပါဌ်၊ ''အထဝါ ပုညနိဗ္ဗတ္တာ သိဒ္ဓိသောဘဂ္ဂါဒိသမ္ပတ္တိ '' အစရှိသော ရာဇိန္ဒရာဇ နာမာဘိဓေယျ ဒီပနီပါဌ်နှင့် အညီတည်း၊ ဂုဋ္ဌတ္ထဒီပနီ၌ကား......ပုညအနက်ကိုသာ ဖွင့်၍၊ပိုင်,ဆရာကား ဤ၌ ရူပကာယ သမ္ပတ္တိဖြင့် ချီးမွမ်းရကား သိဒ္ဓိသောဘဂ္ဂ စသည်ကိုသာ သိဒ္ဓိ ဟူလိုသတည်းဟု ဆို၍၊ ဒေန္တိ ရှိသော် ဆရာတို့ မနှစ်သက် ဟူသောစကားနှင့် ညီ၏။

ဝါ-လွန်သော ပညာ, တန်ခိုး, သိဒ္ဓိသောဘဂ္ဂ စသည်နှင့် ပြည့်စုံထသော။

''သိဒ္ဓိ အဿ အတ္ထီတိ သိဒ္ဓိ၊ထွေစ ဤပစ္စယော အာတာပီတိ ထွေဝိယ အတိသယထွေ အဿတျထွေစ ဝတ္တတိ'' အစရှိသော ရာဇိန္ဒရာဇနာမာဘိဓေယျ ဒီပနီ, မဏိဒီပ အစရှိသော ပါဌ်တို့နှင့် အညီတည်း။(အမိပ္ပါယ် ပါဌ်ချောက်ဆိုမြဲ)

ထောမနာ၌ ဘုရားဂုဏ်ကိုသာ ထောမနာလျက် တရား သံဃာကို လည်း ရှိခိုးသည်ကား''သဒ္ဓဇ္ဈုပာသည် တပါးကိုဆိုက တပါးပြီးရကား'' ''ရာဇာအာဂတော''ကဲ့သို့ ဘုရားကျေးဇူးကို ဆိုက တရား သံဃာ ကျေးဇူးသည် ပြီးပါသည်တည်း။နိဒဿနနည်းလည်း ကောင်း၏၊ဝေါဟြဒ္ဒ ဟူသကဲ့သို့။ဥပလက္ခဏာနည်းလည်းကောင်း၏၊လဒ္ဓါတ

ပိဋကတ်တော်

ပဗ္ဗော ရာဇကုမာရော ကဲ့သို့။ အဝုတ္တသိဒ္ဓိ နည်းလည်း ကောင်း၏၊ ပသေယျ တံ ဝဿသတံ အာရောဂျံ ကဲ့သို့။ပဒိပနည်းလည်းကောင်း၏၊ခင်မိုးကဲ့သို့။ ဘိန္နသဏ္ဌိ သမဝေတနည်းလည်းကောင်း၏၊ သေတော ဓာဝတိ ကဲ့သို့။တဗ္ဗနည်းလည်း ကောင်း၏၊ ၁သ ဝါပုသုတ်ကဲ့သို့။ဤ၌ ဘုရားကို နမဿိတွာ, တရားကို ပူဇေတွာ,သံဃာကို အဉ္ဇလိ ကတွာ ဟူ၍ မထူးမတည် ကြိယာ အသိး အသိးကို ဆိုသည်ကား ဘုရားကို ဝန္ဒိမိယော, တရားကို ပူဇေတဗ္ဗော, သံဃာကို အဉ္ဇလိကရဏီယော ဟူသောသုတ်ပုဒ်ကို မှီးသည်ဟူလို၊ဘုရားကိုသာ သိရိမတော ဟူသည်ကား-စတုသစ္စဒေသော ဟူသကဲ့သို့။

အဿ တာဒိသဿ-သော၊သမ္ဗုဒ္ဓဿ-၏၊(လိုက်စေ)သံဃဿစ-သံဃာတော်အားလည်း၊အဉ္ဇလိ-လက်အုပ်ကို၊ကတွာ-ချီ၍၊(ခပ်သိမ်းသော ဆရာတို့၏အနက်၊ သံဃဿ ကို သံဃံ အဿဟု ပုဒ်ဖြတ်။) အဿ တာဒိသဿ-သော၊သမ္ဗုဒ္ဓဿ-၏၊သံဃဉ္စ-ကိုလည်း၊အဉ္ဇလိ-လက်အုပ်ချီခြင်းကို၊ကတွာ-၍၊(ပိုင်)

ဤ**အနက်ကား**သမ္ဗုဒ္ဓဿ ဟူသော အလယ်ပုဒ်နှင့် အညီ၊ ရှေ့**အနက်ကား**......ရတနတ္တယဿ ပဏာမံ ကတွာ အစရှိသော ကရဓာတ်၏အယှဉ် သမ္ဗဒါန်နေရာ၏ ဟူသော စကားနှင့် ညီ၏၊ ခြေကို ရှိခိုးသည်ကား ရိုသေခြင်းဖြစ်သတည်း၊ ကိုယ်ကို ရှိခိုး၍ ခြေကို ဦးတင်သည်ကား ဖွယ်ရာတည်း၊သံဃပဏာမ၌ ကာယကို သိသပြုပါသည်၊ဝါစာ,စိတ္တကိုလည်း ယူ။

အဓိပ္ပေတ ပဏာမကို ပြပြီး၍ ပဏာမ၏များသော အကျိုးတို့တွင် ဆရာလိုအပ်သော အကျိုးကို ပြလိုရကား ''နိပစ္စကာရဿေတဿ''မှ သည်''အသေသတော''တိုင်အောင်သော သတ္တမ ဂါထာကိုမိန့်သော်။

ရတနတ္တယေ-၌၊ဝါ-အား၊ ကတဿ-သော၊ဧတဿ-သော၊ နိပစ္စ ကာရဿ - ရှိခိုးခြင်း ကြိယာ၏၊ (''နိပစ္စ ကာရဿာတိ ပဏာမ ကြိယာယ''ဟူသော မူလဋီကာနှင့် အညီတည်း) အာနုဘာဝေန ဗလေန-ဖြင့်၊ အသေသတော-အကြွင်း မရှိကုန်သော၊ အန္တရာယေ-တို့ကို၊ သောသေတွာ-ခြောက်တပ်စေ၍၊ ဝါ-ကွယ်စေ၍ (ဆရာ) သောသေ

ပြန်ပွားရေးမှု)

တွာ သုက္ခာပေတွာ အန္တရဓာပေတွာ-ကွယ်စေ၍။ ။မူလဋီကာ၊ (အဋ္ဌံပကာသယိဿာမိ ၌ စပ်။)

**အဓိပ္ပါယ်ကား**......တပါးသော သဂ္ဂသမ္ပတ္တိ အစရှိသည်တို့၏ အကျိုးငှါ မှုမခိုး၊ဤပဏာမ စေတနာဖြင့် အကြွင်းမရှိသော အန္တရာယ်တို့ကိုဖျောက်ဦး၍(ဤသို့စသည်ဖြင့်စာစပ်ကုန်အောင်ပါဌ်လျှောက်ဆို)

ပဏာမ အကျိုးကို ပြပြီး၍ အဘိဓမ္မာပါဠိ၏ ဂမ္ဘီရဏ္ဏ ရှိသည်၏ အဖြစ်ကြောင့် အဘိဓမ္မာအဋ္ဌကထာ၏ ဒုက္ကရဘော ဖြစ်၍ အဘိယာစနကို ပြလိုသော ဆရာသည် ''ဝိသုဒ္ဓါစာရ သီလေန ။ပ။ အဘိယာစိ တော ''ဟူသော အဋ္ဌမဂါထာ မိန့်သော်၊ (အဓိပ္ပါယ်ကိုလည်း ပါဌ် လျှောက်ဆို။)

ဇလ္လုဋ္ဌည်း, ပါဝိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိ ဤငါးပါးမှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓါစာရ မည်၏၊ ပါရာဇိက,သံဃာဒိသိသ်မှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓသီလ မည်၏။ တနည်းကား...... အဘိ သမာစာရိကဝတ် စသော စာရိတ္တသီလသည် ဝိသုဒ္ဓါစာရ မည်၏။ ပါရာဇိကစသော ဝါရိတ္တသီလသည် ဝိသုဒ္ဓသီလမည်၏။

သက္ကစ္စံ-အရိုအသေပြု၍၊ ဝါ-မိမိ စိတ်မပဟုတ်သော်လည်း မိမိ စိတ်ကဲ့သို့ ပြု၍။

(မူလဋီကာ၌ စိတ္တီကတွာ ဟူသည်ကို ထောက်သတည်း၊ မူလဋီကာ၌ စိတ္တီကတွာ ကို ''အတ္တနော အဓိတ္တံဒိယ ကရော တိတိ ဇိတ္တီကတွာ''ဟု ဝိဂြိုဟ်ပြု။)

သက္ကစ္စံကား-နိပါတ်၊ဝါ-နိဂ္ဂဟိတ်လာသည်၊သက္ကစ္စံ-ဖြင့် စိတ္တဂါရဝကို ပြသည်၊အဘိယာစိတော ဖြင့် ကာယဂါရဝကိုပြသည်၊အဘိယာစိတောကို အဋ္ဌံ ပကာသယိဿာမိ ၌စပ်။

အဘိယာစနကို ပြပြီး၍ သံဝဏ္ဏေတဗ္ဗဖြစ်သော အဘိဓမ္မာကို ပြလိုသောဆရာသည် ''ယံဒေဝ ဒေဝေါ။ပ။အဘိဓမ္မသ'' ဟူသော ဂါထာတို့ကို ဆိုသတည်း။

ဒေဝ ဒေဝေါ-ဝိသုဒ္ဓိနတ်, သမုတိနတ်, ဥပပတ္တိနတ်တို့ထက် မြတ်သော နတ်ဖြစ်ထသော၊သတ္ထာ-သည်၊ ဒေဝါနံ-ကျွတ်ထိုက်သော နတ်

(ဝိဋ္ဌကတ်တော်

တို့အား၊ ယံ ယာဒိသံ-အကြင်သို့ သဘောရှိထသော၊ အဘိဓမ္မ-ကို၊ ဝိညာရတော-အားဖြင့်၊ တိ ဒသာလယေ-၌၊ ဒေသေတွာ-၍၊ ဝိနာယကော-ဝေနေယျတို့ကို နတ်ရွာနိဗ္ဗာန်သို့ ဆောင်ပေကတ်ထသော၊ ဝါ-ကင်းသော အကြီးအမှူးရှိထသော၊သတ္ထာ-သည်။

"သတ္ထာတိ ဋ္ဌမိနာ ပရဟိတံ ဒသေတိ၊ ဗုဒ္ဓေါတိ ဋ္ဌမိနာ အတ္တဟိတံ ဒသေတိ" ဟူသော ဝိသုဒ္ဓိမဂ် ဋီကာနှင့်အညီ ဒေသနာအရာဖြစ်ရကား... သတ္ထာ ထည့်သတည်း။

ထေရဿ-သော၊ ယဿ ယာဒိသဿ-သော၊ သာရိပုတ္တဿ-မည်သော အဂ္ဂသာဝကအား၊ ယံ ယာဒိသံ-သော၊အဘိဓမ္မ-ကို၊ နယတော သင်္ခေပတော - ဖြင့်၊ ပုန-တဖန်၊ သမ္မာပိကွိ သမ္မာ အာဓိက္ခိ-ကောင်းစွာ ကြားတော်မူပြီ။

**အဓိပ္ပါယ်ကား**...... ကြားမည်ကာမတ္တ မဟုတ်၊ သိလျှင်းအောင် ကြားတော်မူပြီဟူလို။

ထေရော-သော၊ သော တာဒိသော-သော ၊သာရိပုတ္တော-သည်၊ မဟေသိနော-သော၊သတ္ထုနော-အား၊ အနောတတ္တဒဟေ-၌၊ ဝါ-၏ အနီး၌၊ဥပဋ္ဌာနံ-ခ,စားခြင်းကို၊ဝါ-ညီမူခြင်းကို၊ဝါ-လုပ်ကျွေးခြင်းကို၊ ဝါ-ဝတ်ဖြည့်ခြင်းကို၊ ကတွာ-၍၊ ယံ ယာဒိသံ-သော၊ အဘိဓမ္မ-ကို၊ သုတွာ-နာ၍၊ပယိရုဒါဟာသိ ကထေသိ-ဟောတော်မူပြီ၊ (သင် ကြားပြီ သော်လည်းဟူ)

ပယိရုဒါဟာသိ၌ ပရိဟူသော ဥပသာရ,ဥဟူသော ဥပသာရ,အာဟူသော ဥပသာရကား ဓာတွတ္ထာနုဝတ္တက၊ ဗြူဓာတ်ကား......ကထန အနက်ကိုဟော၏၊ ဥ အက္ခရာနှောင်းရာ၌ ယလာ၍"သိဟော"ကဲ့သို့ ယ နှင့် ရ ကို ဝိပရိတ်ပြန်၍ ပယိရုဒါဟာသိ ရှိလေသည်ဟူ၏၊မရသာရတ္ထဒီပနီ။

ဣတိ ဣမိနာ အနုက္ကမေန-ဖြင့်၊ ဘိက္ခူပတိ-တို့သည်၊ ယော ယာဒိသော-သော၊ အဘိဓမ္မော-ကို၊ဓာရိတော-ပြီ၊ ဝေဒေဟမုနိနာ-ပညာရှိသော ရှင်အာနန္ဒာသည်၊(ဋီကာ)ပညာဖြင့်လုံ့လပြုတတ်သော အရှင်အာနန္ဒာသည်၊ ဝေဒေဟီ မိဖုရား၏ သားဖြစ်သော ရှင်အာနန္ဒာသည်၊

(တောင်ဘီလာ၊)ဤအနက်ကား-ဋီကာ,ယောဇနာ,ဂုဠတ္ထဒီပနီစသော ကျမ်းတို့နှင့် အညီတည်း) ဝေဒေဟမုနိနာ-ပညာရှိသော အရှင်မဟာ ကဿပထေရ်သည်၊(ဤအနက်ကား-ဝိဒတိ ဇာနာတိ ဧတေနာတိ ဝေ ဒေါ၊ပညာ၊ ဝေဒေဟောနာမ မဟာကဿပါဒိကော၊ အာနန္ဒတ္ထေရော တိ ကေစိ ဟူသော မဓုသာရတ္ထဒီပနီနှင့် အညီတည်း)

ဂန္ထာရ ညာဏေဟိ-တို့သည်၊ ပညာယ-ဖြင့်၊ (အဘိဓမ္မသ အဋ္ဌ ပကာသယိဿာမိ၌ စပ်)

သံဂ္ဂဏ္ဍောဘဗ္ဗ ဖြစ်သော အဘိဓမ္မာကို ပြပြီး၍ သံဝဏ္ဏနာ နိဿယကို ပြလိုသော ဆရာသည် ''အာဒိတော ။ပ။ ဣသိဟိ ယာ'' ဟူသော ဂါထာကို မိန့်သော်( အဓိပ္ပါယ်ကား – ပါဠိ လျှောက်ဆိုမြဲ၊)

ထိုသို့ သင်္ဂါယနာသုံးတန်တင်ပြီးသော အဋ္ဌကထာကို နိဿ ယပြု၍ အဋ္ဌကထာသစ်ကို ငါပြုလတ္တံ့ ဟူလိုသော် ဟူ၍လည်း ချ။သင်္ဂါယနာ သုံးတန်တင်ပြီးသော အဋ္ဌကထာ ရှိပြီးဖြစ်လျက် ဆရာထပ်၍ ပြုသဖြင့် အဘယ်အကျိုးရှိအံ့နည်း သူ ဖွပ်၍ ဖြူလေ ပြီးသော ပုဆိုးကို ထပ်၍ ဖွပ်သကဲ့သို့,သူကြိတ်၍ ညက်လေပြီး သော နံ့သာကို ထပ်၍ ကြိတ်လေသကဲ့သို့ မရှိပြီလောဟု စုဒ် ရှိကား ''အာဘတာပန။ပ။အဘိသင်္ခတာ''ဟူသော ဂါထာကို မိန့်သော်။

ပန တထာပိ-ထိုသို့တင်လေပြီးငြားသော်သည်း(ဂရဟာ၊ပိုင်ဆရာ ကား ပက္ခန္တရ,ဝစနာသိလိဋ္ဌဟူ၏)ထေရေန-သော၊မဟိန္ဒေန-သော၊ ဣသိနာ-အရှင်သည်၊ယာ-ကို၊ဥတ္တမံ-မောဟကို နုတ်ရာဖြစ်သော၊ဝါ- ကျော်စောသော ကျွန်းတို့ထက် အလူးသဖြင့် ကျော်စောသော၊ ဝါ- မြတ်သော၊ဒွတ် ဇတာဒိသံ-သော၊ ဒိပံ-သို့၊အာဘတာ-သည်၊ ပဟုတွာ- ၍၊ ဒိပဝါသိနံ-တို့၏၊ ဘာသာယ သီဟဠဘာသာယ-သီဟိုဠ်ဘာသာ ဖြင့်၊ (ရှေးဆရာ)သင်တိုင်းဦးစွပ်နှင့် တူသော သီဟိုဠ်ဘာသာဖြင့်၊(ငါ တို့ဆရာ)ပါရာဇိကဏ် ဋီကာ၌လည်း ''ကဥ္စုကသဒိသံ သီဟဠဘာသံ အပနေတွာ''ဟု ရှိ၏၊)အဘိသင်္ခတာ-ပြီ။

အဓိပ္ပါယ်ကား......ပါဌ်ချော်ဆို၊ ထို့ကြောင့် ငါပြုပေလတ္တံ့ ဟူ
လိုသော် ဟုလည်း ချ၊

ပုနရုတ္တိ ဒေါသကို ပယ်ပြီး၍ ကရဏာပ္ပကာရကို ပြုလိုသော
ဆရာသည် ''အပနေတွာ။ပ။ဒိစက္ခတော'' ဟူသော ပါဌ်ကို မိန့်
သော်၊သံသဏ္ဍာနနိဿယကို ပြုပြီး၍ ဟုသော်လည်းတက်။

တတော တာဒိသတော-သော၊ အဋ္ဌကထတော-မှ။ (တတောတိ အဋ္ဌထကတော ဟူသော မူလဋီကာပါဌ်, ပါရာဇိကဏ် ဋီကာနှင့်အညီ တည်း။)ဝါ တတော တိဿံ အဋ္ဌကထာယံ-၌၊(ပိုင်,ဆရာ)။ပ။အာရောပယိတွာ-တင်၍၊ ဝါ-ရေး၍၊ (အတ္ထံ ပကာသယိဿာမိ၌ စပ်)နိကာယန္တရလဒ္ဓိဟိ-အကြား အကြား၌ သွင်းအပ်သော အယူတို့နှင့်၊ ဝါ-မဟာဝိဟာရဝါသီမှ တပါးသော ဇေတဝနဝါသီ, အဘယဂိရိဝါသီ တည်းဟူသော အပေါင်းတို့၏ အယူတို့နှင့်၊ အသံမိဿံ-သော၊ အနာကုလံ-မရှုပ်သောနှောင့်ယှက်ခြင်း ရှိထသော၊ (နှောင့်ယှက်ခြင်း မရှိထသော သော်လည်းဟူ)ဝါ-ခိုင်းခြားအပ်ထသော၊မဟာဝိဟာရဝါသီနံ-မဟာဝိဟာရ၌ နေကုန်သော တိပိဋက ရှင္ဒနာဂထေရ် စသည်တို့၏၊ ယော ယာဒိသော-သော၊ ဝိနိစ္ဆယော-သည်၊ နိကာယန္တရလဒ္ဓိဟိ-တို့နှင့်၊(နှစ်နည်းပေး) အသံမိဿောစ-လည်း၊ ဟောတိ-၏၊ အနာကုလောစ - လည်း၊ ( နှစ်နည်းပေး )ဟောတိ-၏၊ တံ တာဒိသံ - သော၊ ဝိနိစ္ဆယံ-ကို၊ ဒီပယန္တော-ပြလျက်၊ ဝါ-ပြသည်ဖြစ်၍၊ ဝါ-ပြသော၊ အဟံ-သည်၊ အာဂမဋ္ဌကထာသုပိ-တို့၌လည်း ။ပ။ပကာသယိဿာမိ-အံ့၊ ဝါ-တတော တာဒိသတော အဋ္ဌကထတော တမ္ဗပဏ္ဏိ နိဝါသိနံ သ ဒေါသံ ဘာသံ အပနေတွာ နိဒ္ဒေါသံ တန္တိနယာနုဂံ ဘာသံ အာရောပယိတွာ ပကာသိယမာနော ယော ယာဒိသော အတ္ထမေ့သာ အတ္ထော နိကာယန္တရလဒ္ဓိဟိ အသမ္မိဿောစ ဟောတိ၊အနာကုလောစ ဟောတိ၊တံ တာဒိသံ နိကာယန္တရလဒ္ဓိဟိ အသမ္မိဿံ အနာကုလံ မဟာဝိဟာရဝါသီနံ ဝိနိစ္ဆယံ အတ္ထံ ဒီပယန္တော-လျက်၊ အာဂမဋ္ဌကထာသုပိ။ပ။ ပကာသယိဿာမိ-ပြပေအံ့၊ ဝါ-ဖွင့်ပေအံ့။

**အဓိပ္ပါယ်ကား**......မဟာအဋ္ဌကထာ၌ သင်တိုင်းဦးစွပ်နှင့်တူသော
သီဟဠဘာသာကို ပယ်အံ့သည်၊ အပြစ်မရှိသော ပါဠိဂတိသို့

အစဉ် လိုက်တတ်သော မဂဓောသာကိုလည်း တင်အံ့သည်၊ မဟာအဋ္ဌကထာ၌ ကြိုးကြား ကြိုးကြား သွင်းလေအပ်သော နိကာယန္တရလဒ္ဓိတို့နှင့် အသမ္ဘိဿဖြစ်သော,မိမိအယူ၌လည်း အနာကုလ ဖြစ်သော မဟာဝိဟာရဝါသိ ဝိနိစ္ဆယကိုလည်း ပြအံ့သည်၊ မဟာအဋ္ဌကထာ၌ကား...... သုတ်အဋ္ဌကထာတို့၌ လာသော ဂဟေဘဗ္ဗတ္ထ ကိုလည်း မယူလေ၊ ဤ ငါပြုလတ္တံ့ သော အဋ္ဌကထာ၌ကား – သုတ်အဋ္ဌကထာတို့၌ လာသော ဂဟေဘင့်တ္ထကိုလည်း ယူအံ့သည်၊ ဤသို့သော အခြင်းအရာ အားဖြင့် ပညာရှိတို့ကို နှစ်သက်စေလျက် အဋ္ဌကထာသစ်ကို ငါ ပြုလတ္တံ့ဟူလိုသော်။

သုတ္တန်အဋ္ဌကထာ၌ လာသော ဂဟေတဗ္ဗတ္ထကို ယူသော် အတိဝိတ္ထာရ မဖြစ်ခဲ့ပြီလော စုဒ်ရှိရကား......ထို အတိဝိတ္ထာရ ဒေါသကို ပယ်ခြင်ငှါ ''ကမ္မဋ္ဌာနာနိ သဗ္ဗာနိ။ပ။ ကရိဿာမတ္တ ဝဏ္ဏနံ'' ဟူသော ဂါထာကို မိန့်သတည်း၊(တက်) ထိုတွင် လို ရင်းပါဌ်ကား–''တံ အဂဟေတွာန။ပ။ကရိဿာမတ္တဝဏ္ဏနံ'' ဟူတည်း။

**အဓိပ္ပါယ်ကား**–မဟာအဋ္ဌကထာ၌ ကမ္မဋ္ဌာန်း, စရိုက်,အဘိညာဉ် ဝိပဿနာတို့ကို ယူလေအပ်၏၊ ငါပြုလတ္တံ့သော အဋ္ဌကထာ သစ်၌ ထိုကမ္မဋ္ဌာန်း။ပ။ဝိပဿနာတို့ကို မယူမူ၍ အလုံးစုံသော ပါဠိ၏ ပဒါနုက္ကမ အားဖြင့် ပြုလတ္တံ့သည် ဖြစ်သောကြောင့် အတိဝိတ္ထာရ ဒေါသ မဖြစ် ဟူလိုသော်။

မဟာအဋ္ဌကထာ၌ ယူတုံလျက် ဤ၌ အဘယ်ကြောင့် မယူ တုံသနည်း စုဒ်ရှိရကား''ကမ္မဋ္ဌာနိ။ပ။တသ္မာ''ဟူသော ဟိတ် ကို မိန့်သတည်း၊(ပါဌ်ချော်ဆို)

၂''ကမ္မဋ္ဌာနာနိ။ပ။ကရိဿာမတ္တဝဏ္ဏနံ''ဟူသော ပါဌ်ကို ဆိုလျှင်အတိဝိတ္ထာရဒေါသကို ပယ်ခြင်း ကိစ္စသည်ပြီးကောင်း ပြီးလျက်''ဣတိမေ ဘာသမာနဿ ။ပ။ အဝိက္ခိတ္တာ နိသာမေထ'' ဟူသော ပါဌ်တို့ကိုကား – ဥယျောဇဉ်ကို ပြအံ့သောငှါ ဆိုသတည်း၊ဣတိကား–ပကာရကို ဟောသော နိပါတ်တည်း။

ဣတိ ''အပနေတွာ တတော ဘာသံ''အစရှိသော အကြင် အခြင်းဖြင့် ပြအပ်ခဲ့ပြီးသော ကရဏာပ္ပကာရအာဖြင့်၊ဘာသမာနသ-သော၊ မေ-၏၊ ဣမံ ဤဒိသံ-သော၊ အဘိဓမ္မကထံ အဘိဓမ္မအဋ္ဌကထံ-ကို၊ (အဋ္ဌသဒ္ဒါကျေသည်)အဝိက္ခိတ္တာ-၍၊ဝါ-ထတော၊တုမှေ သာဓဝေါ-တို့သည်၊နိသာမေထ-နာကြကုန်၊(နာကုန်ဘိရာ၏လည်းဟူ, အဓိပ္ပါယ်ကား......ပါဌ်လျှောက်ဆို။)

'' ဣတိ။ပ။နိသာမေထ ''ဟူ၍ ဆိုကလျှင် ဥယျောဇဉ်ကိုပြခြင်းကိစ္စသည် ပြီးကောင်းလျက် '' ဒုလ္လဘာ ဟိ အယံ ကထာ'' ဟူသော ပါဌ်တို့ကိုကား – ဥယျောဇနဟေတုကို ပြအံ့သောငှါ ဆိုသတည်း၊(ဟိကား ဟေတုအနက်ကိုဟောသည်၊ ဣတိကား-ပရိသမာပန အနက်ကို ဟောသည်၊)

**အဓိပ္ပါယ်ကား**...... အဘိဓမ္မာ၏ အဋ္ဌကထာသည် ဗုဒ္ဓုပ္ပါဒ ခဏတည်း ဟူသော နဝမ ခဏ၌ သာလျှင် ရအပ်သောကြောင့်လည်းကောင်း, ပါဠိတော်မွေ၏ ရခဲသည့်၏ အဖြစ်ကြောင့်လည်းကောင်း ဒုလ္လဘာဖြစ်၏၊ ထို့ကြောင့် အဘိဓမ္မာ၏ အဋ္ဌကထာကို သင်ကြကုန် ဟူလိုသည်။

ကူးခန်းကြီးအရပ်၌ သိတင်းသုံးနေသော ပထမကျော် သူမြတ်သည့် ရေးစီအပ်သော,မြတ်သော အနှစ်သဖွယ်ဖြစ်သော ပညာရှိတို့ မပြတ် အောက်မေ့အပ်သော အလိုရှိအပ်သော အနက်၏, အနက်ကို ဝေဘန်ရာ ဝေဘန်ကြောင်းဖြစ်သော အဋ္ဌသာလိနီ မည်သောမွေသင်္ဂဟ်၏ အဋ္ဌကထာ၌ ဝိသတိဂါထာ၏၌ ဂဏ္ဌိပဒ္ဒကား ဤတွင်ရွေ့ပြီးပြီ။

---

## နိဒါနကထာအဖွင့်

ခရီးသွားလိုသောယောကျ်ားသည် ခပ်သိမ်းသော အဆောက်အဦတို့ကို စီရင်ပြီးမှ ခရီးသွားသကဲ့သို့ ခရီးနှင့်တူသော အသျှားရှည်စွာသောကျမ်းကိုပြုလိုသော အဋ္ဌကထာဆရာသည် ဖွင့်အပ်သော ပါဠိကိုသာ မဖွင့်မူ၍ ဝစနတ္ထစသော အစီအရင်ကို ပြလိုရကား '' တတ္ထ ကေနဋ္ဌေန အဘိဓမ္မော''စသည်ကို မိန့်သော်။

အနက်ကား ဤသို့တည်း...... အဘိဓမ္မသ အဋ္ဌံ ပကာသယိဿာ မိတိ–မိ ဟူ၍၊ ယဒိဒံ ယံ ဣဒံ ဝစနံ–အကြောင်းစကားကို၊ မယာ–သည်၊ ဝုတ္တံ–ပြီ၊တဿ တသ္မိံ ဝစနေ–၌၊ယဿ အဘိဓမ္မဿ–၏၊ အတ္ထံ–အဋ္ဌကထာကို၊ ပကာသယိဿာမိ–အံ့၊ ဣတိ–သို့၊ ပဋိညာတံ–ဝန်ခံအပ်၏၊ သော အဘိဓမ္မော–ဟူသည်ကား၊ကေနဋ္ဌေန–ကြောင့်၊ အဘိဓမ္မော–နည်း၊( မူလဋီကာ ) ဝါ–တဿ တေသ္မိံ အဘိဓမ္မကထံတိ ဝစနေ–၌၊ ယော အဘိဓမ္မော–ကို၊ ဝုတ္တော–၏၊ သော အဘိဓမ္မော–သည်၊ ကေ နဋ္ဌေန–ကြောင့်၊ အဘိဓမ္မော–နည်း၊(ဂဏ္ဌိဋီကာ)

ကေနဋ္ဌေန အဘိဓမ္မော မျှသာလိုသည်၊အဘိဓမ္မောတိကား ပမာဒ လေခဟူ၏။

အဋ္ဌကထာယံ ပန တဿ အဘိဓမ္မောတိ ပါဌော အတ္ထိ၊ သော ပမာဒလိခိတောတိ ဝဒန္တိ၊ ( မဂုသာရတ္ထဒီပနီ ) ပိုင်ဆရာကား...... နောက်သားတို့ ထည့်ဘိသည်ဟူ၏။ ယောဇနာဆရာကား...... နာမဝါ စက ကြံ၍၊ ‘အဘိဓမ္မောတိ အဘိဓမ္မောနာမကေနဋ္ဌေန အဘိဓမ္မော’ ဟု ယောဇနာ၏၊ (ဋီကာနှင့်မညီ။) ယခုကာလ၌ဖြစ်သော အချို့သော သူတို့သည် ချိန်ထင်ရှားရှိလျက် လက်ဆစ်ခ်းသကဲ့သို့ဋီကာ,ယောဇ နာ အာစရိယဝိနိစ္ဆယတို့လည်း အစောင်စောင်ရှိလျက် ထိုသို့မလိုက် မူ၍ “အဘိဓမ္မောတိပဒဿ” စသည်ဖြင့် ဉာဏ်လှိုက်နည်းကဲ့သို့ ယောဇနာ ကုန်၏၊အညှနောမတိမျှသာဖြစ်သည်၊မသင့်။

ဋီကာနှင့်အညီ ယောဇနာခဲ့သော နှစ်ချက်သော အဋ္ဌတို့တွင် ရှေ့ အဋ္ဌကား...... “တ သဒ္ဒေါ အတိဒူရဝစနော၊ ဣမသဒ္ဒေါ အတိ သမီပဝစနော၊ ဧတသဒ္ဒေါ နာတိဒူရနာတိသမီပဝစနော” ဟူ၍ သဒ္ဒါ တတ်သောဆရာတို့မိန့်သောစကားနှင့်ညီ၏၊ထိုသို့ညီငြားသော်လည်း ဋီကာဆရာ ဂဏ္ဌိနောက်နည်း၌ တဿကို ဧတသ္မိံ ဟု ဖွင့်သည်ကို ထောက်၍ တဿကိုတသ္မိံ ဟူ၍ဂဏ်း, ဧတသ္မိံ ဟူ၍ဂဏ်း ဣမသ္မိံ ဟူ၍ ဂဏ်း၊ ဧဿကို ဧတသ္မိံ ဟူ၍ဂဏ်း,တသ္မိံ ဟူ၍ဂဏ်း, ဣမသ္မိံ ဟူ၍ဂဏ်း၊ ဣမကိုဣမသ္မိံ ဟူ ၍ဂဏ်း,တသ္မိံဟူ၍ဂဏ်း, ဧတသ္မိံ ဟူ၍ဂဏ်း ဖွင့်လတ် သော် ကာရိယပေါ်သည်ဟူ ၍ဂဏ်း, သဒ္ဒါတတ်သောဆရာတို့ ဆိုသော စကားအတိုင်း လျဉ်းပါးဘွယ်ရှိ၍ဂဏ်း ဖွင့်သည်ဟုမှတ်အပ်၏၊(ဆရာ)

[(ပိဋကတ်တော်

ရှေ့၌ တ,ကား ဝါစက,ဝစ္စ, ပဒိုညာဉ်သုံးပါးကို ဖွဲ့သည်၊နောက်၌ တ,ကား ...ဝါစကကိုသာဖွဲ့သည်၊(ဤကားအထူး) ပိုင်၊အချို့သောသူတို့ကား......ဤအရာတွင် တသ္မိံ ဟူ၍သာဖွဲ့လေသည်မသင့်၊နောက်နည်း၌လည်း အာဒိနှင့်ဆိုလေသည်၊ဋီကာ၌လည်း မရှိ၊သဘောလည်း မမိ၊ထို့ကြောင့်လည်း မသင့်။

ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန – သုတ္တန်ပါဠိတော်တို့ထက် လွန်မြတ်သော, သုတ္တန်ပါဠိတော်တို့ထက် ထူးမြတ်သော အနက်ကြောင့်၊ အဘိဓမ္မာ-အဘိဓမ္မာမည်၏။

ဤတွင်လည်း အချို့သောသူတို့သည် ''သုတ္တန်, ဝိနည်းတို့ထက်'' ဟူ၍အပါဒါန်ခံလေသည်၊ အဋ္ဌသာလိနီ၌ပင် ''သုတ္တန္တံ ဟိ ပတွာ''စသည်ကို ထောက်သော်ရှင်း၊''ဓမ္မာ အတိရေကာ ဓမ္မာတိရေကာ၊ သုတ္တန္တာဓိကပါဠိတိ အတ္ထော'' ဟူသော မူလဋီကာကို ထောက်သော်ရှင်း၊ ''ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော'' စသောပါဠိတော်ကို ထောက်သော်ရှင်း၊ ''သမ္ဘဝေ သတိ ဗျတိစာရေ ဘေဒကံ သတ္တကံ ဘဝေ''ဟူသော သဒ္ဒါနည်းကို ထောက်သော်ရှင်း,သုတ္တန္တာဓိကကိုသာ လာသော အနုဟောင်း, အနုသစ်ကို ထောက်သော်ရှင်း မသင့်၊ ဝိနည်းထက် မလွန်သည်မူ၍လော ဟူငြားအံ့၊ လွန်၏၊ လွန်သော် အပါဒါန် မခံသင့်ချေပြီလော ဟူငြားအံ့ မခံသင့်၊အဘယ့်ကြောင့်နည်း......ဤဓမ္မသဒ္ဒါသည် ''ဓမ္မံ ပရိယာပုဏန္တိ '' စသည်၌ကဲ့သို့ သုတ်, အဘိဓမ္မာ, ဝိနည်းကို မဟော၊ ''ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ''စသည်၌ကဲ့သို့သုတ်, အဘိဓမ္မာကိုသာဟောရကား သုတ်၌သာလျှင် သမ္ဘဝ, ဗျတိစာရဖြစ်၏၊ထို့ကြောင့် မသင့်ဟူလို။

> သာမညေန ဘဝနံ သမ္ဘဝေါ၊ သာမညတ္တ ရစေ၊အဘိဝိသေသေန စရဏံ ပဝတ္တနံ အဘိစာရော ဧကန္တတ္တ ရစေ၊ဝိဂတော အဘိစာရော ဗျတိစာရော၊ အနေကန္တတ္တ ရစေ၊ သမ္ဘဝ,ဗျတိစာရအထူးကား......ဓမ္မသဒ္ဒါသည် သုတ်,အဘိဓမ္မာ နှစ်ပါးကို ဟောသည်ဖြစ်၍ သာမညတ္တ ဖြစ်ခဲ့ရကား အဘိကို မိန့်သော်၊ ဤသို့ယူမှ သမ္ဘဝ၊ ဤ၌ ဓမ္မသဒ္ဒါသည် အဘိဓမ္မာဟူ

သော ဝိသေသတ္တ ကေန္တာ့ထ္တ၌ဖြစ်၏၊ထိုသို့ဖြစ်ငြားသော်လည်း ဓမ္မသဒ္ဒါ၏ သုတ္တန်တည်းဟူသော အနက်တပါးတို့နှင့် ဆက်ဆံခြင်းကြောင့် အနေကန္တာ့ထ္တဖြစ်ခဲ့ရကား အဘိကိုမိန့်သော်၊ဤသို့ယူမှု ဗျဘိစာရ။တနည်း ...ဓမ္မဟူသော ဝိသေသနရ၏ဂုဏ်သည် သာမန်ဖြစ်ခဲ့ရကား အဘိကို မိန့်သော်၊ ဤသို့ယူမှု သမ္ဘဝ။ သုတ္တန်၌လည်း လျဉ်းပါးဘွယ်ရှိရကား အဘိကိုမိန့်သော်၊ဤသို့ယူမှု ဗျဘိစာရ။

သမ္ဘဝေ ဗျဘိစာရေစ,ဝိသေသနံ သဒ္ဓကံ သိယာ၊

သမ္ဘဝေါနာမ သာမညံ,ဗျဘိစာရော တု တပ္ဖလံ။ (မဏိသာရမဉ္ဇူ)

သမ္ဘဝေ သာမညတ္ထေစ ဗျဘိစာရေ အနေကန္တိကဘူတေ အညေပတိ အတ္ထေပတိ သံမိသော အတ္ထေစ သတိယေဝ ဝိသေသနံ ဝိသေသနပဒံ သဒ္ဓကံ ပယောဇနံ သိယာ ဘဝေယျ။တဗ္ဗိဂူရေပန အသမ္ဘဝေ အသာမညတ္ထေ အဗျဘိစာရေ အညေပတိ အတ္ထေပတိ အသံမိသော ကေန္တိကဘူတေ အတ္ထေ သတိ ဝိသေသနံ ဝိသေသနပဒံ နိရတ္ထကံ သိယာ ဘဝေယျ။ (နိရတ္တိမဉ္ဇူသာ) ယထာဘူတ ကထန ဗျဝစ္ဆေဒကလည်း ဟူကုန်၏။

ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌကြောင့် အဘိဓမ္မာမည်သောဟုဆို၏၊ ဓမ္မသဒ္ဒါသည်ပင် အတိရေက ဝိသေသတ္တကို ဟော၏ဟု အနက်သည် ရောက်၏။ ဤသို့စဒ်ရှိကား''အတိရေက ဝိသေသဋ္ဌ ဒီပကော ပောတ္တ အဘိသဒ္ဒေါ''ကိုမိန့်သော်၊(ဆရာ) ဝစ္စကို သန္နိဋ္ဌာန်ထား၍ ဝါစက၌ သံသယ ပြုတော်မူလေသည်။

အဘိသဒ္ဒါသည် အဘိမုခ, အဘိဘဝန စသော အနက်တို့၌ဖြစ်သည် မဟုတ်တုံလော၊ သုတ်, ဝိနည်းတို့ထက် လွန်မြတ်ထူးမြတ်သော အနက်ကြောင့် အဘိဓမ္မာမည်၏ဟု ဆိုအပ်သော ဆရာ့စကားသည် အသို့လျှင် သင့်ပါအံ့နည်း ဟု သူစောဒနာဘွယ် ရှိရကား ''အတိရေက။ပ။အဘိသဒ္ဒေါ''ကို မိန့်သတည်း ၊(တပါးသောဆရာတို့) ဤဆရာတို့ကား ဝါစကကို သန္နိဋ္ဌာန်ထား၍ ဝစ္စ၌သံသယပြုလေသည်။

(ဝိဋ္ဌကတ်ဋ္ဌတဉ်

ဣမေသံ သတ္တာနံ-တို့၏၊ဥပ္ပတ္တိယာ-ဖြစ်ခြင်း၏၊ (ကောဋိဋ္ဌံစပ်) ဖြစ်သည်မှ၊ (ပုရိမာဋ္ဌံစပ်) (သမ္ဗန္ဓ်အနက်ရှေ့နောက်ညီ၏၊) ပုရိမာ-သော၊ ကောဋိ-သည်၊နပညာယတိ-မထင်၊ဟိ·ထိုစကားသင့်၍၊ (အချို့သောသူတို့ကား ဟိကိုပါဠိအတွင်း၌ မသွင်းမူ၍ ပိဋ္ဌာရကြံကုန်၏၊ ယောဇနာ၌ ‘ဟိသဒ္ဒေါ ဒဠှီကရဏေ’ဟုဆိုရကား ဒဠှီသာ သင့်၏၊) ဧတ္တကာနံ-ကုန်သော။ပ။နာဒေဟသံ-ကုန်၊ ဣတိဝါ-ငင်း၊ (ပုရိမာ ကောဋိ နပညာယတိ သို့ပြန်)အသုကဿနာမ-သော။ပ။နာဒေဟသံ-ကုန်၊ ဣတိဝါ-ငင်း၊(ဣမေသံ သတ္တာနံလိုက်စေ )အယံ ဤဒိသော-သော၊ ပရိစ္ဆေဒေါ-သည် နတ္ထိ-မရှိ၊ဘိက္ခဝေ-တို့၊ဣတော-မှ၊ပုဗ္ဗေ-၌၊အဝိဇ္ဇာ-သည်၊ နဟောတိ-လေ၊ အထ ပစ္ဆာ သမဘဝိ-၏၊ ဣတိ-သို့၊ အဝိဇ္ဇာယ-၏၊ ပုရိမာ-သော၊ကောဋိ-သည်၊နပညာယတိ-မထင်၊ဣဒိနာပန နယေန-ဖြင့်၊သွာယံ သော အယံ သံသာရသာဂရော-သည်၊ အနမတဂ္ဂေါ-မသိထိုက်သော အစရှိသည်သာလျှင်၊ ဝါ-မသိနိုင်သော အစရှိသည်သာလျှင်၊ယသ္မာ ဟောတိ တသ္မာ သံသာရသာဂရောနာမ(ပြန်)

‘မသိအပ်သော အစရှိသည်လျှင်’ဟု အချို့သောသူတို့ ပေးကုန်၏၊ ထိုအနက်ကိုကား......

အကမ္မကေဟိ ဓာတူဟိ,ဘာဝေ ကိစ္စာ ဘဝန္တိ တေ၊
သကမ္မကေဟိ ကမ္မတ္ထေ,အရဟာ သက္ကတ္ထဒီပကာ။

ဟူသော သဒ္ဒါနည်းကိုထောက်၍ ဆင်ခြင်အပ်၏၊ ‘ပုရိမာ ကောဋိ နပညာယတိ’ရှိသကဲ့သို့ ‘ပစ္ဆိမာကောဋိ နပညာယတိ’ရှိကောင်း၏၊ ထို့ကြောင့် ပဋိသမ္ဘိဒါဂဏ္ဌိပုဒ်၌ “အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ နပညာယတိအာဒိဝစနတော ပုဗ္ဗန္တေ ပိ အနမတဂ္ဂေါ၊ အပရန္တေ ပိ ယေ မဂ္ဂံ န ပဋိလဘိဿန္တိ၊ တေ စက္ခုန္ဒြိယဉ္စ န ပရိဇာနိ ဿန္တိ၊အညာတာဝိန္ဒြိယဉ္စ န သစ္ဆိကရိဿန္တိ အာဒိ ဝစနတော” ဟု မိန့်သတည်း၊ ဤပစ္ဆိမာကောဋိ နပညာယတိ ဟူသောစကား၌ အထူးထူးသော ကျမ်းဂန်, အထူးထူးသော ဝါဒတို့နှင့်တကွ အရကို ဆိုသင့်လျက် စကားလွတ်များအံ့ စိုးသောကြောင့် မဆိုသေးပြီ၊အထက်အရောရောက်သောအခါ၌ ဆိုလတ္တံ့။

**အကျဉ်းအဓိပ္ပါယ်ကား**-အကြင်ပုဂ္ဂိုလ်သည် ဝန္နဓျာသယ ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ပန္တိမာကောဋိသည် နပညာယတိဟူလို၊အနမတဂ္ဂေါတိ အညာတဂ္ဂေါဟူသော ဋီကာ၏ အလိုကား အတွင်းဖြစ်သော အသဒ္ဒါကား တဗ္ဗော,အနသဒ္ဒါကား ပဋိသေဓဟူလို၊ ''အနဝဏ္ဏမရိဋ္ဌ''ကဲ့သို့ အနုံအမတဂ္ဂေါ ပုဒ်ဖြတ်မှု အမတတွင် အကား ပဋိသေဓ, အနုံကား တဗ္ဗော (မဏိဒီပအလို)သာရတ္ထဒီပနီ၌ကား ..... 'အနမတဂ္ဂသံသာရ ဝဋ္ဋန္တိ အနုံအနုံ အမတဂ္ဂံ' ဟု မိန့်၏၊ထိုကိုမဏိဒီပ၌ 'အနုံအနုံ ပုနပ္ပုနံ အမတော အဂ္ဂေါ အနမတဂ္ဂေါတိပိ ဝဒန္တိ' ဟု မနှစ်သက်ယောင် စကားနှင့်ဆို၏၊ အဂ္ဂသဒ္ဒါကား .....အာဒိ, ကောဋိ,သေဋ္ဌ, ကောဋ္ဌာသ ဤလေးနက်၌ ဖြစ်၏၊ မဟာသမုဒ္ဒေါပန ဓလသာဂရော နာမာတိ ဝေဒိတဗ္ဗော၌ ပနကား ပက္ခန္တရ။

အဋ္ဌဟိ အစ္ဆရိယဗ္ဘုတ ဓမ္မေဟိ သမန္နာဂတတ္တာ သမုဒ္ဒတိ အတ္တ သန္နိသိတာနံ မစ္ဆမကရာဒီနံ ပီတိသောမနဿံ ပသဝတိ ဇနေတီတိ သမုဒ္ဒေါ (သဒ္ဒနီတိ အလို) မိလိန္ဒပဉှာ၌ကား...... ယတ္တကံ မဟာရဇ ဥဒကံ၊ တတ္တကံ လောဏံ၊ယတ္တကံ လောဏံ၊ တတ္တကံ ဥဒကံ၊ ဥဒက သမတ္တာ သမုဒ္ဒေါတိ ဝုစ္စတိ ဟု ဆို၏၊ ဆိုသည့် အလိုကား...... သမံ ဥဒကေန လောဏံ ဧတ္ထာတိ သမုဒ္ဒေါဟု ဝိဂြိုဟ်ပြုလေ ဟူလို၊ အဋ္ဌ ကထာ ဆရာတို့ကား......ကိလေသာကို သမုဒ္ဒါရာဟုဆိုရာ၌'ကိလေဒ နဋ္ဌေန ဝေမနဋ္ဌေနဟု'ဆိုကုန်၏။

အာဠှက-ကွမ်းစား ( တတုံလည်းဟူလို ) '' စတ္တာရော အာဠှကာ ဋောဏော ဒေါဏော''ဟု သုတ္တနိပါတ် အဋ္ဌကထာ၌ ဆိုရကား......ယခု ကာလ တခွက်ဟူလို၏၊ ဗေဒင်နည်းအလိုကား တပြည်ဟူလို၏၊ အာဠှက၌ အဟာခေတ် ကွမ်းပစ္စည်းဟု အဘိဓာန် ဋီကာဆို၏၊ ဝစနတ္ထကို ကား......အစွမ်းအလျောက် ကြံယူကြ၊ အဟ-ပူဇာယံ၊ ကွမ်း-ဌတ္တာဒိ၊ (အဘိဓာန်ဋီကာ) မဟာဥဒကက္ခန္ဓောတွေဝ၌ ဣတိဝေဟု ပုဒ်ဖြတ်၍ ဝမောဒုဒန္တာနံသုတ်၌ အန္တသဒ္ဒါဖြင့် ဣကို ပြေဟု မဟာယမကာထေရ် ပြုသောရူပသိဒ္ဓိဋီကာ၌ ဆို၏။

နယသာဂရဝယ် နွေပိ တန္တိယော၌ ပိကား အဝယဝသမ္ပိဏ္ဍန, အချို့ဆရာတို့ကား သမ္ဘာဝနာဟူ၏။

သဒ္ဒါသမ္ပန္နာနံ-သဒ္ဒါနှင့် ပြည့်စုံကုန်သော၊ပသာဒဗဟုလာနံ-အဖန်တလဲလဲ သဒ္ဒါဖြစ်ကုန်သော၊ ဉာဏုတ္တရာနံ - ပညာ လွန်ကုန်သော၊ (ကုလပုတ္တာနံဟူသော ဝိသေသျ၏ ဂုဏ်ပုဒ်ချည်းတည်း)

**အဓိပ္ပါယ်ကား**......'အဖြေမြင်လျှင် အတင်သိက မိ၏ကျမ်းရိုးအနေ' ဟူသောစကားနှင့်အညီ သဒ္ဒါသမ္ပန္နာနံ စသောအဖြေကို မြင်ရကား မူလပဏ္ဏာသ အဋ္ဌကထာ၌ လာသော ဇာတိကုလပုတ္တ, အာစာရ ကုလ ပုတ္တအားဖြင့် နှစ်ပါးတို့တွင် အာစာရကုလပုတ္တ ဟူလို၊ ဆရာမြတ်တို့ကား ကုလပုတ္တာနံဖြင့် အမျိုးဂုဏ်ဖြင့် ချီးမွမ်းသည်ဟု ဆိုကုန်၏၊ ထိုဆရာမြတ်တို့၏ ဝါဒကား မသင့်လွန်း၊ အဘယ်ကြောင့်နည်း ဟူမူကား ကုလပုတ္တာနံသည် ဝိသေသျပဋ္ဌာနဖြစ်ခဲ့၊ တကြောင်းလည်း အမျိုးဂုဏ်နှင့် ပြည့်စုံသောသူသည်သာလျှင် စာပေကျမ်းဂန် ဆင်ခြင်ရာ စကားကျခဲ့၊ ထို့ကြောင့် မသင့်လွန်း။

ဒေါသာနုရူပံ သိက္ခာပဒ ပညာပနံ နာမ အညေသံ အဝိသယော သာ လိုသည်၊ဣမသ္မိံ ဒေါသေ စသည်ကား ပါဌ်ဖွင့်ထင်သည်ဟု ဆရာ တို့ မိန့်ကုန်၏။

ပေယျေ ဝိတ္ထာရေ အလံ ပေယျာလံ၊ ပါတုံဝါ အလံ ပေယျာလံ၊ ပါတုံ ဝိတ္ထာရေတုံဝါ အလံ ပေယျာလံ၊ ဥတ္တရိမနုဿဓမ္မေန ဥပလက္ခိတံ ပေယျာလံ ဥတ္တရိမနုဿဓမ္မပေယျာလံ၊ဥတ္တရိမနုဿဓမ္မေဝါ ဝုတ္တံ ပေယျာလံ ဥတ္တရိမနုဿဓမ္မ ပေယျာလံ။ (ဤနည်းချည်းနှင်နှင် နောက်နောက်တွင် သိလေ။) ဤပေယျာလကိုသာ ဆိုသည်ကား ဆင်ခြင်၍ သိသောပုဂ္ဂိုလ်တို့အား စင်စစ်လျှင် ဗလဝပီတိသောမနဿဖြစ်ရကား ပဋ္ဌာနနည်းအားဖြင့် မိန့်သတည်း။

ခန္ဓကဲ့ရံ-ခန္ဓာအထူးကို၊ဝါ-ခန္ဓာကို၊ (ခန္ဓကံ့ရန္တိ ခန္ဓာနာနတ္တံ ခန္ဓ မေဝဝါ ဟူသောဋီကာပါဌ်နှင့် အညီတည်း၊ ထိုတွင် ဉာဏဝိဘင်းအဋ္ဌကထာ၌ "ခန္ဓာနာနတ္တန္တိ အယံ ရူပက္ခန္ဓော နာမ။ ပ ။အယံ ဝိညာဏက္ခန္ဓောနာမ"ဟု ဆိုလတ္တံ့ရကား ရှေ့အနက်ကိုသာ မဏိဒီပဆရာ ကြိုက်သည်ဟူ၏။)

ရူပါရူပပရိစ္ဆေဒံ-ကို၊ သဗ္ဗသုခမဓမ္မ-သိမ်မွေ့နူးညံ့သော တရားကို၊(ဤသို့ အသီးအသီးပေး၊ယောဇနာဆရာကား ဝိသေသန ဝိသေသျသွား၏၊ဋီကာအရိပ်အမြွက်ကိုထောက်သော် သွားလိုမည်မထင်မိ။)

သဇ္ဈာယော စ သုခုမော စ သုခုမာယ ပညာယ ဂဟေတဗ္ဗတောတိ သဇ္ဈာသုခုမော။(မဏိဒီပ) ရှေးအလိုကား......အာရုံတရားကား သဇ္ဈာမည်၏၊ အာရမ္မဏိကတရားကား သုခုမမည်၏၊ ထိုသို့ အာရမ္မဏိကတရား သုခုမ မည်သောကြောင့် အာရုံတရားလည်း ဥပစာအားဖြင့် သုခုမမည်ပါသည်ဟူလို။

ပဗ္ဗံပဗ္ဗံ-အပိုင်းအပိုင်း၊ဝါ-အဆစ်အဆစ်၊ကောဋ္ဌာသံ ကောဋ္ဌာသံ-အဖို့အဖို့၊ဝါ-အစုအစု။ပရုတ်ရံ-သို့၊နာဝါယ-သင်္ဘောဖြင့်၊ဂန္တွာ-ကူးသည်ရှိသော်၊ ဝါ-ကူးသော၊ (ထေရောသို့သွား) ဥပရိတလေ-သင်္ဘောကြမ်းထက်၌၊သင်္ဘောကျဉ်းထက်၌သော်လည်းဟူ။

နာဝါယကား ဂန္တွာ့ကိုငဲ့မူ ကရိုဏ်း၊ဥပရိကိုငဲ့မူ သမ္ဗန်၊ ဤသို့ ဥဘယာပေက္ခာဖြစ်မှုအလယ်၌ထားသည်များ၏ 'ဥသိသင္ဂေ မံ ဌတွာန, ဏ္ဍံ ဝစနမဗြဝိ' ကဲ့သို့။

ဦမိဝေဂ ပဘေဒ သမုဂ္ဂတ ဇလစုဏ္ဏပရိကိဏ္ဏော-ထမ်းပိုးအဟုန်ကြောင့် အထူးထူးအပြားပြား ကွဲသော, တက်သော ရေဖွဲ့တို့ဖြင့် ပြွမ်းသော၊ပသာဒိတရဇတပဋ္ဋ သုမနပုပ္ဖ သန္တိရသဒိသော-ဖြန့်အပ်သော ငွေပြား,မုလေးပန်းအခင်းနှင့်တူသော၊မဟာသမုဒ္ဒေါဝ-သာလျှင်။

ဗလဥပိတိကား သမာသ်မဟုတ်၊ ဝါကျတည်း၊ မရသာရတ္ထဒီပနီအလိုသော် ဗလဝံပိတိ ရှိလို၏၊ အနက်ကိုလည်း "ဗလဝံ ဗလဝါ-အား ကြီးသော၊ပိတိ-ပီတိသည်"ဟု ပေးလို၏။ဗလဝံတိ ဗလဝါ ပိတိ လိင်ဝိပ္ပလ္လာသော ဟောတိ။ မရသာရတ္ထဒီပနီ။

မဏိဒီပအလိုကား......တိသဒ္ဒါကိုချေ၍ ဗလဝပင်ရှိလို၏၊ အနက်ကိုကား "ဗလဝတိ-အားကြီးသော၊ ပိတိ-ပီတိသည်"ဤသို့ပေးလို၏၊ သင်္ဂဟာကာရေန ဗလဝတိ ပိဘိတိ ဝတ္တဗ္ဗေ တိသဒ္ဒလောပံ ကတွာ ဗလဝပိတိတိ ဝုတ္တံ၊မဏိဒီပ။ ကေစိတို့ကား သောမနဿသဒ္ဒါကို ငဲ့၍ ဗလဝံထား‌လေသည်ဟူ၏၊ ထိုကို မဏိဒီပ၌ သောမနဿသဒ္ဒါ ဤ၌ မလိုရကား မသင့်ဟုပယ်၏။အပရေတို့ကား 'နယမုခံ ဗလဝံ'ဟူသော ပါဠိ၌ ဗလာကိုရည်၍ ဋီကာဆရာသည် "ဗလဝတာ ဉဏေ ဝေဂေန ပဝတ္တတ္တာ ဗလာဝတော ဉဏဝေဂဿ နိမိတ္တဘာဝတော ဗလဝံ"ဟူသောဋီကာပါဌ်ကိုမိန့်လေသည်ဟူ၏၊ ထိုကိုရည်၍လည်း မဏိဒီပ,အနုတို့၌လည်း ပယ်၏၊ဋီကာဆရာဖွင့်သည့်အတိုင်းဗလဝကို ဗလဝံဟု ကြံ

၍ ပီတိ နောင်ဇာတကျေကြံ၍ ကျေလေသောဇာတ၌သဒ္ဒါမျှကိုသာ ငဲ့သဖြင့်စပ်သော်လည်း သင့်ကောင်းပါ၏၊ဤသို့ အချို့သော သောတုဇနတို့အား အယူဖြစ်ရာ၏၊မယူသင့်,မကြံသင့်ပြီ၊ အဘယ်ကြောင့်နည်းဟူမူကား......ဆိုက်ရာဖြစ်သော ဉပ္ပန္နာဟူသောကြိယာပုဒ်၏ အာကာရန္တနှင့်တကွ ဇုဋ္ဌိလိင်၏အဖြစ်ဖြင့် ရှိလေပြီးဖြစ်သောကြောင့်တည်း။

**အဓိပ္ပါယ်ကား**..... အဘိမ္မောကို ဆင်မြင်သော အရှင်မဟာဂတိဂမိယတိဿဒတ္တထေရ်အား ဉာဏ်သည် အားကြီးရကား ဗလဝမည်၏၊ပီတိလည်း ထိုဉာဏ်၏ အကျိုးဖြစ်ရကား ကာရဏူပစာ အားဖြင့် ဗလဝမည်ပါ၏ဟူလို၊ ဝါ-အကျိုးဖြစ်သော အရဟတ္တမဂ်ဉာဏ်သည် ဗလဝမည်၏၊ထိုဉာဏ်၏အကြောင်းဖြစ်ရကား ပီတိသည် ဖလူပစာရအားဖြင့် ဗလဝမည်ပါ၏ ဟူလို၊ ဤသို့ နေယျတ္ထ, ဝက်တ္ထ, လီနတ္ထနှင့်တကွ အဓိပ္ပါယ်ဆို၊ သို့မှ လူပြိန်းသိသာမည်၊ဉာဏ်ကြီးကျယ်သောသူတို့ကား သိပလေရာ၏။

သပေါဝှသမ္ဘ ဝံ-အကြောင်းနှင့် တကွဖြစ်သော၊ ဝါ-အကြောင်းတို့ကြောင့်ဖြစ်ခြင်းရှိသော ပစ္စယုပ္ပန်တရားကို၊ သယံ သယမေဝ - ကိုယ်တော် တိုင်လျှင်၊ အဘိညာယ - ထူးသော သဗ္ဗညုတညာဏ်ဖြင့် သိ၍၊မဟေသိနာ-သည်၊ နိဒိလေန နိရဝသေသေန-ဖြင့်၊ ယထာနုပုဗ္ဗံ-အစဉ်အတိုင်း၊ ဒေသိတံ-သော၊ ဝါ နိဒိလေန-ငါးပါးသော နှလုံးတံသင်းကင်းသော၊ မဟေသိနာ-သည်၊ယထာနုပုဗ္ဗံ-တိုင်း၊ ဒေသိတံ-သော၊သုဒုဗ္ဗုဓံ-အလွန်သိနိုင်ခဲထသော၊ ဂမ္ဘီရဂတံ-နက်နဲစွာထသော၊ (ဂတကား တဒ္ဓိတ)ဝါ-နက်နဲသောဖြစ်ခြင်းရှိထသော၊သမ္ပဋ္ဌာနံ-ကို၊ (ထည့်)ယော ဗုဒ္ဓသာဝကော-သည်၊ ရူပဂတံ-လက်၌ရှိသော ရုပ်ကို၊ဝါ-အသပြာကို၊ဝါ-ပတ္တမြားကို၊ (မဏိဒီပ,မရသာရတ္ထဒီပနီအလို-ဂတရှေး ဟတ္ထသဒ္ဒါကျေသည်၊ ဟတ္ထာမလက ဟူသည်လည်း ထိုဝတ္ထုကိုပင်(ရူပဂတံဝါတိ ဟတ္ထဂတံ ရူပံဝိယ။ မူလဋီကာ) စက္ခုနာ-ပကတိသော စက္ခုဖြင့်၊ ပဿတိ ဣဝ-ကဲ့သို့၊တထာ-တူ၊ပဋိဝေဓဉာဏေန-ပစ္စဝေက္ခဏာဉာဏ်ဖြင့်၊ ပဿတိ-၏၊သော ဗုဒ္ဓသာဝကော-သည်၊ ဣမသ္မိံ သာသနေ-၌၊ အဂ္ဂေါ ဝ-တည်း။(နောနတ္ထိဟု လှန်၊ဋီကာဆရာအလိုတော်)

ပြန်ပွားရေးမှ)

ဤ၌ အချို့သောသူတို့သည် ''ပဋိဝေဓဉာဏေန - အရဟတ္တမဂ်ဉာဏ်ဖြင့်''ဟု ပေးကုန်၏၊ အရဟတ္တမဂ်ဉာဏ်သည် နိဗ္ဗာနာရမ္မဏာကေန်ဖြစ်ရကား မသင့်ထင်မိသည်။

သဟေတုသမ္ပယုတ္တံ သယံ အဘိညာယ နိဗ္ဗိလေန မဟာသိနာ ယထာနုပုဗ္ဗံ ဒေသိတံ သုဒုဇ္ဇုဓံ ဂမ္ဘီရဂတံ ယံ သမန္တပဋ္ဌာနံ အတ္ထိ၊တံ ဖုဋ္ဌသာဝကော ရူပဂတံ စက္ခုနာ ပဿတိ ဣဝ ပဋိဝေဓဉာဏေန ပဿတိဝေ၊ နော န ပဿတိ။ (မဏိဒီပဆရာအလိုတော်)

ဘဂဝတာ ဒေသိတော ပဋ္ဌာနသမုပ္ပါဒဓမ္မော အတ္ထေဝ သဟေတုသမ္ပယုတ္တံ သယံ အဘိညာယ(အရဟတ္တမဂ်ဉာဏ်ဖြင့်သိ၍ပေး၊အသမ္မောဟ ပဋိဝေဓကိုသာယူ)

မဟာသိနာ ယထာနုပုဗ္ဗံ နိဗ္ဗိလေန နိရဝသေသေန ဒေသိတံ၊ နိဗ္ဗိလေနဝါ ခိလဝိရဟိတေန ဒေသိတံ သုဒုဇ္ဇုဓံ ဂမ္ဘီရဂတံ၊ (နက်နဲသော ပဋ္ဌာနသမုပ္ပါဒ်တရားကို) ဖုဋ္ဌသာဝကော ရူပဂတံ စက္ခုနာ ပဿတိဣဝ အတ္တနာ ပဋိဝေဓဉာဏေန ပဿတိ။ (ဂုဋ္ဌတ္ထမည်သော ဂဏ္ဌိဆရာအလိုတော်)

ဋီကာဆရာ အလိုတော်၌......ကြိယာနှစ်ခုသည် တုလျာဓိကရဏ။ ဂဏ္ဌိဆရာအလိုတော်၌-ဘိန္နာဓိကရဏ။ဤကား အထူး။

ဂေါဝုစ္စတိ ဥဒကံ၊ တေန ဘိန္ဒိတဗ္ဗံ ဘိန္ဒိတ္တွာဝါ ရုရေတဗ္ဗံ ဂန္တဗ္ဗံတိ ဂမ္ဘီရံ၊ ဂါဝေါ ဝုစ္စတိ ဘူမိ၊ သာ ဘိန္ဒာ ဟုတွာ ရုရတိ ပဝတ္တတိ ထွောတိ ဂမ္ဘီရံ၊ ဂတာဂတာ ဓနာ ဘာယန္တိ ထွေ တေသွာတိဝါ ဂမ္ဘီရံ။ (ရေရှိရာ,အစောက်နက်ရာအရပ်ရစေ)ဂမ္ဘီရံဝိယာတိ ဂမ္ဘီရံ၊(နယသာဂရ၌ အဘိဓမ္မာကိုသာဆိုသည်ကား ယေဘုယျ။)

ဆရာ......သာဂရကို လေးပါးဆိုပြီ၊ ထိုလေးပါးလုံးကိုပင် ဤ၌ လိုသလောဟု အမေးရှိရကား ''ဣမေသု စတူသု သာဂရေသု ဣမသ္မိံ ဌာနေ နယသာဂရော အဓိပ္ပေတော '' မိန့်သော်၊ (ဤနည်းချည့် ဆို) ဣမံပဟိစသည်၌ အထွက်ခဲစွ၊ခဲသော်လည်း အစွမ်းအလျောက်ဆိုလိုက်အံ့၊ဟုတ်သော် ယူကုန်ရာ၏၊မဟုတ်သော် စွန့်ကုန်ရာ၏၊ခပ်သိမ်းသော

(ဝိဋ္ဌကတ်ခြတော်

ပညာရှိတို့သည် သုတပါးတို့၏ ဝါဒတို့၌ အပြစ်တင်နိုင်မှသာ စွန့်ကုန်ရာ၏၊မတင်နိုင်မူကား စွန့်လိုငြားမူလည်း မစွန့်ကုန်ရာ၊ ဤပံဟ၌ ဟိကား ဒဠှီဓောတက၊ အချို့ကား ကာရဏဟုကုန်၏၊ ဒဠှီဓောတကဟူ၍သာ ထင်မိချေသည်၊ ဒဠှီဓောတကသည် ဒဠှီကရဏနှင့် ကင်း၍မဖြစ်ကောင်းတကားဟူငြားအံ့၊ 'အညေန နသက္ကာ ဓာနိတုံ သဗ္ဗညုတညာဏေနေဝ ဓာနိတုံ' ဟူသော နယသာဂရကို ငဲ့သော ပါဌ်တပ်တ်သည်ကား ဒဠှီယ၊ပါ-နေယျတ္ထ၊ ဝက်တ္ထ၊ လိနတ္ထနှင့် တကွဖြစ်သော "နယသာဂရေ အမိပ္ပေတော"ဟူသောပါဌ်သည်ကား ဒဠှီယ၊ 'ဤပံသဗ္ဗညုဗုဒ္ဓါဝ ပဋိဝိဇ္ဈန္တိ'စသည်ကား ဒဠှီကရဏ။

ထွက်သော် အဘယ်သို့ထွက်မည်နည်းဟူငြားအံ့၊ ဆရာ-အညေန နသက္ကာ ဓာနိတုံ သဗ္ဗညုတညာဏေနေဝ သက္ကာ ဓာနိတုံ ဟူ၍ဆို၏၊ အကယ်၍ ထိုသို့ဆိုချေသော် မဟာသာဝက အစရှိသော သူတို့သည် မသိပါ ဟူသောအနက်သည် ရောက်၏၊ဝါ-သာရိပုတ္တရာအစရှိသော, အဂ္ဂသာဝကအစရှိသောသူတို့သည် သိကုန်လျှင်းမူလည်း ဆိုကောင်း၏ ဟူသော အနက်သည် ရောက်၏၊ ထိုသို့ သူအပြစ်တင်ဘွယ်ရာ ရှိရကား ထွက်သော်။ ထွက်သည့်အလိုကား......ဤနယသာဂရကို အာဒိကာလ၌ ဘုရားသဗ္ဗညုတို့သည်သာလျှင် သိကုန်ရာ၏ဟူလို၊ (ဤကားတချက်) နေယျတ္ထ,ဝက်တ္ထ, လိနတ္ထနှင့်တကွဖြစ်သော နယသာဂရေ အမိပ္ပေတော ဟူသောပါဌ်ကိုသော်လည်း စွဲ၍ထွက်ရာ၏၊ ထွက်သော် အဘယ်သို့ ထွက်မည်နည်း ဟူငြားအံ့။

ဆရာ.... နယသာဂရကို ဤ၌လိုအပ်သော ဟူ၍ဆို၏၊ အကယ်၍ ထိုသို့ဆိုချေသော် သံဝဏ္ဏနာ၏ သံဝဏ္ဏေတဗ္ဗ ဖြစ်သော ဝါစနာမဂ္ဂအားဖြင့် ရှင်သာရိပုတ္တရာသည် ထားအပ်သော နယ တည်းဟူသော သာဂရကိုပင် ဤအရာ၌ မုချတိုက်ရိုက် အလိုရှိအပ်၏ ဟူသော အနက်သည် ရောက်၏၊ ထိုသို့ရောက်သဖြင့် ရှင်သာရိပုတ္တရာသည့် အဏ္ဏုကြံသိကညဏ် အစွမ်းဖြင့် သိ၏ဟူသော အနက်သည် ရောက်၏၊ ထိုသို့သိသည်ရှိသော် သဗ္ဗညုတညာဏေနေဝ သက္ကာ ဓာနိတုံ ဟူသော ဆရာ့ရှေ့ စကားနှင့် ဆန့်ကျင်သော ဒေါသရောက်၏၊ ဤသို့ သူအပြစ်တင်ဘွယ်ရှိရကား......ထွက်သော်(ရှေး၌ကဲ့သို့ အဓိပ္ပါယ်ဆို၊ဤလည်း တချက်၊ ရှေ့အထွက်ကား အဝေး၊ နောက်အထွက်ကား အနီး)

ဆရာ....သဗ္ဗညုဗုဒ္ဓါဝ ပဋိဝိဇ္ဈန္တိ ဟူ၍ဆို၏၊အကယ်၍ ထိုသို့ဆိုချေသော် ငါတို့ဘုရားရှင်သည် "မသိ"ဟူသော အနက်သည် ရောက်၏၊ ဝါ-ခပ်သိမ်းသောဘုရားရှင်တို့နှင့် ဆက်ဆံသော " သဗ္ဗညုဗုဒ္ဓါဝ " ဟူသော ဝစနသဒ္ဒါဖြင့်ဆို၏၊ အကယ်၍။ပ။သော် ငါတို့ဘုရားသခင်၏ သဗ္ဗညုတညာဏ်ဖြင့် သိအပ်သော နယ သာဂရကိုသာလျှင် ရေးအရာ၌ မလိုအပ်ဟူသော အနက်သည် ရောက်၏၊ ဤသို့ သူ့အပြစ်တင်ဘွယ်ရှိရကား...... အယမ္ပိဘဂဝါစသည့်ထွက်သော် (အပြစ်တင်မှုကား စွပ်နှံ့ကုန်ရာ၏၊ မတင်မှုကား မှတ်ကုန်ရာ၏၊ ခဲစွ)

ဋ္ဌမသို့ ပလ္လင်္ကော်-၌၊ နိသိန္နော-လျက်၊ (ရတနာပလ္လင်ကိုယူ)

**ဝိဂြိုဟ်ကား** ဤသို့တည်း၊ပလ္လနံ သဗ္ဗကိလေသဝိဒ္ဓံသနံ ပလ္လံ၊ တံ ကရိယတိ ဧတ္ထာတိ ပလ္လင်္ကော၊ပလ္လံ သဗ္ဗကိလေသဝိဒ္ဓံသနံ ကတံ ဧတ္ထာတိဝါ ပလ္လင်္ကော၊ ပထဝိယံ အလံ ဘူသနံ ကရောတီတိ ပလ္လင်္ကော၊ ပထဗျံ အလင်္ကတော သောဘိတောတိဝါ ပလ္လင်္ကော၊ ဘဂဝန္တံ နာနပ္ပကာရေဟိ အလံ ပရိယတ္တံ ကရောတီတိဝါ ပလ္လင်္ကော၊သဗ္ဗကိလေသံ ပလ္လိယန္တိ ဝိဒ္ဓံသိယန္တိ ဧတ္ထ ဘဂဝတာတိ ပလ္လော၊ ပဏ္ဍိတာဝါ ဗုဒ္ဓါ အလ္လန္တိ နိသိဒန္တိ ဧတ္ထာတိ ပလ္လော၊ ပလ္လောတိ အင်္ဂီယတီတိ ပလ္လင်္ကော။

**အရကား**...... သုဒ္ဓိယ ဇစင်သည် လှူအပ်သော ( သောတ္ထိယရှိမှု-ချေမ်းသာသည်ဟု ဆရာတို့ဆိုကုန်၏) အတိုင်းမသိသော ကမ္ဘာတို့၌ ဆည်းပူးအပ်သော မန္တိုင်းရှည့်အပ်သော ပါရမီတော်ကြောင့်ဖြစ်သော မြေမှ ပေါက်သော ခပ်သိမ်းသော ရတနာတို့ဖြင့် ဆန်းကြယ်သော အလွန်နူးညံ့လျော်ဘွယ်ရှိသောနတ်နှင့်တကွသော လူ၌တစုံတယောက်သော အတိုင်းမသိသောသူမှ ရေတွက်ခြင်းငှါ မစွမ်းနိုင်သော တဆဲ့လေးတောင် အပြောကျယ်သော ထိုနှင့်လျော်သော အလျားရှိသော မြေမှ မပေါ်မူ၍ တည်သော ပထဝိ ဝဍံသကဟု ဆိုအပ်သော အပရာဇိတပလ္လင်ရ၏၊ ဤအရကြား၌ " မြေမှမပေါ် " ဟူသော စကားကို အဘယ်ကိုမြင်၍ ဆိုသနည်း ဟူမူကား။

ပထဝိတော အမုဋ္ဌော ဟုတွာ သဏ္ဌိတော-ဟူသော မဏိဒိပ,မဏိမဉ္ဇူပေါ်၌,

စုဒ္ဒသဟတ္ထာယာမပိဏ္ဍတံ တိဏသန္ထာရံ ဝိသတိဟတ္ထ တိဏသန္ထာရံ သန္ထရိတွာ ပလ္လင်္ကံ အာဘုဇိတွာ တိံသပိဏ္ဍ တံ တိဏသန္ထာရံ သန္ထရိတွာ တတ္ထ ပလ္လင်္ကံ အာဘုဇိတွာ၊ ဟူသော အပြောအနံ့သာလာသော ဗုဒ္ဓဝံသအဋ္ဌကထာပါ၏။

စတုဝီသတိ ဟတ္ထံ တိဏသန္ထာရံ သန္ထရိတွာ စတုဝီသတိ ဟတ္ထပမာဏကော ပလ္လင်္ကော ဥဋ္ဌဟိတွာ ပလ္လင်္ကံ နိသီဒိတွာ-ဟူသော အရဏဝတီသုတ်။

ဗောဓိပလ္လင်္ကော်တိ အသံဗုဇ္ဈနကာလေ နိသဇ္ဇနဋ္ဌာနံ ဟု သာမန်အားဖြင့်လာသော သုတ်မဟာဝါဋီကာပါ၌,အာစရိယဝါဒဖြစ်အံ့၊အဘိန္ဓေ့ယျဝဏ္ဏစသည်ကိုမြင်၍သိသတည်း။ ထိုသို့ဖြစ်လျက် ရှင်သီလဝံသ ထေရ်မြတ်သည် ''ဗောဓိညောင်ရွှေ၊ ဗုဒ္ဓပြဟာအောက်၊ဆန်းကြယ်ပေါက်သား''ဟူ၍ရင်း, ''အကြင်မျှလောက်၊ပလ္လင်ပေါက်''ဟူ၍ရင်း အဘယ်ကြောင့် စပ်လေသနည်းဟူငြားအံ့၊ ထေရ်မြတ်သည်ပင် ကျမ်းဂန်၌ မြင်းပြေးသကဲ့သို့ ဥပမာရှိသျက် ကဗျာလင်္ကာရသို့လိုက်၍ ''ဝမ်းဘဲသဘော၊ ငှေ့ချက်မြွှာ''ဟု စပ်တော်မူသကဲ့သို့ ကဗျာဖြစ်၍ စပ်တော်မူသည်ဖြစ်ရာ၏၊တကြောင်းလည်း လောက၌ ''ဆားဆပ်ပြာ ပေါက်သည်'' ဟူသော စကားကဲ့သို့ ဝေါဟာရမျှ လိုက်၍ စပ်တော်မူသည် ဖြစ်ရာ၏၊ ကျမ်းဆရာတို့ မိန့်ဘူး၏ လောဟူမူကား မဏိဒီပတွင် မြေမှပေါ်ကြောင်းကို ဆုံးဖြတ်လျက်''ပထဝိတော ဥဋ္ဌိတော''ဟု မိန့်ဘူးပါ၏၊ထိုသို့ဖြစ်လျက် ရှင်မဟာသီလဝံသထေရ်မြတ်သည် ဝေမတ္တအပြား၌ ''ပလ္လင်နိမ့်မြင့်၊ အကျင့် တိုရှည်၊ ဆိုစသည်တို့''ဟူ၍ အဘယ်ကြောင့် မိန့်ပြန်သနည်း ဟူငြားအံ့၊ ထို၌လည်း မြက်ခင်းပလ္လင်ကို မလို၊ ထက်ဝယ်ပလ္လင်ကိုသာ လိုသည် ဟု အဘိန္ဓေ့ယျဝဏ္ဏ၌ ဆုံးဖြတ်၏။

အချို့သောကျမ်းတို့၌ ''စုဒ္ဒသ ဟတ္ထုဗ္ဗေဓော''ရှိသည် ဟူလို၏၊ ထိုကျမ်းတို့၌ ဥဗ္ဗေဓသည် ဝိတ္ထာရပဟောဘည်း၊ ပရိတ်ကြီးဋီကာကို စီရင်သော 'အရှင်တေဇောဒီပ'အမည်ရှိသော ပုဂ္ဂိုလ်ကား ''စုဒ္ဒသ

ဟတ္ထပိတ္ထာရော''ဟုမိန့်ပြီး၍ 'အာစရိယာ ပန န ပလ္လင်္ကော ဘုမိတော အင်္ဂုလိမတ္တံပိ ဥဋ္ဌဟတိ။ပ။ ဥဗ္ဗေဓာဘာဝေါတိ ဝဏ္ဏေန္တိ၊ တံ ဝိမံသိတဗ္ဗံ'ဟု မဏိဒီပစသည်ကို မနှစ်သက်ယောင် မိန့်၏၊ခမ္ဘုရာသိဗျူကို စီရင်သော တောင်မင်းကျောင်းဘုန်းကြီးသည် ၎င်းဓမ္မရာသိ၌ 'တဆဲ့လေးတောင်'ဟု စပ်သည်ကား ထိုပရိတ်ကြီးဋီကာကို မှီ၍ စပ်သည် ဖြစ်ရာ၏၊မဏိဒီပ စသည် အဆုံးအဖြတ်သို့သာ လိုက်၍မှတ်။

ဒိယဍ္ဎကိလေသ သဟဿကိုကား ဋီကာဆရာသည် ခုဒ္ဒကပဝိဘင်း၌လာသောနည်းဖြင့် ကိလေသာကိုပြ၏၊ ထိုနည်းအကျယ်ကိုကား...... သမ္မောဟဝိနောဒနီသို့ရောက်သောအခါမှ ဆိုလတ္တံ့။ အနုဋီကာ အလိုအားဖြင့်ကား စိတ်ကို အာရမ္မဏ ဝိဇာနနလက္ခဏာအားဖြင့် တပါးတည်းသာ ယူ၍ စေဘသိက် ခွဲပညာသနှင့်ပေါင်းသော် နာမ် တေပညာသ ဖြစ်၏၊ထိုတွင် နိပ္ဖန္နရုပ် အဋ္ဌာရသ၊ အာကာသဓာတ်၊လက္ခဏာရုပ် သုံးခု ထည့်၍ ခုနစ်ဆဲ့ငါးပါးဖြစ်၏၊ထိုကို သန္တာန်နှစ်ပါးနှင့် ဆက်ဆံသော ကိလေသာဆယ်ပါးဖြင့် မြှောက်သည်ရှိသော် ကိလေသာ တထောင့်ငါးရာဖြစ်၏၊ ထိုကိုရည်၍ စတုဓမ္မသာရဗျူ၌ ''ခုနစ်ဆဲ့ငါး၊ နာမ်ရုပ်ထားမှ၊ နှစ်ပါး ဆယ်တွေ၊ မြှောက်ပွားလေသော်၊ ကိလေသာ စက်၊ သုံးထောင်ခွက်''ဟု မိန့်သတည်း၊ ပျိုလင်္ကာ ဖြစ်သော်လည်း ဩဇ ရှိသော စကားဖြစ်၍ သောတုဇနတို့အား ဟာသပညာ ဖြစ်စိမ့်သောငှါ မှာလိုက်သည်၊ ဝါ-ဝေဒနာကို ဣန္ဒြိယဘေဒ အားဖြင့် ငါးပါးယူ၍ အနိပ္ဖန္နရုပ်ကို ချ၍ ရှေးအတူလည်း မြှောက်၊ ဒိယဍ္ဎကိလေသ သဟဿ လည်း ဖြစ်၏။

သတ္တာဟံ ဧကပလ္လင်္ကေန၌ ရတနာပလ္လင်ကို မယူလင့်၊ 'ပလ္လင်္ကန္တိ သမန္တတော ဦရုဗန္ဓါသနံ'' အဋ္ဌကထာ, စတုကနိပါတ်စသည်၌ လာသော ထက်ဝယ်ပလ္လင်ကိုယူ၊ 'တထက်ဝယ်တည်းဖြင့်'ဟု အနက်ပေး။ ပလ္လင်္ကံ ရာဂပဟိံသနံ ပလ္လံ၊တံ ကရောတိ ဧတေနာတိ ပလ္လင်္ကော စသည် ဖြင့် ဝိဂြိုဟ်ဆို။

တတော သတ္တာဟာတော-မှ၊ပရံ-၌၊(ထည့်သည်)တမှာ ပလ္လင်္ကာ၌ တကား ပဏ္ဏာသံဝိသယ၊ရတနာပလ္လင်ကိုစွဲ၊ထက်ဝယ်ပလ္လင်ကိုမစွဲလင့်၊ ရှေး၌''အယံ ဓမ္မော ပဋိဝိဒ္ဓေါ''ဆိုလျက် နောက်၌ ပဋိဝိဒ္ဓံဆိုခြင်းသည်

[ပိဋကတ်တော်

ရှေး၌လည်း သဗ္ဗညုတညာဏ်နှင့်တကွ ဧဉ့ယုဓမ္မကိုရသည်၊နောက်၌လည်း ဧဉ့ယုဓမ္မနှင့်တကွ သဗ္ဗညုတညာဏ်ကိုရသည်ဟု သိစေလိုသည်ဟု ဆရာတို့မိန့်ကုန်၏။

နွနံ။ပ။အတ္ထိကား သိဒ္ဓတ်မင်းသားအား တဆဲ့ခြောက်ပါးသော ကိစ္စတို့တွင် တပါးပါးသည့် ကြွင်းယောင်တကားဟူလို၊ ထိုကို မြဲစေလိုရကား 'ပလ္လက်သို့' ဟ်'တက်သော်။အချို့သောသူတို့ကား ဟ် ကို ပဒါလက်ာရဟူကုန်၏။

ဝေပဟာသံ-သို့၊အဖ္ဖုဂ္ဂတ္တွာ-ပျံတက်၍။

ဝိသေသေန ဟာယတိ ဂစ္ဆတိ သဗ္ဗတြေတိ ဝေဟာသော၊ ဝိပုဗ္ဗော ဟာယ ဂတိမှိ၊ဏော၊ ယဿ သော၊ ဝိဂတော ဝါ ဟာသော ဗိတ္တုဿ ဩဗ္ဂရမ္မဏာလာဘတောတိ ဝေဟာသော။ (အဘိဓာန်ဋီကာ)

ယမကပါဋိဟာရိယံ-ကို၊ဒဿေတိ-၏၊(ပါဋိဟာရိယဝိဂ္ဂဟကိုကား ဝိသုဒ္ဓိမဂ်ထ၌ အနက်ကို မှီး၍ သိအပ်၏)

ပါဋိဟာရိယံသာ မဆိုမူ၍ ယမကသဒ္ဒါနှင့်ဆိုခြင်းကို မြဲစေလိုရကား 'မဟာဗောဓိပလ္လက်သို့' ဟ်'စသည်မိန့်သော်၊ အချို့သောသူတို့ကား ကာရကကြကုန်၏။

ဗုဇ္ဈတိ ဧတ္ထာတိ ဗောဓိ၊ သစ်ပင်ရစေ။ မဟန္တော ၁စ သော ဗောဓိ စာတိ မဟာဗောဓိ၊ ရင်းရစေ။ မဟာဗောဓိယာ မဟာဗောဓိဿဝါ သမီပေဌိတော ပလ္လင်္ကော မဟာဗောဓိပလ္လင်္ကော။ ဗောဓိယာ, ဗောဓိဿဝါ ဟု နှစ်ပါးသောလိင်အားဖြင့် အဘယ်ကိုမြင်၍ ဆိုသနည်းဟူမူကား ''ပုဂ္ဂလဝါစကော ဗောဓိသဒ္ဒေါ ပုလ္လိင်္ဂေါ ဘဝေ၊ ဉာဏဒိဝါစကော ဣတ္ထိလိင်္ဂေါ ယဝ သိယာ၊ယဒါ ဗောဓိပါဒဝစနော ပုမိတ္တိ လိင်္ဂေါ ဘဝေ'' ဟူသော သဒ္ဒနီတိပါဌ်ကို မြင်၍ ဆိုသတည်း။ ဤ နှစ်လိင်ဆံသောအဆုံးအဖြတ်ကားအရှင်ဗုဒ္ဓဃောသဆရာမြတ်၏အလိုတည်း၊သဒ္ဒနီတိဆရာမြတ်ကား ဣတ္ထိလိင်ကိုသာအလိုရှိ၏၊အဋ္ဌကထာဆရာထက်တတ်သည်မှု၍လောဟူငြားအံ့၊ 'မင်းထက်မင်း' ဟူသကဲ့သို့ အဋ္ဌကထာဆရာထက် ဆရာဖြစ်သော, အဋ္ဌကထာဆရာ၏ဆရာပင်

မည်ထိုက်သော ''ဗောဓိယာ မူလေ''အစရှိသော အရှင်သာရိပုတ္တရာသည် ဟောတော်မူအပ်သော ပါဠိတော်ကို မှီ၍ အလိုရှိတော် မူသတည်း။

''ပါဠိလိပုတ္တသမာဂမေ'' ဟု စာကိုယ်အများရှိ၏၊ ဂဏ္ဌိ၌ကား ပါဋိယသပုတ္တသမာဂမေ ဟု ရှိ၏၊ပါဋလိပုတ်ပြည်သူတို့၏အစည်းအဝေး၌ ပါဋိယ၏သား တက္ကတွန်းကိုဆုံးမခြင်း၌ ပြရကား သင့်သည်ချည်း ဟု မဟာဋီကာဆို၏။

ကဏ္ဍမ္ဗရုက္ခမူလေ - ကဏ္ဍမည်သော ဒါယကာသည်၊ ( ဥယျာဉ်စောင့်သည်သော်လည်းဟူ)ိုက်အပ်သောသရက်ပင်၏အနီး၌၊(သမီပ ဟော၊ အဝိတ်၌ အာယဝဟော) ဝါ-အရင်း၌၊ (ဥပစာ) အာကာသ တော-မှ။

န ဟသတိ န ဝိလေဝိယတိတိ အာကာသော။ (ဏှာမသုစ ကောဝိသတိယာ ဒိဝသေသုကား ဗောဓိပလ္လင်၌ သတ္တာဟ,အနိမိသသတ္တာဟ,စင်္ကမနသတ္တာဟကိုယူ။ တြိ သတ္တာ ကော့ဗိသ)

ရတနာဃရေ-၌၊နိသိဒိ-၏။

ဤအဘိဓမ္မာအလိုကား - ပဋ္ဌာန်းကျမ်းကို သုံးသပ်ရာသည် ရတနာဃရမည်၏။ ဝိနည်းဟာကိုလည်း ''သတ္တပကရဏာသံခါတံ ရတနံ ဂယှတိ ဧတ္ထာတိ ရတနဃရံ''ပြုလို၏။ ဝိနည်းအလိုကား ''သုဝဏ္ဏရဇတာဒိနာ ကတံ ဃရံ ရတနဃရံ'' ပြုလို၏။ ''စတုတ္ထေ ပန သတ္တာဟေ ဗောဓိတော ပစ္ဆိမုတ္တရဒိသာဘာဂေ ဒေဝတာ ရတနဃရံ မာပိံသု၊ တတ္ထ ပလ္လင်္ကေန နိသီဒိ၊ယံ ဂေဟံ သတ္တန္နံ ပကရဏာနံ သမ္မသိတဋ္ဌာနံ ရတနဃရန္တိ ဝုစ္စတိ၊ ယသ္မာ ပနေတ္ထ ဥဘောပေတေ ပရိယာယေန ရုန္ဓန္တိ၊တသ္မာ ဥဘယမ္ပေတံ ဂဟေတဗ္ဗမေဝ''ဟု အပဒါန်အဋ္ဌကထာ၌ လာသောအတိုင်း မဆန့်ကျင်စေမူ၍ ဆုံးဖြတ်အပ်၏။ မွှေသင်္ဂဟ စသည်၌ ရောင်ခြည်မထွက်သည်ကား ဉာဏ်တော်မကွန့်မြူးလောက်သောကြောင့်တည်း။

သဗ္ဗညုတဉာဏ်၏ ပဋ္ဌာန်းကျမ်း၌သာ အခွင့်ရသည်ကို ဥပမာဖြင့် ပြီးစေလိုရကား 'ယထာဟိ'စသည်မိန့်သော်။

(ပိဋကတ်တော်

မဥ္ဇူသ-မောင်း၊ ပဘဿရ-ပြိုးပြိုးပြက်၊ အဥ္စနစုဏ္ဏ သမောကိဏ္ဏံ ဝိယ-မျက်စဉ်းမှုန့်ကို ကြဲဘိသကဲ့သို့၊ဝါ-မျက်စဉ်းမှုန့်ဖြင့်ဖြွမ်းဘိသကဲ့ သို့၊ဥမ္မာရပုပ္ဖနီလုပ္ပလဒလသဉ္ဆန္နံဝိယ-အောက်မဲညိုပွင့်, ကြာညိုပွင့်တို့ ဖြင့် ဖုံးသွမ်းဘိသကဲ့သို့၊ ဝိတိပတန္တံ မဏိတာလဝဏ္ဋံဝိယ - တလွဲလွဲ ယပ်သော မြယပ်ကဲ့သို့၊ (မဏိကား မြယပ်ပရိယာယ်ဟူ၏) သုဂတ စီဝရသဒ္ဒါသည် သမာသ်ပြီးလတ်သော် သင်္ကန်းသာမန်ကိုဟောသည် ဖြစ်၍ ဘုရားသင်္ကန်းတော်ကိုလိုမူ ''သုဂတဿ သုဂတစီဝရံ''ဟု မိန့် အပ်သကဲ့သို့ တာလဝဏ္ဋသဒ္ဒါသည်လည်း သမာသ်ပြီးလတ်သော် ယပ်သာမန်ကိုဟောရကား ထန်းရွက်ယပ်ကိုလိုမူ တာလတာလဝဏ္ဋ ဟု မိန့်အပ်၏၊ ဤ၌ မြယပ်ကိုလိုရကား မဏိသဒ္ဒါအထူးပြု၍ ''မဏိ တာလဝဏ္ဋံ''ဟု မိန့်သတည်း။

မေစကပဋ္ဋ-ပုဆိုးညို၊ ဝါ-ကျီးဥပုဆိုး၊ ဝါ-မော်ယော်၊ (ဆရာတို့ အနက်)ဝါ-ညိုသောအဆင်းရှိသော ပုဆိုး။ (ဋီကာ)

**ဤ၌ဆိုးကား**......မဇ္ဈိမဒေသ၌သာ ဖြစ်၏၊ထိုပုဆိုးဝတ်သောသူတို့ သာ ယက်နိုင်ရကား တပါးသောအရပ်၌ မရှိ၊ အမည်ကိုကား ဆရာ တို့၏ ဥပဒေသ နည်းအလျောက်မှတ်အပ်၏ဟု မဏိဒီပ၌ မိန့်ဆို၏၊ ထို့ ကြောင့် ဆရာတို့၏ နည်း, လဒ္ဓေါပဒေသအလျောက် အမည်ကို မှတ် အပ်၏။

သုဝဏ္ဏရသ ဓာရာနိသိဉ္စမာနာဝိယ-ရွှေရည်အယဉ်တို့ဖြင့် သွန်းကျန် သကဲ့သို့၊ ကုင်္ကုမစုဏ္ဏ-မာလာကျိုကျူမှုန့်၊ ဇနပိဋ္ဌစုဏ္ဏ-ဆုန်းမှုန့်၊ သု ပက္ကလာခါရသ-လှံ့မစောက်ကျက်သော ချိပ်ရည်၊ ဇယသုမန-လယ် ခေါင်ရန်း၊ ပါရိဆတ္တက-ပင်လယ်ကသစ်၊ဗန္ဓုဇီဝက-မိုးခွေ၊ (မိုးရေ မြှင်လည်းဟူ) ကုသုမ - ဝတ်ပန်း ( ပန်းသွန်းလည်းဟူ ) ရဇတကုဋ္ဋ- ငွေအိုး၊ ရဇတပဋ္ဋဝိတာန-ငွေဗိတာန်၊ ကုန္ဒ-သင်းခွေ၊ ကုမုဒ-ကြာဖြူ၊ သိန္ဓုဝါရ-ရေဥန္နဲ၊ သုမန-မြတ်လေး၊ မလ္လိကာ-ကြက်ရုံး။

ဗန္ဓုဇီဝကကုသုမ၌ ကုသုမကား ဝတ်ပန်းဟော၊ဤမလ္လိကာ၌ ကုသုမ ၌ ကုသုမကား ဝတ်ပန်းဟောမဟုတ်၊ ပန်းသာမညဟောသာ၊အနက် ကိုသာ ဆိုလိုက်သည်၊ ပြေပြစ်အောင်ပေး။

ပြန့်ပွားခွင့်ရေးမှ)

ဝိဏ္ဍုံ-အခဲ၊ (အတုံးလည်းဟူ)။ ။သုဝဏ္ဏ ကလသေဟိ-ရွှေအိုး တို့ဖြင့်။

ကေန ဥဒကေန လသတိတိ ကလသော၊ သုသဏ္ဍာနော မင်္ဂလဃဋ ဝိသေသော၊ (ဇောက္ခရ ကောသဋီကာ) ကေန ဇလေန လိဿတိ သိလိဿတီတိ ကလသော၊ လိသ လေ သနေ၊ အ၊ ဣသတ္တံ၊ (အဘိဓာန်ဋီကာ)

ဝိလိန သုဝဏ္ဏံဝိယ-ကျေသောရွှေကဲ့သို့၊ (ရွှေကျင်ကဲ့သို့လည်းဟူ) သမုဿိတ သုဝဏ္ဏခန္ဓောဝိယ-ကောင်းစွာဆောက်အပ်သောရွှေသည် တိုင်ကဲ့သို့၊ (ရွှေချောင်း, ရွှေခဲ, ရွှေတုံးသော်လည်းဟူ)။ ။ဟေဋ္ဌာ-အောက်၌၊ အဇဋာကာသံ-ဟင်းလင်းသော အပြင်သို့။

စန္ဒမိ စန္ဒပဘာစသည်၌ နောက်ဖြစ်သော စန္ဒသဒ္ဒါကိုကား "ကာယေ န ကာယာနုပဿနာ" စသည်ကဲ့သို့"လဒ္ဓနေစသည်တို့၏အရောင် စင်စစ် မရှိသောကြောင့်" အာစရ အာဓေယ် တန်ရုံသာဆိုသည်၊ "ဒေဝတာနံ ဥယျာန" စသည်၌လည်း "ဥယျာနေ ဥယျာနပဘာ" စသည်ဖြစ်သင့်တော့သည်ဟု ဆရာတို့မိန့်ကုန်၏၊ စန္ဒပဘာသဒ္ဒါသည် "သုဂတစီဝရံ" ကဲ့သို့ သမာသ်ပြီးလတ်သော် အရောင် သာမန်ကို ဟောရကား စန္ဒမိ ဟု ဆိုပြန်သည်၊ဤသို့ ယူသော်လည်း သင့်ကောင်း ပါ၏။

တိသဟဿိ မဟာသဟဿိ လောကဓာတုယော-ကုဋေတသိန်း သော လောကဓာတ်တို့ကို၊ အာလောက ဖရဏသမတ္ထော-အရောင် ဖြင့် နှံ့စေခြင်းငှါ စွမ်းနိုင်သော၊မဟာဗြဟ္မာဝိ-သည်လည်း။

ဤသို့သောအနက်ကို အဘယ်ကိုမြင်၍ သိသနည်းဟူမူကား တိ သဟဿိမဟာသဟဿီတိ သဟဿတော ပဋ္ဌာယ တတိယာ တိသ ဟဿိ၊တိသဟဿံဝါ ကတွာ ဂဏိတဋ္ဌာ၊ မဟာန္တေဟိ သဟဿေ ဟိ ဂဏိတာ မဟာသဟဿိ၊ ဧတ္တာဝတာ ကောဋိသတ သဟဿ စက္ကဝါဠပမာဏော လောကော ဒဿိတော-ဟူသော တိကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ အစရှိသည်ကိုမြင်၍ သိသတည်း၊ အာစရိယဝါဒ ဖြစ်အံ့၊ တိသဟဿိဖြစ်ဟန်ကား, ထောင်တည်၊ ထောင်ဖြင့် မြှောက်၊ သန်းဖြစ်၏၊ သန်းတည်၊ထောင်ဖြင့်မြှောက်ပြန်၊ ကုဋေရာဖြစ်၏၊ကုဋေ

(ဝိဠ္ဌကတ်ခြော်

ရာတည်၊ ထောင်ဖြင့် မြှောက်ပြန်၊ ကုဋေသိန်း ဖြစ်၏၊ မဟာသဟဿီကား ပရိယာယ်သာတည်း၊ ဤသို့ မြှောက်ခြင်းကား ဂယှမာနဝိဓိတည်း၊ ဝစ္စမာနဝိဓိဟူမှုကား တသိန်း ဟူ၍ မိန့်သော်၊ (မိန္နောင်း) 'မဟာသဟဿီ၊ သိန်းကောဋိလျှင်' ဤသို့ စသည်ဖြင့် မဟာသီလဝံသထေရ်မြတ်ဝါဒတို့ကို မြင်၍သိသတည်း။

**ဆရာမြတ်တို့ကား**–''သုံးထောင်သောလောကဓာတ်, တသောင်းသောလောကဓာတ်တို့ကို''ဟု ပေးကုန်၏၊ထိုမျှလည်း ဆရာတို့သည် ရုဋ္ဌိလောကဓာတ်, ဒွိသဟဿီလောကဓာတ်, တိသဟဿီလောကဓာတ်,မဟာသဟဿီလောကဓာတ်ဟုခွဲ၍ ယခင်နည်းကို ဆိုကုန်၏၊ ရှေးဆိုပြီးသည်အတိုင်းသာ တွေ့မြင်ဘူးသည့် အလျောက် ထင်ပချေသည်၊ထိုထက်အကျယ်ကို သိလိုမူ ဋီကာ,အနုဋီကာ စသည်နှင့်တကွ အထူးထူးသော ကျမ်းတို့မှ ရှာဖွေအပ်၏။

စန္ဒိမသူရိယ။ပ။ရက္ခာနံ၌ စန္ဒိမကား ''အဋ္ဌာ မုတ္တောပ စန္ဒိမာ'' စသည်ကဲ့သို့ မိမာန်ဟော၊ စန္ဒသ ဒေဝပုတ္တဿ နိဝါသနံ စန္ဒိမာ ဟု ဝိဂြိုဟ်ပြု၊အနုကာရံ သူရတိ ဟိံသတိတိ သူရိယော၊တရန္တိလောကာ ဝေါယာတိ တာရာ၊အတ္တနော ဝသာ တာရတိအရတိ ဂန္တုံတိတိဝါ တာရာ၊ တာရေတိ လောကေ အပဟိတေ ဘာတိဝါ တာရာ၊ တာရာဧဝ တာရကာ(သွတ္တ)တာရကာဧဝ တာရကရူပါ၊ 'ဂေါရူပ'စသည်ကဲ့သို့ တန္တေ့ာတည်း။

ဤရောင်ခြည်ထွက်ရာ၌ အချို့သောသူတို့သည် ပကာ္ခန္ဒိ သုရှိသည်ကို ထောက်၍ပြေးလေသော ရောင်ခြည်တော်တို့သည် ပြန်လတ္တံ့ဟု နှလုံးသွင်း၍ ရောင်တော်ပြန်ဟုဆိုကုန်၏၊ကျမ်းဂန်အထူးမတွေ့ဘူးချေ၊ တွေ့မြင်ဘူးသည့် ကျမ်းဂန်တို့၌ ဤသို့မဆို၊ အဓိဋ္ဌာန်တော်၏ အစွမ်းအားဖြင့် သာသနာတော်ကွယ်သောအခါ ပဋ္ဌာန်းကျမ်းကို သုံးသပ်သောကာလ၌ကဲ့သို့ပင် ရောင်တော်ပြလတ္တံ့ဟူ၍ဆိုသည်၊ ထို့ကြောင့် ပြေးလေသော ရောင်ခြည်တော်ကိုရည်၍ ရောင်တော်ပြန် မဆိုလို၊ ရောင်တော် ပြပြန်လတ္တံ့သည်ကိုရည်၍သာ ရောင်တော်ပြန်ဟုဆိုလိုသည်။

ပြန့်ပွားရေးမှူ)

စိတ္တသမုဋ္ဌာနဝဏ္ဏဓာတု ဟူသည်ကား'စောဒေယျံ ဂါမော ဒဍ္ဎော' ကဲ့သို့ အကြောင်း၏အကြောင်းကို အကြောင်းဟူပါသည်၊ ဝါ-ပစ္စယ ဥတုဇသဒ္ဒါ ကျေသည်၊ ထို့ကြောင့် စိတ္တသမုဋ္ဌာနာ – စိတ်လျှင် ဖြစ်ကြောင်းရှိသော၊ ဝဏ္ဏဓာတု-သည်၊ (ရှေးနည်းဘို့) ဝါ-စိတ္တပစ္စယ ဥတုသမုဋ္ဌာန်ဖြစ်သော၊ဝဏ္ဏဓာတု-သည်၊(နောက်နည်းဘို့)ဤသို့ပေး။ ဝါ-သုဝဏ္ဏတာ သုသရတာ ဟူသကဲ့သို့ စိတ်ကိုမှီသောကြောင့် ဆိုပါသည်ဟူ၏။

အသိတပီတာဒိမတ္တော ပဒေသော၏အရကို ပကတိပုရိသ၏အစွမ်းဖြင့် ယူအပ်၏၊ အသို့ ယူအပ်သနည်းဟူမူကား မြတ်စွာဘုရား အတောင်တော်သည် မဇ္ဈိမပုရိသသုံးတောင်ဖြစ်၏၊ မဇ္ဈိမပုရိသ တတောင်သည် ပကတိပုရိသတတောင်နှင့် လက်ရှစ်သစ်ရှိ၏၊ ဤသို့သောနည်းဖြင့် မိန့်အပ်သော ပကတိ ပုရိသအတောင်ဖြင့် ရှေ့ နောက် လက်ဝဲ လကျာ အောက် အထက်ရှစ်ဆယ်စီယူ၊(ဤအကြောင်းကိုသိလိုမူ သင်္ဂီတိသုတ် အဋ္ဌကထာကို ကြည့်လေ) မြတ်စွာဘုရား လေးတောင်သည် ပကတိ ပုရိသတဆယ့်ခြောက်တောင်ဖြစ်၏၊ လေးမျက်နှာ၌ ထဆယ့်ခြောက်တောင်စီ,အထက်မျက်နှာ၌ တဆယ့်ခြောက်တောင်အားဖြင့် တဆယ့်ခြောက်တောင် ငါးလီ ဖြစ်ရကား.....အတောင် ရှစ်ဆယ် ဖြစ်၏ ဟု ပရိတ်ကြီးဋီကာ၌ မိန့်အပ်သော.....'

ဘဂဝတော ဧကရတနံ မဇ္ဈိမပုရိသဿ တိရတနံ ဟောတိ၊မဇ္ဈိမပုရိသဿ ဧကရတနံ ပကတိပုရိသဿ အဍ္ဎဂုလာဓိကံ ရတနံ၊တသ္မာ ဘဂဝတော စတုရတနဘူတံ ဗျာမံ ပကတိပုရိသဿ သောဠသရတနံ ဟောတိ၊ တေန စတုဒိသာ ဥပရိဒိသာတိ ပဉ္စသု ဒိသာသု သောဠသ သောဠသာတိ ကတွာ သမန္တာသီတိဟတ္ထ ရတနပမာဏာ" ဟူသော ဝိနိစ္ဆယ ဗျာမပ္ပဘာကို မမှတ်လင့်၊(ဤတွင်များတတ်၏)

အယံ-သည်လျှင်၊မနသာဒေသနာနာမ-မည်၏။

ဤတွင်ရွေ့ကားမနသာဝဝတ္ထာပိတဖြစ်သော နယသာဂရ၌

ဂန္တိရဘာဝပြီး၏။

ဝစီဘေဒဖြစ်သော နယသာဂရ၌ ဂမ္ဘီရ၏အဖြစ်ကို ပြလိုရကား 'သဏ္ဌာပန'စသည်တက်သော်။ ပနကား ပက္ခန္တရ၊ တက်ဘွယ်များစွာ ကျန်၏၊ အပရဘာဂေပိ ဟိ ၌ ဟိကား ဒဠှီ၊ အချို့သော သူတို့ကား ကာရဏကြံကုန်၏။

ကာယသက္ခိ'-ကိုယ်တော်မျက်မှောက်ကို၊ ကတွာ-၍၊(သဒ္ဒါနက်) ကာယသက္ခိံ ကတွာ-ရှေ့တော်မှကား ထား၍၊ (ရှေးရှုထား၍ သော်လည်းဟူ)။ ။အာကာသဂင်္ဂါမိယ-ရေဝံခွန်ကဲ့သို့။ အနန္တာ အပရိမာဏာ အဟောသိ၊ ဤတွင်ရွေ့ကား ဝစီဘေဒဖြစ်သော နယသာဂရ၌ ဂမ္ဘီရဘာဝ ပြီး၏။

ထိုသို့ ပြပြီးသော်လည်း ဗုဒ္ဓါနုဿြိမှသည် 'တံ ဂဏနစာရံ ဌပေသိ' တိုင်အောင်သောပါဌ်တို့ကိုလည်း ဂမ္ဘီရဘာဝအဖြစ်ကိုပြဘက်သော ဤစကား၌သွင်း၍ယူအပ်၏။ ဗုဒ္ဓါနုဿြိ၌ ဟိကား ဒဠှီ၊ တဒ္ဒါကဋိကရဏ သော်လည်း သင့်ကောင်းပါ၏။

ဘုတ္တန္တိ ဩဒါတိ ဘဂေတ္တာ၊ နံနက်ကာလရဝေ၊ ဘဂ္ဂတော ပစ္ဆာ ပစ္ဆာဘတ္တေ၊ ညကာလရဝေ။ ညကာလကိုသာ ပစ္ဆာဘတ္တဟု ဆိုသည်ကား အထင်သို့သာလိုက်သည်။ ဤ၌ ပစ္ဆာဘတ္တကိုကား ဆွမ်းစား အနုမောဒနာပြုသောကာလမှ နောက်ဖြစ်သမျှကို ယူအပ်၏။

အဘယ်ကြောင့် ထိုမျှ တိုသောကာလ၌ အနန္တအပရိမာဏဖြစ်လေသနည်း ပုစ္ဆာထုတ်လိုရကား ကသ္မာဟု မိန့်သော် ( ပုစ္ဆာထုတ် ဟူသမျှကို ဤနည်းချည်းဆို ) ထိုပုစ္ဆာ၏ ဝိသဇ္ဇနာကို အကျယ် ဖြေလိုရကား ဗုဒ္ဓါနုဿြိမှသည် ဇွေကော ဟောဘတိတိုင်အောင် မိန့်၏။

'' ဟိ '' ကို ယသ္မာ။ပ။ လဟုပရိဝတ္တန္တံ၊ တသ္မာဟု သမ္ဗန်။ ဘဝင်ပရိဝါသော လဟုကော ဟူသောပါဌ်၏ အဓိပ္ပါယ်ကား...... ဘုရားသဗ္ဗညုအား တရားအနုမောဒနာ ပြုသောကာလ၌ ရှေး ဝီထိ၏လည်း နောက်ဘဝင်မည်သော, နောက်ဝီထိ၏လည်း ရှေးဘဝင် မည်သော နှစ်ချက် သုံးချက်သော ဘဝင်တို့သည် ဖြစ်ကုန်၏ဟူလို၊ ထို့ကြောင့် မဏိဒီပ,ဂဏ္ဌိတို့၌ ''ဘဝင်္ဂပရိဝါသောတိ ဗုဒ္ဓါနံ တဒါရမ္မဏာနန္တရံ

နွေတိဏ်ဘာဂံဗိတ္တာနိ ဥပ္ပဇ္ဇိတွာ တဒေဝါလမ္ဗဏံ အညံ ဝါ ဂဟေတွာ အာသဇ္ဇနံ ဥပ္ပဇ္ဇတိ’’ဟု မိန့်သတည်း။ များစွာသော ပညာရှိတို့ကား-

နွေ ဘာဂံ ါနိ ဖုဋ္ဌသာ,သာရိပုတ္တသာ သောဠသ၊
အညေသံ ပန သတ္တာနံ, ဘာဂံ ါနိ ဗဟူနိပိ။ ။ဟု မိန့်ကုန်၏။

ဒဏ္ဍာဝရဏံ – နှုတ်ခမ်းနှစ်ဘက်သည်၊ သုဖုသိတံ – ကောင်းစွာ စေ့၏။ ဒါ-အာခါဇ္ဇနေ၊ ဒါယတိ ဘက္ခမနေနာဘိ ဒန္တော၊ ဒါခါတ်, အန္တ ပစ္စည်း၊ ဒံသ-အာဒနေ၊ ဒံသေန္တိ ဘောဇ္ဇမနေနာ တိပိ ဒန္တော၊ ဒံသခါတ် အန္တပစ္စည်း၊ခါတွန်ကျေ၊ ဒန္တေ အာဝရတိ ဆာဒယတီတိ ဒဏ္ဍာဝရဏံ၊ (အဘိဓာန်ဋီကာ) ဒဏ္ဍာ အာဝရိယန္တိ ဧတေနာတိ ဒဏ္ဍာဝရဏံ၊ (မဏိဒီပ)

မုခါဒါနံ-ခံတွင်းတော်လှစ်ခြင်းသည်၊ (ဋီကာ, မဓုသာရတ္ထ ဒီပနီ, မဏိဒီပအလို) အာဒိယတေ ပိဝရိယတေ အာဒါနံ၊ မုခဿ အာဒါနံ မုခါဒါနံဟု ဝိဂြိုဟ်ပြု၊‘အာဒါနသဒ္ဒေါ အညတ္ထ ဂဟဏတ္ထော ဟောဘိ၊ မုခါဒါနန္တိ ဧတ္ထပန ဝိဝရဏတ္ထော ဟောဘိ၊’ ဝါ, မုခါဒါနံ-လှစ်အပ်သော ခံတွင်းတော်သည်၊ ( မဏိဒီပ, မဓုသာရတ္ထဒီပနီ အလို ) အာဒိယတိ ဝိဝရိယတီတိ အာဒါနံ၊ မုခမေဝ အာဒါနံ မုခါဒါနံ၊ ဟု ဝိဂြိုဟ်ပြု၊ ဝါ-လှစ်ကြောင်းဖြစ်သော ခံတွင်းတော်သည်၊ (မဏိဒီပအလို ) အာဒိယတိ ဝိဝရိယတီတိ အာဒါနံ၊မုခမေဝ အာဒါနံ မုခါဒါနံ ဝိဂြိုဟ်ပြု၊ဝါ-မုခါဒါနံ – အာဟာရကို ယူတတ်သော ခံတွင်းတော်သည်၊ ( ဂဏ္ဌိ ) ဩဒနာဒိံ အာဒဒါတီတိ အာဒါနံ၊မုခမေဝ အာဒါနံ မုခါဒါနံဟု ဝိဂြိုဟ်ပြု၊ဝါ မုခါဒါနံ-နှုတ်ချာတော်သည်၊(မိန့်ကြောင်း) နှုတ်ချာ ဟူသည်ကား အလယ်အရပ်ကိုယူ။

သိလိဋ္ဌံ-ကောင်းစွာဘည်၏၊ (ဋီကာ,ဂုဠတ္ထဒီပနီအလို) အမျှတည်၏၊ (မဓုသာရတ္ထဒီပနီအလို) တပေါင်းတည်းတည်၏၊ (မဏိဒီပအလို) နှုတ်ခမ်းနှစ်ဘက်၏အလယ်ဟု မဏိဒီပ၌ဆို၏၊အချို့သောသူတို့ကား ‘သိလိဋ္ဌံ-ဖြည်းညှင်း၏’ဟု ပေးကုန်၏၊အတ္တနောမတိမျှသာ၊မသင့်။

ဆရာ......တခဏမျှဖြစ်သော ဒေသိတဝ္ဝမ္မစဉ်လျက်လည်း သံယုတ္တနိကာယ်,အင်္ဂုတ္တရနိကာယ် အတိုင်းအရှည်ရှိကုန်၏ရှင့်၊ ဝါ-ရှိသောဟု ဆိုပြီ၊ ဝါတွင်းသုံးလပတ်လုံး ဟောသောတရားကား အဘယ်မျှနည်း

[(ဝိဠကတ်တော်

မေးသွယ်ရှိရကား "တေ မာသံ ဒေသိတမ္ပော ပန အနန္တာ အပရိမာဏာယေဝ"ဟု မိန့်သော်။ ပနကား ပက္ခန္တရ၊ ထိုကို အကျယ်ပြလို့ ရကား 'အာနန္တဗ္ဗေရော ဟိ'မိန့်သော်။

ဟိ ဝိတ္ထာရိယမာနိ-အံ့၊ဝါ-ထိုအနန္တ အပရိမာဏ အဖြစ်ကို ပြစေလို ရကား မိန့်သော်၊ ဟိသစ္စံ-၏၊ (ပါပေတုံ နသက္ကာတိတိုင်အောင်ယူ) ပဥ္စဒသဂါထာသဟဿာနိ-တသောင်း ငါးထောင်ကုန်သော ဂါထာ တို့ကို၊သဋ္ဌိပဒသဟဿာနိ-ပုဒ်ခြောက်သောင်းတို့ကို၊ ဝါ-တသောင်း ငါးထောင်သော ဂါထာ၌ အကျုံးဝင်ကုန်သော, ဖြစ်ကုန်သော၊ သဋ္ဌိ ပဒသဟဿာနိ-တို့ကို။

**အဓိပ္ပါယ်ကား**......ဂါထာ တသောင်း ငါးထောင်ကို ပုဒ်ခြောက် သောင်းဟုဆိုသည်ကား တဂါထာ၌ လေးပါဒစီရှိရကား လေးချဖြင့် မြှောက်သည်ရှိသော် ခြောက်သောင်းဖြစ်၏ ဟူလို၊ ထိုကိုရည်၍ အရှင် မဟာသီလဝံသထေရ်မြတ်သည် "နှုတ်မှုခပါဌ်၊ ပိဋကတ်ကို၊ သင်ရွတ် သောခါ၊ ဆန်းလင်္ကာဖြင့်၊ ဂါထာလည်းကောင်း၊ လေးဆပေါင်း၍၊ ခြောက်သောင်း တိုက်တိုက်၊ ခန့်သည် ပိုဒ်ကို" ဟု စပ်တော်မူ သတည်း။

"လတာပုပ္ဖါနိ-နွယ်ပန်းတို့ကို၊ လတာစ ပုပ္ဖါစ လတာပုပ္ဖါနိ"ဟု ဒွန်ပြု။ "ပုပ္ဖါနိ ဓာရေန္တိတိ ပုပ္ဖါနိ၊ လတာစ တာ ပုပ္ဖါနိစေတိ လတာ ပုပ္ဖါနိ"ဟု ကမ္မဓာရယ်မပြုလင့်၊ ထို့ကြောင့် မိတ္တောင်းဆရာလည်း ဒွန်ဟု မိန့်သတည်း။အရှင်မဟာသီလဝံသထေရ်မြတ်သည်"ရင်ကြိုက် သင်ကူး၊ပန်းနွယ်ဒူးလျက်"ဟု ဥပမာတပုဒ် မိန့်ပြီးမှ......"နွယ်ရှုံးရင်း ကိုင်၊ စင်လုံးယိုင်သို့"ဟု ဒွန်၏အဖြစ်ကို ပြတော်မူလျက် စပ်တော်မူ သတည်း။

အာကဍ္ဎေန္တာဝိယ-ငင်ဘိသကဲ့သို့၊ (သဒ္ဒတ္ထ) နူးဘိ,ငင်ဘိသကဲ့ သို့၊ဝါ-ဆွတ်ဘိ, ငင်ဘိသကဲ့သို့၊ (လောကဝေါဟာရ အဓိပ္ပါယတ္ထ) ဌိတပဒေနေဝ-ရပ်သောဣရိယာပုထ်ဖြင့်လျှင်၊ဌတွာ-တည်၍။

ဌိတပဒေနေဝ ဌတွာတိ ဧတ္ထ ပဒသဒ္ဒေါ ဣရိယာပထဝါစ ကော ဟောတိ၊ န ပါဒဝါစကောတိ ဌာနသဉ္ဇိတေန ဧကေ နေဝ ဣရိယာပထေန ဌတွာတိအတ္ထော ဝေဒိတဗ္ဗော၊(မဏိဒီပ)

ဋ္ဌိတပဒေနေဝ–ရပ်ခြင်းဟု ဆိုအပ်သော တခုသော ဣရိယာပုထ် အဘို့ဖြင့်၊ 'ဌိတပဒေနေဝါတိ ဧကေန ဣရိယာပထေန'ဟူသော ဂဏ္ဌိအလို၊ ဂဏ္ဌိအလိုကား ပဒသဒ္ဒါသည် ကောဋ္ဌာသဟောတည်း။ အချို့သော သူတို့ကား "ဌိတပဒေနေဝ – ရပ်သောခြေဖြင့်လျှင်၊ ဌတွာ–ရပ်၍"ဤသို့ပေးကုန်၏၊ထိုသူတို့၏ဝါဒကိုကား ရပ်သည်ဟူက ခြေဖြင့်သာလျှင် ဧကန္တဖြစ်၏၊ဝိသေသဆိုဘွယ်မရှိသော လောကဝေါဟာရအထင်ကို ထောက်သော်လည်းကောင်း, "သန္တဝေ့ သတိ ဗျာဘိစာရေ ဘေဒကံ သာဿုကံ ဘဝေ"ဟူသောသဒ္ဒါနည်းကို ထောက်သော်လည်းကောင်း,ယခင်ဆိုခဲ့ပြီးသော မဏိဒီပဂဏ္ဌိတို့ကိုထောက်သော်လည်းကောင်း, ဣရိယာပထဝါစက,ကောဋ္ဌာသဝါစကကိုသာရည်၍ ပါဒဝါစကလက္ခဏာ မထင်စေမူ၍ စပ်တော်မူသော "ရပ်ကြိုက် သင်ကူး"ဟူသော ရှင်မဟာသီလဝံသထေရ်မြတ်၏ ဝါဒကို ထောက်သော်လည်းကောင်း ပယ်အပ်သည်သာဖြစ်၏။

အနုပဒံ–ပုဒ်အစဉ်အတိုင်း၊ (ဒဒမာနော၌စပ်)ဝါ–ပုဒ်စဉ်ဖြစ်သော၊ (ဥဒ္ဒေသံ၌စပ်)

**အဓိပ္ပါယ်ကား**......ရှင်အာနန္ဒာ,ဘုရားမှတပါးသောသူတို့သည် သင်သည်ရှိသော်ဆရာသည် ပထမပါဒ က ရှိစဉ်လျှင်တပည့်သည်ဒုတိယ, တတိယပါဒစသည်သို့ ရောက်လင့်ရာ၏ဟူလို၊ အချို့သောသူတို့ကား "ဖဝါးအစဉ်အတိုင်း"ဟု ပေးကုန်၏၊မသင့်။

အဓိမတ္တသတိမာ–သော၊ အဓိမတ္တဂတိမာ–အလွန်သော ပညာရှိသော၊ အဓိမတ္တဓိဘိမာ–အလွန်သော လုံ့လရှိသော၊ သာဝကော–သည်၊ (ဥဂ္ဂဏှန္တော၁ိ၌စပ်) သဏ္ဏာရာ–သည်၊ (ဒေသိတ၌စပ်) ဥဂ္ဂဏှန္တော၁ိ–လည်း၊(အပိကား သမ္ဘာဝနာ)သူတပါးတို့သင်သော်ကား ပဂေဝဟူလို။

ဝါတွင်းသုံးလပတ်လုံး တရားဟောတော်မူသည်ရှိသော် ကိုယ်တော်၏ မျှခြင်း အဘယ်သို့ဖြစ်သနည်းဟု ပုစ္ဆာထုတ်လိုရကား ဇဝံတေ မာသံ မှသည် ယာပေသိတိတိုင်အောင် မိန့်သော်။ပဋိဇဂ္ဂနေနေဝကား အဖြေတည်း၊ ထိုကို ချဲ့လိုရကား 'ဗုဒ္ဓါနံဟိ'မိန့်သော်၊ ဟိကား ဝိဏ္ဏာရ၊မနုဿလောကေ ကာလံ ဩလောကေတိ၌ မနုဿလောကေဟု သာမန်ဆိုလျှင်းမူလည်း အဏ္ဏာပကရဏာ စသည်ဖြင့် ဇမ္ဗူဒိပ်

(ပိဋကတ်တော်

ကျွန်းကိုသာ ယူအပ်၏၊ကာလံဟု သာမန်ဆိုလျှင်းမှုလည်း ပုရေဘတ္တကာလကိုသာ ယူအပ်၏။

နာဂလတာဒန္တကဋ္ဌ-ကွမ်းရိုး ဒန်ပူကို၊ ဝါ-နဂါးပြည်၌ ဖြစ်သော နွယ်ဒန်ပူကို။အဘိဓာနဋီကာ၌ "နာဂလောကေ ဇာတာ လတာ နာဂလတာ"ဟုဆို၏၊အချို့သောသူတို့ကား "ဝါးဒန်ပူကို"ဟုပေးကုန်၏။ သုရတ္တဒုပဋ္ဋံ – ကောင်းစွာဘပ်သော, ဝါ-ကောင်းစွာ ဆိုးအပ်သော နှစ်ထပ်သော သင်းပိုင်ကို၊ နိဝါသေတွာ-၍၊ (အောက် အထက်ပြန်၍ ဝတ်သည်ကိုယူ)စီဝရံ ပါရုပိတွာ-၍၊(ဒုကုဋ်, ကိုယ်ဝတ်ထပ်၍ ရုံသည်ကိုယူ ) စာတုမဟာရာဇ ဒတ္တိယံ သေလမယံ ပတ္တံ ကား တပုဿဘလ္လိကညီနောင်သည် လှူအပ်သော မုံ့ကြွက်ကျစ်, ပဲပြားဆုပ်တို့ကို ခံတော်မူလိုသော ကာလ၌ နတ်မင်း လေးယောက်သည် ရှေးဦးစွာ လှူအပ်သော ပဿမြားညိုဖြင့်ပြီးသော သပိတ်တို့ကို ပယ်တော်မူပြီး၍ ထို့နောင်မှ နတ်မင်း လေးယောက်သည် ကပ်အပ်သော ပဲနောက်အဆင်းနှင့်တူသော ကျောက်ဖြင့်ပြီးကုန်သော လေးလုံးသော သပိတ်တို့ကို တလုံးတည်း ဖြစ်စိမ့်သော၄ါ အဓိဋ္ဌာန် အပ်သော ပဲနောက်အဆင်းဖြင့် ပြီးသော သပိတ်ကိုယူ။

သေလမယံ – ပဲနောက်အဆင်းနှင့်တူသော ကျောက်ဖြင့် ပြီးသော သပိတ်ကို။သေလမယေ ပတ္တေတိ မုဂ္ဂဝဏ္ဏသေလမယေ ပတ္တေ(ဝိနည်းမဟာဝါ အဋ္ဌကထာ)။ ဥတ္တရကုရုံ-မြောက်ကျွန်းသို့၊ ဝါ-ဥတ္တရကုရုကျွန်းသို့၊ ဤ၌ သဒ္ဒါသဘောကို မသိကုန်သော "ဥတ္တရဂုရု, အမရဂေါယာန်" စသည်ဖြင့် ခေါ် မှားလေကုန်သော အမျိုးသားတို့အား မှတ်သားသိစိမ့်သော၄ါ လေးကျွန်း၏ ဝစနတ္ထကို ဆိုလိုက်အံ့။

ဝေဒေန ပညာယ ဤဟန္တိ ဧတ္ထာတိ ဝေဒေဟော၊ သောဧဝ ဝိဒေဟော၊ဣမံ ဇမ္ဗူဒီပ မုပါဒါယ သိနေရုနော ပုဗ္ဗဒိသာ ဘာဂတ္တာ ပုဗ္ဗော စ သော ဝိဒေဟောစာတိ ပုဗ္ဗဝိဒေဟော၊ ဇလမဇ္ဈေ ဒိဋ္ဌတီတိ ဒီပေါ။ ဒွိဓာ အာပေါ သန္ဒတိ ဧတ္ထာတိဝါ ဒီပေါ၊ ဒိပ္ပတိ ဧတ္ထ သဒ္ဒမ္မော ဗုဒ္ဓကုံရောတိဝါ ဒီပေါ၊ ဇမ္ဗုယာ လက္ခိတော ဒီပေါ ဇမ္ဗူဒီပေါ။

ဂဝေန ယန္တေ့တ္ထာတိ ဂေါယာနော (ဧတ္ထဒီပေ-၌၊ ဇနာ-တို့သည်၊ ဂဝေန – နွားဖြင့်၊ ယန္တိ – သွားတတ်ကုန်၏၊ ဣတိ

တသ္မာ-ကြောင့်၊ သော ဒီပေါ-သည်၊ ဂေါယာနော - မည်၏၊) သိနေရုနော အပရဒိသာဘာဂတ္တာ အပရောစ သော ဂေါယာနော စာတိ အပရဂေါယာနော။

ဓမ္မဘာသိဒ္ဓသ ပဥ္စသီလသ အာနုဘာဝေန ကံ သုခံ ဥရု မဟန္တံ မေတ္တာတိ ကုရုု၊ကုံ ပါပံ ရုန္ဓတိ ဇွေတ္တာတိဝါ ကုရု၊သိနေ ရုနော ဥတ္တရဒိသာဘာဂတ္တာ ဥတ္တရောစ သော ကုရုစာတိ ဥတ္တရကုရု။ ။ဤသို့သော ဝစနတ္ထကို ထောက်၍ ပေါဟာရကို သိကုန်ရာ၏၊ဤသို့သောဝစနတ္ထကိုသိလိုလျှင် အဘိဓာန်ဋီကာ, ဇကက္ခရကောသဋီကာ အစရှိသော ကျမ်းတို့ကို ကြည့်လေ။

ဘုရားသဗ္ဗညုကား-ဤကနေဝန်းပေါ်ကိုကြွ၍ ထိုမှာနေဝင် ဆည်းဆာကို ဆွမ်းခံတော်မူ၍ ဤသို့ ပြန်၍ စန္ဒကူးတော၌ ဆွမ်းဘုန်းပေးတော် မူသတည်း၊ သာရိပုတ္တထေရောပိ၌ ပိ၏ အဓိပ္ပါယ်ကား...... ဘုရားသာလျှင် စန္ဒကူးတောသို့ ကြွ၍နေ သည်မဟုတ်၊ ရှင်သာရိပုတ္တရာသည်လည်း နေ၏ဟူလို။

သဝကာနံ သာဝကတော ဇေဋ္ဌော သေဋ္ဌောဝါ အဂ္ဂ သာဝကော(ပိဂ္ဂိုဟ်)ဝေလန္တေ-၌။ကာယဝေလာယ-အဘယ် မည်သော အခါ၌၊ ဂစ္ဆတိ - နည်း၊ ဘုမ္မတ္ထ၌ တတိယာလည်း ကြံကုန်၏။

မဟောသက္ခာ-တန်းခိုးကြီးကုန်သော နတ်တို့သည်၊ အပ္ပေသက္ခာ-တန်းခိုးနည်းကုန်သောနတ်တို့သည်။

ဤသတိ အဘိဘာဝတီတိ ဤသာ၊ ဘုန်းတန်းခိုးရစေ။ မဟေသက္ခာ တိ မဟာပရိဝါရာ ဟု ကျမ်းဆရာတို့ မိန့်ရကား အခြံအရံ ပရိသတ် သော်လည်း ရစေ။မဟာတီ ဤသာ မဟေသာ၊ ကြီးသော ဘုန်းတန်းခိုး ရစေ။ယခင်နည်း များသောပရိသတ်လည်းရစေ။မဟေသာတိ အက္ခာ ယတေတိ မဟေသက္ခာ။ 'မဟေသာတိ-ကြီးသော တန်းခိုးရှိ၏ ဟူ၍၊ ဝါ-များသောပရိသတ်ရှိ၏ဟူ၍၊ပရေဟိ-တပါးသောနတ်လူတို့သည်၊ အက္ခာယတိ-ကြားအပ်၏'၊(ဆိုအပ်၏သော်လည်းဟူ,မှတ်အပ်၏သော် လည်းဟူ)အဓိပ္ပါယတ္ထပေး၊အပ္ပေသက္ခာ၌ ရှင်းနည်းဆို။ဤအကြောင်း ကို သိလိုမူ စတုက္ကနိပါတ် အဋ္ဌကထာ, ဋီကာကိုကြည့်။ သာရိပုတ္တ

((ပိဋကတ်တော်

ထေရောပိ၏ အဓိပ္ပါယ်ကား.....ဘုရားသာ ဟောသည်မဟုတ်၊ သာဝကတို့ ဟောပိ ပုဏ္ဏုရလည်း ဟော၏ဟူလို။

အယံ-ကား၊ ပုဗ္ဗယောဂေါ-ရှေးအလေ့အကျက်တည်း၊ (ရှေးဆု တောင်းကည်းသော်လည်းဟူ)

ကိရာတိ အနုသဝနတ္တေ နိပါတော၊အရုစိယတ္တေ ကတ္တုစိ။

သရေ - သရုရှာယ်သံ၌၊ နိမိတ္တံ - တရားတော်ဟူသော အာရုံကို၊ ဂဟေတွာ-၍၊(သိချင်းစသည်ကဲ့သို့ အသံ၌တပ်သောအားဖြင့်ယူသည် မဟုတ်ဟူလို)

ကဿတေတိ ကထော၊ကဿပိလေခနေ၊ထော၊ကထောပိယာတိ ကထော၊ ဥပမာမဆင့်သော်လည်းသင့်၏။သုစက္ကိ ဒေတေန တဒတ္ထိကာ တိ သုတ္တော။ :

သရေ-တရားသံ၌၊ နိမိတ္တဂ္ဂါဟမတ္တကေနေဝ - အာရုံပြုကာမျှဖြင့် လျှင်၊ (နိဗ္ဗုတ္တိ သဒ္ဒ၌စပ်) ကာလံ ကတွာ - သေ၍၊ ယခင်ဆိုခဲ့ပြီးသော နိမိတ္တဂ္ဂါဟမတ္တကေနေဝ ဟူသောပါဌ်ကို ကာလံ ကတွာ၌ မစပ်ပါ လင့်၊စပ်သည်ရှိသော် နာသောအဆုံး၌ပင် သေသည်ဟု မိစ္ဆာဉာဏ် ဖြစ်ရာ၏၊ ကံအားလျော်စွာ တည်၍ သေသည်သာယူ။ ဇော် ဗုဒ္ဓန္တရံ- နှစ်ဆူသော ဘုရားရှင်တို့၏ တခုသောအကြားပတ်လုံး၊ (ငါတို့ဆရာ မြတ်အနက်) အချို့သော ဆရာတို့ကား......ဇော် ဗုဒ္ဓန္တရံ-ဘုရားတဆူ အကြားပတ်လုံးဟု ပေးကုန်၏၊ ထိုသို့ပေးသော် ၎င်းနိဂ္ဂဟိတ်ကာရန် နှင့် နပုံသက၏အဖြစ်ဖြင့် ထင်ရှားသော ဇော်သဒ္ဒါသည် ဗုဒ္ဓသဒ္ဒါသို့ သွား၍ ဗုဒ္ဓသဒ္ဒါလည်း နပုံးဖြစ်ရာ၏၊ ထိုသို့လည်း သတ္တုဝါစက ဖြစ် သော ဗုဒ္ဓသဒ္ဒါ၏ နပုံး၏အဖြစ်သည် ပိဋကတ်သုံးပုံ၌ မရှိရာခဲ့၊ ဘုရား တဆူတည်း၌ အကြားရှိ၏ဟူသော အပြစ်သည်လည်း ရောက်ခဲ့ရာ၏၊ ထိုသို့သော သမ္ဘောဘာဝိနောဒနီအစရှိသော များစွာသော အဋ္ဌကထာ ဋီကာတို့၌ "ဒွေ တိဏ္ဏိ ဗုဒ္ဓန္တရာနိ"စသည်ဖြင့် အန္တရသဒ္ဒါကိုငဲ့သော အဖြစ်သည် ထင်ခဲ့၊ထို့ကြောင့် မသင့်။

ဧကပ္ပဟာရေနေဝ-နှစ်ခုမြောက်သော သာယန္ဟ ဟု ဆိုအပ်သော ဒိဝသ၏ သုံးခုမြောက်သော ပဟိုရ်ဟုဆိုအပ်သော တခုသောကာလ ဖြင့်လျှင်၊ဝါ-၌လျှင်၊အဟောသိ-၏။

ဤသို့သောအနက်ကို အဘယ်ကိုမြင်၍ပေးသနည်းဟူမူကား "ကေပ္ပဟာရေနာတိ ဧတ္ထ ပဟာရောတိ ဒိဝသဿ တတိယော ဘာဂေါ ဝုစ္စတိ"ဟူသောဋီကာပါဌ်, "သော စ ဒိဝသာဝယဝေါ ပုဗ္ဗဏှဒိဝသာဝယဝေါ သာယဏှဒိဝသာဝယဝေါတိ ဒုဝိဓော ဟောတိ၊ တတ္ထ စ ဧကေကော ပဌမပဟာရော ဒုတိယပဟာရော တတိယပဟာရော စာတိ တိဝိဓော ဟောတိ၊ ဣဓ ပန တတ္ထ ဒုဝိဓေ ဒိဝသာဝယဝေ သာယဏှဒိဝသာဝယဝေါ အဓိပ္ပေတော၊ တတ္ထာပိ တိဝိဓေ သာယဏှဒိဝသာဝယဝေ တတိယပဟာရောဝ ဣဓာဓိပ္ပေတောတိ ဒဿေန္တော ကေပ္ပဟာရေနာတိ ဧတ္ထာတိ အာဒိမာဟ"အစရှိသော မဏိဒီပပါဌ်တို့ကို မြင်၍ သိသတည်း၊ အဓိပ္ပါယ်ကား......ဤပါဌ်ကိုမှီ၍ သိသာပြီ၊ ထိုသုံးပဟိုရ်မြောက်သော ကာလ၌လည်း ဘုရားသဗ္ဗညုသည် မယ်တော်အား ဟောတော်မူပြီး၍ ဟောသောအဆုံး၌ သုံးပဟိုရ်မြောက်၌ လူ့ပြည်သို့ သက်လာရကား ဘုရားသခင် အလျှင်ပြီးရာ၏ ဟု မဏိဒီပ၌ ဆို၏၊ မရသာရတ္ထဒီပနီ၌ကား နေ့၏ သုံးပဟိုရ်မြောက်၌ ပြီးသည် ဟူ၏၊ ဂဏ္ဌိ၌ကား ထိုကို ဝဒန္တိနှင့်ဆို၍ ညချမ်းကာလ၌သာလျှင် ပြီးသည်ကို ကေပ္ပဟာရ ဆိုသည်ဟူ၏။

ပဟာရတိ ကာသိကမ္မာဒိကံ ကိစ္စံ ကရောတိ ဧတ္ထာတိ ပဟာရော၊ ပဟာရိယန္တိ ဃဏ္ဋာဒယော ဧတ္ထာတိ ဝါ ပဟာရော၊ မရသာရတ္ထဒီပနီ။ မဏိဒီပ၌လည်း ဆိုဟန်သာ ကွဲသည်၊ အတူတူပင်။

သာရိပုတ္တထေရပဘာဝေါ-သာရိပုတ္တရာထေရ်ကြောင့်ဖြစ်၏၊ ဝါ-ထေရ်မှ အမွန်ဖြစ်၏၊ ဝါ-ထေရ်လျှင် အမွန်ရှိ၏။ ။အမက္ခေတွာ-မနှောက်နှက်မူ၍၊မရောစေမူ၍၊မချွမူ၍သော်လည်း ပေးကုန်၏။

ကျူးခန်းကြီးအရပ်၌ သိတင်းသုံးနေသော ပဌမကျော်သူမြတ်သည် ရေးစီရင်အပ်သော မြတ်သောအနှစ်သဖွယ်ဖြစ်သော ပညာရှိတို့သည် မပြတ်အောက်မေ့အပ်သော အနက်၏အနက်ကို ဝေဘန်ရာ ဝေဘန်ကြောင်းဖြစ်သော အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီ၏အဋ္ဌကထာ၌ အဘိဓမ္မာ၏ ဂန္ထာရမ္ဘကထာသ၏,၌ ဂဏ္ဌိပဒကား ဤရွေ့ပြီးပြီ။

[ပိဋကတ်တော်

ယံ ဒေဝဒေဝေါ စသော အောက်စကားကို မသိသကဲ့သို့ နှလုံး ထား၍ ဝါစနာမဂ္ဂေါ ထေရပဘာဝေါ ဟူသည်ကိုငဲ့၍ ဝေဘန်ခြင်း အကျိုးငှါ စောဒနာထုတ်လိုရကား ဇ ငံသန္တေ့ စသည်တက်သော်။

ဇဝံသန္တေ-ဤသို့မဟေရ်မှ အမှန်ဖြစ်သည့်ရှိသော်။ ထေရပဘာဝေါ ကို စွဲ၍ ထွက်သည်၊ အချို့သောသူတို့ကား ထပေသိက ထွက်ကုန်၏၊ ဋီကာစသည့်၌မရှိ၊ ထို့ကြောင့်မသင့်။

မြတ်စွာဘုရား၏ ရှေးဦးစွာ အဘိဓမ္မာကို တတ်သည့်၏ အဖြစ်ကို ပြီးစေလိုရကား သော ဟိ စသည်တက်သော်၊ ဒဋ္ဌိ, တပ္ပါကဋီနှစ်ပါး သင့်၏၊အချို့သောသူတို့ကား'ဆရာ......ရှင်သာရိပုတ္တရာသည် ပဋ္ဌာန်း ကျမ်း၌ ဂဏနစာရကိုထားလျက် အဘယ့်ကြောင့် ဘုရားရှေးဦးစွာ တတ်လေသနည်း' ဟု တက်ကုန်၏၊သင့်သည့်မထင်မိ။

မြတ်စွာဘုရား၏ ရှေးဦးစွာတတ်သည့်၏ အဖြစ်ကို ပဋ္ဌမ ဗုဒ္ဓ ဝစန စသည်ဖြင့်ပြီးစေလိုရကား ဗုဒ္ဓေါ စသည်တက်သော်၊စ,ကား ဝါကျာ ရမ္ဘ၊ ပနကား ဝိသေသတ္ထ။

ဥဒါနံ-ဝမ်းမြောက်သောစကားကို၊(နှစ်လိုသောစကားကိုလည်းဟူ) ဥဒါနေသိ-မြွက်၏၊ (ကျူး၏သော်လည်းဟူ)

> အာတာပိနော-အလွန်သော လုံ့လရှိထသော၊ ဈာယတော- မကောင်းမှုကို ဖုတ်တတ်ထသော၊ ဖုတ်မြိုက်တတ် ဖုတ်ကြည်း တတ် ထသော၊ ( ဝါတို့ဆရာ ) ကြောက်တတ် ထသော၊ (မိဂ္ဂေဿာင်း)၊ဈာယတော-အာရမ္မဏူပနိဇ္ဈာန်,လက္ခဏူပနိဇ္ဈာန် နှင့် ပြည့်စုံထသော၊ (ယောဇနာ)ဓမ္မာ-သစ္စာလေးပါး တရား တို့သည်၊ ဝါ-ဗောဓိပက္ခိယ တရားတို့သည်၊(ယောဇနာ၊ဂဏ္ဌိ အလို) ဓမ္မာ - ပဋိစ္စသမုပ္ပါဒ် တရားတို့သည်၊ ( ဆရာအနက် ) သဟေတုဓမ္မ-အကြောင်းနှင့်တကွသော ပဋိစ္စသမုပ္ပါဒ် တရား ကို၊ ကဒါ-တဆယ့်ခြောက် ပါးသော ယံမှာ ခြင်းတို့သည်၊ ဝပ ယန္တိ အပဂစ္ဆန္တိ-ပဲကုန်၏၊(ဂဏ္ဌိအလို၊ဝိ အပ ယ န္တိ ပုဒ်ဖြတ်ဟု ယောဇနာသို့၏) ဝိဂုပယံ-လွှင့်လျက်၊ ( မိဂ္ဂေဿာင်း ) ဖျက်ဆီး လျက်၊(ယောဇနာ၊ဂဏ္ဌိအလို)

ပထမဂါထာဖြင့် ဒုတိယသစ္စာကို ပြသည်၊ ဝါ - ပဋိစ္စသမုပ္ပါဒ်ကို ပြသည်ဟူ၏၊ ဒုတိယဂါထာဖြင့် နိရောဓသစ္စာကိုပြသည်၊ ဝါ-ဗောဓိပက္ခိယကို ပြသည်ဟူ၏၊ တတိယဂါထာဖြင့် မဂ္ဂသစ္စာကို ပြသည်၊ မဂ်ကိုပြသဖြင့်လည်း ဖိုလ်ကိုပြရ၏၊ဤကား ခန္ဓကဘာဏကထေရ်တို့၏ အယူ၊ ဓမ္မပဒဘာဏကထေရ်တို့၏ဂါဒကို ပြလိုရကား "ဓမ္မ။ပ။ပန" စသည်မိန့်သော်။

. ဂဟကာရက-အတ္တဘော တည်းဟူသော အိမ်ကို ပြုတတ်သော တဏှာယောကျ်ား ပဲခွပ်သွား(ဆရာ)ရမ္မက် ပဲခွပ်သွား၊ (မိန်းကောင်း)တံ ဂဝေသန္တော ယေန ဉာဏေန ဒဋ္ဌုံ သက္ကာ၊တံ ဉာဏံ အနိဗ္ဗိသံ အဝိန္ဒန္တော-၍၊ ဖါသုကာ-ကိလေသာ တည်းဟူသော အိမ်၏အခြင်တို့ကို၊ဂဟကူဋံ-အဝိဇ္ဇာတည်းဟူသော အိမ်၏ အထွတ်ကို၊ ခယံ-ကုန်ရာ ကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်သို့၊ အဇ္ဈဂါ အဓိဂတော ပတ္တော-သည်၊ အသ္မိ-ပြီ၊ (ပ ၊ရာဇိကကဏ္ဍ်ဋီကာ,ဤအဋ္ဌသာလိနီယောဇနာအလို)ဝါ,ခယံ-ကို၊အဇ္ဈဂါ အဓိဂတော-ငါရပြီ၊(ဂဏ္ဌိ, မိန်းကောင်း, ငါတို့ဆရာအလို)ဝိသင်္ခါရဂတံ-သော၊မေ-၏၊ စိတ္တံ-သည်၊ တဏှာနံ-တို့၏၊ခယံ-ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်အရဟတ္တဖိုလ်ကို၊အဇ္ဈဂါ အဓိဂတံ-ပြီ။ (ဝိနည်းဂဏ္ဌိ)

ရှေးဆရာတို့အလိုကား.....ဝစီဘေဒကို ပထမဗုဒ္ဓဝစန ဟုယူသည်၊ နောက်ဆရာတို့ အလိုကား......မနသာ ပဝတ္တာပိတကို ပထမဗုဒ္ဓဝစန ဟု ယူသည်သာ ထူးသည်၊သင့်သည်ချည်းဟု ဝိနည်းဋီကာ၌ဆုံးဖြတ်၏။

အာမန္တယာမိ ဗောဓေမိ-သိစေ၏။

ဟန္ဒဒါနိ။ပ. ဒေထာတိဟူသောဒေသနာဖြင့် လေးဆဲ့ငါးနှစ်ပတ်လုံး ဟောတော်မူသော ဒေသနာကို ကုန်စေသည်။

ပဋ္ဌစတ္တာလီသဝဿ၏အရကား သက်တော်ရှစ်ဆယ်တွင် တောထွက်တော်မူသည်မှ ရှေးဖြစ်သော နှစ်ဆဲ့ကိုးနှစ်, ဒုက္ကရစရိယာကျင့်တော်မူသည် ခြောက်နှစ်၊ပေါင်း သုံးဆဲ့ငါးနှစ်ကိုသာ ချတော့၊ ဤသို့သော ဝစနဘေဒအားဖြင့်လည်း ဘုရား ရှေးဦးစွာတတ်သော အဖြစ်

(ပိဋကတ်တော်

သည်ပြီး၏၊ထိုမျှလည်း ပိဋကတ်စသောအားဖြင့် မြစေလိုရကား 'တံ သဗ္ဗမ္ပိ'စသည်မိန့်သော်။

ဥဘယာနိ ပါတိမောက္ခာနိ၏အရကို ဘိက္ခုပါတိမောက်,ဘိက္ခုနီပါတိမောက်နှစ်ပါးကိုယူ။ ဒွေ ဝိဘင်္ဂါနိ ၏ အရကား ဘိက္ခုဝိဘင်း, ဘိက္ခုနီဝိဘင်းတည်း။ဘိက္ခုဝိဘင်းကား ပါရာဇိကလ်,ဘိက္ခုပါစိတ်တည်း။ ဘိက္ခုနီဝိဘင်းကား ဘိက္ခုနီပါစိတ်တည်း။ ဒွါဝီသတိခန္ဓကာ ဟူသည်ကား ရုဋ္ဌဝါ,မဟာဝါတည်း၊သောဠသပရိဝါရဟူသည်ကား ပရိဝါပ ဋ္ဌ လာသော ပညတ္တိဝါရ, ကထာပတ္တိဝါရ, ဝိပတ္တိဝါရ, သင်္ဂဟဝါရ, သမုဋ္ဌာနဝါရ, အဓိကရဏဝါရ,သမထဝါရ, သမုစ္စယဝါရ,ပညတ္တိဝါရ, ထို့နောင် ရှေးနှင့်အမည်တူ ကထာပတ္တိ စသော ရှစ်ဝါရ ပေါင်းသော် သောဠသဝါရဖြစ်၏၊ဘိက္ခုဝိဘင်း သောဠသ၊ ဘိက္ခုနီဝိဘင်း သောဠသတည်း။

ဝိနည်းပိဋကတ်စသည်တို့၏သရုပ်ကိုပြပြီး၍ ဝိနယသဒ္ဒါ၏ ဝစနတ္ထကို ပြလိုရကား 'တတ္ထ ဝိဝိဓ ဝိသေသနယတ္တာ'စသည်မိန့်သော်။ ရှေးဆရာတို့ကား ရှေးစကားကျဉ်း၍ အကျယ်ချဲ့သည်ဟူ၏၊ ပင်တိုင်သုံးရကား နာနာပဟိတ်,ဖိုလ်ဟား တခုသာတည်း။ ဝိနယတ္ထ ဝိဒူဟိ ဟူသည် ဝိကြိုဟ်တတ်သော ဆရာတို့ဟူလို၊ အယံ ဝိနယောကား သဒ္ဒပဗန္ဓကို သာယူ၊ ဤဂါထာကား ပထျာ မည်သော အရိယာ ဂါထာတည်း၊ ထိုဂါထာ၏ အတ္ထကို ထင်စွာပြလိုရကား-ဝိဝိဓာ ဟိ စသည်တက်သော်၊ ဟိ ယသ္မာ, ဟိ ဝိတ္ထာရယိဿာမိ, ဟိ သစ္စံ ဟု ဆရာတို့ ငွဲကုန်၏၊ ကြိုက်ရာငွဲ၊ ဧတ္ထဖြင့် သတ္တမီ ဗဟုဗ္ဗိဟ်ကို ပြသည်၊ ပဉ္စဝိဓသည်ကား ဝိဝိဓ သရုပ်ကောက်တည်း၊ ဝိသေသဘူတာ ဟူသည် မူလပညတ်မှ ထူးသည်ဟူလို၊ ဒဠှီကမ္မစသည်ကား ဝိသေသ သရုပ်ကောက်သည်၊ ကာယိကစသည်ကား ကိုယ်နှင့်ယှဉ်သော အဇ္ဈာစာရကိုဆုမ္မသည်ကို ကိုယ်နှုတ်ကို ဆုမ္မသည်ဟု ဌာနူပစာရအားဖြင့် ဆိုပါသည်။

"ကာယိက ဝါစသိက အဇ္ဈာစာရ နိသေဓနတော-ကိုယ်ဖြင့် လွန်ကျူးခြင်း, နှုတ်ဖြင့် လွန်ကျူးခြင်းကို မြစ်ခြင်းကြောင့်" ဟု ရွှေဥမင်ဆရာတော်ဘုရားယောဇနာသည်ကားသဒ္ဒတ္ထမဟုတ်၊အဓိပ္ပါယတ္ထသာ။

ဆရာ......ဝိဝိဓ ဝိသေသ နယတ္တာ စသည်ဖြင့် ဝိနယသဒ္ဒါ၏အတ္ထကို ဆိုပြီ၊ထိုအတ္ထကား ဝစနတ္ထစစ်,ဝစနတ္ထတု,ဝစနတ္ထပြအားဖြင့် သုံးပါး

တို့တွင် အဘယ်အလွှနည်း၊ ဤသို့ သူမေးဘွယ် ရှိရကား တေနေတ စသည်မိန့်။

တေန ဝိဒိဓဝိသေသနယတ္တာဒိဟေတုနာ – ထို ဝိဝိဓဝိသေသ နယတ္တာစသော ပဋိတ်ဖြင့်၊ တေသ ဝိနယသ – ထိုဝိနယ သဒ္ဒါ၏၊ ဝစနတ္ထကောသလ္လတ္ထံ-ဝစနတ္ထ၌လိမ္မာစိမ့်သောငှါ၊(ဝိကြိုပ်ပြ အလို့ငှါ ဟူလို သတည်း၊) အဘယ်ကိုမြင်၍ ကရိုဏ်းပေးသနည်း ဟူမူကား ဝိနည်းဋိကာ, မဏိဒီပတို့၌ ဝိဝိဓ ဝိသေသနယတ္တာဒိဟေတုနာ ဟု တိုက်ရိုက် ဟေတု သဒ္ဒါဖြင့် ဖွင့်သည်ကို ထောက်၍ ပေးသတည်း၊ အဘယ် ဟေတွတ္ထကို လိုတပြီးကား ဝိဝိဓဝိသေသနယေန စသည်ဖြင့် ဖွင့်ရာ၏၊ ဤအဖွင့် အလိုကား ပဋိတ်ဆတ်ဆတ် မဟုတ်၊ ပဋိတ်ညွှန့် ပဋိတ်ငွဲမျှသာဖြစ်သည်၊ ( အမှာကံ ခန္ဓီ ) ဟုတ်မူကား ယူကုန်ရာ၏၊ မဟုတ်မူကား စွန့်ကုန်ရာ၏၊ အထောက်အထားနှင့်တကွ အဖြစ်တင် နိုင်မှသာ ပညာရှိတို့သည် စွန့်ကုန်ရာသည်၊ ထိုသို့ မတင်နိုင်ချေမူကား စွန့်လိုပြားမူလည်း မစွန့်ကုန်ရာ၊အချို့သောဆရာတို့ကား'လဒ္ဓဂုဏ်ကို ပြလိုရကား တေနေတ စသည်မိန့်သော်ဟု'တက်ကုန်၏၊ အချို့သော ဆရာတို့ကား"သောတုဇနတို့အား သတိမြဲစေလိုရကား တေ နေတ စသည်မိန့်သော်" ဟု တက်ကုန်၏ အချို့သော ဆရာတို့ကား "ရှေး အကျဉ်း ဂါထာနှင့် ဝိဝိဓာပဋိစသောအကျယ်ကို အထူးမှတ်လိမ့် ဗိုးရ ကား တေနေတ စသည်မိန့်သော်" ဟု တက်ကုန်၏၊ဖွေဥမင်ဆရာတော် ဘုရားစသော များစွာသော ဆရာတို့သည် တေနကိုလည်း ဟေတွတ္ထ သာ ပေးကုန်၏၊ ငါတို့ကား ဝိဝိဓ ဝိသေသနယတ္တာတိ ဟေတုနာ ဟူသော ကရဏတ္ထပေးစေလိုရကား ဟေတုသဒ္ဒါတချဖြင့် တိုက်ရိုက် ဖွင့်သော မဏိဒီပ, ပါရာဇိကကဏ်ဋီကာပါဌ်ကို ထောက်၍ရင်း "အဖြေ မြင်လျှင် အတင်သိက မိ၏ ကျမ်းရိုးအနေ"ဟူသော စကားနှင့်အညီ ဝစနတ္ထကောသလ္လတ္ထံ ဟူသော အဖြေကို ထောက်၍ရင်း ဉာဏ် သက် သည့် အလျောက် ရှေးဆိုခဲ့ပြီးသော အတင်တို့ကို နှစ်သက် ပချေ သည်။

ဣတရံ ပန သုတ္တံသည်ကား သုတ် အဘိဓမ္မာကိုခွဲလိုလျက် ဝိသေသ သည် သာမညခ၌ ဝင်သောကြောင့် သုတ်ကိုသာခွဲလေသည်၊ တံ ပဋိ၌ ပဋိကိုရင်း,အတက်ကိုရင်း ရှေးနည်းဆို။

(ပိဋကတ်တော်

အညွှာဒနံ-မိမိအကျိုး, သူတပါးအကျိုးတို့ကို၊ သူစနတော-ကြောင့်။

သုတ္တန်သည် သင်ယူနာကြားသောသူ,တပါးသောသူတို့၏ ဒိဋ္ဌဓမ္မိက သမ္ပရာယိက အကျိုး, လောကီ လောကုတ္တရာတည်းဟူသော အကျိုးကိုပြတတ် ဆောင်တတ်၏ဟူလို၊(ပရိတပရိယာယ်)ဝါ,အညွှာဒနံ-မိမိအနက်,သူတပါးအနက်တို့ကို။သုတ္တန်သည် သကဗ္ဗတည်းဟူသော သဘောအလျောက် ပေဘာတော်မူလိုသောအနက်, ပုရာဏကဿပ စသော တိတ္ထိတို့၏ အယူ တည်းဟူသောအနက်ကို ပြတတ်၏ဟူလို၊ (ဘာသိတတ္ထပရိယာယ်) ခပ်သိမ်းသော မဏ္ဍိပ စသော ကျမ်းဆရာမြတ်တို့သည် ပရိတပရိယာယ်ကိုသာ ကြိုက်တော်မူကုန်၏။

ဝါ,အညွှာဒနံ-သုတ္တန်ဖြင့် သဖြိုဟ်အပ်သောသကတ္ထ,သုတ္တာနုလောမဖြစ်သောပရမတ္ထတို့ကို၊ ဝါ-ဝိနည်း အဘိဓမ္မာတည်းဟူသော ပရမတ္ထတို့ကို၊(ဂဏ္ဌိအလို) ရှေးကဲ့သို့ ပုဂ္ဂိုလ်ပဓာနပြုသည်ကို ကေဗ်ဟူ၏၊ ခဲစွ။သုတ္တန်ကိုသာ 'အညွှာနံသူစနတော' ဟု ဆိုလေသည်ကား ဤသုတ္တန်သည်သာလျှင် ဝေနေယျတို့၏ အဇ္ဈာသယ,အနုသယည်း,စရိုက်,အဓိမုတ္တိအားလျော်စွာဖြစ်၏၊ ဝိနည်း အဘိဓမ္မာတို့ကဲ့သို့ အာဏာသဘော, ဓမ္မသဘောသို့ လိုက်၍ဟောသည် မဟုတ်၊ ထို့ကြောင့် အညွှာနံ သူစနတော စသည်၌ သာတိသယဂုဏ်ပဓာနပြု၍ ရှေးကဲ့သို့ယူ၊တံ ဟိ ကို ရှေးနည်းဆို။

သဝတိ စေတံ အတ္ထေ သဿမိဝ ဖလံ ပသဝတိ၌ အဓိပ္ပါယ်ကား ကောက်သည် ကြသည့်ခဏ၌ သီးခြင်း,မှည့်ခြင်းသည်မဖြစ်၊ရေသွင်းခြင်း,ပေါင်းသုတ်သင်ခြင်းစသည်တို့၏အစွမ်းဖြင့် နှစ်လ,သုံးလကြာမှ သီးခြင်း,မှည့်ခြင်းမည်သည်ဖြစ်သကဲ့သို့ ဤသုတ္တန်သည်လည်း သင်ဆဲကာလ၌ သိလစသောအကျိုး အသစ်မဖြစ်၊ရှေးစရိုက်, မှုနည် စသည် အစွမ်းဖြင့် ကြာမြင့်မှ အကျိုးပြီးသည်ဟူလိုသတည်း၊ ဤကား မဏ္ဍိပ ဆရာမြတ်အယူတော်။ဋီကာဆရာသည် မဆို။

သူဒတိစေတံ ဓေနုဝိယ ခီရံ ပဂ္ဃရတိ၏အဓိပ္ပါယ်ကား-နွားမသည် လိမ္မာသောသူတို့ ညှစ်သော်သာ နို့ရည်ထွက်၏၊ မလိမ္မာသောသူတို့

သည် ဦးချိုစသည်၌ ညှစ်မှုကား မထွက်၊ နို့တိုင်၌ ကိုင်စေကာမူ သားငယ်ရှိသောကာလ၌သာ ထွက်၏၊ ထို့အတူ ဤသုတ္တန်သည်လည်း လိမ္မာကုန်သော နိဿရဏဋ္ဌပရိယတ်၏အစွမ်းဖြင့် သင်ကုန်သောသူတို့အားသာ သီလစသောအကျိုးဖြစ်၏၊ မလိမ္မာကုန်သော အလဂဒ္ဒူပမာ ပရိယတ်၏အစွမ်းဖြင့် သင်ကုန်သောသူတို့အား မဖြစ် ဟူလိုသတည်း။

ယထာ ဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ၊ ဧဝမေတမ္ပိ ဝိညူနံ၌ ဟိတကို ဟိကထံ သဘာဂံ ဝ။

**အဓိပ္ပါယ်ကား**......ရှေ့သမားတို့အား ဝံမျဉ်းချည်သည် ဤသည် လိုအပ်၏,ဤသည်မလိုအပ်ဟု ရွေ့ခြင်း၌ ပမာဏဖြစ်သကဲ့သို့ ဤသုတ္တန်သည်လည်း သင်ကုန်,နာကုန်သောသူတို့အား ဤသည်ပြုအပ်,ကျင့်အပ်၏၊ ဤသည်မပြုအပ်,မကျင့်အပ်၊ ဤသို့စသည်ဖြင့် သုတ်ကိုမှီ၍ အတ္ထ, ပရတ္ထစသောအစီအရင်တို့၌ ပမာဏဖြစ်၏ ဟူလိုသတည်း၊ ဤကား မဏိဒီပ,ဋီကာ, သိလက္ခန်ဋီကာအလို။ ဝါ-ဝံမျဉ်းချည်သည် ဤသည် လို၏,ဤသည်မလို၊ ဤသို့စသည်ဖြင့် ငြင်းခုံခြင်းတို့၌ ပမာဏဖြစ်သကဲ့သို့ ဤသုတ္တန်သည်လည်း အတ္တဟိတစသော ငြင်းခုံခြင်း၌ ပမာဏ ဖြစ်၏ ဟူလိုသတည်း၊ ပါရာဇိကဏ်ဋီကာ အလိုသာ၊ မဏိဒီပ ဆရာ ကြိုက်တော်မမူ။

ယထာစ။ပ။အတ္ထာ ဟူသောပါဌ်၏အဓိပ္ပါယ်ကား......ပန်းသိဝ်ဖြင့် သိအပ်သော ပန်းသည် လေကြောင့် ဖရိုမရဲမပျက်စီးသကဲ့သို့ သုတ္တန်တည်းဟူသော ပန်းသိဝ်ဖြင့် သိအပ်သော အတ္တ, ပရတ္ထစသော အနက်တည်းဟူသော ပန်းသည် မိစ္ဆာဝါဒီဖြစ်သော သူတို့၏ မိစ္ဆာဝါဒတည်းဟူသော လေကြောင့် ဖရိုဖရဲ မပျက်စီးနိုင် ဟူလိုသတည်း၊ သုတ်ဟိုသာ အထူးဆိုသည်ကား ဝိသေသဂုဏ်, သာတိသယဂုဏ် ကြောင့်တည်း။

တေနေ တ မေတသာ စသည်ကို ရှေးနည်းဆို၊ 'တေန အတ္ထာနံ သူစနတော ဘိအာဒိ ဟေတုနာ-ဖြင့်'' ဟုဆွဲ၊ ဂါထာလည်းပဏ္ဍာဝင်ဖြစ်သော အရိယာဂါထာ ၎င်းတည်း၊ ''ယံ ဓေတ္တ ဝုမိမဇ္ဇော'' ဟူသောဂါထာ၌ ယံ ယေန ကာရဏေန ဝတ္တာ၊ တေန ကာရဏေန အဘိဓမ္မော အက္ခာတော ဟုသွား။

(ပိဋကတ်တော်

အဘိဓမ္မပိဋကဝယ် အဘိသဒ္ဒါကား ကမနကြိယာ၏ အတိရေကဋ္ဌကိုပြသည်၊ အဘိက္ကန္တဝဏ္ဏာ၌လည်း ကန္တကြိယာ၏ အဓိကဋ္ဌ, ဝိသေသဋ္ဌကိုပြသည်၊ယာတာ ရတ္တိယော-တို့ကို၊အဘိညာတာ အဘိလက္ခိတာ-အမှတ်ပြုသဖြင့် သိအပ်ကုန်၏၊ ဤသို့ ပေးသော်ရင်း, အဘိလက္ခိတာ-ဖြင့်၊အဘိညာတာ-ကုန်၏၊ ဤသို့ပေးသော်ရင်း, အဘိလက္ခိတာ-အမှတ်ပြုအပ်သိအပ်ကုန်၏ ဤသို့ပေးသော်ရင်းအဘိလက္ခိတာအဘိညာတာ ဟူသောနှစ်ပုဒ်သည် အထူးမရှိ၊ အဋ္ဌအားဖြင့် အတူပင်တည်း၊ ဤစကားကို အဘယ်မြင်၍ဆိုသနည်း ဟူမူကား လက္ခဏော ဟူသော အဋ္ဌကထာ ပါဌ်နှင့်အညီ ထို အဋ္ဌကထာ၏ အဖွင့်ဖြစ်သော "အဘိလက္ခဏာ ကရဏာ ဉာဏာ ပုဇနေ ပါဠိဝိသေဒ ကိရိယာ ဒိပနတော" ဟူသော မူလဋီကာပါဌ်ကို "လက္ခဏံ ကရဏာ သဉ်ါတံ ဉာဏံ"ဟု မဏိဒိပဖွင့်သည်ကို မြင်၍ဆိုသတည်း၊ "ဉာဏံ လက္ခဏာ ကိရိယာနံ" ဟူသော ဝိနည်း ဋီကာပါဌ်၌လည်း မဏိဒိပကို ထောက်၍တုလျဋ္ဌကြံလို၏။

ဝါ, အဘိညာတာ-သိအပ်ကုန်၏၊ အဘိလက္ခိတာ-အမှတ်ပြုအပ်ကုန်၏၊ ( ဤသို့ပေးမှု ဘေဒဋ္ဌယူ ) ထိုတွင်လည်း အဘိညာတာကိုသာ လိုသည်၊ ဤစကားကို အဘယ်ကိုမြင်၍ဆိုသနည်းဟူမူကား 'ယဒိပန အဘိလက္ခိတာတိပဒံ ပေယျာလေန နိဒ္ဒိဋ္ဌံ ဝါ သိယာ အဘိညာတာတိ ဣမိနာ တုလျယောဂီ ဘာဝတော တဂ္ဂဟဏေန ဂဟိတံ ဝါ သိယာ၊ ဇဝံ သတိ လက္ခဏကရဏာဥ ဉာဏာဥာတိ အာဒိနာ ဒွေနွာကာတဗ္ဗော ယေဝ" ဟူသော မဏိဒိပ ပါဌ်ကိုမြင်၍ ဆိုသတည်း၊ အာစရိယဝါဒဖြစ်အံ့၊ မိန့်ခြောင်းကိုမြင်၍ ဆိုသတည်း။

ဝါ-ယာ တာ ရတ္တိယော-တို့သည်၊ အဘိညာတာ အဘိပါကဋာ-ထင်ရှားကုန်၏၊ အဘိလက္ခိတာ-မှတ်အပ်ကုန်၏၊လထကဝက် စသည်ဖြင့် အဋ္ဌမီ, စာတုဒ္ဒသီ, ပန္နရသီ ဟု ထင်ရှားသည်ဟု မှတ်အပ်သည်ဟူလို၊ ဤအနက်၌ ရှေးကား ကတ္တုသာဓန၊ နောက်ကား ကမ္မသာဓန၊ ဤစကားကို အဘယ်ကိုမြင်၍ သိသနည်းဟူမူကား "အဘိညာတာတိဧတ္ထ အဘိသဒ္ဒေါ ရတ္တိယာ အနုစန္ဒာဒိ ဘာဝတော အဋ္ဌမီ အာဒိ ဘာဝေန အဘိညာယန္တီတိ ဝိဂ္ဂဟေန ပညာတရတ္တိဘူတံ ကတ္တုသာဓနံ

ဝဒတိ''ဟူသော မဏ်ိဳပ ပါဌ်, 'အဘိလက္ခိတာတိ ဧတ္တ အဘိသဒ္ဒေါ ရတ္တိယာ အဘိစန္ဒာဒိ ဘာဝတော အဥ္စမိအာဒိဘာဝေန အဘိလက္ခိယန္တိတိ ဝိဂ္ဂဟေန အဘိလက္ခိတဗ္ဗ ရတ္တိဘူတံ ကမ္မသာဓနံ ဝဒတိ' ဟူသော မဏ်ိဳပ ပါဌ်တို့ကို မြင်၍ဆိုသတည်း။ အဘိညာတာ, အဘိလက္ခိတာ သဒ္ဒါသည် ရတ္တိဝါစကဖြစ်၍ ဒဗ္ဗဝိသေသက ဖြစ်ခဲ့၊ကြိယာ ဝိသေသန မဟုတ်ခဲ့၊ ထို့ကြောင့် အဘိသဒ္ဒါ၏ လက္ခဏာဋ္ဌ၌ "ဖြစ်၏" ဟူသောစကားသည် " ကြိယာ ဝိသေသကာ ဥပသဂ္ဂါ " ဟူသော ပရိဘာသာနှင့် ဆန့်ကျင်သော ဒေါသရောက်၏၊ ဤသို့ သူအပြစ်တင်ခြားအံ့၊ ရတ္တိဝါစကဖြစ်၍ ဒဗ္ဗဝိသေသက ဖြစ်သော အဘိသဒ္ဒါသည် ဝါစကအားဖြင့်ဒြဗ်ကို ဟောလျှင်းမှုလည်း လက္ခဏိကအားဖြင့် ဉာဏ လက္ခဏာ ကြိယာကိုလည်း ဟောပါ၏၊ ထို့ကြောင့်သင့်၏ဟုဖြေ၊ ဝါ- အဘိသဒ္ဒါသည် သာဓန ဟောသည့်တကား၊ ကြိယာဟော မဟုတ်တကား...... သူစောဒနာခြားအံ့၊ အဘိညာတာ ဟူသောပုဒ်၌ အဘိ သဒ္ဒါသည် " အဘိညာယတိတိ အဘိညာတာ " ဟူသော ကတ္တု သာဓနကို မုချအားဖြင့်ဟော၏၊ စင်စစ်ကား ထိုကတ္တုသာဓနကိုသာ ဟောသည် မဟုတ်၊ အဘိညာဏ ကြိယာနှင့် မကင်းကောင်းရကား ထိုကတ္တုသာဓန၏ တည်ရာဖြစ်သော အဘိညာဏ ကြိယာကိုလည်း ဥပစာအားဖြင့် ဟောပါသတည်းဟု ဖြေ၊ "အဘိလက္ခိတာ"ဟူသော ပုဒ်၌လည်း"အဘိသဒ္ဒါ"သည် "အဘိလက္ခိယန္တိတိ"ဟူသောဝိဂ္ဂဟာ ဖြင့် အဘိလက္ခိတဗ္ဗ ဖြစ်သော ညဉ့်ဟု ဆိုအပ်သော ကမ္မသာဓနကို မုချအားဖြင့် ဟော၏၊ စင်စစ်ကား ထိုကမ္မသာဓနကိုသာ မဟော၊ လက္ခဏာ ကြိယာနှင့် မကင်းကောင်းရကား လက္ခိတဗ္ဗဖြစ်သော ကမ္မ သာဓန၏ တည်ရာဖြစ်သော လက္ခဏာကြိယာကိုလည်း ဥပစာရ အား ဖြင့် ဟောပါသည်ဟု ဖြေ၊ ခဲရပ်၊ ဤမျှတည်းနှင့် နားမလည်မူ မဏ်ိဳပ ကိုလည်း လေ့ကျက်၊ သဒ္ဒဝုတ္တိကိုလည်း ဆင်ခြင်၊ ပူဇိတ,ပရိစ္စတ္တ နှစ် နက်၌လည်း ဤနည်းကိုမှီ၍ စောဒနာ,ပရိယာယ်ထုတ်။

အဘိဓမ္မေ-ရောယှက်ခြင်း ကင်းသော အဘိဓမ္မာ၌၊ ဓမ္မ၏အရကို သုတ် အဘိဓမ္မာကိုယူလိုမည်ထင်သည်၊ဆရာတို့မယူကြ၊အဘိဝိနယေ- ရောယှက်ခြင်းကင်းသော ဝိနည်း၌။

**အဓိပ္ပါယ်ကား**.....ပဋ္ဌာသတ္တိနည်းအားဖြင့် နိုးရာတွင် ထင်ရာဆိုလိုက်အံ့......၊ ရွှေ ငွေကို ခိုးလိုသော စိတ်ဖြင့် ယူအံ့၊ ဝဏ္ဏအလျောက်ပါရာဇိက, ထုလ္လစ္စည်း စသည်တို့တွင်.တပါးပါး, ဘဏ္ဍာဂိုးကို အရင်းပြုသဖြင့်ယူအံ့၊ပါစိတ်, မိမိဟို့ယူအံ့၊ နိဿဂ္ဂိပါစိတ်, လက်ဆော့၍ယူမိအံ့၊ အနာဒရိယဒုက္ကဋ်, ဤသို့စသည်ဖြင့် ဝိနည်း၌ မရောယှက်ခြင်းကိုသိအပ်၏၊အဘိဓမ္မာ၌ ၎င်းနည်းယူ။ အချို့သောဆရာတို့ကား "သုတ်လည်း ဝိနည်းနှင့်မရော, ဝိနည်းလည်း သုတ်နှင့်မရော" ဟု ဆိုကုန်၏၊ အချို့သော ယခုကာလ၌ ဖြစ်သော နောက်ဆရာတို့သည် "ဝိနည်းတရားနှင့်မရောသော ပရမတ္ထတရား, သုတ် အဘိဓမ္မာတို့နှင့် မရောသော ဝိနည်းတရား" ဟူပေကုန်၏၊ထိုဆရာတို့၏ဝါဒကိုကား 'ဝေဒနာဟောတိ' စသည်ဖြင့် ပရိတ္တိနွအရာ၌ ဆုံးဖြတ်လတ္တံ့သော အဋ္ဌကထာပါဌ်ကို ထောက်သော်၎င်း, သာရတ္ထဒီပနီ, မဏိဒီပစသော များစွာသောကျမ်းတို့ကိုထောက်သော်၎င်း, ရွှေဥမင်ဆရာတော်ဘုရား အစရှိသော ရှေးရှေးသောဆရာမြတ်တို့၏ ဝိနိစ္ဆယကို ထောက်သော်၎င်း ပယ်အပ်သည့်သာ ဖြစ်၏။

ကျမ်းတပါးတို့၌ သာဓကဆောင်ပြီ၊ဤကျမ်း၌ ဆောင်လေလောစုဒ်ရှိရကား ဋ္ဌေစသည်မိန့်သော်။ တေနေတမေတဿ စသည်ကို ရှေးနည်းဆို၊တေနဝုတ္တံမဏ္ဍာတိ အာဒိနာပဒေနစွဲ။ဂါထာလည်း ပဏ္ဍာဝတ္ထု၎င်းတည်း၊ ယံ ပနေတ္တ အဝိသိဋ္ဌံ၊တံ ကား ဂါထာမဟုတ်၊ စုဏ္ဏိယတည်း။

ဋ္ဌေ–ဤဝိနည်းအစရှိသော သုံးပါးသောသဒ္ဒါတို့၌၊ အဝိသိဋ္ဌ–မထူးသော၊ဝါ–တူသော၊ ဝါ–ဆက်ဆံသော၊ ယံ ပိဋ္ဌကံ ပိဋကသဒ္ဒံ–သည်၊ အတ္ထိ–ရှိ၏၊ဝါ,ယံ ပိဋကံ ပိဋကသဒ္ဒံ–သည်၊အဝိသိဋ္ဌံ–သည်၊ဟောတိ–၏၊တံ ပိဋကသဒ္ဒံ အာဟ–စပ်။

ပုလ္လိင်ဖြစ်သောမေ့အတ္တသဒ္ဒါသည် နပုလ္လိင်ဖြစ်ပါဘိသကဲ့သို့ သဒ္ဒသဒ္ဒါလည်း နပုလ္လိင်ဖြစ်ပါ၏ ဟူလို။ ကေဗိတို့ကား ဋီကာ၌ "ပိဋကသဒ္ဒံ" ဟူသည်ကို နိစ္စပုလ္လိင်ဟု ရှုလုံးသွင်း၍ 'တံ' နှင့်သာ ယှဉ်ကုန်သည်ဟူ၏၊မဏိဒီပအလို။သုတ်သီလက္ခန်ဋီကာ, ပါရာဇိကဏ်ဋီကာ၌ကား ဒုတိယန္တ ကြံ၏။မိနေ္တာ၁င်းလည်း နောက်ကိုငဲ့၍ ပိဋကသဒ္ဒံ ဆိုသည်ဟူ

၏၊ ရွှေဥမင်ဆရာတော်ဘုရားကား......ဧတ္ထ ဧတေသု ဝိနယာဒီသု စတူသု သဒ္ဒေသု-တို့တွင်။ ယံ ပိဋကဝစနံ အဝိသိဋ္ဌံ အဘေဒံ၊ တံ ပိဋကဝစနံ ဟုစွဲတော်မူ၏၊ အယူတော်မျှသာ ဖြစ်သည်၊ ဝစနသဒ္ဒါဖြင့် မူလဋီကာ, ပါရာဇိကကဏ်ဋီကာ စသောအဖွင့်ကျမ်းတို့၌မရှိ၊ မရှိသော်လည်း ဆရာ ဝိသေသဖြစ်ရကား အာစရိယဝါဒအဖြစ်ဖြင့် မှတ်အပ်ယူအပ်၏၊ အချို့သောသူတို့ကား ထိုထိုသို့သောကျမ်းဆရာ ရွှေဥမင်ဆရာတော်ဘုရား စသော ရှေးဆရာတို့၏ဝါဒ ဝိနိစ္ဆယသို့မလိုက်မူ၍ 'ယံ ပိဋကဂဟဏံ' ဟူ၍ပင် စွဲပြန်ကုန်၏၊ ပိဋကံစသည်ကား ဂါထာတည်း။ "ပိဋကံ ပိဋကတ္ထဝိဒူ, ပရိယတ္တိဗ္ဘာဇနတော အာဟု" ကား အရိယာ ပုဗ္ဗဍ္ဎ၊ 'တေန သမောဓာနေတွာ, တယောပိ ဝိနယာဒယော' ကား အရိယာ အပရဍ္ဎ၊ ပိဋကသဒ္ဒါကို အနိပ္ဖန္နပါဋိပဒိကဟူ၍ ရှေးဆရာတို့ မိန့်ကုန်၏၊ နိရုတ္တိမဉ္ဇူသာ၌လည်း 'ပိဋကသဒ္ဒေါ အနိပ္ဖန္နပါဋိပဒိကော' ဟူ၍မိန့်၏။ ထို့ကြောင့် ဤပရိယတ္တိဗ္ဘာဇနတော ဟူသော အနက်ကို ရည်၍ ဝိဂြိုဟ်မပြုအပ်။ ယခုကာလ၌ဖြစ်သော အချို့သောသူတို့ကား ထိုထိုသို့သော ပုဗ္ဗာစရိယဝါဒ, ဂဏ္ဌာစရိယဝါဒသို့မလိုက်မူ၍ ပရိယတ္တိဗ္ဘာဇန ဟူသောအနက်ကို ထင်အောင်ဖွင့်၍ ဝစနတ္ထကိုဆိုကုန်၏။ ငါတို့ကား ဆရာမြတ်တို့မှရသောနည်း လဒ္ဓေါပဒေသအလျောက် ဤကဲ့သို့သော အဋ္ဌကထာ, ဋီကာတို့၌ လာသော များစွာသောအဖွင့်တို့ကို များစွာသောအားဖြင့် အနိပ္ဖန္နပါဋိပဒိကဟူ၍သာ ထင်မိချေသည်။ ဝစနတ္ထကို လိုမူကား ဤအနက်မှတပါး 'ပိဋကသံဃာတော' ဟူသော သဒ္ဒနီတိ, အဘိဓာန်ဋီကာ စသောကျမ်းတို့နှင့်အညီ "ကိလေသေ ပိဋ္ဌေတိ ဧတ္ထာတိ ပိဋကံ" ဟူ၍သာ ပြုလိုသည်၊ ဤသို့သော အစွမ်းအလျောက် ထင်ပချေသည်၊ ယခင်နှစ်ပါးကိုရည်၍ မိန့်သော ဓာတွတ္ထ ဝစနတ္ထစသည်ကို ကျမ်းမတွေ့ဘူးပချေ။

ယထာဝုတ္တေနေဝ နယေနကား သမာသ်တွဲခြင်း, ပရိယတ္တိဟူသော အနက်, ဘာဇနံဟူသောအနက်ကိုယူ၊ ထိုတွင် သမာသ်တွဲခြင်းကိုယူမှု ဧဝမေတေ တယောပိ ဝိနယာဒယော၌သွား၊ ပရိယတ္တိဗ္ဘာဇနကိုယူမှု ပိဋက၌သွား၊ မူလဋီကာ, သီလက္ခန်ဋီကာ, ပါရာဇိကကဏ်ဋီကာတို့၌ကား "ယထာ ဝုတ္တေနာတိ ဧဝံ ဒုဝိဓေနာတိ အာဒိနာ ဝုတ္တပ္ပကာရေန" စသည်ဖြင့်၎င်း, "ဧဝံ ဒုဝိဓတ္ထေနာတိ အာဒိနာ နယေန" စသည်ဖြင့်

ရင်း မိန့်ခြင်းကြောင့် နှစ်ပါးစုံသောသွားခြင်းကို ကြိုက်တော်မူကုန်၏ ဟု သိရ၏။ မဏိဒီပဆရာမြတ်ကား......

> ပရိယတ္တိဘာဝေါ ဘာဇနဘာဝေါစာတိ ရူမေယေဝ ဒွေ အတ္ထာ ယထာဝုတ္တေနဝ နယေနာတိ ရူမိနာ နိဒ္ဒိဋ္ဌာ၊ တသ္မာ ယထာဝုတ္တေနဝ နယေနာတိ ရူမသာ ပိဋကတ္တိ ရူမိနာဝ သမ္ဗန္ဓော ကာတဗ္ဗော၊ တံ နော တက္ကော။

ဟု မိန့်ခြင်းကြောင့် ပိဋကဥ္စ သွားခြင်းကိုသာ ကြိုက်တော်မူကုန်၏ ဟု သိရ၏၊ ကမ္မဝါရယ်တို့သဘောကား လိုင်သည့် ရှေ့ပုဒ်သို့လိုက်မြဖြစ်ရကား 'အဘိဓမ္မာစ သော ပိဋကဥ္စ' မိန့်သော်၊ ဥ တွာစကို ကောသလ္လဥ္စပ်၊ တေသုယေဝ ပိဋကေသု - တို့၌လျှင်၊ ကောသလ္လဥ္စရင်း စပ်။

နာနာပကာရ ကောသလ္လတ္ထံ-၌၊ (ပရိဒီပယေ ဝိဘာဝယေ၌စပ်) ဒေသနာ သာသနာကထာ ဘေဒံ တေသု စသော နှစ်ဂါထာကား...... ပဏ္ဍာဝတ္တ ဂါထာချည်းတည်း၊ ရှေးဂါထာကား အနက်လွယ်၏၊ ယံဒွန္ဒ တော ပရံ သုယျတိ၊ တံ ပစ္စေက မဘိ သမ္ဗန္ဓတေ ဟူရကား ဘေဒ သဒ္ဒါကို သုံးပုဒ်၌ယှဉ်။

ဤသို့ပေးမှု 'ရမာယ အဂ္ဂိ ဉယတိ' စသည်၌ကဲ့သို့ ဉပကပ်ဝိတ် ဟု မှတ်အပ်၏ 'ကရဏ စိတ္တတာယ'ဟူလိုလျက် ရှေ့နောက်ပြန်သော

အားဖြင့် 'စိတ္တကရဏတာယ' ထားသည် ဟူ၍လည်း မှတ်သင့်၏၊ ဤ အကြောင်းကို သိလိုမှုကား မဏိမဉ္ဇူကြည့်၊ အချို့ကား ''အမှုအရာ ဆန်းကြယ်သည်၏ အဖြစ်ကြောင့်''ဟု ပေးကုန်၏။

စိတ္တာနံ ဝိဝိတြာနံ-ဆန်းကြယ်ခြင်းတို့၏၊ အချို့ကား ''ဆန်းကြယ် သော ဗိတ်တို့၏''ဟုကုန်၏၊မသင့်၊ဤ၌ ဗိတ္တကား ဗိညာဏ်ကို မဟော၊ ထို့ကြောင့် ဋီကာ၌ 'စိတ္တာနံ ပနာတိ ဝိဗိတြာနံဟိ အတ္ထော'ဟူ၍ရင်း, မရသာရဏ္ဍဒီပနီ၌ 'ဝိဗိတြာနံ န ဝိညာဏံ' ဟူ၍ရင်း မိန့်သတည်း။

စရဏံနာမ-စရဏမည်သော၊ စိတ္တံ-ပန်းချီသည်၊(ဆရာတို့ အနက်)ငါတို့ကျေးဇူးရှင်ကား၊'စရဏံနာမ-ပြပုံအမည်ရှိသော၊ စိတ္တံ-သည်' ဟု ပေးတော်မူ၍ သွားလေရာရာဆောင်အပ်သော အရုပ်တို့ဖြင့် ဆန်းကြယ်သော ပြပုံမည်သော ပန်းချီကို ဆိုလို သည်ဟု မိန့်တော်မူ၏။

''စရဏံ နာမ ဂဟေတွာ စရိတဗ္ဗစိတ္တပဋော''ဟူသော ဋီကာနှင့် ညီးပစ္စ,သင့်မြတ်ပေစ္စ။

ယခုကာလ၌ ဖြစ်သော အချို့သောသူတို့ကား မိန္တောင်းစသော အာစရိယ ဝိနိစ္ဆယကိုရင်း, ဋီကာ, ဂဏ္ဌိ, ယောဇနာ စသော သံဝဏ္ဏ နာ အစောင်စောင်ကိုသော်ရင်း မမျှော်ထောက်မူ၍ ကျမ်းကို ဖွပ်စွဲဘိ သကဲ့သို့ ဟုတ်ဟုဘ်ပြောပြော-

တသ္မိံပိ-ထိုပန်းချီ၌လည်း၊ စရဏံ-ကျင်လည် တတ်သော၊ စိတ္တံ-သည်၊ အတိဗိတ္တမေဝ-သည်သာလျှင်၊ ဟောတိ-၏၊ ဟု သမ္ဗန်ကုန်၏ မသင့်နေတည်း။

ရူပါနိ ဗိမ္ဗာနိ-အရုပ်တို့ကို၊လေခါဂဟဏ-အရေးငင်ခြင်း၊ (သားခြင်း သော်လည်းဟူ၊) ရဉ္ဇန-ဆိုးခြင်း၊ ဥဇ္ဇောတန-ပွတ် ခြင်း၊ ဝဏ္ဏနာဒိ-လုံးခြင်း စသော(ရွဲလုံးငယ်စသောသော်လည်း ဟူ၊ ပုဒ်နက်ကြားလိုက်သည်)

ဝိဗိတ္တံ-ဆန်းကြယ်သော၊ သိပ္ပဇာတံ-အတတ်သည်။

ဝေါဟာရာဒိ၌ အာဒိကား နောက်၌ လာလတ္တံ့ လိင်စသည်ကို ကြမ္မာပြုလျက် 'တံပိ ဝိဗ္ဗကတမေဝ'ဟူသည်ကား စိတ္တပဗ္ဗာနကို ရည်

(ပိဋကတ်စာတော်

သည်၊ ထို့ကြောင့် ဋီကာ၌ 'ဝိတ္တကတမေဝါတိ ဝိတ္တသ မူလကာရကတံ သန္တာယ'ဟု မိန့်သည်။

ထိုကို ချဲ့လိုရကား '' ကာယကမ္မာဒိဘေဒံ ''စသည် မိန့်၊ ကုသိုလ် အကုသိုလ်ကံကို ရည်၍ ကမ္မနာနတ္တ ဟူသည်၊ လိင် နာနတ္တ၌ လိင် ဟူသည်ကား သဏ္ဌာန်တည်း။

ဥစ္စ နီစတာ-ကုလ ဘောဂ ဣဿရိယ စသည်တို့ဖြင့် မြင့်သော အဖြစ်, နိမ့်သော အဖြစ်သည်ရင်း (ဟီနပဏီတ လည်း ဤနည်း ပေး) သုဂတ ဒုဂ္ဂတတာ-ကြွယ်ဝသော အဖြစ်, ဆင်းရဲသော အဖြစ်သည် ၎င်း၊ ဝါ ဥစ္စနီစ၌ ကုလ, ဟီန ပဏီတ၌ ဣဿရိယ,သုဂတ ဒုဂ္ဂတ၌ ဘောဂ အစဉ်အတိုင်းဟာပ်။

ကမ္မတောစ-ကြောင့်ရင်း၊ လိင်္ဂတောစ-ကြောင့်ရင်း၊ ဤသို့ ပဒိတ် အဆက်ဆက်ယူမှု လိင်္ဂသညာကို တပ္ပရိယ်ကြံ၍ 'လိင်္ဂသညာ-လိင် သညာတို့သည်၊ (သာမန်) လိင်ကြောင့် ဖြစ်သော သညာတို့သည်၊ (ဝိသေသ)' ဤသို့ပေးနာနာပဒိတ်ကြံမှု ကမ္မတောနှင့်လိင်,လိင်္ဂတော နှင့် သညာကို အစဉ်အတိုင်းဟာပ်၊ ဤပဋမဂါထာဖြင့် အတိတ် ပစ္စုပ္ပန် ၏အစွမ်းဖြင့်ဖြစ်သောကာလနှစ်ပါး၌ ဆန်းကြယ်ခြင်းကိုပြုတတ်သော ဝိတ်ကိုပြသည်။

> ကမ္မုနာ-ကြောင့်၊ လောကော-သတ္တလောကသည်၊ ဝတ္တတိ-၏၊ကမ္မုနာ-ကြောင့်၊ပဇာ-သည်၊ဝတ္တတိ-၏။

နောက်ပါဒသည် ရှေးပါဒ၏အဖွင့်၊ထို့ကြောင့် ဋီကာ၌ 'လောကော တိ ပဇာတတ္ထာ ပဇာတိ ပုရိမပါဒဿ ဝိဝရဏံ ပစ္ဆိမပါဒေါ ဒဋ္ဌဗ္ဗော' ဟု မိန့်သတည်း၊ထိုကို မမြော်ထောက်မူ၍ အချို့ကား ရှေးဖြင့်သင်္ခါရ လောက,နောက်ဖြင့် သတ္တလောကကို ပြသည်ဟူ၏။

> ယာယတော-သော၊ရထဿ-ကို၊ အာဏိ-နပန်းစွန်းသည်၊ (စက်ဖွဲ့သည်သော်လည်းဟူ)နိဗန္ဓနံဣဝ-ကဲ့သို့၊ သတ္တာ-တို့ကို၊ ကမ္မနိဗန္ဓနာ-ကံလျှင်ဖွဲ့အပ်ကုန်၏။
>
> ယထာ ရထဿ အာဏိ နိဗန္ဓနံ၊ဧဝံ သတ္တလောက ရထဿ ကမ္မနိ ဗန္ဓနန္တိ ဥပမာသံသန္ဒနံ ဝေဒိတဗ္ဗံ။(ဋီကာ)

ပြန်ဖွားရေးမှ)

ယထာ ရထစက္ကံ အရာဒိနာ အင်္ဂပရိဝါရေန ဓိနော (?) ဂစ္ဆတော ရထဿ ဥပနိဗန္ဓနံ နပဂ္ဂိယာတိ၊ ဧဝံ သံသာရေ ကမ္မနိဗန္ဓာ သတ္တာ ပရိဝတ္တန္တိ။ (ဂဏ္ဌိ)

ဓာနိ-ရှုံးခြင်း၊ဝဓ-ညှဉ်းဆဲခြင်း၊ ဗန္ဓ-နှောင်ဖွဲ့ခြင်း၊ မာတာဝါ သတ္တာ-တို့သည်၊ဝါ,သတ္တာ-ကုန်သော၊မာတာဝါ-တို့သည်။

မာတာဝါကို သတ္တာဖွင့်သည်၊ထိုဖြင့် စောရ ဇေရုဏာအဖြူကိုစဉ်စေသည်၊သိလက္ခန်အဋ္ဌကထာကိုထောက်၍ နေတော်ကြာ။ မာတာဝတည်း ရှိမှ အာလုပ်တည်း၊ သုဘသုတ်ကို ရည်သည်ဟု မှတ်၊ ဆရာတို့လည်း မာတာဝါမလို,မာတာဝဟု အာလုပ်ကို လိုသည်ဟူ၏၊သင့် မသင့်ကိုကြံ။

ကမ္မဒါယာဒါ-ကံ၏အမွေခံဖြစ်ကုန်၏၊ ကမ္မယောနိ-ကံသာလျှင် အကြောင်းရှိကုန်၏။

ငိုကာ၌ ယောနိကို နိမိတ္တံဖွင့်သည်၊အချို့ကား ဟီနပဏီတတာယ၌ မန္တိမ ကျေသည်ဟူ၏၊ဤကျမ်း၌ပင် အင်္ဂစတ္တာလီသ ဂေါတ္တစသည်ကို ဆိုလတ္တံ့သောကြောင့် သင့်မည် မထင်မိ။

အနုံ ဘုတွာ ပဂတသဉ္ဂါတံ – ခံစားပြီး၍ ကင်းသည်ဟုဆိုအပ်သော၊ကုသလာ ကုသလံ-သည်၊ဘုတွာ ပဂတုပ္ပန္နံနာမ-မည်၏။

**အနိပ္ပါယ်ကား**-တခုသောဝတ္ထု၌ပင် အကုသိုလ်သည် ရဇ္ဇနစသည့်ဖြင့်,ကုသိုလ်သည် အရဇ္ဇန အလောဘစသည်ဖြင့် အာရုံ၏အရသာကို ခံစားတတ်ရကား ဘုတွာပဂတုပ္ပန္နမည်၏၊ဝိပါက်သည် ခံစားစေကာမှ ကမ္မဝေဂက္ခိတ္တဖြစ်ရကား ဘုတွာပဂတမမည်၊အဟိတ်ကြိယာသည် ဟိတ်မရှိခြင်းကြောင့် အတိဒုဗ္ဗလဖြစ်ရကား ဘုတွာပဂတမမည်၊ သဟိတ်ကြိယာသည် ရဟန္တာတို့အားသာဖြစ်၍ ဆဠင်္ဂုပေက္ခာဟု ဆိုအပ်သော အာရုံ၌ခြောက်ပါး၌ လျစ်လျူရှုတတ်ရကား ဘုတွာပဂတ မမည်ဟူလို၊ (ဤကား ရှေးနည်း၏အဓိပ္ပါယ်)

နည်းတပါးကိုပြလိုရကား 'ဥပါဒါဒိတ္တယံ'စသည်မိန့်။

ဥပါဒါဒိတ္တယံ-သို့၊အနုပတွာ-၍၊နိရုဒ္ဓံ-သော၊ ဘုတွာပဂတ သဉ္ဂါတံ-ဖြစ်ပြီး၍ ကင်းသည်ဟုဆိုအပ်သော၊ကုသလာ ကုသလဉ္စ-သည်ရင်း၊ (စသဒ္ဒါဖြင့်ငင်) သေသသဉ္ဂါတဉ္စ-ကုသိုလ်

အကုသိုလ်မှ ကြွင်းသော သင်္ခတ တရားသည်ရင်း၊ ဘုတ္တာဝိပဂတုပ္ပန္နံ နာမ-၏။

ဤနောက်နည်းအလိုကား သင်္ခတဟူသမျှ ကုန်၏၊ နိဗ္ဗာန်သာကြွင်း၏၊ ဘုတ္တာပဂတုပ္ပန္နံ,ဘူတာပဂတုပ္ပန္နံ သင့်သည်ချည်း။

> ဝိဇ္ဇံ-သော၊ကမ္မံ-သည်။ပ။ ဩတစ္စာ-ကြောင့်၊ ဩကာသ ကတုပ္ပန္နံနာမ-၏။

ဤပါဌ်ဖြင့် အတိတ်ကံကို ဩကာသကတုပ္ပန္နဟူသည်။

> တထာကတောကာသံ-သော၊ ဝိပါကဇ္ဇ - သည်လည်း။ပ။ ဩကာသကတုပ္ပန္နံနာမ-၏။ ·

ဤပါဌ်ဖြင့် ဝိပါက်ကို အနာဂတ် ဖြစ်သော်လည်း ဩကာသက တုပ္ပန္န ဟူသည်၊ ထိုတွင် အတိတ်ကို "ဥပ္ပန္နတ္တာတိ ဥပ္ပန္နံ" ပြု၊ ဂဏ္ဍီရ စေ၊ ဝိပါကကို "ဥပ္ပန္နံသတ္တိ ဥပ္ပန္နံ"ပြု။

> တာသု တာသု ဘူမိသု - ထိုထိုသို့သော အတ္တဘောဟု ဆို အပ်သော ဥပါဒါနက္ခန္ဓာတို့၌(အတ္တဘောတို့၌ သော်လည်းဟူ) အ သမူဟတံ-မနှုတ်အပ်သော (မသတ်အပ်သော သော်လည်း ဟူ)

မသတ်အပ် မခွါအပ်သောကြောင့် ဥပ္ပန္နဟူသည်၊ "ဘူမိလဒ္ဓံယေန တံ ဘူမိလဒ္ဓံ" (ယောဇနာ အလို) ဋီကာအလို "အဂျာပဠိတော" စသော ပြယုဂ်တို့ကဲ့သို့ "လဒ္ဓါ ဘူမိ အသာတိ ဘူမိလဒ္ဓံ" ဟူလို၏။ "လဒ္ဓံ ဘူမိ ယေနာတိ ဘူမိလဒ္ဓံ" သော်လည်း ဟူ၏၊ ဩကာသ က တုပ္ပန္န၌လည်း ဤနည်းပင်၊ဝိပဿနာယ အာရမ္မဏဘူတာကား သဒိသ ဖြစ်၍ ဆိုပါသည်။

အချို့သော သူတို့ကား ဤပါဌ်ကို ထောက်၍ "ဘာဝနာ အာရမ္မဏ ကရဏဝသေန ဝိပဿနာ ဉာဏာနိတိ ဘူမိ"ဟု ဝစနတ္ထ ပြုကုန်၏၊ မသင့်၊ ငါတို့ဆရာ ကျေးဇူးရှင်ကား ယခင်ပါဌ်ကို နေယျတ္ထဟု ယူ တော်မူ၍ 'ကိလေသ ဇာတံ ဘာဝတိ ဠေတိ ဘူမိ" ပြုလိုသည်ဟူ၏၊ ကိလေသာနံ ဥပ္ပတ္တိ ဝတ္ထုဘာဝ ဘူမိတိ ဝုစ္စတိ"ဟူသော ဂဏ္ဌိပါဌ် နှင့်ညီလှစွ၊ သင့်မြတ်စွ။

အဘိဓေယျတ္ထကို ဆိုပြီး၊ ဝစနတ္ထကို မဆိုပြီလော ဗုဒ္ဓိရှိရကား တတြာယံ ဝစနတ္ထော စသည်မိန့်။

ဥပ္ပန္နေ။ပ။အတ္တ ရစာပေဘိဒ္ဒ အာနာပါနသတိ ကတ္တားလာ၊ပုဂ္ဂလာ မိဋ္ဌာန် ဖြစ်မှု ကရိုဏ်းလာ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးပါး မစုံ သော်လည်း ဖြစ်ဆဲသော ခဏောကဒေသကိုပင် ခဏတ္တယဟူသည်၊

စိတ္တံ ဥပ္ပန္နံ ဟောတီတိ ဇော ဝစနံ-ဤစကားသည်၊ ဒေသနာ သီသ မေဝ-ဒေသနာ၌ပဓာနဖြစ်သော စကားမျှသည်သာလျှင်၊ ဟောတိ-၏။

ဒေသနာယ ပဋ္ဌာနေန ဂဟိတော အတ္တော သီသန္တိ ဝုစ္စတိ (ဋီကာ)

ဤဋီကာ၌ အတ္ထဟူသည်ကား သဒ္ဒါကိုပင် အတ္ထနက္ခါရအားဖြင့် အတ္ထ ဟူပါသည်၊ထို့ကြောင့် မရသာရတ္ထဒီပနီ၌ ရှုဒ်အတ္ထနက္ခါရဝသေန ဝုတ္တံ မိန့်သည်။

လောကိယဓမ္မံ-ဒေသေတဗ္ဗဖြစ်သော လောကီဓမ္မသို့၊ပတွာ-၍၊ဒေသနာယံ-၌၊(ပါဠိသော်သ) ဝိတ္တံ-သည်၊ ဇေဋ္ဌကံ။ပ။ဟော တိ-၏၊ ဝါ, လောကိယဓမ္မံ - လောကီတရားသို့၊ (လောကီ စိတ္တုပ္ပါဒ်သို့ သော်လည်း ဟူ)ပတွာ-၍၊ လောကိယစိတ္တုပ္ပါဒေ သု-တို့၌၊(ပါဠိသော်သ) ဝိတ္တံ-သည်။ပ။ဟောတိ-၏၊ (ဋီကာ,အနု နှင့်အညီ အပြည့်အစုံသမ္ဗန်လိုက်သည်)

ဘိက္ခဝေ-တို့၊ ယေကေစိ - ကုန်သော၊ အကုသလာ-ကုန် သော၊ဓမ္မာ-စိဟ်သည် ကြည်အပ်သောတရားတို့သည်ဝင်း၊အကု သလ ဘာဂိယာ-အကုသိုလ်၏အဘို့၌တည်ကုန်သော၊(ကေန္တ အကုသိုလ် ဖြစ်ကုန်သော သော်လည်းဟူ) ဓမ္မာ-ရာဂစသော စုဒ္ဒသဓမ္မ တို့သည်ဝင်း၊ အကုသလပက္ခိကာ - အကုသိုလ်၏ အသင်းအပင်း ဖြစ်ကုန်သော၊ ဓမ္မာ-ဖဿ စသော တရားတို့ သည်ဝင်း၊သဗ္ဗေ-ကုန်၏၊သဗ္ဗေ-ကုန်သော၊တေ ဓမ္မာ-တို့သည်၊ မနောပုဗ္ဗင်္ဂမာ-ကုန်၏။(သမ္ဗန်)

ယခုကာလ၌ဖြစ်သော အချို့သောသူတို့ကား အကုသလာ စသည် ကို ဝိသေသနသာ ဟု မိစ္ဆာဉာဏ်ဖြစ်၍ ဓမ္မာသို့ချည်း သွားကုန်၏၊

မသင့်၊ အတ္တုနောမတိမျှသာ ဖြစ်သည်၊ သဟဇာတ် ဖြစ်လျှင်းမှုလည်း အဓိပတိပစ္စယအားဖြင့် ပစ္စယံ ဥပ္ပန္နတိလည်းဟူ, မနောပုဗ္ဗင်္ဂမာလည်း ဟူပါသည်၊ ဋီကာ၌ကား ' အနန္တရပစ္စယမန်ဝါ သန္တာယ မနောပုဗ္ဗင်္ဂမ တာ ဝုတ္တာ'' ဟု မိန့်၏၊ထိုကို ဤ၌မလိုဟု ဆရာတို့မိန့်၏။

ဝိနေတ္တနနိယျာတိကား အဘိသင်္ခါရဝိညာဏ်ကို ရည်သည်၊ ဝါ- တဏှာသမ္ပယုတ် ဝိညာဏ်ကို ရည်သည်၊ ပဘဿရံကား သဘာဝ ပဏ္ဍရကိုရည်သည်၊သဒ္ဒါစသည်တို့ဖြင့် ပဏ္ဍရကိုမရည်၊အရကျိုးတွေ့ သတိယာ ကတ္တားလာ၊ကရိုဏ်းသော်လည်းလာ။

ဗျာပန္နေ-ရာဂ စသည်တို့ဖြင့် နှောင့်ယှက်သည် ရှိသော်။
(အဝသုတေ စသည်တို့၌လည်း ဤနည်းသမ္ဗန်)

သဗ္ဗာနိပိ ဂေဟိတာနိ၌ သဗ္ဗာနိ၏အရကား ယေကေစိ။ပ။ဥပ္ပန္နတိ တသုတ်, မနောပုဗ္ဗင်္ဂမာဓမ္မာ။ပ။အနုပါယိနီတသုတ်, ဝိနေတ္တနနိယျာတိ လောကော။ ပ ။ မန္တဂူ တသုတ်, ဝိတ္တသံကိလေသာ။ပ။ ဥပက္ကိလိဋ္ဌ တသုတ်,ဝိတ္တေဂဟပတိ။ပ။ပေတတိတသုတ် ဤသုတ်တို့ကိုယူ၊ ပဋ္ဌုတ္တ ရာ သဗ္ဗကုသလာဓမ္မာ နပရိဟာယန္တိတသုတ်,ပညာ ပန ကိမင်္ဂယာ တသုတ်,ပည်ဝတော စသည်တသုတ်။

ကိမင်္ဂယာ၏ ဝိသဇ္ဇနာကား အဘိညတ္တာ,ပရိညတ္တာ,ပဟာနတ္တာ တည်း၊ အချို့ကား ပည်ဝတော စသည်ကို ဝိသဇ္ဇနာဟု ထင်ကုန်၏၊ တဒနုယာ ပညာနုရူပ၊ (ဂဏ္ဌိ)

သာတ မဓုရ ဝေဒယိတ သင်္ခါတေန-သာတမဓုရဝေဒယိတ ဟု ဆိုအပ်သော၊(သာယာအပ်, ကောင်းမြတ် ခံစားအပ်သည် ဟု ဆိုအပ်သော)

သာတကို သဘာဝအားဖြင့်ဆိုသည်၊ မဓုရကို သဒိသူပစာအားဖြင့် ဆိုသည်၊ထိုစကားသည် မှန်လှစွ၊ မဓုရကား ရသဝိသေသကို ဟော သတည်း၊ကေစိတို့ကား ရူပကဟူ၏။

ပုန္နတ္တံ အနာဂတံ ဘဝံ ကရောတိတိ ပေါနောဗ္ဘဝိကာ။
(ပေါနဗ္ဘဝိကာလည်း ပါဌ်ရှိ၏)

တတြတတြ အာရမ္မဏေ ဘဝေ ဝါ အဘိနန္ဒတိတိ နန္ဒီ၊ နန္ဒီ ဝေ ရာဂေါ နန္ဒီရာဂေါ၊ နန္ဒီရာဂဘူတာ နန္ဒီရာဂသဟဂတာ။

(သဟဂတာကား အနက်မရှိ၊ ဇောတကမျှသာ၊တည်တွာသော်လည်းဟူ)

အဋ္ဌိကသညာ သဟဂတံ-အဋ္ဌိကသညာသာလျှင် အမှီရှိသော၊ (အခြေရှိသော်လည်းဟူ) "နိဿယေတိ ပါဒကေ" (ဋီကာ)သံသဋ္ဌာ-အရွယ်အဆင်းလျှင်ခြင်းတူကုန်သော၊ (ဆရာတို့ကား 'လေ၏ လျင်ခြင်းနှင့်တူသော လျင်ခြင်းရှိကုန်သော' ဟူကုန်၏၊)

ဟယတိ သီဃံ ဂစ္ဆတိတိ ဟယော။
သဟဂတေ-သမ္ပယုတ်သဟဇာတ်၌။

န သဟဇာတမတွေလှန်၊ ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်၌ သံသဋ္ဌသမ္ပယုတ္တကို ကေဿအားဖြင့် ဟောတော်မူပါသည်၊ ရူဓာပိ ရူမသ္မိ ပဒေ ၌၊ ဥက္ကဋ္ဌနိဒ္ဒေသော အတိသယနိဒ္ဒေသောတည်း၊ အသင်္ဂါရိကံ ဟောင်ထွံဟု အဋ္ဌကထာဆရာမိန့်၏။

ပါဠိတော်၌ပင် လာလေသလော စုဒ်ရှိရကား အသင်္ဂါရိက ဘာဝေါ ပန စသည်တက်။

အသင်္ခါရိကဘာဝေါပန-ကိုကား၊ပါဠိယံ-၌၊(ထည့်)အနာဘဋ္ဌတာယေဝ ဘာသိတုံ အယုတ္တတာဒိဝ-ကြောင့်လျှင်၊ ဝါ, အဘာသိတေပိ ဝိညာယမာနတ္တာဝေ-ကြောင့်လျှင်၊ တတ္ထ တသ္မိံ ပဋ္ဌမစိတ္တနိဒ္ဒေသေ-၌၊ဘဂဝတာ-သည်၊နဂဟိတော-ယူတော်မမူ၊ (သဂြိုဟ်တော်မမူသော်လည်းဟူ)

ဤကား 'အမိဋ္ဌါယော ပန ပါဠိယံ အဘာသိတတ္တာ ဝေ တတ္ထ ဒေသေတဗ္ဗဘာဝေန နဂဟိတော နသင်္ဂဟိတော နတဿဏ္ဍသ အဘာဝါတိ'ဟူသော ဋီကာပါဌ်နှင့် အညီတည်း။

ဝါ,ပါဠိယံ-၌၊ အနာဘဋ္ဌတာယေဝ – ဘုရားမဟောသောကြောင့်သာလျှင်၊ အဋ္ဌကထာယံ-၌၊ န ဂဟိတော-သံဂါယနာဆရာတို့ မယူအပ်၊(မမိန့်အပ်သော်လည်းဟူ) ဤကား 'အထဝါ ပါဠိယံ အနာဘဋ္ဌတာယ ဝေ အဋ္ဌကထာယံ န ဂဟိတော န တဿဏ္ဍာ ဝဏ္ဍာ'ဟူသော ဋီကာပါဌ်နှင့်အညီတည်း၊ ဤသို့

(မိဋ္ဌကတ်ဇော်

အပြည့်အစုံသမ္ဗန်မှ သိသာမည်၊ အချို့ကား ''အနာဘဋ္ဌတာ ယေဝ-ပါဠိတော်၌ မလာသောကြောင့်လျှင်'' ဟူကုန်၏။

နိယမေတွာ၏ ကံကို 'ဋ္ဌမဿ စိတ္တဿ အသင်္ခါရိကဘာဝံ' ထည့်၊ ဋီကာ,ဂဏ္ဌိအလို၊ဆရာတို့ကား 'ပရစိတ္တဿ သသင်္ခါရိကဘာဝံ' ဟူ၍လည်း ထည့်ကုန်၏၊ မနောဝိညာဏ်နှင့် မဆန့်ကျင်အောင် မနောဒွါရကို ဝတ္ထုဟု ယူ၊ ဝါ-မနောဒွါရ၏ မှီရာဖြစ်သော ဟဒယဝတ္ထုကိုလည်း 'ကုန္တာ ပစရန္တိ' စသည်ကဲ့သို့ ဝတ္ထုဟူပါသည်။

သရသဘာဝေန-မိမိ၏ကိစ္စအဖြစ်ဖြင့်။

ဤ၌ ရသကား ကိစ္စကိုဟောသည်၊အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ခြင်းသည်ပင် အဝိဇ္ဇာ၏ ကိစ္စဟူလို။

ဝါ,သရသဘာဝေန-မိမိတို့၏သဘောဖြင့်။

အဝိဇ္ဇာ၏သဘော သင်္ခါရ၏သဘောကို ယူ၊ ဤကား ဋီကာအလို၊ ဂဏ္ဌိ၌ကား 'သရသဘာဝေန ပစ္စယဘာဝေန' ဟူ၏၊သရသဘာဝေန ဟူ၍လည်း ပါဌ်ရှိ၏၊ ယခင်ဋီကာ နောက်အနက်ပင်၊ ဧကသမုဋ္ဌာနာ စသည်၌ ဧကသမုဋ္ဌာန်ကား ကမ္မဇရုပ်ဝိညတ်တည်း၊ ဒွိသမုဋ္ဌာန်ကား ဤ၌ မလို၊ပဉ္စာရုံ၌ ဝင်သတည်း၊ တိသမုဋ္ဌာန်ကား လဟုတာဒိတ္တယတည်း၊ စတုသမုဋ္ဌာန်ကား အာပေါ,ဩဇာ, အာကာသတည်း၊ နကုတောစိ သမုဋ္ဌာန်ကား ဇရတာ,အနိစ္စတာတည်း၊အတီတာနာဂတ ပစ္စုပ္ပန္နာကား ရုပ်၌သာတည်း၊ နဝတ္တဗ္ဗာကား ပညတ်နိဗ္ဗာန် တည်း၊ ဝုတ္တာဝသေသကား စိတ် စေတသိက်တည်း။

ဤကား 'ဧကသမုဋ္ဌာနာ စက္ခာဒယော ကမ္မသမုဋ္ဌာနာဝ၊လဟုတာဒယော တိသမုဋ္ဌာနာ၊အာပေါဓာတု အာဒယော စတုသမုဋ္ဌာနာ၊ဇရတာ အနိစ္စတာစ နကုတောစိ သမုဋ္ဌိတာ၊တထာ နဝတ္တဗ္ဗာတိ ပညတ္တိ နိဗ္ဗာနဓမ္မာ' ဟူသော ဧကသမုဋ္ဌာန်,တိသမုဋ္ဌာန်,စတုသမုဋ္ဌာန် စသည် သာလာ၍ ဒွိသမုဋ္ဌာန် မလာသော ဂဏ္ဌိပါဌ်၌ 'ဧကသမုဋ္ဌာဒိတာ ရူပဓမ္မေသု ဧဝ ယောဇေတဗ္ဗာ၊ တေသု တဗ္ဗောဟာရ ဗာဟုလ္လတော၊ အတီတာဒိဘာဝေါ ရူပါရူပဓမ္မေသု' ဟူသော ဒွိသမုဋ္ဌာန်၏ ဤ၌ မလို အပ်သည်၏အဖြစ်ကိုပြသော ဋီကာပါဌ်နှင့်အညီတည်း။

ပြန်ပွားရေးမှ)

ဝါ-ဧကသမုဋ္ဌာန်ကား စိတ်တည်း၊ ဒွိသမုဋ္ဌာန်ကား စေတသိက်တည်း၊တိသမုဋ္ဌာန်ကား လဟုတာဒိတည်း၊စတုသမုဋ္ဌာန်ကားအာပေါစသည်တည်း၊နကုတောစိသမုဋ္ဌာန်ကား နိဗ္ဗာန်တည်း၊အတီတာနာဂတပစ္စုပ္ပန္နာလည်း ရုပ်,နာမ်သာတည်း၊ နဝတ္တဗ္ဗာကား ပညတ်တည်း၊ ဝုတ္တာဝသေသကား ဇရတာ အနိစ္စတာ ကမ္မဇ စိတ္တဇရုပ်တို့တည်း။

ဤကား ဒွိသမုဋ္ဌာန်ဟု ရှိသော အချို့သောပါဌ်တို့ကို ရည်၍မိန့်အပ်သော 'စိတ္တစေတသိက နိဗ္ဗာနာနံ ပိ ဝါ ယထာသဘာဝံ ဧကဒွိ နကုတောစိ သမုဋ္ဌာနတာ ယောဇေတဗ္ဗာ' ဟူသောဋီကာပါဌ် ''အနန္တရ စိတ္တဟေတုကတ္တာ စိတ္တဿ ဧက သမုဋ္ဌာနတာ ဝုတ္တာ သဟဇ စိတ္တဿ ဟေတုကတ္တာ စေတသိကာနံ ဒွိသမုဋ္ဌာနတာ''ဟူသောအနုပါဌ်နှင့် အညီတည်း။

ယေပန အနာပါထဂတာ။ပ။ ဝဒန္တိ၌ အဓိပ္ပါယ်ကား အနုမြူတဇ္ဇာရီမြူကဲ့သို့ ဝဏ္ဏပရိတ္တ, ကလာပ ပရိတ္တဖြစ်၍လည်း ရဲရဲညီသော သံချောင်း၌ ချအပ်သော ရေပေါက်ကဲ့သို့ ခဏပရိတ္တ, သန္တတိ ပရိတ္တ ဖြစ်၍၎င်း,ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင့်မိုရ်တောင်ကဲ့သို့ အတိမဟန္တ ဖြစ်လျှင်းမှုလည်း အတိဒူရဖြစ်၍၎င်း, မျက်ခုံးမွေးစသည်ကဲ့သို့ အစ္စာသန္နဖြစ်၍၎င်း, အတီတဗုဒ္ဓရူပ, အနာဂတ ဗုဒ္ဓရူပ စသည်ကဲ့သို့ အတိတ် အနာဂတ်ဖြစ်၍၎င်း, အနာပါထဂတ ဖြစ်ကုန်သောရူပါရုံစသည်တို့သည် ဓမ္မာရုံမည်ခဲ့တကား ဟူလို။

ဝိသယိဓမ္မံ ဝိသေသတော သိနောတိ ဗန္ဓတီတိ ဝိသယော၊
ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရော၊ ဂေါစရော ဝိယာတိ ဂေါစရော။

အနညတ္ထ ဘာဝကြောင့် ဝိသယ, တဗ္ဗဟုလ စာရိတာကြောင့် ဂေါစရ မည်သည်၊ (အထူး)

မနောပဋိသရဏံ၌ မနောကား မနောဒွါရိက ဇောတည်း၊ ပဉ္စဒွါရိက ဇောမဟုတ်။

သုတ္တဿကို ထင်စွာပြလိုရကား ဇောတသံ ဟိ စသည်တက်သော်၊ ''မနေန-သည်၊''ပစ္စုန္နံ ဘဝိယ မာနာနိ၌ ကတ္တား၊ အပိသဒ္ဒါ အရ စယတ္ထော။

(ပိဋကတ်တော်

ရူပါရုံ စသည်တို့၏ ဝမ္မာရုံ၏အဖြစ်သို့ မရောက်ခြင်း၌ အကြောင်းတပါး ဆောင်လိုရကား ဒိဗ္ဗစက္ခု စသည်မိန့်သော်။

အာဒိဖြင့် ဒိဗ္ဗသောတ ဈာန္ဒိဝိညောဏ်ကို ယူ၊ စ သဒ္ဒေါ သမ္ပိဏ္ဍနတ္ထော၊အောက် မနောဝိညာဏ်ကိုပေါင်း၊ ဃဋ္ဋေတွာ ဟူသော်လည်း အဘိမုခီကိုသာယူ။

ဟရိတာလ-ဆေးဒန်း၊ မနောသိလာ-မြင်းသီလာ၊ ဓေ-တံခွန်၊ ပဋာက-ကုက္ကား၊ မာလာဒါမ – ပန်းဆိုင်း ( ပန်းကုံးလည်းဟူ) ဒီပမာလာ-ဆီမီးစဉ် (ပုဒ်အနက်ကိုသာ ကြားလိုက်သည်၊ ပြေပြစ်အောင် ပေး)

သောဠသသု-တဆယ့်ခြောက်ရပ်ကုန်သော၊ ပါဒ ဝိဋ္ဌိကာသု – ဘိနပ်တော် အပြင်တို့၌ (ဆင်ခြေ အနားတို့၌လည်းဟူ, ကလာပ်ပြင်လည်းဟူကုန်၏၊ကြေးဝန်းလည်းဟူကုန်၏ ၊သရေန-ဖြင့်၊ဘဏ္ဍဿ-သရဏ္ဍယ်သော၊သရဘာဏကဿ-ပါဠိရွတ်သောရဟန်း၏၊ ( ငါတို့ ကျေးဇူးရှင်ကား 'အော်ရွတ်သော ရဟန်း' ဟူကုန်၏)

ကုဒြူသက-လူး၊ကောဓံ ရုမိရံ ဒုဿတိတိကုဒြူသကော၊ အာဒိဖြင့် ကျိတ်စသည်ကို သင်္ဂြိုဟ်။

ဒုက္ခသေယျံ-မကောင်းသော အိပ်ရာကို၊ ကပ္ပေတွာ-ရ၍။

ဣဒါနိ ပကတိယာ ဒိဋ္ဌာဒီနံ ဝသေန အာပါထ ဂမနေ အယမ ပရောဝိ အဋ္ဌကထာ မုတ္တကော နယော ဟောတိ၌ အဓိပ္ပါယ်ကား ယခုအခါ၌ သဘောအားဖြင့် ဒိဋ္ဌအစရှိသည်၏ အစွမ်းဖြင့် ပရိဏာတ အပရိဏာတ ဖြစ်သော ဘောဇဉ်, သပ္ပါယ အသပ္ပါယ ဖြစ်သော ဥတုဘောဇဉ် ကြောင့် ကမ္မည အကမ္မည၊ ကမ္မည အကမ္မညကြောင့် သုခ ဒုက္ခ၊ သုခ ဒုက္ခကြောင့် အနုဝတ္တန၊အနုဝတ္တနကြောင့် ဇာဂရဏဖြစ်သော ပုဂ္ဂိုလ်အား ဥတုဘောဇဉ် စသော အကြောင်း၏ အစွမ်းကြောင့် ထင်ခြင်း, ဇာဂရဏ သုတ္တမှတပါး ပကတိသော ပုဂ္ဂိုလ်အား ခံစားဘူးသော အာရုံ၌ ဆင်ခြင်ခြင်း,မြင်ဘူးသည်နှင့် သဒိသ ဒဿန အသဒိသဒဿန သဒိသာ သဒိသဒဿန, ကြားဘူးသည်နှင့် သဒိသ သဝန အသဒိသ သဝန သဒိသာ သဒိသ သဝန စသည်၏ အစွမ်းကြောင့် ထင်ခြင်း,

သုတ္တဖြစ်သော ပုဂ္ဂိုလ်အား ဓာတုခေါ်ဘ စသောအကြောင်း၏အစွမ်းကြောင့် သုပိန ဒဿနဌ ထင်မြင်ခြင်းအရာ၌ ငါ ဆိုလတ္တံ့ သည်ကား အဋ္ဌကထာမှ လွတ်သော အဋ္ဌကထာ၌ မဆိုသော အာစရိယ ပရံပရာဘတ ဝိနိစ္ဆယ ဟူလိုသတည်း။

အာရုံထင်ရာ၌ တပ္ပနိုပက္ခ တဒေကဒေသ တံသမ္ပယုတ္တစသည်ကြောင့်လည်း ထင်ကောင်းသေး၏။

သဒ္ဓါ ရုစိအာကာရ ပရိဝိတက္က ဒိဋ္ဌိ နိဇ္ဈာနက္ခန္တိ အာဒိနံ ပန-ယုံကြည်ခြင်း, နှစ်သက်ခြင်း, အခြင်းအရာကိုကြံဆခြင်း,ပညာဖြင့် မြင်ခြင်းကြောင့် နှစ်သက်ခြင်း အစရှိသည်တို့၏ကား။

ကြားကာမျှနှင့် မဆင်ခြင်ဘဲ ယုံကြည်သည်ကား သဒ္ဓါ, ကိုယ်တိုင် ပွေ့၍ မဆင်ခြင်ဘဲ ယုံကြည်သည်ကား ရုစိ,အခြင်းအရာကိုကြံ၍ဆင်ခြင်သော ပညာသည်ကား အာကာရ ပရိဝိတက္က, ဆင်ခြင်သောသူအားပညာဖြင့် မြင်ခြင်းကြောင့် နှစ်သက်ခြင်းသည်ကား ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ(၍ကား အထူး)(မရသာရတ္ထဒီပနီ၌ အဓိမောက္ခကို သဒ္ဓါဟူ၏)

ပုပ္ဖ-ပန်း၊ ဝတ္ထ-ပုဆိုး၊ ဓာတု-ငွေ့၊ (ဆေးဒန်း မျက်စဉ်းစသော ဓာတ်) (ပဒတ္ထကိုသာ ကြားလိုက်တော့သည်) သုဘနိမိတ္တ-သုဘဟု ယူခြင်း၏ အကြောင်း၊ ( မဇ္ဈေလောပတည်း ) နိယမိတ-မှတ်၊ ပရိဏာမိတ-ညွတ်၊ သမုဒါစာရ-ပြော၊ အာဘုဇိတ-နှလုံးသွင်း၊ လူခပုဂ္ဂလပရိဝဇ္ဇနတာ - ဒေါသ များသောပုဂ္ဂိုလ်ကိုကြဉ်သောသူ၏အဖြစ်၊(၍ပါဌ်ဖြင့်ဒေါသသည် သောမနဿ၏ ဥဇုပနိုပက္ခဟု ပြသတည်း)သိနိဒ္ဓပုဂ္ဂလ သေဝနတာ-ဒေါသနည်းသော ပုဂ္ဂိုလ်ကို မှီဝဲသောသူ၏အဖြစ်၊ အဓိမုတ္တတာ-ပီတိသို့ ညွတ်သော စိတ်ရှိသော သူ၏အဖြစ်။

သောမနဿနှင့် အဝိပ္ပယောဂ ဖြစ်ရကား ပီတိကို သောမနဿကာရဏာဟူပါသည်။

ကမ္မတော စသည်ကို ချဲ့လိုရကား ယောဟိ စသည်တက်။

အနုဝဇ္ဇာဒိ-ကုန်သော၊ သိပ္ပါယတန ကမ္မာယတန ဝိဇ္ဇာဋ္ဌာနာဒိ - အသက်မွေးခြင်း၏ အကြောင်းဖြစ်သော ဆင်စီးသော

[[ပိဋကတ်တော်

အတတ်, လယ်လုပ် ကုန်သွယ် အစရှိသောအမှု, သက်ကြည့် ဗေဒင် စသော အတတ်တို့ကို၊ ဝါ – မြွေကိုက်မန္တန် စသော အတတ်တို့ကို၊ (ဝိဇ္ဇာဋ္ဌာနကိုသာ လှယ်သည်၊)

သိပ္ပဋ္ဌ တံ အာယတနဋ္ဌ ဇိဝိတဝုတ္တိယာ ကာရဏာတောတိ သိပ္ပါယတနံ၊ (ကမ္မာယတနကိုလည်း ဤနည်းသိ)ဝိဇ္ဇာဧဝ ဌာနံ အာယုဒီဃသေ ကာရဏာတောတိ ဝိဇ္ဇာဋ္ဌာနံ၊(ဝိဂြိုဟ်)

အဇ္ဈာပဇ္ဇေ-ကြောင့်ကြကင်းသော၊(ဒေါမနဿကင်းသော၊ ဒေါသကင်းသော သော်လည်းဟူ) လောကေ-ရူပါဝစရဘုံ၌၊ ဥပ္ပန္နဿ-ပဋိသန္ဓေ နေထသော၊တဿ -ထိုရူပါဝစရဘုံ၌၊ သုခိနော-ရှိသော၊တဿ-အား၊အာဒါသေ-ကြေးမုံ၌၊ ဆာယာဝ-ကဲ့သို့၊ဓမ္မပဒါ မွေကောဋ္ဌာသာ-တရားအဘို့တို့သည်၊ (အစုတို့ သည် သော်လည်း ဟူ) ပလဝန္တိ ဥပဋ္ဌဟန္တိ ပဒိဿန္တိ – ထင်ကုန်၏။

**ဥပမာကား**......စတုက အင်္ဂုတ္တရ သောနုဂတသုတ်အဖွင့်, ၇ဋ္ဌဒ္ဓ ဒီပနီတို့၌လာသည်ကိုထောက်၍ ထင်ဓိမ့်သော၄ါ ထည့်၍ သမ္ဗန်လိုက် သည်၊ဤကား တသုတ်။

ဘိက္ခဝေ-တို့၊သတုပ္ပါဒေါ-သတိဖြစ်သော၊သတ္တော-သည်၊ ဒန္ဓော-နှည်း၏၊အထ တဒါ-၌၊သော သတ္တော-သည်၊ ခိပ္ပမေဝ-လျှင်၊ဝိသေသဘာဂီ-ဗျာန် မဂ်ကို ရခြင်း၏အကြောင်း ရှိသည်၊ ဟောတိ-၏၊ (ငါတို့ ကျေးဇူးရှင်) ဝိသေသ ဘာဂီ-နိဗ္ဗာန်သို့ ရောက်သည်၊ဟောတိ-၏၊(ဂဏ္ဌိအလို)ဤလည်းတသုတ်။

ပညာဒသကကား လေးဆယ့်တနှစ်မှဝင်သည်၊ငါးဆယ်စေ့အောင် ယူ။

ယောဂါ-ဘာဝနာ၌မွေ့လျော်သောသမာဓိကြောင့်၊ဝေ- စင်စစ်၊ဘူရိ-ပညာသည်၊ဇာယတိ-၏၊ အယောဂါ-သမာဓိ၏ မရှိခြင်းကြောင့်၊ဘူရိသင်္ခယော-ပညာ၏ ယုတ်ခြင်းသည်၊ ဇာ ယတိ-၏။

ဘူရိဝိယာတိ ဘူရိ၊ဘူတေ အတ္ထေ ရမတီတိဝါ ဘူရိ။ (ဝိဂြိုဟ်)

ပရိပုစ္ဆကတာ – ခန္ဓာအာယတန စသည်တို့၏ အနက်ကို မိုသော မေးမြန်းခြင်း၏ များသောအဖြစ်၊ (ခန္ဓာအာယတန

ခါတ် စသည်တို့ကို မှီသော မေးမြန်းခြင်း၏ များသောအဖြစ် သော်လည်းဟူ)ပုန္တကဉ် ကကို ဗဟုလဥ္စကြံ။

ဝဏ္ဏုပိသဒကြိယာ-ဆံပင်လက်သည်းစသောအဏ္ဏဝဏ္ဏ၊ သက်နီးစသော ဗာဟိရဝဏ္ဏ၏သန့်ရှင်းခြင်းကိုပြုခြင်း၊ဏ္ဏန္ဒြိယ သမတ္တပဋိပါဒနာ-သဒ္ဓါနှင့် ပညာ, ဝိရိယနှင့် သမာဓိတို့၏ မျှ ခြင်းကိုပြုခြင်း၊(ပြီးစေခြင်းလည်းဟူ) ဂမ္ဘီရ ဉာဏ စရိယ ပစ္စ ဝေက္ခဏတာ-ဂမ္ဘီရဖြစ်သောဉာဏ်ဖြင့်သာလျှင် သိအပ်ကုန် သော သုတ္တန်တို့ကို ဆင်ခြင်သောသူ၏အဖြစ်၊ဝါ-ဂမ္ဘီရဉာဏ် ဖြင့်သာ သိအပ်ကုန်သော သုတ္တန်တို့ကို ဆင်ခြင်သော သူ၏ အဖြစ်၊ (သုတ်မဟာဝါအဋ္ဌကထာအလိုကား 'ဂမ္ဘီရဖြစ်သော ခန္ဓာစသည်တို့၌ ပညာဖြင့်အပြားကို ဆင်ခြင်ခြင်းဟူလို) တဒ ဓိမုတ္တတာ-ဓမ္မဝိစယ သမ္ဗောဇ္ဈင်၌ ညွတ်သော စိတ်ရှိသော သူ၏အဖြစ်။

ဘဏ္ဍာဂါရိကသံဃမိတ္တော၌ ဘဏ္ဍာဒိုးဟူသည်ကား ဒုဋ္ဌဂါမဏိ မင်း၏ ဘဏ္ဍာစိုးတည်း၊ မဟာစေတီလည်း ဒုဋ္ဌဂါမဏိမင်း၏ စေတီ တည်း။

ကုလဝံသော-အမျိုးတို့၏ အစဉ်တည်း၊ ကုလတန္တိ-အမျိုး တို့၏ အနွယ်တည်း၊ ကုလပဝေဏိ-အမျိုးတို့၏ အဆက်တည်း၊ (အစပ်တည်းသော်လည်းဟူ)

စာရိတ္တမျှကိုသာရည်၍ သီလမယဟူသည်၊ဝိနည်း၌ နှုတ်မြွက်လျှင် ပေးခြင်းမြောက်သည်၊ ထို့ကြောင့် ထိုဝဏ္ဏကို မိမိသို့ ညွတ်စေသော ရဟန်းအား အာပတ်သင့်သည်၊ပရပရိနာမန စသည်၌လည်း အာပတ် သင့်၏။

ကန္ဒမူသံဝိယ-ကြာဖုး ကြာမြစ်ကိုကဲ့သို့၊(အဖုအမြစ်ကိုကဲ့သို့ သော်လည်း သာမန်ပေး၊ ကြာစွယ် ကြာရင်းကိုကဲ့သို့ သော် လည်းဟူ)နီလုပ္ပလဟတ္ထကံဝိယ-ကြာလက်ကိုကဲ့သို့၊(ဝေါဟာ ရတ္တ၊ ကြာစည်းကိုကဲ့သို့သော်လည်း ပရိယာယတ္တပေး) ကြာ အပေါင်းကို စည်းသည်ကို လောက၌ ကြာလက်ဟူသတည်း။

သဝဏ္ဏကံကား စည် စသည်တည်း၊ ပကတိ အသံ၌ကား ဌာန် ကရိုဏ်းကိုယူ။

ဥပနိသိန္နကထံ-အနီး၌ နေသောသူ၏ စကားကို။

ဇွတ္တကော သဒ္ဒေါ ဖြိဘ္ဘလောကပ္ပမာဏောကား အသံအဆင်းနှင့် တကွဝယူ။

ဓမ္မကထံ-တရားစကားကို၊ သရဘညံ့-ပါဠိရွတ်သံကို။

ဓမ္မာယတန အပရိယာပန္နကား ဆ အဇ္ဈတ္တိကာယတန,တိလက္ခဏာ, ပညတ်တည်း၊ အကြွင်းကား ပရိယာပန္နတည်း၊ အဠပါနာနိသရုပ်ကား အမ္ဗ မဓုက မုဒ္ဒိက သာလူက စောစ မောစ ဇမ္ဗု ဖါရုသကတည်း၊ သံဃာဘတ္တာဒိနို၌ အာဒိဖြင့် ဥဒ္ဒေသဘတ် စသည်ကိုယူ။

> ပဋုပဋုသဒ္ဒံ – ဖျစ်ဖျစ်ဟူသော အသံကို၊ ဝါ – ကျွတ်ကျွတ် အသံကို၊ ကာဠဂန္ဓကာဒိ ဂန္ဓော-ဆိုးရည်, ဆိုးရည်ခေါက် စသည်တို့၏ အနံ့သည်၊ (ဝါတို့ကျေးဇူးရှင်ကား "ဖအောင်း နက် စသည်တို့၏ အနံ့သည် ဟူ၏) ပဓိးဘာဂရသ ဝသေန- သုံးဆောင် ခြင်းလျှင် အကြောင်းရှိသော ဓိတိ သောမနဿ တည်းဟူသော ရသ၏ အစွမ်းဖြင့်။

ပကတိရသနှင့် တူရကား ဓိတိ သောမနဿကို ရသဟူပါသည်၊ အဘယ့်ကြောင့် အာရုံဖြင့်သာ မှတ်၍ ဘုရားဟောသနည်း စုဒ်ရှိရကား ဏ္ဍမဿ ပန စသည်တက်သော်။

အာရမ္မဏ။ပ။ တော၌ အဓိပ္ပါယ်ကား ရူပါရမ္မဏ ဖြစ်သော ဓိတ် သည် ရူပါရုံ၌သာ မြဲ၏၊ရူပါရုံကိုလွှတ်၍ သဒ္ဒါရုံစသော အာရမ္မဏန္တ ရ၌ မဖြစ်ရကား ရူပါရမ္မဏံဝါ စသည်ဖြင့် ပါဠိတော်၌ ဘုရားမှတ်သည် ဟူလိုသော်။

ဒွါရံ ပန။ပ။ တ္တာ၌ အဓိပ္ပါယ်ကား ကာယကံသည်ပင် ဝစီဒွါရ၌ ဖြစ်ခဲ့, ဝစီကံသည်လည်း ကာယဒွါရ၌ ဖြစ်ခဲ့သောကြောင့် ကံသည် ဒွါရနိယမ မဖြစ်၊ကံ၏ ဒွါရနိယမ မဖြစ်ခြင်းကြောင့် ဒွါရလည်း ကမ္မ နိယမ မဖြစ်၊ထို့ကြောင့် ရကား "ကာယဒွါရေန ဝါ ဝစီဒွါရေန ဝါ မနော ဒွါရေနဝါ ဥပ္ပဇ္ဇတိ" ဟု ဘုရား ပါဠိတော်၌ မဟော ဟူလို သတည်း။

ကမ္မဒွါရ၏အနိယမ အဖြစ်ကို ပြလိုရကား ဏ္ဍမဿစသည်မိန့်သော်၊ ပဥ္စဝိညာဏာနိ ပဥ္စဝိညာဏ ဒွါရာနိ၌ ဆဠဝိညာဏ် ဆဠဒွါရကိုကား

မြန်ပြွားရေးမှ)

စက္ခုစသော ဒွါရ, စက္ခုဝိညာဏ်စသော ဒွါရိကကဲ့သို့ ဒွါရ ဒွါရဝတ္တ တကွမရှိရကား မညွှန်းသတည်း။

တဏ္ဍ တိဿံ ဒွါရကထာယံ-၌၊ (တဏ္ဍ တသ္မိံ မာတိကာ ဌပနေသော်လည်းစွဲ)

ကာယကမ္မဒွါရ၌ ကာယ၏အပြားကို ပြလိုရကား 'တဏ္ဍ စတုဗ္ဗိဓော'စသည်မိန့်သော်။ကာယလေးပါး၏သရုပ်ကို နိယတ ရူပရူပ ပါဠိ ယာဂတရုပ်၏ အစွမ်းဖြင့်သာ ပြလိုရကား 'တဏ္ဍ စက္ခာယတနာဒိနံ' စသည်ကို မိန့်သော်။

သဒ္ဒကိုကား အနိယတဖြစ်၍,ဝိကာရုပရိစ္ဆေဒကို ရူပရူပ မဟုတ်၍, ဟဒယဝတ္ထုကို ပါဠိယာဂတ မဟုတ်၍ ဤ၌ မယူသတည်း။

ကမ္မသမုဋ္ဌာနာနေဝ-ကုန်သော၊အဋ္ဌ-ကုန်သော၊ကမ္မသမုဋ္ဌာန ရူပါနိပိ - တို့သည်ရှင်း၊ စတဿော - လေးပါး ကုန်သော။ပ။ ဩဇာ-ဍင်း၊ဣတိ ဣမာနိ အဋ္ဌရူပါနိပိ-တို့သည်ရှင်း။

ဥပါဒိန္နကကာယောနာမ၌ တုလျတ်,လိင်တ်၊သာဓကပါဌ်၌-

ကုသလစိတ္တသဝါ-ကုသိုလ်စိတ် ရှိသော၊ ကာယဿ-၏, ကိုယာ ထမ္ဘနာ-သည်၊ ဝါ,ကုသလစိတ္တဿ ကုသလစိတ္တေန-ဖြင့်၊ဥပ္ပန္နာ-သော၊ကာယဿ-၏ ယာ ထမ္ဘနာ-သည်၊ (ယောဇနာဆရာအလို၊ ငါတို့ ကျေးဇူးရှင်ကား ကာယဿ၌ သမ္ဗန် ဟူ၏)။

ဧကာဝဇ္ဇန ဝိထိယံ-မနောဒွါရဝိထိ၌။

ပဉ္စဒွါရဝိထိကား အာဝဇ္ဇန်းနှစ်ခုရှိရကား ဧကာဝဇ္ဇနဝိထိ မမည် ဟု ယောဇနာ၌ဆို၏။

ပဌမစိတ္တသမုဋ္ဌိတာ-ပဌမဇောကြောင့် ဖြစ်သော၊ ဝါယော ဓာတု-သည်၊အတ္တနာ-နှင့်၊ သဟဇာတံ-သော၊ ရူပကာယံ။ပ။ သန္ထမ္ဘေတိ-၏။

ပဌမဇော စသည်၌ စာလနကိစ္စမတတ်ရကား ဝိညတ်မရှိဟု အချို့ ကုန်းသာသူတို့သည် ဆိုကုန်၏၊ ထိုသူတို့ကား စာလနကိစ္စ ရှိမှသာ ဝိညတ်ဖြစ်သည် ထင်မှားလေကုန်၏၊ယင်းသို့မဟုတ်၊မနောဒွါရာဝဇ္ဇန်း

(ဝိဋ္ဌကတ်တော်

ကပင် ဓိညတ်ဖြစ်သတည်း၊ဖြစ်သောဓိညတ်ကား စာလနကိစ္စမတတ်၊ သန္တိဋ္ဌာနသန္ဓာရဏကိစ္စသာ တတ်သတည်း။

နဓိတ္တသမုဋ္ဌာနာဖြင့် တပါးသောရုပ်ကဲ့သို့ ပရမတ္ထအားဖြင့် အသီး မရှိ၊ဓိတ္တဇရုပ်တို့၏ ဓိကာရမျှသာ ဟူလို၊ ထိုသို့လျက် အသို့မူ၍ ဓိတ္တ သမုဋ္ဌာနာ၌ ဝစ္စဖြစ်ကုန်သနည်း စုဒ်ရှိရကား 'ယထာ' စသည် တက် သော်။

စိတ္တသမုဋ္ဌာနာနံ-ကုန်သော၊ ရူပါနံ-တို့၏၊ ဝိညတ္တိတာယ-ဝိကာရဖြစ်သောဝိညတ်၏အဖြစ်ကြောင့်။

'ဝိညတ္တိ ဗဟုလာ' စသည်၌ကဲ့သို့ ယာစနဝိညတ် မဟုတ် ဟူလို၊ အဓိပ္ပါယ်ကား စိတ္တသမုဋ္ဌာန်ရုပ်တို့၏ ဝိကာရဖြစ်သောကြောင့် ဥပစာ အားဖြင့် စိတ္တသမုဋ္ဌာန်မည်ပါ၏ ဟူလိုသတည်း၊ ဘုတ်တို့၏ ဝိကာရ ဖြစ်သောကြောင့် ဥပါဒါရုပ်အဖြစ်ကိုလည်း သိလေ။

ကာယိကကရဏံ- ကာယဒွါရ၌ ဖြစ်သော အမှုအရာကို၊ (အလိုကို,အကြံကိုလည်းဟူ)

ဝိညတ်စသည် :စက္ခုဝိညေယျ ဖြစ်၏ဟူသော သက်သကို ဖြစ်လိုရ ကား 'စက္ခုပထသ္မိံ ဟိ' စသည်မိန့်သော်။ ဝုတ္တတ္ထ ပြီးစေလိုရကား 'စက္ခုနာ ဟိ'စသည်မိန့်သော်။ ဝုတ္တတ္ထကို လောကူပမာဖြင့် ပြီးစေလို ရကား 'ယထာ ဟိ'စသည်မိန့်သော်။

နိဒါဃသမယေ-နွေအခါ၌၊ သုရာပါနဒွါရေ-သေတင်းကုပ် တံခါး၌၊စာလေတိ-လှုပ်စေ၏၊(လှုပ်၏သော်လည်းဟူ)အန္တော ဥဒကေ-ရေ၏အတွင်း၌၊ (ဥဒကေ ဥဒကဿ-၏၊ အန္တော-၌၊ သော်လည်းဟူ)ပုဋ္ဌကာနိ-ရေပြွက်တို့သည်၊ မဟာဃဿ-သည်းစွာသောရေအယဉ်၏၊ ဂတမဂ္ဂပရိယန္တေ-စီးသော ခရီး ၏အဆုံး၌၊တိဏ ပဏ္ဏ ကသဋံ-မြက်ဖတ်, သစ်ရွက်ဖတ်သည်၊ (မြက် သစ်ရွက် အမှိုက်သည်သော်လည်းဟူ) ဥဿာရိတံ-စု သည်၊(တင်သည်သော်လည်းဟူ)။

ဝိညတ်အဖြစ်၌ အကြောင်းတပါးကို ပြလိုရကား 'န ကေဝလဉ္စ' စသည်တက်သော်။

သောဏာ သိင်္ဂါလ ကာက ဂေါဏာဒယော-ခွေး,မြေခွေး, ကျီး,နွားအစရှိသည်တို့သည်၊ ယေနဝါ တေနဝါ-တဖျင်တကွဲ၊ ဟုတ်ဟုတ်ကြွားကြွားသောအရပ်သို့။

သူတပါးအား ပါကဋကာလ၌ ဖိညှတ်မည်စေ၊ အပါကဋကာလ၌ အသို့မူ၍ ဖိညှတ်မည်အံ့နည်း စုဒ်ရှိရကား 'ပါကာရကုဋ္ဋာဒိ'စသည်မိန့်သော်။

ပါကာရကုဋ္ဋာဒိ အန္တရိကဿ-တံတိုင်းနံရံ အစရှိသည်ဖြင့် ခြားထသော၊ပရဿ-အား။

'အတ္တနာ သဟဇာတံ ရူပကာယံ စာလေတိ'စသော ဆရာ့စကားကို စွဲ၍ ဓောဒကဆရာဆိုသည်၊ဗိတ္တသမုဋ္ဌာနကေ စသည်ဖြင့် စောဒနာသတည်း၊သမာသ်၌ ယ,တသဒ္ဒါရှိသော် နိဂ္ဂဟိတ် ခွေးဘော်နှစ်ပါးတို့တွင် တပါးပါးရောက်မြဲဟူရကား 'တံ ဂတိကော'စသည်ရှိသတည်း။

ဇဝံ-သို့တ္တုဒ် သမ္ဗန္ဓံ အယံ ဥပမာယ သမ္ဗန္ဓော-ကို၊ဝေဒိတဗ္ဗံ ဝေဒိတဗ္ဗာ-၏၊ဒွေ မေသာ စသည်ကား နိဂုံး။

ဒွါရကိုပြဖြီး၍ ကမ္မကိုပြလိုရကား 'ယာ ပန'စသည်မိန့်သော်။ ဒွါရနှင့် ကမ္မကိုပြဖြီး၍ ကမ္မာဝဏ္ဏာန,ဒွါရဝဏ္ဏာနကိုပြလိုရကား 'တတ္ထ' စသည် မိန့်သော်။

ဒွါရေ-မိမိဒွါရမှတပါးသောဒွါရ၌၊ကမ္မာနိ-တို့သည်၊စရန္တိ-ကုန်၏၊ဒွါရာ-တို့သည်၊ ဒွါရစာရိနော-ဒွါရတပါး၌ ကျင်လည်ကုန်သည်၊ယသ္မာ နဟောန္တိ-ကုန်၊ တသ္မာ-ထိုသို့ ဒွါရတပါး၌ မကျင်လည်ခြင်းကြောင့်၊ဒွါရေဟိ-တို့ဖြင့်၊ကမ္မာနိ-တို့ကို၊အညမညံ-ချင်း၊ဝဝတ္ထိတာ-မှတ်အပ်ကုန်၏။

ဒွါရဖြင့် ကံကိုမှတ်မှု ယေဘုယျ,ကံဖြင့် ဒွါရကိုမှတ်မှု တဗ္ဗဟုလ၊ ဤကားအထူး၊အဋ္ဌကထာ၌ပင် အထက်မှာမိန့်လတ္တံ့။

ဝိကာဆရာမြတ်၏ ယခင်နည်းမှတပါး အကြံတော်၏ အစွမ်းဖြင့်ကား စစ်မြေပြင်၌များသောအားဖြင့် ကျင်လည်ခြင်းကြောင့် စစ်မြေ၌ သွားခြင်း ထင်ရှားသောဆင်ပြောင်သည့် ရွာစသည်၌ သွားလေသော်လည်း 'သင်္ဂါမာဝစရသာ'တွင်သကဲ့သို့ ကာယဒွါရ၌သာ များသောအားဖြင့်ဖြစ်သော ပါဏာတိပါတစသည်သည် ကာယဖြင့်သာ ပြီးစေ

[ဝိဋ္ဌကတ်ဋ္ဌတော်

အပ်သောသဘောထင်ရကား ဝစီဒွါရ၌ဖြစ်သော်လည်း ကာယဒွါရ သာ တွင်သည် ဟူလို၊ဝစီဒွါရ၌လည်း ဤနည်းဆို။

တတ္ထ တေသု ကမ္မဒွါရေသု စွဲ၊ ဥပ္ပန္နံနဋ္ဌာနံကား သဟာဓာတ်ပိညတ် တည်း။

ဒွါရဖြင့် အမည်ရရာ၌ ဥပမာဆောင်လိုရကား'ယထာ ပန'စသည် တက်သော်။

သိပ္ပလိ ဒေဝတာ-လက်ပံပင်စောင့်နတ်၊ (လက်ပံပင်နတ် လည်းဟူ)ပလာသဒေဝတာ-ပေါက်ပင်နတ်၊ ပုဗိမန္ဒဒေဝတာ- တမာပင်နတ်၊ဖန္ဒနဒေဝတာ-ကြို့ပင်နတ်၊(ဒေဝေါယေဝ ဒေဝ တာ၊တာပစ္စည်းကား သွတ္ထ)

ကာယေန-ကိုယ်ဖြင့်၊ (ကာယဒွါရဖြင့်လည်းဟူ) ကမ္မံ-အမှု ကို၊ (ကံကိုလည်းဟူ) စေ ကတံ-အကယ်၍ ပြုခြားအံ့၊ ကာယ ကမ္မန္တိ-ဟူ၍၊ ဝုစ္စတိ-၏၊ ကာယောစ-ကိုယ်ကိုလည်း၊ ကာယ ကမ္မံ-ကိုလည်း၊အညမညဝဝတ္ထိတာ-တပါးဖြင့် တပါးကို မှတ် အပ်ကုန်၏၊အညမညံ-အချင်းချင်း၊ဝဝတ္ထိတာ-မှတ်အပ်ကုန်၏၊ (ပိုင်းခြားအပ်ကုန်၏ သော်လည်းဟူ) 'သူဗိယာ' စသည်ကား ဥပမာတည်း။

သူဗိယာ-အပ်ဖြင့်၊ဝါသိယာ-ပဲခွပ်ဖြင့်၊ပုရိသေန-ယောကျ်ား သည်။

ဧဝံ သန္တေကား 'ကာယေန'စသော ဂါထာတည်း၊ ဝါကျဟူက ဝေတ္ထုရှိမြဲဖြစ်ရကား နကမ္မဝဝတ္ထာနံ လှန်။

ဖြာဟ္မဏာဂါမ-ပုဏ္ဏားရွာ၊အမ္ဗဝန-သရက်တော၊နာဂဝန- ကံ့ကော်တော၊(ယေဘုယျနည်းတို့) ဝစန စရက-တောမှုဆိုး၊ (ဝနေ စရတီတိ ဝနစရကော၊ဝိဂြိုဟ်)ထူလကုမာရိကာ-ဟိုင်းမ ဓိမ်၌ဆွမ်းခံသောရဟန်း၊(ထူလကုမာရီသု ဘိက္ခတီတိ ထူလ ကုမာရိကော၊ တဗ္ဗဟုလတ္တို)။　။ကာယကမ္မ ဒွါရကထာယံ ဂဏ္ဌိပဒံ။

ဝစီဒွါရကထာယံကို ဝါစာ၌စပ်၊ စတုပတိ သိက္ခဝေ အင်္ဂေဟိ၌ အင်္ဂ၊အင်္ဂအထူးမရှိ၊အရကား စတုဏ္ဏံနိပါတ တတိယဝဂ် သုဘာသိတ

သုတ်၌လာသော "သုဘာသိတံ ဥတ္တမမာဟုသန္တော ဓမ္မံဘဏေနာဓမ္မံ တံ ဒုတိယံ၊ပိယံဘဏေနာပိယံ တံ တတိယံ၊ သစ္စံဘဏေနာလိကံ တံ စတုတ္ထံ"ဟူသော ဂါထာအတိုင်းယူ။

ဝိညူနံကား "တေသံ ဥပလက္ခိတတ္တာ"၌ကဲ့သို့ ဆဋ္ဌီကတ္တား။

ဝုတ္တတိတိ ဝါစာ၊ ဂိရိယတိတိ ဂိရာ။

"ဗျပ္ပထောတိ ဝါကျဘေဒေါ" မဂ်လတ္ထဒီပနီအလို၊ ဤအဋ္ဌကထာရူပကဏ္ဍ၌ ဆိုလတ္တံ့သည့်အလိုကား 'ဝါကျဥ္စ တံ ပထောစ အတ္ထံ ဉာတုကာမာနံ ဉာပေတုကာမာနဥ္စာတိ ဗျပ္ပထော'ဟူလို၏၊ 'ဝါစာယ ပထော ပထေ'ဟူသော သဒ္ဒနီတိသုတ်ဖြင့် 'ပထ'နှောင်းသောကြောင့် 'ဝါစာ'သဒ္ဒါကို 'ဗျ'ပြု။

သဟာသဒ္ဒါ-သော၊ကောပိညတ္တိ-သည်၊အတ္ထိ-၏။

တကွဖြစ်ကာမျှကိုယူ၊အဖြစ်အချုပ်တူသည်ဟု မယူလင့်၊ထို့ကြောင့် "ဝိတ္တာနုပရိဝတ္တိတာယ ပန သော နယာဝ သဒ္ဒဘာဝိတိ ဒဋ္ဌဗ္ဗော" (ဋီကာ)

ဝိတက္က ဝိပ္ဖါရသဒ္ဒေါနာမ-ဝိတက်၏ ပြန့်ခြင်းကြောင့် ဖြစ်သော အသံမည်သည်၊ ဝါ-ဝိတက်ဝိစာရတို့၏ ပြန့်ခြင်းကြောင့် ဖြစ်သော အသံမည်သည်။

ရှေးအလိုကား "ဝိပ္ဖါရဏံ ဝိပုလပဝတ္တနံ ဝိပ္ဖါရော၊ ဝိတက္ကသသ ဝိပ္ဖါရော ဝိတက္ကဝိပ္ဖါရော၊ ဝိတက္ကဝိပ္ဖါရေန ဥပ္ပန္နော သဒ္ဒေါ ဝိတက္ကဝိပ္ဖါရသဒ္ဒေါ"ဟူလို၊ အရကား ဇိဝှါစလန, တာလုစလန စသည်ကိုပြုတတ်သော ဝိတက္ကဖြစ်သော သုခုမသဒ္ဒ ရ၏၊ နောက် အလိုကား ကောသိသ်ပြု၊ဝိတက္ကဝိပ္ဖါရနှင့် သဒ္ဒကိုလည်း ကမ္မဓာရယ်တွဲ၊ ရှေးကား ယောဇနာ စသည်အလို၊ နောက်ကား ဂဏ္ဌိအလို၊ မဟာအဋ္ဌကထာအလိုကား ဝိတက်ပြန့်ကာသာ ဖြစ်သောအသံကား မကြားကောင်းဟူလို။

ထိုကို ဖြစ်လိုရကား အာဂမအဋ္ဌကထာသု ပန စသည်မိန့်။

သုတ် အဋ္ဌကထာနှင့် ပဋ္ဌာန်းပါဠိအလိုကား ကြားကောင်း၏ဟူလို၊ တသ္မာ စသည်ကား သုတ်အဋ္ဌကထာနှင့် ပဋ္ဌာန်းပါဠိကို သာကေမူ၍ မဟာအဋ္ဌကထာကို ဗုဒ္ဓဃောသမဟာထေရ်မြတ် ပယ်သည်။

[(ဝိဋ္ဋကတ်တော်

ဝိညတ္တိဟေတုနာယ - ဝိညတ်လျှင် အကြောင်းရှိသော ဘုတ်တို့၏ ထိုက်ခြင်းကို၊ဝါ-နှင့်၊ဝိနာ-၍။

ဤသို့ ပေးမှ "ဝိညတ္တိပစ္စယာ ဟေတုနာ ဝိညတ္တိဟေတုနာ" ဟူသော ဋီကာပါဌ်, "ဓိဂ္ဂဇ ပထဝိသတ္တိ ဝိညတ္တိ ဘူသံဟေတုန ဇော မတော" ဟူသော သဒ္ဒတ္ထဘေဒစိန္တာပါဌ်စသည်နှင့်ညီအံ့သည်။

ဝါ,ဝိညတ္တိဟေတုနာယ-ဝိညတ်ဟူသော ထိုက်ခြင်းသည်။

ဤကား "ဝိညတ္တိဧဝဝါ ဟေတုနာ ဝိညတ္တိဟေတုနာ"ဟူသော ဋီကာပါဌ်နှင့်အညီတည်း၊အဓိပ္ပါယ်ကား မဟာအဋ္ဌကထာ၌ ဝိတက္ကဝိစာရသဒ္ဒကို သောတဝိညာဏ်ဖြင့် မသိအပ် ဟု ဆို၏၊ ထိုသဒ္ဒသည် သဒ္ဒအကယ်၍ ဖြစ်ငြားအံ့၊ သောတဝိညာဏ်ဖြင့် သိအပ်သည်သာ ဖြစ်၏၊ ဝိညတ္တိဟေတုနာ အကယ်၍ မရှိငြားအံ့၊ သဒ္ဒမဖြစ်ရာ၊ သဒ္ဒမဖြစ်ငြားအံ့၊ သောတဝိညာဏ်လည်း မဖြစ်ရာပြီ ဟူလိုသည်၊ ပါဌ္ဌာနုသာရ မဟုတ်သော်လည်း သဘောရောက်အဓိပ္ပါယ်ဆိုလိုက်သည်။

ထိုကို ချဲ့လိုရကား 'ဏ္ဍဒ ဝက္ခာမိ'စသည်မိန့်။

တေ သမုဋ္ဌာနိက ကာယံ။ပ။နလဗ္ဘတိ၌ အဓိပ္ပါယ်ကား စလနကို ဤ၌ စစ်ဆေးဘွယ်မရှိပြီ၊ကာယဝိညတ်ဖြစ်မှု စလန, ဝစီဝိညတ်ဖြစ်မှု ဟေတုနဟု မှတ်အပ်၏ဟူလိုသတည်း။

ဥပထမ္ဘနကိစ္စမ္ပိနတ္ထိ၌ အဓိပ္ပါယ်ကား ပဋ္ဌမဇောကပင် ဟေတုနာကာရဖြင့် ဖြစ်ပြီးရကား ဟေတုနာအကျိုး၌ ဥပထမ္ဘနက ပြုဘွယ်မရှိပြီ ဟူလို၊ဝါ-လဒ္ဓါသေဝနဖြစ်သော ပဋ္ဌမဇောဖြင့် ဟေတုနာသည် အားကြီးပြီးရကား ဥပထမ္ဘနပြုဘွယ်မရှိပြီဟူလို၊ဤကား အဋ္ဌကထာဆရာ့မြတ်အလိုတော်။

ဋီကာဆရာမြတ်ကား "ဥပထမ္ဘနံ နတ္ထိ ဇေတ္ထိတိ ဝိစာရေတဗ္ဗာ ဂဟေတဗ္ဗံ"ဟု မိန့်၏၊ မိန့်သည့်အလိုကား......ဇော ခုနစ်ချက်တို့တွင် တချက် တချက်သည် အက္ခရာ တလုံး တလုံးကို ဖြစ်စေတတ်ရကား ပေါင်းသော် အက္ခရာခုနစ်လုံးဖြစ်၏၊ထိုတွင် ခြောက်လုံးသောအက္ခရာတို့ကား မထင်ရှားကုန်၊ သတ္တမဖြစ်သော အက္ခရာကား ထင်ရှား၏၊ ထို့ကြောင့် ဥပထမ္ဘနရှိမည်ကဲ့သို့ ထင်မိ၏ ဟူလိုသတည်း။　　။ဝစီဒွါရကထာ။

အာယူဟတိ-လုံ့လပြုတတ်၏၊ (အားထုတ်တတ်၏၊) (မိမိတို့၏ က်ိစ္စဥဲ့ယှဉ်စေ၏ ဟူလို)အဘိသင်ရေတိ-ပြုပြင်တတ်၏၊ ပိဏ္ဍံ-အပေါင်းကို၊ကရေတိ-ပြုတတ်၏။

ပိဏ္ဍံ ကရောတိ ဟူသော်လည်း အာယူဟန အစွမ်းဖြင့်သာ ယူ၊ ကလာပ်၏အစွမ်းဖြင့် မယူလင့်။

ကပ္ပေတိ ကပ္ပေန္တီ ဝိယ-ပဝတ္တတိ-ကြံသကဲ့သို့ ဖြစ်တတ်၏။

နိဗ္ဗာပါရကို သိ ေစသည်၊ပကပ္ပေတိ၌'ပ'ကား ဝေတ္တွဏ္ဍာနုဝတ္တက၊ လောကတ္တရာကို မယူရာ၌ ကမ္မကျွယကတဏ္ဍာ ပဋိတ်ခတ်။ ။မနော ဒွါရကထာ။

စေတနာပဋံ။ပ။မနသာဝဟူသော ပါဠိ၌ ဤသို့ယောဇနာ။

ဘိက္ခဝေ-တို့၊ပုရိမစေတနာယ-ဖြင့်(ထည့်) စေတယိတွာ-၍၊ကာယေန-ဖြင့်၎င်း၊ မနသာ-ဖြင့်၎င်း၊ ကမ္မံ သန္နိဋ္ဌာနကမ္မံ-နောက်ကံကို၊(သန္နိဋ္ဌာနကံကိုသော်လည်းဟူ) ယသ္မာ-ကြောင့်၊ ကရောတိ-၏၊ တသ္မာ-ကြောင့်၊ စေတနံ-ပစ္ဆိမစေတနာကို၊ (နောက်စေတနာကိုသော်လည်းဟူ)ကမ္မံ-ဟူ၍၊အဟံ-ငါဘုရားသည်၊ဝဒါမိ-၏။

'စေတနာယ စေတယိတွာ'ကား ပုဗ္ဗကာလကြိယာတည်း၊ ကမ္မံ ကရောတိ ကား အပရကာလကြိယာတည်း၊ စေတနာယ၏ အရကား ပုဗ္ဗစေတနာ၊ကမ္မံ၏အရကား အပရစေတနာ။

**အခ်ိဳ႕ဆရာတို့ကား** ပုဗ္ဗစေတနာကား စေတနာသာမည်၏၊ အပရစေတနာကား စေတနာလည်းမည်,ကံလည်းမည်၏ ဟူလိုသည်။

ဝါ, ဘိက္ခဝေ-တို့၊ စေတနာယ - သဟဇာတစေတနာဖြင့်၊ စေတယိတွာ-၍၊ ကာယေနဝါ-ဝိဏ္ဏတ္တိသမုဋ္ဌာနကာယဖြင့်၎င်း၊ ဝါစာယ-သဒ္ဒဝါစာဖြင့်၎င်း၊ မနသာ-ဖြင့်၎င်း၊ ကမ္မံ စောပနာ ဘိဏ္ဍာဒိကြိယံ - စောပနကြိယာ အဘိဏ္ဍာစသော ကြိယာကို၊ ယသ္မာ ကရောတိ၊တသ္မာ-ကြောင့်၊ စေတနံ-သဟဇာတ စေတနာကို၊ ကမ္မံ-ဟူ၍၊ အဟံ-သည်၊ ဝဒါမိ-၏။ (ဤသို့ သမ္ဗန်မှု စောပနာကို ဝိညတ်ခွေးဟုသူ)

ဝါ,ကာယေန-ကာယဝိညတ်ဖြင့်၎င်း၊ဝါစာယ-ဝစီဝိညတ်ဖြင့်၎င်း၊ မနသာ ဖြင့်၎င်း၊ ကမ္မံ စောပနာ ဘိက္ကမာဒိကြိယံ-ရူပကာယ၏ ထမ္ဘန စလန,ဥပါဒိန္န၏ ဃဋ္ဋနဟု ဆိုအပ်သော စောပနကြိယာ, အဘိက္ကမ စသော ကြိယာကို၊ ယသ္မာ ကရောတိ တသ္မာ စေတနာ-သဟဇာတ စေတနာကို၊ ကမ္မံ အဟံ ဝဒါမိ ဟု သမ္ဗန်။

ဤနှစ်ဒီကပ်၌ကား သမာနကာလဖြစ်သျက် ပုဗ္ဗကာလကဲ့သို့ မိန့်ပါသည်၊စေတနာဟံ ကမ္မံ၌ သဟဇာတဖြစ်သော ကာရကစေတနာကို ကမ္မဆိုပါသည်၊ ခဲ့ဥ၊ ဋီကာသက်သက်နှင့် မသိသာ၊ အနုဋီကာ စသည်နှင့် ညှိ၍ကြံသူပါ။

အာနန္ဒ-အာနန္ဒာ၊ ကာယေ-ကာယဝိညတ်ဟု ဆိုအပ်သော ဝိညတ်သည်၊သတိဝါ-ရှိသော်လည်း၊ အနုရောဓိတေဝါ-မချုပ်သော်လည်း။

ဤသို့သမ္ဗန်မှု ဝါကား အဋ္ဌာနယ ဂ၊ အဋ္ဌလည်း ဋီကာပါဌ်ထား အလိုသော် သမုစ္စယ သမ္ပိဏ္ဍနဟူလိုသကဲ့သို့မှတ်၏၊အနုအလိုကား ဝိကပ် ဟူလို၏၊ဝိကပ်ကြံချမှု ခဲ့ဥ၊ဂဏ္ဌိ၌ကား 'ကာယေဝါ သတီတိ ကာယ ဝိညတ္တိ သင်္ခါတေ ကာယေ သတိ'ဟု ဖွင့်၏၊မိန့်သည့်အလိုကား ဝစန သိလိဋ္ဌ ပဒပူရဏမျှသာ ဟူလိုသကဲ့သို့ ရှိ၏၊ သင့်လေစွ၊ အချို့ကား သုခဒုက္ခံ၌သည်၍ ပေးကုန်၏၊မသင့်။

ကာယသံစေတနာဟေတု- ကာယသံစေတနာ ဟူသော အကြောင်းကြောင့်၊ (ကာယဝိညတ်ကို ဖြစ်စေတတ်သော စေတနာကြောင့် သော်လည်းဟူ) အဇ္ဈတ္တံ-သော၊ သုခဒုက္ခံ-သည်၊ဥပ္ပဇ္ဇတိ-၏။

နောက်နှစ်ချက်၌လည်း ဤနည်းသမ္ဗန်၊ ဤလည်း တသုတ်၊ တိဒိဝါ ဘိက္ခဝေ စသည်တသုတ်၊သစေ ယံ အာနန္ဒ စသည်တသုတ်၊ အနက်ကား ဤသို့တည်း။

ဘိက္ခဝေ-တို့၊ တိဒိဝါ-သော၊ ကာယသံစေတနာ-သည်၊ အကုသလံ-အကုသိုလ်တည်း၊ ကာယကမ္မံ-တည်း၊ ဒုက္ခုန္ဒြိယံ-ဒုက္ခိန္ဒြေကိုဖြစ်စေတတ်၏၊ ဒုက္ခဝိပါကံ-မကောင်းကျိုးကို ပေး

ပြန်ပွားရေးမူ)

ခြင်းလက္ခဏာရှိ၏၊(ဖြစ်စေတတ်၏သော်လည်းဟူ၊ဤနည်းချည်းသမွန်)

အာနန္ဒ-အာနန္ဒာ၊ ပါဠိလိပုတ္တသ-သော၊ ပရိဗ္ဗာဇကဿ-သည်၊ဇေ၀-သို့၊ပုဠော-အပ်သော၊အယံသမိဒ္ဓိ မောဃပုရိသော-သည်၊ဝါ,သမိဒ္ဓိ-မည်သော၊အယံ မောဃပုရိသော-ဤမဂ်ဖိုလ်မှ အချည်းနှီးသော ယောကျ်ားသည်၊ သံစေတနိယံ။ပ။ဝေဒယတိတိ-ဟူ၍၊ဇေ၀-သို့၊သစေ-၍၊ဗျာကရေယျ-အံ့။

ဤသို့ကား မဖြေခဲ့တုံ၊သုခဝေဒနိယံစသည်ကိုချန်၍ ဖြေဘိ၏တကားဟူလို။

အာနန္ဒ-အာနန္ဒာ၊ဇေ၀-သို့၊ဗျာကရမာနော-သော၊ဝါ-သော၊သမိဒ္ဓိ-မည်သော၊ မောဃပုရိသော-သည်၊ ပါဠိလိပုတ္တဿ-ပြည်သားဖြစ်သော၊ (ပါဠိလိပုတ္တမည်သော သော်လည်းဟူ) ပရိဗ္ဗာဇကဿ-အား၊ သမ္မာ-စွာ၊ ဗျာကရမာနော-ဖြေသည်၊ (ဖြေခြင်းသည်သော်လည်းဟူ) ဟုတ္ဂ-၍၊ ဗျာကရေယျ-မည်ရာ၏။

သုခဝေဒနိယံ စသည်ကိုချန်၍ ဖြေရကား သမ္မာဗျာကရဏ မဖြစ်နိုင်ပြီဟူလို၊သုတ်ပါဠ်၌ 'သံစေတနိယံ-စေ့ဆော်ခြင်းသဘောရှိသော' (ဏိကပစ္စည်း၌ ကကို ယပြု)

သုခဝေဒနိယံ-သုခဝေဒနာကိုဖြစ်စေတတ်သော၊ (ကောင်းသောအာရုံကို ခံစားခြင်းလက္ခဏာရှိသောသော်လည်းဟူ)

ဘုရားရှင်တို့ဟောတော်မူသော မောဃပုရိသနှစ်ပါးတွင် ထိုခဏ၌ မဂ်ဖိုလ်မရှိသော မောဃပုရိသဟုယူ။

ကမ္မစတုက္ကေန-ဖြင့်၊ ဒီပိတော-၏၊ (စတုက္က၌ စတုက္ကဖြင့်ပြသည်ကို စတုက္ကကိုပြ၏ဟူပါသည်)ကဏှံ-မည်းသော၊ကဏှဝိပါကံ-မည်းသော အကျိုးရှိသော၊ ကမ္မံ-သည်၊အတ္ထိ-၏၊ (ဤနည်းချည်းသမွန်)

ဤပါဠိကား အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ကမ္မဝဂ်၌ ဟောသည်၊ သုတ်၌ မဂ္ဂင်,ဗောဇ္ဈင်နှစ်ပါးလာလျှင်းမူလည်း မဂ္ဂင်၏ဘာဇာ

ပနသာလျှင် မဟာဓိသဲယဖြစ်ရကား တဏ္ဍ လောကုတ္တရမဂ္ဂါ စသည်မိန့်သော်။

ဗောဇ္ဈင်ကား မနောကံကိုသာဆည်းခြင်းကြောင့် အပ္ပဓိသယ ဖြစ်၏၊ထို့ကြောင့် ကံသုံးပါးသို့ဆည်းသောမဂ္ဂင်၌ ဝင်သတည်း။

အသို့ဆည်းသနည်း စုဒ်ရှိရကား 'ယံဟိ'စသည်တက်သော်။

ကာယေန ဒုဿိလျကား ပါဏာတိပါတစသည့်တည်း၊ ဝါစာယ ဒုဿိလျကား မုသာဝါဒ စသည်တည်း၊ မနေန ဒုဿိလျကား ကြွင်းသော သဗ္ဗာကုသလတည်း၊ ဝါ-မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ,မိစ္ဆာသတိ,မိစ္ဆာသမာဓိတည်း။

ဤမိစ္ဆာဒိဋ္ဌိ စသည်ကို ဒုဿိလျဟူသည်ကား ကာယဝါစာတို့၌ကဲ့သို့ သိလဒ်ပ္ပတ္တိဖြစ်လျှင်းသောကြောင့်ဆိုသည်မဟုတ်၊သိလပဋိပက္ခသာယှု၊ထိုစကားသည် သင့်စွ၊မာနသိကသိလဝိပတ္တိမည်သည်မရှိ။

ဆရာ......လောကုတ္တရာ၌ ဘဇနကိုဆိုပြီ၊ လောကီ၌ ကမ္မပထသို့ မရောက်သော တရားတို့ကား အဘယ်သို့ ဆည်းသနည်း၊ အဘယ်၌ သွင်းသနည်းစုဒ်ရှိရကား 'ဣမသ္မိံ ဋ္ဌာနေ'စသည် မိန့်သော်။

ဣမသ္မိံ ဋ္ဌာနေ-၌၊ ဒွါရသံသန္ဒနံနာမ-ဒွါရ၌ သွင်းခြင်းမည်သည်၊ဟောတိ-၏။

**အဓိပ္ပါယ်ကား**......ဒွါရ၌သွင်းသောအားဖြင့် ကာယဒုစရိုက်စသည်မည်ပါ၏ ဟူလို၊ ကမ္မပထံ အပတ္တာနမ္ပိ တံတံဒွါရေ သံသန္ဒနံ အဝရော ဓနံ' ဟူသောဋီကာနှင့်လျော်စေသည်၊ဤဋီကာ၌ 'ပိ'ဖြင့် ကမ္မပထပတ္တကို ပေါင်းလေ။ဝါ-ကံကိုပဋ္ဌာနပြုသော် ဒွါရပျက်ခဲ့၊ ဒွါရကို ပဋ္ဌာနပြုသော် ကံပျက်ခဲ့ရကား ဤသို့ မပျက်ခြင်းကို သိအပ်၏ ဟု ပြလိုသော ဆရာသည် 'ဣမသ္မိံ ဋ္ဌာနေ'စသည်တက်သော်။

ဣမသ္မိံ ဋ္ဌာနေ-၌၊ ဒွါရသံသန္ဒနံနာမ ကမ္မဒွါရာဘေဒနံနာမ-ကံ ဒွါရတို့၏ မပျက်ခြင်းမည်သည်၊ဟောတိ-၏။

''အာဏတ္တိသမုဋ္ဌိတေသု ပါဏာတိပါတာဒိန္နာဒါနေသု ကမ္မမ္ပိ ကာယကမ္မံ ဒွါရမ္ပိ ကမ္မဝသေနေဝ ကာယဒွါရံ''စသော အဋ္ဌကထာ၌ မိန့်လတ္တံ့သည်ကိုရည်သော 'ဒွါရန္တရေ ကမ္မန္တရုပ္ပတ္တိယမ္ပိ ကမ္မဒွါရာ

ဘောဒနံစ ဠာဠိရသံသန္ဒနံ နာမ’ဟူသောဋီကာနှင့်လျော်စေသည်၊ ဤဋီကာ၌ ‘ဝိ’ကား သကကမ္ဗ,သကဠာဠိရဖြစ်ကြသော ပဂေဝဟူလို။

အဝရောဓနေဖြစ်သော ဠာဠိရသံသန္ဒနကိုချဲ့လိုရကား ကာယဝိဗ္ဗဠာဠိရေသု ဟိ စသည်မိန့်သော်။

တတြ-တသ္မိံ ဠာဠိရသံသန္ဒနေ ဌဲ၊မိဂဝံ-သမင်တောသို့။

မိဂေ ဝနန္တိ ဗာဓေန္တိ ဧတ္ထာတိ မိဂဝံ၊တောရစေ။ဘနဓာတ်ကား ဗာဓနေ၌ ဖြစ်သည်။

ဓနုံ-လေးကို၊ သန္ဓေတွာတိ-စီရင်၍၊ ဖိယံ-ညှို့ကို၊ ဝန္ဓေတိ-ကျစ်၍၊ ဘတ္တံ-ကို၊ ဘုဥ္စတိ-၍၊ (တောသွား ထမင်းစားသည် ဟူလို)ဝတ္ထံ-ပုဆိုးကို၊ပရိဒဟတိ-ဖြင့်ဝတ်၍၊ (တောသွားအံ့ဟု အောက်ပုံးကျိုက်သည့်, ဦးရစ်ပေါင်းသည့်ဟူလို)သသ မိဋ္ဌာရ မဋ္ဌမိဒ၌ ‘ပိ’ကား မိမိကိုရည်သောသမင်တို့ကား ပဂေဝဟူလို။

သော စ ခေါ-ထိုကမ္မပထဘေဒသည်လည်း၊ဗျာပါဒဝသေန-ဏှာမေ သတ္တာ ဟညန္တု၊ စသောဗျာပါဒ၏ အစွမ်းဖြင့်၊ ဟော တိ-၏။

ဤပါဠိဖြင့် ကာယကံဟူသော ဝေါဟာရ အသာဘာကိုပြသည်၊ ပရ သန္တက ပဋိဃာမန စသည်၏ အစွမ်းဖြင့် ဏှာမေ သတ္တာ ဟညန္တု စသည်ဖြင့် ကြံသော်ဆိုသော်သာလျှင် မနောကံဟူသောဝေါဟာရကို ရသဘည်း၊ ‘နပါဏာတိပါတာဝသေန’ကား ကာယကံသည် မနော ဠာဠိရ၌ မဖြစ်ဟု ပြသည်။

ထိုကို ချဲ့လိုရကား ‘အကုသလံ ဟိ ကာယကမ္မံ’စသည်မိန့်သော်။

အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိယော-တို့သည်၊ စေတနာ ပက္ခိ ကာဝါ-ကာယကံ၏ အဘို့၌ ကျကုန်သည်လည်း၊ဟောန္တိ-ကုန် ၏၊(သဒ္ဒက္ခ) စေတနာပက္ခိကာဝါ – ကာယကံ ဟူသော ဝေါ ဟာရကို ရကုန်သည်လည်း၊ ဟောန္တိ-ကုန်၏၊ (အမိပ္ပါယ်ဆို) အဗ္ဗောဟာရိကာဝါ-မနောကံဟု မခေါ်ဝေါ်လောက်ကုန်သည့် လည်း၊ဟောန္တိ-ကုန်၏။ (ခေါ်ဝေါ်ခြင်းကင်းကုန်သည့်, ခေါ် ဝေါ်ခြင်း မရှိကုန်သည့်, မခေါ်ဝေါ်အပ်ကုန်သည်၊ဗိတ်ကြိုက် ရာပေး)

(ပိဋကတ်တော်

**ဤနှစ်ခုဒိ၌ အဓိပ္ပါယ်ကား**......အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိတို့သည် မနောဒွါရိကမှေ့ ယေဘုယျဖြစ်၍ မနောကံမည်လျှင်းမှုလည်း ကာယဒွါရိက စေတနာနှင့် သဟကာရီကရဏ ဖြစ်ခြင်းကြောင့် ကာယကံ ဟူသော ဝေါဟာရကို ရလေတော့သည်၊ပရသန္တက အဝှုပရိဏာမန စသည်ဖြင့် မဖြစ်၊ဏ္ဍမေ သတ္တာ ဟညန္တု စသည်ဖြင့်မဖြစ်ရကား မနောကံဟူသော ဝေါဟာရလည်း ကင်းလေတော့သည် ဟူလိုသတည်း။

မခေါ်ဝေါ် လောက်သည်, ခေါ်ဝေါ် ခြင်း ကင်းသည် ဟူရာ၌ သက်သေကား သသဒ္ဒာ ရုပထဝိစသည်၌ အဒါပါ စသည်တည်း။

ဝါ,အဗျော်ဟာရိကာ-ပါဏာတိပါတ စသည်၏ အဖြစ်ဖြင့် မခေါ် ဝေါ် အပ်ကုန်သည်၊ဟောန္တိ-ကုန်၏။

**အဓိပ္ပါယ်ကား**......ကာယကံဟူသောဝေါဟာရကိုရလျှင်းမှုလည်း ပါဏာတိပါတ စသည်၏အစွမ်းဖြင့် မဆိုအပ်, မခေါ် ဝေါ် အပ်ဟူလိုသတည်း၊ ဤနည်းချည်း နောက်နောက်ကို ကြံ။ ဝိတဏ္ဍာဝါဒိ သုတ်၌ အနက်ခဲရပ်ကား-

ကုန္တိ ဂတံ-ဝမ်း၌ဘည်သော၊ ဂဗ္ဘံ-သူငယ်ကို၊ (ကိုယ်ဝန်ကိုသော်လည်းဟူ) ဇဝံ-ဤသို့ ကြည်သည်ရှိသော်၊ (ကြည်ကာမျှသော်လည်းဟူ) ကုဒ္ဓုမ္ဘသ-သား၏၊ (သူငယ်၏,ကိုယ်ဝန်၏, အန္ဓယ်၏၊ စိတ်ကြိုက်ရာပေး) ယောဇနာ, ဋီကာ စသည် ကုန်အောင်ကြည့်မှ ဤကဲ့သို့ အနက်လိုကြောင်းကို သိလေအံ့၊ ဥပဃာတော-သေခြင်းသည်၊ (ပျက်ခြင်းသည်, ကျေခြင်းသည်၊ စိတ်ကြိုက်ရာပေး) စိန္တိတမတ္တေယေဝ-ကြံကာမျှ၌လျှင်၊ (ဖြင့်လျှင်သော်လည်းဟူ) ကြည်သော်ကား ပဂေဝဟူလို။ တမေနံ-ထိုဝိတဏ္ဍာဝါဒိပုဂ္ဂိုလ်ကို၊(ဝတွာ၌စပ်)

သင်္ဂါယနာသုံးတန်သို့တင်၏ဟူသည်ကို မနှစ်သက်၊ အနူးအညွတ် ခွင့်မပြုလိုရကား သုတ္တဿ သာ မဆိုမူ၍ ''တာ သုတ္တဿ'' မိန့်သော်။

ရှုဒ္ဓိဆယ်ပါးတို့တွင် သတ သဟဿ ရုပ်စသည်ကို ဖန်ဆင်းသည်၏ အစွမ်းဖြင့်ဖြစ်သောဣဒ္ဓိကား အဓိဋ္ဌာနိဒ္ဓိ, ပကတိအဆင်းကို စွန့်၍ ကုမာရဝဏ္ဏ,နာဂဝဏ္ဏစသည်ကို ဖန်ဆင်းသည်၏အစွမ်းဖြင့်ဖြစ်သော

ဣန္ဒြိကား ဝိကုဗ္ဗနိဒ္ဓိ, မိမိတို့၏အတွင်း၌ အမှတ်မဲ့တပါးပါးသော ကိုယ်ကို ဖန်ဆင်းသောအားဖြင့်ဖြစ်သော ဣဒ္ဓိကား မနောမယိဒ္ဓိမည်၏၊ ဤသုံးပါးကား အဘိညာဏ်ချည်းတည်း။

ရှေး၌ဖြင်း,နောက်၌ဖြင်း, ထိုခဏ၌ဖြင်း ရအပ်သော အရဟတ္တမဂ်ညာဏ်၏ အာနုဘော်ကြောင့် ဖြစ်သော ဣဒ္ဓိကား ညာဏဝိပ္ဖါရ ဣဒ္ဓိ၊ ဗာကုလထေရ် သံကိစ္စသာမဏေတို့ဝတ္ထုကို ထုတ်လေအပ်၏၊ ရှေး၌ဖြင်း, နောက်၌ဖြင်း, ထိုခဏ၌ဖြင်း ရအပ်သောသမထ၏ အာနုဘော်ကြောင့် ဖြစ်သော (ဈာန်၏ အာနုဘော်ကြောင့်ဖြစ်သော သော်လည်းဟူ)ဣဒ္ဓိကား သမာဓိဝိပ္ဖါရဣဒ္ဓိမည်၏၊သာရိပုတ္တမဟာထေရ်, သဉ္ဇီဝထေရ်, ခါဏုကောဏ္ဍညထေရ်, သာမာဝတီတို့ ဝတ္ထုကို ထုတ်လေအပ်၏။

ကတမာ အရိယာ ဣဒ္ဓိ၊ဣဓ ဘိက္ခု သစေ အာကင်္ခတိ၊ ပဋိကူလေ အပ္ပဋိကူလသညီ ဝိဟရေယျန္တိ၊အပ္ပဋိကူလသညီ ဝိဟရတိ၊သစေ အာကင်္ခတိ၊ အပ္ပဋိကူလေ ပဋိကူလသညီ ဝိဟရေယျန္တိ၊ ပဋိကူလသညီ ဝိဟရတိ၊ ဥပေက္ခကော ဝိဟရတိ၊ သတော သမ္ပဇာနော-ဟူ၍ ဟောတော်မူအပ်သော စေတောဝသိပတ္တဖြစ်သော အရိယာတို့အား ရကောင်းသော ဣဒ္ဓိသည် အရိယာဣဒ္ဓိမည်၏။

ဂဏ္ဌိကား နိရောဓသမာပတ်ကို အရိယာဣဒ္ဓိဟူ၏၊ပါဠိအဋ္ဌကထာဋီကာတို့နှင့်မညီရကား ဆင်ခြင်အပ်၏၊ အလုံးစုံသောငှက်, အလုံးစုံသောနတ်, အချို့သောသူ, အချို့သောဝိနိပါတိကတို့၏ ကောင်းကင်ပျံခြင်းသည် ကမ္မဝိပါကဇိဒ္ဓိ မည်၏၊ (အချို့သောသူ ဟူသည်ကား ကမ္ဘာဦးသူတို့ကိုယူ၏၊ ဂဏ္ဌိ၌ကား စက္ကဝတ္တိမင်း၏ ကောင်းကင်ပျံခြင်းကိုလည်း ဤ၌သွင်း၏၊ ဤစကားလည်း ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့် မညီ၊ထို့ကြောင့် ဆင်ခြင်အပ်၏။

စက္ကဝတ္တိမင်း၏ စစ်သည်လေးပါးနှင့်တကွ ကောင်းကင်ပျံခြင်း, ဇောတိလသူဌေး၏ အတောင် ရှစ်ဆယ်ရှိသော ရွှေတောင် ပေါက်ခြင်း, ဃောသကသူဌေး၏ ခုနစ်ပါးသောအရာတို့၌ သေစေမ့်သော်ငှါ လုံ့လပြုလျက် မသေခြင်းစသည်ကား ပုညဝတောဣဒ္ဓိမည်၏။

[ ဝိဇ္ဇာကတ်တော်

ကမ္မပိပါကဖိဒ္ဓိကား အကျိုးမြဲတည်း၊ ပုညဝတော်ရုဒ္ဓိကား အကျိုးပေးခိုက်သာ၊ ဤကား အထူး။

ဝိဇ္ဇာမိုရ်၏ မန္တန်စုတ်၍ ကောင်းကင်ပျံခြင်းစသည်ကား ဝိဇ္ဇာမယရုဒ္ဓိမည်၏၊ သကဋဗျူဟာ စက္ကဗျူဟာ ပဒုမဗျူဟာ အစရှိသော အစီအရင်ကြောင့် ဖြစ်သောအထူး, ဂဏန်းစောင်း စသောအတတ်,သလ္လကတ္တကစသော ဆေးအတတ်,ရုရုစသော ဗေဒင်အတတ်, ငိဋုကတ်သုံးပုံ စသော အတတ်, အယုတ်သဖြင့် လယ်ထွန်ခြင်း ကြဲခြင်းစသော အမှုတို့ကို ပွဲ၍ ပြီးသောအထူးသည်ကား တတ္ထတတ္ထ သမ္မာပယောဂပစ္စယာရုဒ္ဓိနေကြန ရုဒ္ဓိမည်၏၊ ဤထက်ကုန်စင်အောင် သိလိုမူကား ပဋိသမ္ဘိဒါမဂ်, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ဋီကာ, သာရတ္ထသင်္ဂဟ, အဋ္ဌသာလိနီယောဇနာ,ဂဏ္ဌိတို့နှင့်ညှိ၍ယူလေ၊ အနုသစ်,ဥဒါန်းသုတ်တို့ကိုလည်း မြော်လေ။

တတ္ထ ကတရံ ရုဒ္ဓိ ဝဒေတိတိကား သမာနဝါဒီပုစ္ဆာ၊ ဘာဝနာမယန္တိကား ပရဝါဒီဝိသဇ္ဇနာ ပရဝါဒီကား အဓိဋ္ဌာနိဒ္ဓိကိုရည်သည်၊ ဘာဝနာမယချင်းတူသော်လည်း ဝိကုဗ္ဗနိဒ္ဓိ, မနောမယိဒ္ဓိကိုရည်သည် မမှတ်လင့်။

မသိဟူသည်ကို မြဲစေလိုရကား ရုဒ္ဓိမာ စေတော ဝသိပတ္တောဘိဇ္ဈ ဟိ စသည်မိန့်သော်။

အာထဗ္ဗနိဒ္ဓိ ပန-ဝိဇ္ဇာမယရုဒ္ဓိကိုကား(အဓိပ္ပေတာ၌စပ်)မိန္နောင်း၌ကား ''အာထဗ္ဗနိဒ္ဓိ ပန-ရူးတုပ် ရူးခဲတန်ရိုးကိုကား'' ဟူ၏၊ ငါတို့ကျေးဇူးရှင်ကား ''ယော ယန္တ ရားအတတ်ကို''ဟူ၏။

အာထဗ္ဗနတော ဝိဇ္ဇတော ဓာတာ ရုဒ္ဓိ အာထဗ္ဗနိဒ္ဓိ၊(ဝိဂ္ဂဟ)

ဒဗ္ဗေ-နေဓာမြက်တို့ကို၊အဋ္ဌရိတ္ဝာ-ဖြန့်၍၊(ပဋ္ဌရိတွာလည်းရှိ၏၊ အနက်တူပင်) သတ္တမေ ပဒေ - ခုနစ်ဘါးမြောက်၌၊ အပါဒါနိကား ''သုသာနမဏ္ဍလာဒိတော-သုသာန်မြေကို နင်းသည်မှ''ဟု ခံလေ။

ဝဋ္ဋေတွာ ဝဋ္ဋေတွာ-ဆုပ်၍ဆုပ်၍၊(ပွတ်၍ပွတ်၍လည်းဟူ) ငါတို့ကျေးဇူးရှင်ကား 'ဖိမ့်၍ဖိမ့်၍၊ (ဝင့်၍ဝင့်၍လည်းဟူ၏) ဝိဇ္ဇံ-မန္တန်ကို၊ပရိဇပ္ပန္တိ-စုတ်ကုန်၏။

နေယျတ္ထံကိံ-လော၊ ဥဒါဟု-ထိုသို့မဟုတ်၊ နေတတ္ထံကိံ-လော၊(နီတတ္ထံလည်းရှိ၏၊အနက်တူပင်)

ဝစနုတ္တရေန ဂမေတဗ္ဗတ္ထံ နေယျတ္ထံ။
သယမေဝ ဂမိတဗ္ဗတ္ထံ နေတတ္ထံ။(အထူး)
ပကတည္ဟု-လိမ္မာ။

မနောဒွါရေ အာပတ္တိယာ ပညာပနံနာမနတ္ထိ၌ 'မနောဒွါရေ အာပတ္တိနာမ နတ္ထိတိဣဒံ ယေဘုယျဝသေန ဝုတ္တံ၊ဥပနိက္ခိတ္တသာဒိယနာဒိသု အာပတ္တိသမ္ဘဝတောတိ ဒဋ္ဌဗ္ဗံ'ဟု ကင်္ခါဋီကာ၌ မိန့်သည်ကို ထောက်၍ ပညာနည်းသောသူတို့သည် မနောဒွါရ၌ အာပတ်မည်သည် ရှိ၏ဟု ယူကုန် မှတ်ကုန်၏၊ ထိုသူတို့၏ ဝါဒ၌ ပါဠိအဋ္ဌကထာ, ဋီကာတို့ကို ဆောင်၍ အပြစ်တင်ဘွယ် များစွ၊ ယင်းသို့ များလျှင်းမှုလည်း''ထား ဆောက်ကမ်းနည်း''ဖြင့် မိမိတို့ကိုးသောဋီကာဖြင့်ပင် ဆိုလိုက်အံ့။

ဓာတုရူပ ရစတဂ္ဂဟဏာသိက္ခာပုဒ်၏ အဖွင့်၌''သစေ ပန ကာယဝါစာ ဟိ အပဋိက္ခိပိတွာ စိတ္တေန အဓိဝါသေတိ၊ ကာယဝါစာ ဟိ ကတ္တဗ္ဗဿ ပဋိက္ခေပဿ အကရဏတော အကိရိယသမုဋ္ဌာနံ ကာယဝစီဒွါရေ အာပတ္တိံ အာပဇ္ဇတိ၊ မနောဒွါရေ ပန အာပတ္တိ နာမ နတ္ထိ'' ဟု မိန့်အပ်ရကား ထိုသူတို့၏ အညာဏအဖြစ်သာတည်းဟုမှတ်အပ်၏။

ယခင်ဋီကာ၌ အသို့ယူမည်နည်းဟူငြားအံ့၊ ဝိတ္တသာဒိယနမျှကိုငဲ့၍ ဆိုသည်ဟု ယူအပ်၏။

ဇိနစက္ကံ-ဘုရားသာသနာတော်ကို။

မုသာဝါဒဝဂ်၌သာ ဟောတော်မူအပ်သော, ဥပေါသထက္ခန္ဓက၌ ဟောတော်မမူအပ်သော အနရိယဝေါဟာရကို ဥပေါသထက္ခန္ဓက၌ ဟော၏ဟုယူသော ဝိတဏ္ဍဝါဒီသို့လိုက်၍ပုစ္ဆာပြုလိုရကား ဥတ္တရိ။ပ။ အကိရိယတောတိ မိန့်သော်။

ဝုတ္တတ္ထကို ပါဠိဖြင့် ပြီးစေလိုရကား 'ဝုတ္တမ္ပိ စေတံ' စသည် မိန့်သော်။

ကေနစိ - တစုံတယောက်သော၊ မနုဿေန-လူကို၊ ဝါစာ ဝါစာယ-စကားဖြင့်၊ အနာလပန္တော - မပြော၊ ပရေ-တပါး

သောသူတို့ကို၊သန္တာယ-ရည်၍၊ဂိရံ-စကားကိုလည်း၊ နော စေ ဘဏေယျ-မဆိုရာ၊ဝါစသိကံ-ဝါစသိကဖြစ်သော၊အာပတ္တိံ-သို့၊အာပဇ္ဇေယျ-၏၊ကာယိကံ-သော၊ အာပတ္တိံ-သို့၊နအာပဇ္ဇေယျ-ရာ၊သောပဇ္ဇာ သော ပဇ္ဇော-ကို၊ ကုသလပ်-တို့သည်၊ စိန္တိတာ စိန္တိတော-ကြံအပ်၏။

ဤသို့ အနက်သမ္ဗန်မှု ဝါစာနှင့် ဂိရကို နှစ်ပုဒ်, သန္တာယကို ပါဌ သေသ,ပဇ္ဇာမေသာ ကုသလပ် စိန္တိတာ၌ ပဇ္ဇာ မေသာ စိန္တိတာတို့ ကို လိင်္ဂဝိပလ္လာသဟု မှတ်။(ကန်ဒီဂိုကာအလို)

ဝါ, ယောဘိက္ခု-သည်၊ ကေနစိ-သော၊ မနုဿေန-လူကို၊ ဝါစာဂိရံ-စကားကို၊အနာလပန္တော-မပြော၊(ဝါစာ သန်ဒါတ ဟူသော ဋီကာနှင့် လျော်စေသည်) ဝါ, ဝါစာဂိရံ-နှုတ်မြွက် ခြင်းကို၊ကတွာ-၍ အနာလပန္တော-မပြော၊(ဝါစာနှုတ္တာလနံ ဝါ ဟူသောဋီကာနှင့်လျော်စေသည်) ပရေ-သူတပါးတို့ကို၊ သန္တာ ယ-၍၊နောစေဘဏေယျ-ရာ။ပ။သော ပဇ္ဇာ-ကို၊ကုသလပ်-တို့သည်၊စိန္တိတာ-၏၊(ဂဏ္ဌိကား ကန်ဒီဂိုကာနှင့် တူစွာဆို၏၊ ယောဇနာ,ဋီကာတို့ကား အလားတူကြ၏)

ခန္တိသီဝါဒယော-ကုမာရနတ်,ပရမိဿွာနတ်စသည်တို့သည်၊ (ခန္ဒနတ် သီဝနတ်အစရှိသည်တို့သည်သော်လည်းဟူ)

မဟိဿရ,သိဝ,သူလိ,ဣဿရ,ပသုပတိ,ဟရ ဟူသည် ပရမိဿွာ ချည်းတည်း၊ ကုမာရ, ခန္ဒ,သတ္တိမရဟူသည် ပရမိဿွာသား၏ အမည် တည်း၊ထို့ကြောင့် ပရိယာယ်ဖြစ်၍ စိတ်ကြိုက်ရာပေး။

ဋီကာ၌ 'ခန္ဒာတိ ကုမာရော၊သိဝါတိ မဟေသရော'ဖွင့်သည်ကို မရ သာရတ္ထဒီပနီ၌'ကုမာရောတိ ဖြဟ္မာ'ဖွင့်သည်ကား အဘိဓာန်,အဘိဓာန် ဋီကာတို့နှင့်မညီ၊ဆင်ခြင်အပ်၏၊ အကြောင်းကိုရှာအပ်၏။

တေသံ-ထိုကုမာရနတ်,ပရမိဿွာနတ်စသည်တို့အား၊အဘိ ဝါဒန အဉ္ဇလိကမ္မ ဘူတပိဌက ပရိဘဏ္ဍနာဒိနိ - ရှိခိုးခြင်း, လက်အုပ်ချီခြင်း, ကောင်းကင်၌ နေဝန်းပြုခြင်း, မြေကျင်းဘျ ခြင်း စသည်တို့ကို။

ပြန်ပွားရေးမှု

မိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော သူတို့သည် မိမိတို့နေရာအပ အထက် ကောင်းကင်၌ နေဝန်း လုပ်ခြင်းဖြင့် ကိုးကွယ် ကုန်သတည်း၊ ဤအ ကြောင်းကို သိလိုမူ ဂဏ္ဌိကိုကြည့်။

ဝါ, အဘိဝါဒန။ပ။ဏ္ဍာဒိနိ – ရှိခိုးခြင်း လက်အုပ်ချီခြင်း, ကုမာရနတ် ပရမိဿရနတ် စသည်တို့၏ နေရာ အင်းပျဉ် စီရင်ခြင်း မြေကျင်ကျုံခြင်း စသည်တို့ကို။

မိစ္ဆာဒိဋ္ဌိတို့သည် ကုမာရနတ် ပရမိဿရနတ်တို့ နေဘို့ဟု အင်းပျဉ် ထုစီရင်၍ ကောင်းကင်၌ထားကုန်သည်ဟူလို၊ ဤအကြောင်းကို သိလို လျှင် ယောဇနာကိုကြည့်၊ အချို့သောသူတို့ကား ဘူတပိဋ္ဌက သဒ္ဒါ၏ အဋ္ဌကို မိမိတို့အညာဏဖြစ်လေလျှင် အနက်မထုးသကဲ့သို့ မှတ်၍ ပရိ ဘဏ္ဍသဒ္ဒါနှင့်တချက်တည်းသ မွှန်ကုန်ဘိ၏၊မသင့်။

ဣမေသတ္တာ – တို့သည်၊ ဟည္တန္တု–သေစေကုန်သတည်း၊ (ပင်ပန်းစေကုန်သတည်း သော်လည်းဟူ) ဗဇ္ဈန္တု – မိစေကုန် သတည်း၊ ဥစ္ဆိဇ္ဇန္တု–ပြတ်စေကုန်သတည်း၊ မာဝါ အဟေသုံ– မဖြစ်စေကုန်သတည်း။

ဒုတိယာ ကြံမှုကား–

ဣမေသတ္တာ – တို့ကို၊ ဟည္တန္တု – သတ်စေကုန်သတည်း၊ ဗဇ္ဈန္တု–ဖွဲ့စေကုန်သတည်း၊ ဥစ္ဆိဇ္ဇန္တု–ပြတ်စေကုန်သဘည်း။ (သမွှန်) မာဝါအဟေသုံ၌ ကမ္မဋ္ဌ သက်သော် မသင့်ရကား ယထာရဟာသော်လည်း ယောဇနာ။

စေတနာ ပနေတ္ထ အဗ္ဗောဟာရိကာ၌–

ဧတ္ထ–ဤဝစီဒွါရ၌၊(ဤအရာ၌သော်လည်း သာမန်စွဲ)စေတ နာ ပန – ဝစီစေတနာသည်ကား၊ အဗ္ဗောဟာရိကာ – ဝစီကံဟု မခေါ် ဝေါ် အပ်၊(ခေါ် ဝေါ် ခြင်းကင်း၏ စသည်ဖြင့် ရှေးနည်း ပေး၊အောက် ကာယဒွါရ၌လည်း စွဲလေ)

တိပိဝ ဘိက္ခဝေ မနောသဥ္စေတနာ အကုသလံ မနောကမ္မံစသည် ဖြင့် စေတနာကိုသာ မနောကံဟု သဘောအားဖြင့် ဟောရကား......

(ဗိဋ္ဋကတ်တော်

ကာယကံ စသည်၌ စေတနာ ပက္ခိကာ ဟူသကဲ့သို့ အဘိဇ္ဈာဒိပက္ခိကာမဟူသတည်း။

အနဘိဇ္ဈာဒယော စေတနာပက္ခိကာဝါ ဟောန္တိ စသည်၌ ပါဏာတိပါတာဒိ ဝိရမဏာဗ္ဘာနဖြစ်လျက် ဝိရတိပက္ခိကာ မဆို၊ စေတနာပက္ခိကာ ဆိုရာ၌ ''တိဝိဓာ ဘိက္ခဝေ ကာယသံစေတနာ ကုသလံ ကာယကမ္မံ''စသောပါဌ်ဖြင့် ရှေးနည်းချေ။ ။ကမ္မကထာယံ ဂဏ္ဌိပဒံ။

စက္ခုဝိညာဏဓာတ္ခါရံ-စက္ခုဝတ္ထုကိုမှီသော ဝိညာဏ်၏ခါရ၊ ဝါ-စက္ခုတည်းဟူသော ဝိညာဏ်၏ခါရ၊ ဝါ,စက္ခု-စက္ခုသာလျှင်ဖြစ်သော၊ဝိညာဏခါရံ-ဝိညာဏခါရ။

ပဌမဝိကပ်၌......'စက္ခုသ္မိံ နိဿိတံ ဝိညာဏံ စက္ခုဝိညာဏံ' ဟု တပ္ပုရိသ်တချက်တွဲပြီးမှ 'စက္ခုဝိညာဏဿ ခါရံ စက္ခုဝိညာဏခါရံ' ဟု တပ္ပုရိသ်လည်း တွဲပြန်၍၊တပ္ပုရိသ်နှစ်ချက်ရသတည်း။

ဒုတိယဝိကပ်၌......'ဝိညာဏဿ ခါရံ ဝိညာဏ ခါရံ'ဟု ရှေးဦးစွာ တပ္ပုရိသ်တွဲပြီးမှ 'စက္ခုမေဝ ဝိညာဏ ခါရံ စက္ခုဝိညာဏ ခါရံ'ဟု ကမ္မဓာရယ်တွဲ။

တတိယဝိကပ်၌ကား ဝါကျတည်း၊ ဤကိုရည်၍ မဟုတ်လော၊ ရှေးဆရာတို့သည်......

တပ္ပုရိသ ခွယ မေကော၊ တပ္ပုရိသ ကမ္မဓာရယော။
ဒုတိယော တတိယော ဝါကျော,ဒဠ္ဟဗ္ဗော သာရမတိနာ။

ဟု မိန့်ကုန်သည်၊ သောတ, ဃာန စသော ပုဒ်တို့၌ ဥတ္တရလောပ တည်း၊ထိုပုဒ်တို့၌ သင့်သော် သင့်တန်စေ၊ စက္ခု ဇိဝှါတို့ကဲ့သို့ ပုဒ်နေ မဟုတ်ရကား ဝါကျအသို့သင့်အံ့နည်းဟူငြားအံ့၊ အဝိဘတ္တိကနိဒ္ဒေသ အားဖြင့် ''သောတ-သောတသာလျှင် ဖြစ်သော၊ ဝိညာဏ ခါရံ-ဝိညာဏခါရ''ဤသို့အားဖြင့် ယောဇနာသင့်ပါ၏ဟုယူ၊ အဝိဘတ္တိက နိဒ္ဒေသဟူသည် ဝိဘတ်ကျေသည်, ထင်ရှားမရှိသည်ကို ဆိုသလော ဟူငြားအံ့၊ ယင်းသို့မဟုတ်၊ အဝိဘတ္တိကနိဒ္ဒေသနည်း, ဝိဘတ္တိလောပ နည်းသည် အသီးအခြားပင်ဖြစ်ရကား ဝိဘတ်ပင် မရှိဟုယူ၊ ယင်းသို့ နည်းတမျိုးဖြစ်လျက် မရသာရတ္ထဒီပနီ၌-

'အဝိဘတ္တိကနိဒ္ဒေသော နာမ ထေရဝါဒါနုဗုတ္တမောတိ အာဒိသု ဝိယ ဝိဘတ္တိလောပေါ အဒဿနံ အနုစ္စာရဏံ'ဟု အသို့မူ၍ဆိုသနည်း ဟူငြားအံ့၊ မူလဋီကာ၌ အဝိဘတ္တိကနိဒ္ဒေသသာလာ၍ ဝိဘတ္တိလောပ မလာခြင်းကြောင့် နည်းနှစ်ပါးသည် မထူး ဟု အယူရှိတော်မူသည် သော်လည်း ဖြစ်ရာ၏၊ အဝိဘတ္တိကနိဒ္ဒေသကို ကေဝလဝိဘတ္တိရဟိတ ဖြစ်သော အဝိဘတ္တိကနိဒ္ဒေသ, ဝိဘတ္တိလောပဖြစ်သော အဝိဘတ္တိက နိဒ္ဒေသဟု နှစ်ပါးခွဲ၍ ထိုတွင် လောပဖြစ်သော အဝိဘတ္တိကနိဒ္ဒေသဟု အယူတော် ရှိသည်သော်လည်း ဖြစ်ရာ၏၊ ဤကား ဆရာ၏ ရင်နို့ကို ဝို့သောအားဖြင့် လိုက်လျော၍ ကြံသောအယူတည်း။

သဘောသို့လိုက်၍ ဆိုဦးအံ့၊ မဓုသာရတ္ထဒီပနီ ဆရာမြတ် စကား သည် ဤ၌ မသင့်သကဲ့သို့ထင်မိ၏၊အဘယ့်ကြောင့်နည်း 'ထေရဝါဒါန ဗုတ္တမော'ဟူသောပုဒ်၌ ဝိဘတ်ရှိလျက် ကျေသောပုဒ်မဟုတ်၊ ဝိဘတ် ကင်းသော ပုဒ်ဖြစ်သောကြောင့်ရင်း, သဝိဘတ္တိကနိဒ္ဒေသ သုံးပါး၌ အကျုံးဝင်သော ဝိဘတ္တိလောပကို အဝိဘတ္တိကနိဒ္ဒေသဟု မိန့်ခြင်း ကြောင့်ရင်း, နည်းနှစ်ပါး၏ စင်စစ် အထူးရှိခြင်းကြောင့်ရင်း မသင့် သကဲ့သို့ ထင်မိ၏။

'ထေရဝါဒါနုဗုတ္တမော ဟူသောပုဒ်၌ ဝိဘတ်ရှိလျက် ကျေသော ပုဒ်မဟုတ်၊ ဝိဘတ်ကင်းသောပုဒ်ဖြစ်သောကြောင့်'ဟူသောစကားကို အဘယ်ထောက်၍ ဆိုသနည်းဟူမူကား 'ယဿ ပဒံ ဝိဘတ္တိ အဝိဟိ တာ၊သော အဝိဘတ္တိကနိဒ္ဒေသော၊ ယထာ အဋ္ဌပုဂ္ဂလဓမ္မဒသာ ထေရ ဝါဒါနုဗုတ္တမောတိ၊တတ္ထ ပုဂ္ဂလောတိစ ထေရောတိစ ဝတ္တဗ္ဗေ ပုဂ္ဂလ ထေရာတိ ဝုတ္တံ'ဟူသော မဓုသာရပါဌ် စသည်ကိုထောက်၍ ဆို သတည်း။

''သဝိဘတ္တိကနိဒ္ဒေသသုံးပါး၌ ဝိဘတ္တိလောပသည် အကျုံးဝင်၏'' ဟူသောစကားကို အဘယ်ကိုထောက်၍ ဆိုသနည်းဟူမူကား ''နိဒ္ဒေ သော ဒုဝိဓော သဝိဘတ္တိကာဝိဘတ္တိက နိဒ္ဒေသဝသေန၊ ယဿ သဒ္ဒဿ ပဒံ ဝိဘတ္တိ ဝိဟိတာ၊ သော သဝိဘတ္တိကနိဒ္ဒေသော၊ တတ္ထ ဝိဘတ္တိနံ ဝိဘတ္တိအာဒေသလောပ ဝသေန တိဝိဓောပိ သဝိဘတ္တိက နိဒ္ဒေသော နာမ''ဟူသော မဓုသာရပါဌ်ကိုလည်း ထောက်၍ဆိုသည်။

(ပိဋကတ်တော်

'နည်းနှစ်ပါး၏ စင်စစ်ထူးခြင်းကြောင့်'ဟူသောစကားကိုအဘယ်ကိုထောက်၍ဆိုသနည်းဟူမူကား-

အဝိဘတ္တိက နိဒ္ဒေသေတိ ဝိဘတ္တိ ရဟိတေန နိဒ္ဒေသေ၊ နနု စ ဝိဘတ္တိ အတ္ထိ ဓောတကောတဲ ဝုတ္တတ္တာ၊ကထံ အဝိဘတ္တိက နိဒ္ဒေသေ အတ္ထော ပါကဋော ဘဝေယျာတိ၊ တန္န၊ အကၟရ သမူဟပဒဝသေနာပိ အတ္ထသ ဝိညာဝိတတ္တာ၊ ဝုတ္တံ ဟိ နှ ဝိဘတျန္တ ပဒမေဝ ပဒံ ပုဗ္ဗာပရာနံ အတ္ထုပလဒ္ဓိ ဝဒန္တိ၊ ကေစိ ပန လောပံသန္ဓာယ အဝိဘတ္တိကန္တိ ဝုတ္တန္တိ ဝဒန္တိ၊ တဒယုတ္တံ၊ သဒ္ဒသတ္ထေ ဝြထာတိ ဝတ္တဗ္ဗေ ဝြထ ဣတိ အဝိဘတ္တိကနိဒ္ဒေသော ဝိဘတ္တိလောပေါဝါတိ ဝုတ္တတ္တာ၊ ယဒိ ဟိ ဝိဘတ္တိလောပေါ ဘဝေယျ၊ ဝိဘတ္တိလောပေါဝါတိ ဒုတိယဝိကပ္ပနံ နဝတ္တဗ္ဗံ သိယာ၊ဝုတ္တော စ သော၊ တသ္မာ ဝိညာယတိ ကေဝလော အဝိဘတ္တိကော ယေဝါတိ''ဟူသော ဒသရပ်,

'အဝိဘတ္တိကနိဒ္ဒေသေတိ သောတာဒိ သဒ္ဒတော ဝိဘတ္တုပ္ပတ္တိ မကတွာ ဝိဘတ္တိရဟိတေန နိဒ္ဒေသေန ပုဗ္ဗာပရာနံ အတ္ထုပလဒ္ဓိယံ ပဒန္တိ ဟိ ဝစနတော အဝိဘတ္တိကနိဒ္ဒေသေ ပိ ပုဗ္ဗာပရ မကၟရသမူဟာ အတ္ထုပလဒ္ဓိဝသေန ပဒန္တိ ဝုစ္စတီတိ'ဟူသော စုဒ္ဒသရပ်။

ဝြထ ဣတိ ဝိဘတ္တိလောပေန နိဒ္ဒေသော အဝိဘတ္တိနိဒ္ဒေသော ဝါ စသော ရူပသိဒ္ဓိဋီကာပါဌ်,

ဝါထော ပနွေတိ ဝတ္တဗ္ဗေ ဝိဘတ္တိလောပဝသေန ဝါထပနွေတိ ဝုတ္တံ စသော များစွာသော သုတ္တနိဒ္ဒေသပါဌ်-စသည်တို့ကိုထောက်၍ဆိုသတည်း၊ တေတ္တိံသရပ်ကိုလည်းမြော်။ ဤအရာသည် အလွန်ခဲ၏၊ ဋီကာပါဌ်လည်း အချို့သောစာတို့၌ အလွန်အပို ရှိ၏၊ အချို့သောစာတို့၌ အနည်းငယ်ရှိ၏၊ ထိုတွင် အနည်းငယ်သော ပါဌ်သည်သာလျှင် ဋီကာပါဌ်ဟောင်းဖြစ်၏၊ ထိုပါဌ်ဟောင်းကိုသာ ယုံကြည်စွာမှတ်အပ်၏၊ဒသရပ်,စုဒ္ဒသရပ်, တေတ္တိံသရပ်တို့၌ ထိုပါဌ်ဟောင်းတို့သာ ဆုံးဖြတ်၏၊အနုဟောင်း၌လည်း ထိုပါဌ်ကိုသာ ပဓာနပြု၏၊အနုသစ်၌ကား ပါဌ်သစ်ကိုလည်း ဆုံးဖြတ်၏၊ယင်းသို့ ဆုံးဖြတ်ငြားသော်လည်း ဆရာ

သည်ပင်''အာစရိယာ ပန တစ္ဆ ပါဠိ တစ္ဆ အတ္ထံ နပသံသန္တိ''ဟုမိန့်ရကား ကြိုက်တော်မမူဟု သိရ၏၊ထို့ကြောင့်ရကား ဋီကာ,ယောဇနာ,ဂဏ္ဌိ,မိန္တ္တောင်း,အနုဟောင်း,အနုသစ်,ဒသရပ်, တေတ္တိ သရပ်တို့ကို ညှိ၍ စုတ်စုတ်နစ်နစ်ကြံ။

စက္ခုနာ သံဝရော သာဓု စသည်ဖြင့် ဘုရားသည် သံဝရနှစ်ပါးကို ဟောလျှင်းမူလည်း အဋ္ဌကထာ၌ကာယနှစ်ပါးခွဲရကား ၇စ်ပါးဖြစ်၏၊သံဝရ၇စ်ပါးဖြစ်ပြီးရကား ပဋိပက္ခအသံဝရကိုလည်း ၇စ်ပါးဟု ပြလိုသောဆရာသည် စက္ခု အသံဝရော စသည်မိန့်သော်။ အတ္ထအားဖြင့် ၇စ်ပါးပင်လော စုဒ်ရှိရကား တေ အတ္ထတော မိန့်သော်။ ဤ၌လည်း ပင့်ပတ်အားဖြင့် ငါးပါးဖြစ်သတည်း။

ဒုဿီလျံ-ဒုဿီလ၏အဖြစ်(ပါဏာတိပါတစသောစေတနာတည်း)မုဋ္ဌဿစ္စံ-သတိလွတ်သောသူ၏အဖြစ်။ (သတိ၏ ပဋိပက္ခ ဖြစ်သော အကုသိုလ်တရားတို့တည်း၊ မရသာရုတ္တဒီပနီ ၌ကား ပမာဒဟူ၏)

အညာဏံ-မသိခြင်း၊(မောဟတည်း)အက္ခန္တိ-သည်းမခံခြင်း၊(ပဋိဃတည်း)ကောသဇ္ဇံ-ပျင်းခြင်း၊(ထိနမိဒ္ဓတည်း)

ဝစီဒွါရဖြင့် မှတ်အပ်သော မုသာဝါဒ စသည်၏ကာယဒွါရ၌ ဖြစ်ခြင်းကြောင့် အသုဒ္ဓဖြစ်ရကား ဝိနာ ဝစီဒွါရေန သုဒ္ဓ-ဟု ဝိသေသ မိန့်သော်။

ဧတ္ထ-၌၊ အသံဝရော-သည်၊ စောပန ကာယ အသံဝရော နာမ-၏။

အသံဝရကား ဒွါရန္တ ရ၌ဖြစ်လျှင်းမူလည်း မိမိဒွါရဖြင့်သာအမည်ရသတည်း၊ဤ၌ ဆိုဘွယ်များစွာ၊အထက် ကမ္မပထ သံသန္ဒနာသို့ရောက်မှ ဆိုအံ့၊သံဝရ၏ အတ္တငါးပါးတို့တွင် ပါတိမောက္ခသံဝရသီလကား သီလမည်၏၊ဣန္ဒြိယသံဝရကား သတိမည်၏၊ယာနိ သောတာနိ လောကသ္မိံ အဇိတာတိ ဘဂဝါ သတိ တေသံ နိဝရဏံ သောတာနံ သံဝရံ ဗြူမိ၊ပညာယေတေ ပိဓိယျရေကား ဉာဏမည်၏၊ပစ္စယသန္နိဿိတ သီလကိုလည်း ဉာဏ၌ သင်္ဂြိုဟ်အပ်၏၊ခမော ဟောတိ သီတဿ

[ပြိဋ္ဌကတ်တော်

ဥဏ္ဍသတော ခန္တိမည်၏၊ ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေတိ စသည်ကား ဝိရိယမည်၏၊အာဇီဝပါရိသုဒ္ဓိကို ဝိရိယဖြင့်သဖြိုတ်အပ်၏။

ပါဏာသ-သူ၏အသက်ကို၊ဝါ-သတ္တဝါကို၊အတိပါတော-လျင်စွာ ချခြင်း။

သဘောအားဖြင့်တည်၍ ဖြည်းဖြည်းကျဘေသင့်သောသူ၏ အသက်ကို လျင်စွာချပေတိသည်ဟူလိုသတည်း၊ဤဝိကပ်၌ "အတိ" ကား...... သိဃတ္ထ ဟော။

ဝါ,အတိပါတော-ဓားလက်နက် စသည်တို့ဖြင့် နှိပ်စက်၍ ချခြင်း။

သဘောအားဖြင့် တည်ပေအံ့သောသူ၏ အသက်ကို ဓားလက်နက် စသည်တို့ဖြင့် နှိပ်စက်၍ ချပေတိသည် ဟူလိုပါသတည်း၊ ဤဝိကပ်၌ 'အတိ'ကား အတိဘဝနတ္ထဟော၊ဤတွင် အချို့သောစာတို့၌ သရသေနေဝ ပတနသဘာဝဿ ပါဏဿ အတိဝ ပါတနံ ဟု ရှိ၏။

'သရသေနေဝ-မိမိသဘောအားဖြင့်လျင်၊ ပတန သဘာဝဿ-ကျခြင်းသဘောရှိသော၊ပါဏဿ-ကို၊အတိဝ-လျင်စွာလျင်၊ဝါ,အတိဝ-နှိပ်စက်၍လျင်၊ပါတနံ-ချခြင်း'ဟု သမွန်။

တိရော အဋ္ဌိတာတိ တိရစ္ဆာနာ။

လူတို့ကဲ့သို့ အထက်၌ဖြင့်သည်ဖြစ်၍ မသွား, ငါလာရှည်သည်ဖြစ်၍ သွားသည်ဟူလို။

တဿ-ထိုပါဏာတိပါတ၏၊ ပဉ္စ-ကုန်သော၊ သမ္ဘာရာ-အဆောက်အဦတို့သည်၊ ဟောန္တိ - ကုန်၏၊ (အကြောင်းကို သမ္ဘာရဟူသည်)

ပါဏော-သတ္တဝါလည်းဖြစ်စေ၊ ပါဏသညိတာ-သတ္တဝါ ဟူသောအမှတ်လည်း ရှိစေ၊ ဝဓကစိတ္တံ-သတ်လိုသော စိတ်လည်း ရှိစေ၊ဥပက္ကမော-လုံ့လပြုလည်းပြုစေ၊တေန-ထိုလုံ့လကြောင့်၊မရဏံ-သေလည်း သေစေ၊ ဣတိ ပဉ္စသမ္ဘာရာ ဟု ဈေးကို ဖြန်၍ သတ်။

သာဟတ္ထိကော-မိမိလက်ဖြင့်သတ်ခြင်း၊ အာဏတ္တိကော-စေ၍သတ်ခြင်း၊နိဿဂ္ဂိယော-ဓားလက်နက်စသည်ကို လွှတ်၍

သတ်ခြင်း၊ ထာဝရော–တွင်း ချောက် စသည်တူး၍ အမြဲထား သောအားဖြင့်သတ်ခြင်း၊ ဝိဇ္ဇာမယော–အတတ်ဖြင့် သတ်ခြင်း၊ ဣဒ္ဓိမယော–တန်ခိုးဖြင့် သတ်ခြင်း။

တန်ခိုး ဟူသည်ကား ဣဒ္ဓိဆယ်ပါးတွင် ကမ္မဝိပါကဇိဒ္ဓိ တည်း၊ ဒါဌာကောဋ္ဌကမင်းစသည်တို့၏ အစွယ်ခေါက်သဖြင့် သေခြင်းစသည် ကို ယူ။

အဒိန္နသသ အာဒါနံကား ယုပစ္စည်းအယှဉ် ဆဋ္ဌီကံ။

ပရဿ–သူတပါး၏ဥစ္စာကို၊ဟာရဏံ–ဆောင်ခြင်း၊ထေယျ–ခိုးခြင်း၊စောရိကာ–ခိုးခြင်း၊ ထေယျာဝဟာရော–ချိန်စဉ်းလဲ တင်းစဉ်းလဲစသည်တို့ဖြင့် ခိုးခြင်း၊ ပသယှာဝဟာရော–အနိုင် အထက် ခိုးခြင်း၊ (အားရှိ အားမဲ့ခိုးခြင်း သော်လည်းဟူ) ပရိ ကပ္ပါဝဟာရော – ကြံဆ၍ခိုးခြင်း၊ ပဋိစ္ဆန္နာဝဟာရော–မြက် သစ်ရွက် စသည်ဖြင့် ဖုံးလွှမ်း၍ ခိုးခြင်း၊ ကုသာဝဟာရော– ကမ္ဗည်းပြောင်း၍ ခိုးခြင်း။

မာတုရက္ခိတာ – အမိစောင့်သော မိန်းမ၊ (ဤနည်းချည်း သမ္ဘန်) ဂေါတ္တရက္ခိတာ–အနွယ်စောင့်သောမိန်းမ၊ (မျိုးတူ, နွယ်တူ, မာလာကာရ စသောအားဖြင့် ဂိုဏ်းတူသူတို့သည် စောင့်အပ်သည်ကို ယူ) ဓမ္မရက္ခိတာ–မွောစာရီပုဂ္ဂိုလ်တို့သည် စောင့်သောမိန်းမ၊ (ငါတို့ကျေးဇူးရှင်ကား သီတင်းသုံးဘော် တို့စောင့်သောမိန်းမဟူ၏၊ပဏ္ဍုရင်ပရိဗိုဇ်စသော ဆရာတပါး ကို ရည်၍ ရဟန်းပြုသောသူတို့သည် စောင့်အပ်သော မိန်းမ စသည်ကိုယူ)

ဂေါတ္တဝန္တေသု ဂေါတ္တသဒ္ဒေါ၊ ဓမ္မစာရီသုစ ဓမ္မသဒ္ဒေါ ဝတ္တတိ၊(တေရသကဏ်ဋီကာ)

သာရက္ခာ – ဝမ်းထည်း မှန်းသော မိန်းမ၊ (သင့်မှာ သား ယောကျ်ား, ငါ့မှာ သ္မီးမိန်းမ ဖွားသော် သင့်သားနှင့် ငါ့သ္မီး ထိမ်းမြားအံ့ဟု မဖွါးမီကပင် မှန်းထားသော မိန်းမ၊ အယုတ်သ ဖြင့် ဤသည့် ငါ့မယားဟုပန်းကုံးစွပ်လိုက်ခြင်းစသည်ဖြင့် မှန်း ထားသော မိန်းမကိုယူ)

သပရိဒဏ္ဍာ-ဒဏ်ထားသော မိန်းမ၊ (မသွားလင့်ဟု ထားသော ဒဏ်ကိုသာယူ) ဓနက္ကီတာ-ဥစ္စာဖြင့် ဝယ်သော မိန်းမ၊ ဆန္ဒဝါသိနီ-အလိုတူနေသော မိန်းမ၊ ဘောဂဝါသိနီ-စည်းစိမ်ကြောင့် နေသောမိန်းမ၊ (ထိုယောကျ်ားတို့၏လက်မှ ဆုံ,ကျည်ပွေ့ စသော အိမ်၏ အဆောက်အဦကို ရ၍ ကြိုက်နှိုးသဖြင့် မယားခံလေသော ဇနပုဒ်သူ စသည်ကိုယူ) ပဋဝါသိနီ-ပုဆိုးကြောင့်နေသော မယား၊(ဝတ်လောက်,ရုံလောက်သော ပုဆိုးမျှကိုရ၍ ချစ်နိုးသဖြင့် မယားခံလေသော သူဆင်းရဲမ စသည်ကို ယူ)

ဩဒပတ္တကိနီ – ရေတခွက်တည်း၌ လက်နှစ်ဘက်ကို ချ၍ 'ဤရေသည် မကွဲမပြားသကဲ့သို့ သင်တို့နှစ်ယောက်မကွဲမပြားစေသတည်း'ဟု မိဘနှစ်ပါးစုံ ထိမ်းမြားသောမယား၊ ဩဘဋစုမ္ဗဋာ– ခေါင်းချချစေ၍ နေသောမယား၊ (ထင်းခွေ, ရေခပ်မိန်းမစသည်တို့ကို ယနေ့မှစ၍ ဤအမှုကို မပြုလင့်ဟု ခေါင်းချစေ၍ သိမ်းဆည်းသော မယားဟူလို) ဒါသိစ ဘရိယာ-ကျွန်လည်းဖြစ်,မယားလည်းဖြစ်သောမယား၊ (ကျွန်မ မယားသော်လည်းဟူ)ကမ္မကာရီစဘရိယာ၌ တဒင်္ဂအခဖြင့် အမှုလုပ်ကိုယူ။

ဓဇာဟဋာ–သုံ့ရမယား(စစ်ပါမယားဟူလို)မုဟုတ္တိကာ-
တခဏမျှနေသောမယား(ပြည့်တန်ဆာမ စသည်ကို ယူ)

ကာမေသုမိစ္ဆာစာရ၌ သုရာပါဏကိုသွင်း၊ထိုကြောင့် လက်သန်းငိကာ၌ "သုရာပါနမ္ပိ ဧတ္ထေဝ သင်္ဂယှတိတိ ဝဒန္တိ၊ ရသသာဒါတေသု ကာမေသုမိစ္ဆာစာရဘာဝတော"ဟု မိန့်သတည်း၊ဤကာမေသုမိစ္ဆာစာရအရာ၌ အကြင်သူသည် ညဥ့်အခါ အိမ်ပျော်စဥ်တွင် သူ့ခင်ပွန်းကို ဖြစ်မှား၏၊ထိုမိန်းမလည်း အိပ်မူးစမက်ဖြစ်ရကား မိမိလင်အမှတ်ဖြင့် သံဝါသခံ၏၊ထိုသူသည် ကာမေသုမိစ္ဆာစာရဖြစ်မည်လော,မဖြစ်မည်လောဟု ယခုအခါ အချို့သော ဒါယကာတို့၏ အမေးသည် ဖြစ်ပေါ်သတည်း၊ထိုကို အချို့သောဆရာတို့သည် အဂမနီယဝတ္ထုလည်း မှန်ပြီး,သေဝနစိတ်လည်း ရှိပြီး, သေဝနပယောဂလည်း ရှိပြီး, မဂ္ဂေနမဂ္ဂ ပဋိပတ္တိ အဓိဝါသနလည်း ဖြစ်ပြီးရကား ကာမေသုမိစ္ဆာစာရဖြစ်၏ ဟူကုန်၏။

ငါတို့ကား မဖြစ်ဟုထင်မိပချေသည်၊အဘယ့်ကြောင့်နည်း သဒ္ဒါရ လေးပါး၌ သေဝနစိတ်,သေဝနပယောဂဟူသော်လည်း သာမန်မလို၊ ထိုအင်္ဂမဗ္ဗယ၀တ္တု၌ သေဝနစိတ်, သေဝနပယောဂကိုသာ လိုအပ်၏၊ ဤမိန်းမကား မိမိလင်၌သာ သေဝနစိတ်, သေဝနပယောဂ ရှိသော ကြောင့်တည်း၊ သာဓကလိုမှုကား ဖရုသဝါစာ၌ အမိသည် သားကို ဆဲရာ၌ အင်္ဂါသာမန်စုံလျက် ဖရုသဝါစာမဖြစ်သည်ကို ထုတ်ဆောင် လေ၊အနုကိုလည်း ကြည့်လေ၊သဒ္ဒါရ၌ကား ဥက္ကံသအားဖြင့်ဆိုသည် သာယူ၊ရံခါ သုံးပါးသာ ရသတည်း။

အဘူတံ-မဟုတ်၊ အတစ္ဆံ-မမှန်၊ ယမတ္ထံ-အကြင် အကျိုး ကို၊ ဘဏ္ဍတိ-ဖျက်၏၊ နဒီမဉ္ဇေ-မြစ်ကဲ့သို့၊ သန္ဒတိ - စီး၏၊ ဝါ, နဒီ သန္ဒတိ မဉ္ဇေ-မြစ်ကဲ့သို့ စီးယောင်တကား၊ဣတိ-သို့၊ ပူရဏကဿ နယေန-ပြည့်သည်ကို ဆိုသောနည်းဖြင့်၊ (ငါတို့ ကျေးဇူးရှင်ကား 'ပြည့်သောနည်းဖြင့်ဟု' ဆို၏)

မုသာဝါဒ ကမ္မုနာ-နှင့်၊ ဗဇ္ဈတိ-စပ်၏၊ (ကမ္မပထ မြောက် ၏-ဟူလိုသည်)

အတ္တနော-၏၊ ဝိယဘာဝံ-ချစ်အပ်သည်၏ အဖြစ်ကို၊ ပရ ဿ-အား(၏)သုညဘာဝံ-မုန်းသည်၏ အဖြစ်ကို၊ (ဆိတ်သည် ၏ အဖြစ်ကို, အချည်းနှီး၏ အဖြစ်ကို၊ စိတ်ကြိုက်ရာပေး)

သုညဘာဝံတိ ပိတိ ဝိရဟိတတာယ ရိတ္တတံ (ဋီကာ)

နေဝ ကဏ္ဏသုခါ-နားမချမ်းသာ၊ (နားတံကျင် ဖြစ်၏-ဟူလို) န ဟဒယင်္ဂမာ-နှလုံးသို့ မဝင်၊(စကား ကြမ်းရကား နှလုံးသူတို့ မသွင်းဟူလို။

နှလုံးသူတို့မသွင်းဟူရာ၌ သက်သေလိုမှုကား ဇာကနိပါတ်ဇာတ်၌ နန္ဒိဝိသာလဝတ္ထု, စတုက္ကနိပါတ်ဇာတ်၌ လာသော " ဟယ် မုဆိုး အမဲပေးလော့ "ဟု တောင်းသော သူဌေးသား တယောက်, "အစ်ကို ကြီး အမဲပေးလော့"ဟု တောင်းသောသူဌေးသား တယောက်, 'ဘခင် အမဲပေးပါလော့'ဟု တောင်းသော သူဌေးသား တယောက်, "အဆွေ အမဲပေးပါလော့" တောင်းသော သူဌေးသား တယောက် ဤ သူဌေး သား လေးယောက်တို့ကို ထုတ်လေအပ်၏။

(ပိဋကတ်တော်

သံ သုခံ ဟိတဥ္စ ဖလတိ ဝိသရတိ ဝိနာသေတီတိ သမ္ဖံ။

သမ္ဖံ နိရတ္ထကံ-အကျိုးမရှိသော စကားကို၊ (ငါတို့ကျေးဇူးရှင်ကား 'အနက် မရှိသော စကားကို' ဟူ၏)

မမ္မန္တွဒက-မြတ်နိုးခြင်းကို ဖြတ်တတ်၊ကံ-ကြောင့်၊ဋ္ဌမေ-တို့သည်၊ အင်္ဂရိကာ - အရှက်မရှိကုန်ဘိသနည်း၊ အနောတ္တပ္ပိနော - အလန့်မရှိကုန်ဘိသနည်း၊ အာဂမာဓိဂမသမ္ပတ္တိံ - ပရိယတ်, ပဋိပတ်နှင့် ပြည့်စုံခြင်းကို။

ဘာရတယုဒ္ဓ-နွတ္တပေါင် နွတ္တရန်တို့ စစ်ထိုးသော စကား၊ (ငါတို့ ကျေးဇူးရှင်ကား ဘာရတ ညီနောင် စစ်ထိုးသော စကားဟူ၏) သီတာဟရဏ-သီတာခိုးသော စကား၊ (ငါတို့ ကျေးဇူးရှင်ကား မယ်သီတာ ဆောင်သော စကားဟူ၏)

အဂဏ္ဍာတွေ-မယုံသည်ရှိသော် ( မယူသည်ရှိသော် ) (စိတ်ကြိုက်ရာပေး) ကမ္မပထဘေဒေါ-ကမ္မပထအထူးသည်၊ နတ္ထိ-မရှိ၊ (သမ္ဖပ္ပလာပဟူသော ကမ္မပထအထူး မဖြစ်ဟူလို) ဝါ, ကမ္မပထဘေဒေါ - ကမ္မပထကိုဖျက်ခြင်းသည်၊နတ္ထိ-မရှိ၊ (ဓမ္မဖြစ်သောသမ္ဖပ္ပလာပကို ဖျက်၍ အဓမ္မဖြစ်သော သမ္ဖပ္ပလာပ မဖြစ်ဟူလိုသတည်း၊ ဤထက် အကျယ်ကိုကား သမ္မောဂဏ္ဍိ ပဗ္ဗသို့ရောက်မှဆိုအံ့။

အဘိဇ္ဈာယတိ-မက်မောတတ်၏၊(အဓိပ္ပါယတ္ထ) သူတပါး စည်းစိမ်ကို ရှေးရှုဘတ်၏၊ (သဒ္ဒတ္ထ) ဣတိတသ္မာ အဘိဇ္ဈာ (သမ္ဗန်)

အဘိပုဗ္ဗ ဈေ ဓာတ်၊ဈေဓာတ်သည်လည်း......

ဈေတု ဥဇ္ဈာန ဒယှနေ,ဥဏာဒိတ္တိစိန္တာသု စ၊
သဇ္ဈာယော ပ နိဇ္ဈာနေသု,ဝေဒိတဗ္ဗာ ဝိဘာဝိနာ။

ဟူသော ဧကက္ခရကောသ၌ လာသော ဥဇ္ဈာနတ္ထ စသည်တို့တွင် စိန္တနတ္ထ၌ဖြစ်၏၊ထို့ကြောင့်ရကား အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ၌......

ပရသမ္ပတ္တိံ အဘိမုခံ ဈာယတိ လောဘဝသေန စိန္တေတီတိ အဘိဇ္ဈာ။မဏိသာရမဥ္ဇူသာ၌-'လောဘဝသေနာတိ ဣမိနာ ဝိတက္ကပညာဝသေန စိန္တနံ နိဝတ္တေတိ၊ စိန္တေတီတိ ဣမိနာ

သဏ္ဌာပေနတိ အတ္ထံ နိဝေဒ္ဒေတိ’ဟု မိန့်အပ်ပြီ၊ ဤသဏ္ဌာပေနတိ၌ ဣတိကား အာချတ္တတည်း၊ဝါ-ဥပလက္ခဏာတည်း၊ ဈေခာတ်၏ ထိုမှတပါး စိန္တနတ္ထဝါစကလို၏ ဟူမှုကား သဏ္ဌာယတီတိ ဝိပ္ပဋိသာရဝသေန ဝဟတ္တိန္တော္ဝိယ ဂဒြဘော တံတံ စိန္တယိ စသည်ကို ထုတ်။

ဤတွင် ပညာနည်းသောသူတို့ကား ‘ဉာသုယမှုနမနွေ့ာနွောဝါ’ ဖြင့် ပြီးသည်ဟု ယူကုန်၏,၊မှတ်ကုန်၏၊မသင့်။

အဘိသဒ္ဒါ၏ အတိရေကတ္ထစသည်ကိုစဉ်စေလိုရကား ပရာဘဏ္ဍာဘိမုခီ ဟုတွာ မိန့်သော်။ စိန္တနတ္ထကိုပြလိုရကား တန္နိန္နတာယ ပဝတ္တတိတိ အတ္တော မိန့်သော်။ဂဟောတဗ္ဗ နိဝေဒ္ဒတဗ္ဗနှစ်ပါးတို့တွင် စိတ်ကြိုက်ရာဆိုသင့် တက်သင့်၏ဟုပြခြင်းငှါ လိုးလွဲဆိုလိုက်သည်။

မိစ္ဆာ-မှားသောအားဖြင့်၊ (ချွတ်သောအားဖြင့်၊ စိတ်ကြိုက်ရာပေး)မိစ္ဆာနောင် တတိယာကျေသည်၊ ထို့ကြောင့် ဋီကာ၌ “မိစ္ဆာ ပဿတီတိ ဝိတထံ ပဿတိ” ဟူသည်ကို အနုသစ်၌ ဝိတထံတိ ဝိတထဘာဝေန ဟုမိန့်အပ်ပြီ၊ မိနွေ့ာင်းဆရာကား ဋီကာ၌ ဒုတိယာကျေသည်ကို ရည်သည်ဟူ၏၊ ဤအလိုကား ‘မိစ္ဆာ-အမှားကို’ဟုပေး။

ကောဋ္ဌာသတောကား ဖဿ ပဥ္စမ ကောဋ္ဌာသ စသည်တို့တွင် ရထိုက်သော ကောဋ္ဌာသအားဖြင့် ဟူလို။

ထိုကို ချဲ့လိုရကား ‘တတ္ထ ဓမ္မတော’စသည်တက်။

အဘိဇ္ဈာစသည်ကို အတ္ထအားဖြင့် ကမ္မပထဟု ဟောတော်မူသကဲ့သို့ ပါဏာဘိပါတ စသည်ကို မဟောသည်ကား အနိယမ ဖြစ်သောကြောင့်တည်း (ဋီကာအလို)ဤဋီကာ၌ စောဒနာဘွယ်ရှိ၏၊ အသို့ စောဒနာဘွယ် ရှိသနည်း။

အဘိဇ္ဈာစသည် နိယမတုံလော၊ ကမ္မပထ အပတ္တလည်း မရှိပါတုံလော၊ ဤသို့ စောဒနာဘွယ်ရှိ၏၊ ထို့ကြောင့် ရကား အနုသစ်၌ ပါဏာတိပါတ စသည်ကို ကမ္မပထအဖြစ်ဖြင့် ထင်ရှားရကား အတ္ထအားဖြင့် မဟောသည်၊အဘိဇ္ဈာစသည်ကား ကမ္မပထအဖြစ် မထင်ရှားရကား အတ္ထအားဖြင့်ဟောသည်ဟုမိန့်၏၊ဤကား လိုအပ်ရင်းအဓိပ္ပါယ်

ကိုသာ ဆိုလိုက်သည်၊ ဋီကာ, အနုလာတိုင်း စုဒ် စောဒနာထုတ်၍ ဆိုမှု ကျယ်စွ။

အဓိန္တာဒါနံ-သည်၊ သတ္တာရမ္မဏံဝါ-သတ္တဝါလျှင် အာရုံ ရှိသည်လည်း၊ ဟောတိ-၏၊ သင်္ခါရာရမ္မဏံဝါ-သတ္တဟု ခေါ် ဝေါ်အပ်သော သင်္ခါရလျှင် အာရုံရှိသည်လည်း၊ဟောတိ-၏။

ဤ အဓိန္နာဒါနံ စသည်၌ သတ္တာရမ္မဏာ ဟူသော်လည်း ပဥ္စသိက္ခာ ပဒ ပရိတ္တာရမ္မဏာဝေ-ဟု ဟောတော်မူရကား သတ္တဟု ခေါ်ဝေါ် အပ်သော သင်္ခါရ ဟူ၍သာယူ၊ သိက္ခာပဒ ဝိဘင်း အဋ္ဌကထာနှင့် ညီလေ။ ။အကုသလ ကမ္မပထာယံ ဂဏ္ဌိပဒ္ဓံ။

ဝိရတိနှင့် ယှဉ်သော စေတနာသည် ကာယကံ စသည် မည်ပါ သော် ဝိရတိတို့လည်း ကမ္မပထ မည်ပါရကား ပါဏာတိ ပါတာဒီဟိ ပန ဝိရတိယော မိန့်သော်၊ ထို့ကြောင့် ပဋိပါဠိယာ သတ္တစေတနာဝိ ဝဇ္ဇိတ္တိ ဝိရတိယောပိ ဟု မိန့်သတည်း။

အလ္လသသမံသံ – အသက် ရှင်သော ယုန်၏အသားကို၊ (မိမ်းကာ သာမန်မဟုတ်၊ လောလောသေ အသားဟူလိုသည်) ဝလ္လိယာ-နွယ်ဖြင့်၊ ဗန္ဓော-ငြိလေသော် ( မိလေသော် ) ဂန္တ- ပြေးလေတော့၊ ပရိဘုဉ္စ-စားလေတော့၊ ဝေါရောပေတာ-ချဘူး သည်ကို၊ နာဘိဇာနာမိ-မသိစဘူး ( ငါတို့ ကျေးဖူးရှင် ) ဋီကာ အလိုကား ဝေါရောပေတာ-ချသည်၊ ဟုတ္တာ-၍၊ နာဘိဇာနာ မိ-မသိစဘူး၊ (ဤသို့ သမ္ဗန်)

မဟာသပ္ပေါ – စပါးကြီးမြွေသည်၊ ဓိတ္တံဝိ-သည်လည်း၊ န ဥပ္ပဇ္ဇတိ-(ကိုယ် နှုတ်ကား ပဂေဝ ဟူလို)

အာရုံအခြား ပဟာတဗ္ဗအခြား အသို့ သင့်အံ့နည်း စုဒ်ရှိရကား ယထာ ပန စသည် ဥပမာဆောင်သော်။

သတ္တကမ္မပထာ-တို့သည်၊ဉာဏသမ္ပယုတ္တဓိတ္တေန-ဖြင့်၊ဝိရ မန္တဿ-ကြဉ်သော သူအား။ပ။ ဟောန္တိ-ကုန်၏၊ (ဉာဏဝိပ္ပ ယုတ်၌လည်း ဤနည်းပင်) အနဘိဇ္ဈာ-သည်၊ ဉာဏသမ္ပယုတ္တ ဓိတ္တေန-ဖြင့်၊ဝိရမန္တဿ ပဇဟန္တဿ-ပယ်သောပုဂ္ဂိုလ်အား၊ (ဤသို့ သမ္ဗန်၊ သတ္တကမ္မပထမှာကဲ့သို့ ကြဉ်သောသူအား ဟု

မသမ္မန်လင့်)ထိုစကားသည် သင့်စွ၊ မနောဒုစရိုက်မှ ကြဉ်ခြင်း မည်သည် မရှိ၊ အဘယ်ကြောင့်နည်း၊ အနဘိဇ္ဈာ စသည်ဖြင့် အဘိဇ္ဈာ စသည်တို့ကို ပယ်သောကြောင့်တည်း၊ မခဲလွှန်း၊ 'သတိမမူ-ဂူမမြင်'ဟူသကဲ့သို့သာ မရှိစေလင့်၊ဉာဏဝိပ္ပယုတ် ၌လည်း ဤနည်းချည်းပေးလေ။

ရှမည်ဆို ဌာနေ-၌၊ ကမ္မပထ သံသန္ဒနံ့နာမ-ကမ္မပထ ပတ္တ အပတ္တ ဖြစ်သော သံဝရ အသံဝရတို့၏ အမည်တူ၏အဖြစ်ဖြင့် ပြခြင်းမည်သည်ကို၊ဝေဒိတဗ္ဗ-၏။

**အဓိပ္ပါယ်ကား**......ဒွါရ သံသန္ဒနာ၌ ကမ္မပထ အပတ္တ ဖြစ်သော ဒုစရိုက်တို့၏ ကာယဒွါရိက၏အဖြစ်ဖြင့် သံသန္ဒနာ ဖြစ်သကဲ့သို့ ကမ္မ ပထ အပတ္တဖြစ်သော သံဝရ အသံဝရ,အကမ္မဖြစ်သော သံဝရ အသံ ဝရ၏ ကမ္မပထဖြစ်သော သံဝရ အသံဝရတို့နှင့် ကာယကမ္မ စသော သမာနနာမ၏အစွမ်းဖြင့် သံသန္ဒနဖြစ်၏ ဟူလို၊ ဤကား ပဌမဝိကပ်၊ ဤဝိကပ်၌ ...

ကမ္မပထာစ အကမ္မပထာစ ကမ္မပထာ၊ သံသန္ဒတိ ပကာ သေတိ ဧတ္ထ ဧတေနာတိ သံသန္ဒနံ၊ ကမ္မပထာနံ သမာန နာမ ဝသေန သံသန္ဒနံ ကမ္မပထသံသန္ဒနံ၊, (သော်လည်း ဝိဂြိုဟ်ပြု) ကမ္မပထေ သမာန နာမဝသေန သံသန္ဒတိ ပကာသေတိ ဧတ္ထ ဧတေနာတိ ကမ္မပထသံသန္ဒနံ၊ (သော်လည်းပြု) ယခင် အတ္ထ၌ 'ခြင်း'ဟု ပေးသည်ကား ဝေါဟာရတည်း။

ဝါ,ကမ္မပထသံသန္ဒနံနာမ-ကမ္မပထပတ္တဖြစ်သော ဒုစရိုက် သုစရိုက်တို့၏အမည်ကိုမစွန့်သောအားဖြင့် ပြခြင်းမည်သည်ကို၊ (ကာယကံစသောအမည်ကို မစွန့်သည်၏အဖြစ်ဖြင့် ပြခြင်းမည် သည်ကိုသော်လည်းဟူ)ဝေဒိတဗ္ဗ-၏။

ဤ၌ **အဓိပ္ပါယ်ကား**... ကမ္မပထဖြစ်သော သုံးပါးသော ကာယ ဒုစရိုက်, သုံးပါးသောကာယသုစရိုက် စသည်တို့၏ ဒွါရန္တရ၌ဖြစ်လေ ပြီးငြားသော်လည်း ကာယကံ စသောအမည်ကို မစွန့်ဟု ပြခြင်းသည် ကမ္မပထသံသန္ဒနာမည်၏ ဟူလိုသတည်း၊ ဤကား ဒုတိယဝိကပ်၊ ဤ ဝိကပ်၌ ကမ္မပထပုဒ်ကား ယထာရုတပင်တည်း။

[(ဝိဋ္ဌကတ်တော်

'ကမ္မပထာနံ နာမဝိဇာဟနဝသေန သံသန္ဒနာ ကမ္မပထ သံသန္ဒနာ၊ စသည့်ဖြင့် ဖွေးနည်း ဝိဂြိုဟ်ပြု။

ဝါ ကမ္မပထ သံသန္ဒနာ နာမ - ကမ္မပထ ပတ္တ အပတ္တ ဖြစ်သော ကာယကံ စသည်တို့၏ ဖဿဒွါရ စသည်တို့၌ဖြစ်သည်၏ အစွမ်းဖြင့် ပြခြင်း မည်သည်ကို၊ (ကမ္မပထ အကမ္မပထ ဖြစ်သော ကုသိုလ် အကုသိုလ်တို့၏ ဒွါရတို့၌ ဖြစ်သည်၏ အစွမ်းဖြင့် ပြခြင်း မည်သည်ကို၊ သော်လည်း သာမန်ပေး)။ပ။ ဝေဒိတဗ္ဗ-၏။

**အဓိပ္ပါယ်ကား**-ကမ္မပထ ပတ္တ,အ ပတ္တဖြစ်သော ကုသိုလ်အကုသိုလ်တို့၏ ဖဿဒွါရစသည်၌ ဖြစ်သည်ကို ပြခြင်းသည် ကမ္မပထ သံသန္ဒနာ မည်၏၊ ဤကား တတိယာ ဝိကပ်၊ ဤဝိကပ်၌ .....

ကမ္မပထာ စ အကမ္မပထာ စ ကမ္မပထာ၊ ကမ္မပထာနိ ဖဿဒွါရာဒီဟိ ဥပပတ္တိ သံသန္ဒတိ ပကာသေတိ ဧတ္ထ ဧတေနာတိ ကမ္မပထ သံသန္ဒနံ၊ သော်လည်း ဝိဂြိုဟ်ပြု၊ ကမ္မပထာနံ ဖဿဒွါရာဒီဟိ ဖဿဒွါရာဒိသုဝါ ဥပတ္တိဝသေန သံသန္ဒနာ ကမ္မပထ သံသန္ဒနာ သော်လည်းပြု။

ဤသုံးဝိကပ်တို့တွင် ပထမဝိကပ်ကား 'ပဉ္စဒွါရဝသေန ဟိ ဥပ္ပန္နော အစ မနောကမ္မ မေဝ ဟောတိ' အဆုံးရှိသော အဋ္ဌကထာကို ရည်သော "တသ္မာ ဟေဋ္ဌာ ကမ္မပထ ပတ္တာနံ ဝေ ကာယကမ္မာဒိ ဘာဝ ဿ ဝုတ္တတ္တာသေသာနဉ္စ တံတံ ဒွါရုပ္ပန္နာနံ ကုသလာ ကုသလာနံ ဒွါရ သံသန္ဒနေ တံ တံ ဒွါရပက္ခိကဘာဝဿ ကတတ္တာ ဣဓ ကမ္မပထံ အပတ္တာနံစ စေတနာဘာဝတော အကမ္မာနံစ အ သံဝရာနံ သံဝရာနံစ ဘဇာဝိယ မာနာနံ ကမ္မပထာနံ ဝိယ ကာယကမ္မာဒိတာ ဒိပနံ'ဟူသော ဋီကာပါဌ်,ကသ္မာ၊ အကမ္မပထာနံ ကမ္မပထေသု ကမ္မပထာနံစ အကမ္မပထေသု သမာန နာမတာဝသေန"နှင့်တကွ ဆိုက်ချ "ဧဒ္ဒြ သံသန္ဒိတတ္တာ"ဟူသော ဋီကာပါဌ်နှင့် လျော်စေသည်။

ဒုတိယ ဝိကပ်ကား"တိဝိဓံကာယဒုစ္စရိတ္တံ" အစ 'မနောကမ္မမေဝ ဟောတိ' အဆုံးရှိသော အဋ္ဌကထာကို ရည်သော"ကမ္မပထ ပတ္တာနံ တိဝိဓ ကာယဒုစ္စရိတာဒိနံ တိဝိဓ ကာယသုစရိတာဒိနံစ ဒွါရန္တရ စရ

ဏော ဝိ ကာယကမ္မာဒိဘာဝါ ဝိဇဟာနဒီပနံ ”ဟူသော ဋီကာပါဌ်, ကသ္မာ ဟူသော ပုဒ်(တောင်း)သည်လည်းကောင်း လိုက်အပ်သော ‘ကမ္မပထာနံ ကမ္မပထေသု သာမညနာမာဝိဇဟာနဝသေန’ နှင့် တကွ ဆိုက်ရာ‘ ဧတ္ထ သံသန္ဒိတဗ္ဗာ’ ဟူသော ဋီကာပါဌ်နှင့် လျော်စေသည်။

တတိယဝိကပ်ကား “အကုသလံ ကာယကမ္မံ ပဉ္စဖဿဒွါရဝသေန န ဥပ္ပဇ္ဇတိ”အစ ‘ဥပ္ပဇ္ဇတေဝ’အဆုံးရှိသော အဋ္ဌကထာကို ရည်သော ‘ယထာ ပကာသိတာနံစ ကမ္မပထဘာဝံ ပတ္တာနံ အပတ္တာနံစ အကုသလ ကာယကမ္မာဒီနံစ ကုသလကာယကမ္မာဒီနံစ ဖဿဒွါရာဒိဟိစ ဥပ္ပတ္တိပကာသနံစ ကမ္မပထသံသန္ဒနံနာမ’ဟူသောဋီကာပါဌ်, ‘ကသ္မာ’ ဟူသော ပုဒ်(တောင်း)သည် လိုက်အပ်သော ‘ဥဘယေသံစ ဥပ္ပတ္တိ ဝသေန ဒွါရေသုစ ဧတ္ထ သံသန္ဒိတဗ္ဗာ’ဟူသော ဋီကာပါဌ်နှင့် လျော်စေသည်၊ခဲစွ၊ ဟုတ်မှု ယူကုန်ရာ၏၊ မဟုတ်မှု စွန့်ကုန်ရာ၏၊ ဤကား လိုရာပဋ္ဌာနကို အမြွက်မျှဆိုလိုက်သည်။

**ဋီကာဥဇုကား**......‘ကမ္မပထပတ္တာနံ ဒုဿီလျာဒီနံ’မှ စ၍ ‘ကမ္မန္တရံ ဟောတီတိ’ တိုင်အောင်သော ပါဌ်တို့ဖြင့် ဓမ္မသိရိထေရ်ဟု ဆိုအပ်သော ကေစိဆရာ၏ဝါဒကိုအပြစ်တင်ခြင်းငှါ များစွာသောအယုတ္တ၏အဖြစ်, ဝိရောဓ၏အဖြစ်ကိုဆို၏၊ ထိုစကားကို ဤ၌ ဆိုသည်ရှိသော် ‘ဆရာအားပြ-တပည့်တိမရ’ဟူသကဲ့သို့ ရှိရာခဲ့၊ထို့ကြောင့် မဆိုလိုက်သည်၊အလိုရှိမူ ဋီကာကိုကြည့်လေ။

အောက်မာတိကာ၌ ‘ကမ္မဒွါရံ ဝိညာဏဒွါရံ ဖဿဒွါရံ’ စသော အားဖြင့် ဒွါရငါးပါးကို ဆိုလျှင်းမှုလည်း ကမ္မဒွါရ၏ အစွမ်းဖြင့် ဖြစ်သော ကံတို့၏ ဉာတပါကဋ်ဖြစ်ပြီးသောကြောင့်လည်းကောင်း, ကမ္မဒွါရကထာ၌ ဆိုအပ်ပြီးဖြစ်သောကြောင့်လည်းကောင်း ကမ္မဒွါရကို ထား၍ ပဉ္စဝိညာဏ ဒွါရ၏ အစွမ်းဖြင့် အသံဝရ စသည်တို့၏ ဖြစ်ကြောင်းကို ဘုရားမဟောရကား ယင်းသည့် ဒွါရကိုလည်း ထား၍ ကြွင်းသော ဖဿဒွါရ စသည်တို့၏ အစွမ်းဖြင့်ပြလိုသော ဆရာသည် ပဉ္စဖဿဒွါရဝသေန ဟိ ဥပ္ပန္နော စသည်ကိုမိန့်သော်။

သာဓကေလိုမူကား စက္ခုသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ၊သုခံဝါစသည်, စက္ခုသမ္ဖဿ ပစ္စယာ ဝေဒနာက္ခန္ဓော အတ္ထိကုသလောစသည်, စက္ခု

ဝိညာဏာ သဟဇာတော ဟိ ဖဿော စက္ခုသမ္ဘဿော၊ စသည်ကို ဆောင်လေ။

ဤစကား၌ မနောသမ္ဘဿနှင့်တကွဖြစ်သော သံဝရ အသံဝရတို့ကို စက္ခုဖဿဒွါရစသည်၏အစွမ်းဖြင့် ဖြစ်သည်ဟူလိုဟု ယူ။

တိဝိဓံ-သော၊ ကာယဒုစ္စရိတံ - သော၊ အကုသလံ-သည်၊ ကာယကမ္မမေဝ-သည်သာလျှင်၊ ဟောတိ-၏၊ "ပစိကမ္မာဒိ ဘူတော ကာယ အသံဝရော စောပနံ ပတ္တောဝိ နကာယကမ္မံ" ဟု လှန်။

စတုဗ္ဗိဓံ-သော၊ဝစီဒုစ္စရိတံ-သော၊ အကုသလံ-သည်၊ ဝစီကမ္မမေဝ-သည်သာလျှင်၊ဟောတိ-၏၊"ကာယကမ္မာဒိဘူတော ဝစီအသံဝရော ဝစီဒွါရေ ပဝတ္တောပိ နကာယကမ္မံ"ဟု လှန်။

တိဝိဓံ။ပ။မနောကမ္မမေဝ-လျှင်၊ဟောတိ-၏၊ "ကာယ ဝစီ ဒွါရေသု ပဝတ္တောပိ နကာယဝစီကမ္မံ"ဟု လှန်။

**ဤသို့အဓိပ္ပါယ်လာရကား**......ဂင်္ဂါရေနှင့် ယမုနာရေသည် အတူတကွ နှီးနှောကြသကဲ့သို့ ရေး၌ ပြအပ်သော ပဋ္ဌမဝိကပ်၏ အရဖြစ်သော အသံဝရဝိနိစ္ဆယနှင့်ရင်း, မိမိမှ ဒုတိယဟုဆိုအပ်သောတတိယ ဝိကပ်၏အရဖြစ်သော ဝိနိစ္ဆယနှင့်ရင်း ဒုတိယဝိကပ်၏အရဖြစ်သော ဤဝိနိစ္ဆယသည် မဆန့်ကျင်သည်, နှီးနှောသည်, အညီသည်သာလျှင် ဖြစ်၏၊(အနုအလို)

**မရောသာရေတ္တာဒိပနိဒ္ဒကား** – ဒုစ္စရိတဝိနိစ္ဆယကိုပင် ဒုတိယဝိနိစ္ဆယ ဟူ၏၊ ဤ၌ သူ စောဒနာဘွယ်ရှိ၏၊အသို့ရှိသနည်း၊ မဆန့်ကျင်, နှီးနှော သည်,ညီသည်ဟူသောစကားသည် ကာယကံ ဝစီကံတို့၌ သင့်သော် သင့်တန်စေ၊ မနောကံ၌ "အကုသလံ မနောကမ္မံ ပန ဆ ဖဿ ဒွါရ ဝသေန ဥပ္ပဇ္ဇတိ၊ တံ ကာယ ဝစီဒွါရေသု စောပနပတ္တံ အကုသလံ ကာယကမ္မံ ဝစီကမ္မံ ဟောတိ"ဟု အဋ္ဌကထာပင် တိုက်ရိုက်လာရကား အသို့မဆန့်ကျင်အံ့နည်း, နှီးနှောအံ့နည်း, ညီအံ့နည်း၊ အသို့လျှင် မနောကံသာ မည်အံ့နည်းဟူလို၊ဤသို့ စောဒနာဘွယ်ရှိ၏။

အောက် ဒွါရသံသန္ဒနာ၌ ပြအပ်သောနည်းဖြင့် ကာယဝစီဒွါရတို့၌ ဖြစ်သော သုံးပါးသောမနောဒုစရိုက်,စောပနအပတ္တဖြစ်သောအလုံးစုံ

သောအကုသိုလ်ကိုယူရကား မဆန့်ကျင်သည့်,နှီးနှောသည့်,ညီသည် ဖြစ်၏ဟု ချေ။

**အဓိပ္ပါယ် အဖြေခြင်းကား......** သင် စောဒက 'စောဒက ဆရာ တဘက်ကာ'ဟူသည်နှင့်အညီ'ကာယေန ကတံ ကမ္မံ'စသော ကာယ ဒွါရ,ဝစီဒွါရနှင့် ဆက်ဆံသော တတိယာမဇ္ဈေလောပ ီ တပ္ပုရိသ်ကို သာ မျှော်၍စောဒနာခြင်းသည်'အဘမဲ့စဉ်သာ နွားကြီးရှိရာ လှည့်ကာ ဒယောင်'ကဲ့သို့တကား၊ ဤတတိယာမဇ္ဈေလောပတပ္ပုရိသ်ကို မမှတ် လေလင့်။

'ကာယေ ကတံ ပဝတ္တံဝါ ကမ္မံ ကာယကမ္မံ၊ ကိန္တံ၊ မနော ကမ္မံ'စသော သတ္တမီ မဇ္ဈေလောပ ီ တပ္ပုရိသ်သမာသ်ကို မှတ် လေ ဟူလိုသတည်း။

ဝါ သင် စောဒကကို အဋ္ဌကထာပါဌ်၌ တံ ကာယဝစီ ဒွါရေသု စောပနပဝတ္တံ၌ တံ သဒ္ဒါသည် အကုသလံ မနောကမ္မံ ဆ ဖဿ ဒွါရ ဝသေန ဥပ္ပန္နတိ" ကိုသာ စွဲသည်မဟုတ်၊ ဆိုအပ်ခဲ့ပြီးသော ဥပ္ပါဒ မတ္တနှင့်စပ်သော အလုံးစုံသောကံကိုစွဲ၏၊ ထို့ကြောင့်ရကား မဆန့် ကျင်သည့်, နှီးနှောသည့်, ညီသည်သာဖြစ်၏ဟု မှတ်လေအပ်၏၊ ငိုကာ ကိုမှီ၍ စောဒနာ ပရိဟာရကို ဆိုလိုက်သည်၊ မနောကံသည် ဆဖဿ ဒွါရ၏အစွမ်းဖြင့် ဖြစ်သော အခြင်းအရာကို ပြလိုရကား တံ ကာယဝစီ ဒွါရေသု စောပနံ ပဝတ္တံ စသည်မိန့်သော်။

ကာယဝစီ ဒွါရေသု-တို့၌၊စောပနံ ပဝတ္တံ-သော၊ တံ အကု သလံ-ထိုအကုသိုလ် မနောကံသည်၊ ကာယဝစီ ကမ္မံ-ကာယ ကမ္မ ဝစီကမ္မမည်သည်၊ ဟောတိ-၏၊ ဝါ, တံ အကုသလံ- ထိုအကုသိုလ်သည်၊ ကာယဝစီကမ္မံ - ကာယဒွါရ ဝစီဒွါရ၌ ဖြစ်သော မနောကံမည်သည်၊ ဟောတိ-၏၊ ( ဤကား တံ၏ အစွဲ ဝိသေသကို ရည်သတည်း။

ဝါ ယထာ ဝုတ္တကမ္မ ပဘေဒသည် အကြြင်သို့သော အခြင်း အရာအားဖြင့် ဖြစ်၏၊ ထိုအခြင်းအရာကို ပြလိုရကား တံ ဟိ စသည်မိန့်သော်။

တံ ကမ္မံ-ထိုကံသည်၊ (သုံးပါးကိုပင်ယူ) ကာယဝစီ ဒွါရေ သု-တို့၌၊ စောပနံ ပဝတ္တံ-မူကား၊ အကုသလံ-သော၊ ကာယဝစီ

ကမ္မံ-သည်၊ ဟောတိ-၏၊ ( ရှေးနည်း ) ( တံ အကုသလံ-ထို အကုသိုလ်ကံသည် သော်လည်းဖွဲ့) ဤကား အဖွဲ့သာမညကို ရည်သည်၊ သံကာရ ဘာဝကိုလည်း ရှေးနည်း သိလေ။

ယခုအခါ သံဝဏ္ဏေတဗ္ဗစိတ်၏ ထိုထိုသို့သော ကမ္မဒွါရ, ဖဿာဒွါရ ကမ္မပထ၏ အစွမ်းဖြင့် ဖြစ်သည့်ကိုရင်း (ဖြစ်ခြင်းကိုရင်း သော်လည်း ဟူ) ဌာန်ကရိုက်းထိ၍ ဘုရားဟောအပ်သော ပါဠိ၏ ဖြစ်ခြင်းကိုရင်း ပြလိုရကား တတ္ထ ကာမာဝစရံ စသည်မိန့်သော်။

ဤအထက်၌ သံဝဏ္ဏေတဗ္ဗကို ဟပ်လေ၊ တိဝိဓ ကမ္မဒွါရ ဝဏ္ဏနာ၌ ကာယကမ္မဒွါရ, ဝစီကမ္မဒွါရ၌ ထင်ရှား၏၊ မနောကမ္မဒွါရ ဝဏ္ဏနာ ဟူသည်ကား "စိတ်၏ ကမ္မဒွါရ ဘာဝဟု ဆိုအပ်သော သတ္တိဖြင့်" ဟူလို၊ စိတ်ကား မနောကမ္မ ဒွါရ၊ စိတ်၏ဒွါရဘာဝကား မနောကမ္မ ဒွါရဝသ၊ ဤကား အထူး၊ ဝါ အကျိုးဖြစ်သော ဖဿာဒိ ဓမ္မ၏ စိတ္တာ ဓိပတေယျ နာမကို အကြောင်းစိတ်၌ တင်သကဲ့သို့ အကျိုးဖြစ်သော ကမ္မ၏ ကမ္မဒွါရနာမကို အကြောင်းစိတ်၌ တင်ပါသည်၊ ဤကားမနော ကမ္မဒွါရ၊ မနောကမ္မ ဒွါရဝသကား သတ္တိရင်းတည်း၊ ဤသို့ သမ္ဗန္ဓယုတ် စိတ်၏ မနောကမ္မဒွါရ အဖြစ်ကို ဆိုသဖြင့် စောပနဒွယ ချပ်တ ဖြစ် သော မနောပဗန္ဓဟု ဆိုအပ်သော အနန္တရမန၏ မနောကမ္မဒွါရအဖြစ် ၌ ဆိုဘွယ်မရှိဟု-မှတ်လေအပ်၏။ ။ဒွါရ သံသန္ဒနာယံ ဂဏ္ဌိပဒဖွင့်။

ကျုံးခန်းကြီးအရပ်၌ သီတင်းသုံးနေသော ပဋ္ဌမကျော် သူမြတ်သည် ရေးစီ အပ်သော အနှစ်သဘွယ် ဖြစ်သော ပညာရှိတို့သည် မပြတ် အောက်မေ့အပ်သောအနက်၏ အနက်ကို ဝေဘန်ရာ ဝေဘန်ကြောင်း ဖြစ်သော အဋ္ဌသာလိနီ မည်သော မွေသင်္ဂဏီ၏ အဋ္ဌကထာ၏ ဒွါရ ကထာ၏ ဂဏ္ဌိပဒကား ဤတွင်ပြီးပြီ။

---

ပဒယောဇနာ, ဖလယောဇနာနှစ်ပါးတို့တွင် ဖလယောဇနာ အား ဖြင့် ယောဇနာလိုသော ဆရာသည် ယံ ယံ ဝါ ပနာရဗ္ဘာတိ ဖြေ အယံ ယောဇနာ မိန့်သော်။

အယံ-ဤဆိုလတ္တံ့သည်ကား၊ ယောဇနာ-ဖလ ယောဇနာ တည်း၊ ပဒယောဇနာကို ပြလိုသောအရာ၌ "ပဒယောဇနာ

တည်း'' ဟု ပေး၊ ယောဇနာဟူသည်လည်း သမ္ဗန္ဓပင်တည်း၊ သာဓိ, အနုသန္ဓေ, ပယောဇနာ, ပဒသမ္ဗန္ဓအားဖြင့် သမ္ဗန္ဓ လေးမျိုးတို့တွင် ဤ၌ ''ပယောဇဉ်''ဟုယူ၊ သမ္ဗန်ကား ကျယ် သည်၊ယောဇနာကားကျဉ်းသည်၊သမ္ဗန္ဓ၌ ယောဇနာကျသည်။

အချို့သော ဆရာတို့ကား သမ္ဗန္ဓနှင့် ယောဇနာ မထူးဟူကုန်၏၊ ထိုဆရာတို့၏ စကားသည် '' သမ္ဗန္ဓောတိ ဍမေသံ ပုဗ္ဗာပရ ပဒါနံ အညမည သမ္ဗန္ဓနံ၊ န ပန ယောဇနာ ''ဟူသော မဏိမဉ္ဇူ စသည်နှင့် ဆန့်ကျင်ခဲ့၏၊ ထိုစကား သင့်စွ၊ အထူးမရှိသော် န ပန ယောဇနာဟု မကန့်ရာ၊ ပဋ္ဌာန်း ဋီကာ ကျမ်းရိုးဆရာကား ''သဒ္ဒါတင်းလင်း ရှိမူ သမ္ဗန္ဓ, မရှိမူ ယောဇနာ'' ဟူ၏၊ ငါတို့အမှတ်ကား ထူးသည်လည်း ရှိ၏၊ မထူးသည်လည်းရှိ၏၊ ဖလယောဇနာနှင့် ပယောဇနာ သမ္ဗန္ဓ ကား မထူး၊ အချို့သော ပဒဒယောဇနာနှင့် ပဒသမ္ဗန္ဓလည်း မထူး၊ အဘယ်သို့သော ပဒယောဇနာ ပဒသမ္ဗန္ဓနည်း ဟူမူကား အသွားဝေး သော်, ရှေးပုဒ် နောက်ပုဒ် ပြန်သော်, နောက်ပုဒ်ကို ရှေးသို့ ငင်သော်, ထားသော် ပဒယောဇနာလည်း ပဒသမ္ဗန္ဓနှင့် မထူး၊ ပဒသမ္ဗန္ဓလည်း ပဒဒယောဇနာနှင့်မထူး၊ပုဒ်သစ် လောင်းစွက်သော ပဒယောဇနာကား ပဒသမ္ဗန္ဓနှင့်ထူးသတည်း၊ဤကား ငါတို့အမှတ်။

ရူပါရမ္မဏံ။ပ။ ဓမ္မာရမ္မဏံ ဝါ အာရဗ္ဘ ဟူသော ပုရိမဝါကျ၌ အပြစ်ကိုပြ၍ ယံယံ ဝါ ပန ဟူသော ဒုတိယဝါကျဖြင့် သဗ္ဗာရမ္မဏ အဖြစ်, ကမာဘာဝအဖြစ်, အနိယမအဖြစ်တည်းဟူသော ပယောဇန သရုပ်ကိုပြလိုရကား 'ဟေဋ္ဌာ ဝုတ္တေသု'စသည်မိန့်သော်။

ဟေဋ္ဌာမှသည် သဒိသံဟောတိ ရွေ့ကား ဒေါသပြ၊ ဍာဒဥ္စမှသည် ဥပ္ပန္နတိဝေ ရွေ့ကား သဗ္ဗာရမ္မဏပြ၊ဇေဝံမှသည် ကမောနတ္ထိ ရွေ့ကား ကမာဘာဝပြ၊ရူပါဒိသုမှသည် နတ္ထိ ရွေ့ကား အနိယမပြ။

တသ္မိံ သမယေတိ ဍာဒံဝစနံ-သည်၊ အနိယမနိဒ္ဒိဋ္ဌဿ-အနိ ယမအားဖြင့် ပြအပ်သော၊ သမယဿ-ကို၊ နိယမတော-အား ဖြင့်၊ပဋိနိဒ္ဒေသဝစနံ-အကျယ်ညွှန်းပြသောစကားတည်း။

ဤတွင် ဆရာတို့ကား အဘိဓမ္မာအလိုသော် 'ယ'ကား အနိယတ်၊ 'တ'ကား နိယတ်၊ ဝိနည်းအလိုသော် 'တ'ကား အနိယတ်၊ 'ယ'ကား

ပြဋ္ဌကတ်ရှုတာ်

နိယတ်ဟူကုန်၏၊ထိုဆရာတို့၏စကား၌ အဘိဓမ္မာအလိုဟူရာ၌ မှန်၏၊ ဝိနည်းအလိုဟူရာ၌-

နတ္ထိ ဝေတသာ နိယမောတိ အနိယမော၊နိဋ္ဌိသိယတိ အဇ္ဈော ဝေတနာတိ နိဋ္ဌေသော၊ဉစ္စတိ ဝေတနာဘိ ဝစနံ၊ နိဋ္ဌေသောဝေ ဝစနံ နိဋ္ဌေသဝစနံ၊ အနိယမဿ နိဋ္ဌေသဝစနံ အနိယမနိဋ္ဌေသ ဝစနံ။

ပဋ္ဌမံ အနိယမိတဿ သမယဿ နိဋ္ဌေသဝစနန္တိ အဇ္ဈော'ဟူသော သာရတ္ထဒီပနီပါဌ်ကိုရင်း,

ယတော ကာရကတော ပေတိ,ဘယာဒိ တန္တု ကိံဘဝေ၊
ရူတိ သံသယ သံယုတ္တာ, ယဒေဝါ နိယတံ ဘဝေ။
တဒပါဒါန သညံ ဝါ,ဟောတိ နာနည္တိနိန္တယာ။
သံသယာ ပဂမာစေဝ, တဒေဝ နိယတံ ဘဝေ၊

ဟူသော သဒ္ဒဝိနိစ္ဆယကိုရင်း ထောက်၍ ပယ်အပ်၏။

အာစရိယာနံကား ရေဝတထေရ်တည်း၊ စိတ္တုပ္ပါဒကဏ္ဍဟူသည် စိတ္တဝိဘာဂတည်း၊ စိတ္တဝိဘာဂဟူကလည်း စိတ်တို့ကို ကာမာဝစရ စသောအပြားဖြင့်သာ ဝေဘန်အပ်၏၊ဖဿစသည်တို့ကို ကာမာဝစရ အပြားဖြင့် မဝေဘန်အပ်ရကား 'န ပနေတံ သာရတော ဒဋ္ဌဗ္ဗံ' မိန့်သော်။

တုလာ သံဃာတ ဘိတ္တိပါဒ ကူဋဂေါပါနသိ ပက္ခပါသက မုခဝဋ္ဋိယော-ခေါင်လျှောက်, အတွင်းထုတ်လျှောက်, နံရံခြေ, ထုပိကာ, အခြင်, ခေါင်အုပ်, လည်စည်းတို့သည်၊ (ခြင်ဝိတ်တို့ သည်သော်လည်းဟူ)

တလတိ သံဃာတေသု ပတိဋ္ဌတီတိ တုလာ, ပက္ခာနံ သမ ဝါဟိတ ဘာဝကရဏတော တုလယတိ မိနာဗျေတာယာ တိ တုလာ၊အရကား......ခေါင်လျှောက် နှာရောင်တည်း။

သမ္ဘာ ဃဋေန္တေ ၂ထ္တ ဂေါပါန သျာဒယောတိ သံဃာဋော၊ အရကား အရှေ့ အနောက် တောင် မြောက် အလျား၏ အစွမ်းဖြင့် သည်တိုင်, သည်မ, သည်ရန်, သည်ထွေးတို့၏ အထက်၌တည်သော စရွေး၌ စွပ်အပ်သော သစ် ဝိသေသတည်း၊ အထူးအားဖြင့်ကား ......

မြန်မာ့ပွားရေးမှ)

လောကဥ္စ ပုဗ္ဗ ပဏ္ဏိမာယာမဖြစ်သော'လျော့က်'ဟုခေါ်ဝေါ်အပ်သော ဒက္ခိဏုတ္တရာယာမ ဖြစ်သော ထုပ်,ထုပ်ဆီး, ထုပ်လုင်ဟု ခေါ်ဝေါ် အပ်သော သစ်ဝိသေသတည်း။

ဘိဒိယတိ ဒွိဓာ ကရိယတီတိ ဘိတ္တိ၊(နံရံ ရစေ)ဘိတ္တိယော ပါဒေါ ဘိတ္တိပါဒေါ၊ ( ကလပ်ပြင် စသည်ရစေ ) ဤပုဒ်ကား ဓွန်ဖြစ်မှု သင့်စွ၊ ဆရာတို့မကြံခဲ့။

ကုဋ္ဋိယတိ ဆိန္ဒိယတီတိ ကုဋ္ဋိ၊ (ထုပိကာတည်း)

ဂံ ဝသေသာဒကံ သူရိယာဒိ ကိရဏာဠ ဗိဝန္တိ ဗိနာသယန္တိအဘုန္တိရိမ ပဝေသန ဝသေနာတိ ဂေါပါနာ၊ (ဒုပ်ကျွတ် စသည် ရစေ)၊ ဂေါပါ နာသိ သိနေ့တ္တိ ဗန္ဓေတ္တိ ဋ္ဌောတိ၊ ဂေါပါနသိ, (အခြင်ရစေ)

ဒွိန္နံပက္ခာန မပတနတ္ထံ ဗန္ဓနတော ပါသော ဝိယာတိ ပက္ခ ပါသော၊ (အခြင်တို့၏ အထက်၌ ဗိလာထားအပ်သော သစ်ဝိသေသရစေ) ထို့ကြောင့် မူလဋီကာ၌ "ဂေါပါနသိနံ ဉပရိ တိရိယံ ဌပိတကဋ္ဌံ ပက္ခပါသော"ဟု မိန့်အပ်ပြီ။

မုခဿ ဝဋ္ဋိ မုခဝဋ္ဋိ၊(ခြင်ဗိတ်ရစေ,လည်စည်းသော်လည်း ရစေ)

ထမ္ဘတိ ပဋိဗန္ဓတီတိ ထမ္ဘော၊ ဓာရေတီတိဝါ ထမ္ဘော၊ ရေ ဓာတု, ရမ္ဘ ပစ္စယော, ဓဿ ထတ္တံ။

ဣဒံ ပန အကာရဏံကား 'ဗိတ္တဿ ပဌမာဘိနိပါတတ္တာ' စသော မဟာအဋ္ဌကထာစကားကိုယူ။

ကာရဏကို ပြလိုရကား ဒေသနာ စသည်တက်။

ဒေသနာဝါရေနေဝ-ဒေသနာဝါရဖြင့်လျှင်(ဒေသနာက္ကမဖြင့် လျှင် သော်လည်းဟူ။

နာမ်ဖြစ်လျက် အသ္မိမူ၍ဖုသန စသည်ရှိသနည်း စုဒ်ရှိရကား အယံ ဟိ စသည်တက်၊ ဝါ-ဝုတ္တဌကို ချဲ့လိုရကား အယံဟိ စသည် တက် သော်။

အနလ္လီယမာနောဝ-မငြိသော်လည်း၊ (ဝုတ္တဥဿုံ၌ 'အာစရိ ယေဟိ'ကတ္တားလာ)မေဏ္ဍော-ဆိတ်၊ သမ္ဗာ-ခွက်ခွင်း၊ပါဏိ- လက်ချပ်။

[ပြိဋကတ်တော်

ဝိတ္ထာရောဌ် ဝိတ္ထာရကား အာဇ္ဈတ္တ၊ စက္ခုနာ ရူပံ ဒိသွာ ကား သသမ္ဘာရစကားတည်း။

ပဉ္စသတ္တံ-၏၊အယံ ဖဿော-ကို၊တဇ္ဇ တဇ္ဇ-ထိုထိုသို့သော အရာ၌၊ တဂ္ဂတံ သင်္ဂတိ ဖဿောတိ-ဟူ၍၊ ဇိဝံ-သို့၊ ကာရဏာ ဝသေန-ဖြင့်၊ဝိဒိတော-သိတော်မူအပ်၏၊ (ဘဂဝတာ ကဏ္ဍား လာ၊ဗဟိဒ္ဓါ ဥဏှပဗ္ဗယာကား မိုးတည်း)

လာခါသင်္ခါတ ခေတုနိသိတာ-ချိတ်ဟုဆိုအပ်သောခေတ် ကိုရှိသော၊ ဥသွာ-အငွေ့သည်၊ (တေဇောခေတ်သည် သော် လည်းဟူ)

ချိတ်ကို ခေတ်ဟူရာ၌ အကျယ်ကို သိလိုမူကား ခေတုဝိဘင်း အဋ္ဌကထာ,ပါရာဇိကဏ်ဋီကာ လောကဝိဒူအဖွင့်ကိုကြည့်လေ။

ဝိတဗ္ဗိတင်္ဂါရ သင်္ခါတေ - မီးကျီးစုဟု ဆိုအပ်သော၊တဇ္ဇာ သမန္နာဟာရေနစ-ထိုဖဿ၏ အကြောင်းဖြစ်သော ဖဿအား လျော်သော အာဝဇ္ဇန်းသည်၎င်း၊ (ထိုဖဿအား လျော်သော နှလုံးသွင်းခြင်းသည်၎င်း သော်လည်းဟူ) ဣန္ဒြိယေနစ-စက္ခု စသော ဣန္ဒြေသည်၎င်း၊ပရိက္ခတေ-အာရုံပြုအပ်သော၊ (ဋီကာ, ဂဏ္ဌိ,အနုသစ်အလို) ဝါ-ရှေးရှုပြုအပ်သော, သိမ်းဆည်းအပ် သော၊(ဂဏ္ဌိ)ပဝတ္တတိ-၏၊(ပဏ္ဍိတေန ကဏ္ဍားလာ)

ဝေဒယိတလက္ခဏာ-ခံစားသောအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏၊ (ခံစားခြင်းလက္ခဏာရှိ၏ဟု သာမန်သော်လည်းပေး)

ဝေဒေန အယိတံ ပဝတ္တံ ဝေဒယိတံ၊ (ဝိဂ္ဂဟ)

အနုဘဝနရသာ၌ ရသကား ကိစ္စဝါစကသာဘည်း။

ဝါ,ဣဋ္ဌာကာရ သမ္ဘောဂရသာ-ကောင်းသော အာရုံအစု ကို သုံးဆောင်ခြင်းကိစ္စရှိ၏၊ (ရှေးကား သာမန်၊နောက်ကား ဝိသေသ) စေတသိက အဿာဒပစ္စုပဋ္ဌာနာ-စေတသိကဖြစ် သော သုခဝေဒနာလျှင်ထင်သောအခြင်းအရာရှိ၏(စေတသိက ဖြစ်သော သာယာအပ်သော ဝေဒနာလျှင် ပစ္စုပဋ္ဌာန်ရှိ၏သော် လည်းဟူ) ပဿဒ္ဓိ ပဒဋ္ဌာနာ-ကာယပဿဒ္ဓိလျှင် နီးစွာသော အကြောင်းရှိ၏၊ဣဿရဝတာယ-အစိုးရသည်၏အဖြစ်ကြောင့်၊

ဝိသယဝိတာယ-ထိုက်သည့်၏ အဖြစ်ကြောင့်၊ (စိရင်တတ်သည် ၏ အဖြစ်ကြောင့်, အလိုအလျောက် ပြုတတ်သည်၏ အဖြစ် ကြောင့်၊ဖိတ်ကြိုက်ရာပေး)

ဝိသယဝိတာယာတိ အရဟာတာယ၊အနေကဏ္ဍဏ္ဍာဟိ ဓာတူနံ အရ ဟာဋ္ဌော ဝိပုဗ္ဗော သုသဒ္ဒေါ ဝိသယံ ဝါသဇနံ၊ ဝသိတာကာမ ကာရိ တာဝါ ဝိသယိတာ-ဟူသောဋီကာနှင့်လျော်စေသည်။

ဖတ္တတ္တကို လောကူပမာဖြင့် ပြီးစေလိုရကား ရာဇာဝိယ စသည် မိန့်သော်။

ပေဋ္ဌာယ-ပချုပ်၌၊(ပအုပ်၌သော်လည်းဟူ)

မောဂ္ဂလာန်အလိုကား 'ပေလာ'ဟု ဒန္တဇနှင့်လို၏၊ များသောစာ တို့၌ကား မုဒ္ဓဇ 'ဠ'နှင့်ရှိ၏။

လဋ္ဌနံ-တံဆိပ်ကို၊ပစ္စာဘိညာဏရသာ-အမှတ်ဖြင့် တဘန် သိခြင်းကိစ္စရှိ၏၊ (ပစ္စကား သဒိသေနွဘော်တည်း) အဘိညာ ဏံ-အမှတ်ကို၊ကာဋ္ဌဝိလကာဒိအဘိညာဏံ-မှဲ့စသောအမှတ် ကို။

ကာဋ္ဌနှင့် တိလက အရမထူးဟု ယောဇနာ၌ ဆို၏၊ဝါတို့ ကျေးဇူး ရှင်ကား'မှဲ့ မှန်ကူစသောအမှတ်ကို'ဟူ၏၊ဤအလိုအထူး။

ဝိဋ္ဌန္တန ဂေါပက ဘဏ္ဍာဂါရိကသာ - တန်းဆာစောင့် ဖြစ် သော ဘဏ္ဍာပိုး၏။

နာမသာ လိခနံ ပဏ္ဏံ နာမပဏ္ဏံ၊(မဖွေးလာပိတည်း)

ပုနသဥ္ဇာနန ပစ္စယနိမိတ္တ ကရဏရသာ - တဘန်သိခြင်း၏ အကြောင်းဖြစ်သော အမှတ်ကိုပြုခြင်းကိစ္စရှိ၏၊ ယထာဂဟိတ နိမိတ္တဝသေန-ယူဘူးသော အာရုံ၏အစွမ်းဖြင့်၊(အကြင် အခြင်း ဖြင့် ယူအပ်သော အာရုံ၏ အစွမ်းဖြင့် သော်လည်းဟူ) ဟတ္ထိ ဒဿကအန္ဓာဝိယ-ဆင်ကိုမြင်လိုသောသူကန်းကဲ့သို့၊ (ဆင်ကို မြင်ဘူးသောသူကန်းကဲ့သို့သော်လည်း ဟူ၊မမြင်ဘဲ အမှတ်ဖြင့် သာ လက်ခြေစသောသဏ္ဌာန်ထင်ရကား အာရုံပြုပါသတည်း) အနောဂါဠ္ဌဝုတ္တိတာယ-မသက်သော ဖြစ်ခြင်းရှိသည်၏ အဖြစ် ကြောင့်၊တိဏပုရိသကေသု-မြက်ရုပ်ယောကျ်ားတို့၌။

[ဝိဠုကတ်တော်

ယထာဂဟိတ စသည်ဖြင့် မိန့်ခဲ့သော ပစ္စုပဋ္ဌာန်သည် ဉာဏသမ္ပယုတ်,ဝိပ္ပယုတ်နှစ်ပါး၌ရှိသော သညာပင်လော စုဒ်ရှိရကား 'ယာပနေတ္တ'စသည်မိန့်သော်။

ဉာဏသမ္ပယုတ်၌ အဘိနိဝေသကရဏ ဝိပရိတဂါဟအဗိရဋ္ဌာနသည် မရှိဟူလို။

အဘိ သန္ဒဟတိ-ဖြစ်စေတတ်၏။

အကျဉ်း အကျယ်လိုမူကား......

အဘိသန္ဒဟာဘိ ပဗန္ဓတိ ပဋ္ဌပေတိ-ဖြစ်စေတတ်၏၊(ဖွင့်၍သမွန်)

**အဓိပ္ပါယ်ကား**... ကိုင်ကုန် လုပ်ကုန်ဟူသကဲ့သို့ သမ္ပယုတ်တရားတို့ကို အာရုံ၌ ယှဉ်စေ၏ ဟူလို။

စေတယိတလက္ခဏာ - ကြောင့်ကြခြင်း လက္ခဏာရှိ၏၊ (စေ့ဆော်ခြင်းလက္ခဏာရှိ၏ သော်လည်းဟူ) စေတနာ ဘာဝလက္ခဏာ-ကြောင့်ကြသည်၏ အဖြစ်လျှင် လက္ခဏာရှိ၏။

စေတနာဘာဝေါ ဗျာပါရဘာဝေါ (ဋီကာ) နှ ဥဿာဟနဘာဝေါ (အနုသစ်)

ယင်းသို့ အနုသစ် ဗျတိရေက လှန်ခဲ့သော် ''စေတနာ ပန အတိရေက ဥဿာဟာ''စသော အဋ္ဌကထာပါဌ်ကို မမြင်သည်မူ၍လောဟူငြားအံ့၊ မြင်၏၊ မြင်လျက်ဆိုသည်ကား ယခင်အဋ္ဌကထာ၌ ဥဿာဟ ဖြစ်လျှင်းသောကြောင့် ဆိုသည်မဟုတ်၊စေတနာ၏ ဗျာပါရမဟာတ္တမျှကိုသာပြပါသည်ဟု သိစေလိုသည်ယူ။

ထာဝရိယ သဘာဝ သဏ္ဌိတာ - လယ်ရှင် ယောကျ်ားသဘော၌ တည်၏။

ထာဝရဿ ခေတ္တဿ သာမိ ထာဝရိကော၊ ထာဝရိကော ဧဝ ထာဝရိယော၊ ထာဝရိယဿ သဘာဝေါ ထာဝရိယ သဘာဝေါ၊ ထာဝရိယ သဘာဝေ သဏ္ဌိတာ ထာဝရိယ သဘာဝသဏ္ဌိတာ။

ဗလိပုရိသော-သူရင်းခစားယောကျ်ားတို့ကို။

အချို့ကား အားရှိသော ယောကျ်ားတို့ကို ဟူကုန်၏၊ မသင့်၊ ဗလိပုရိသောတိ ဘတိယာ ဂဟိတကမ္မကရပုရိသေ (ဂဏ္ဌိ)

သိမ်-လယ်၏အပိုင်းအခြားကို၊မဂ္ဂ-ကို၊ သမကံ-ဖြောင့်စွာ၊ (ညီစွာ)ဘရတိ-သွင်း၏ (ဆောင်၏)မဂ္ဂ-ကို ( သို့ )ဟု သမ္ဗန်၊ ကံလည်း ဗလိပုရိသေလာ၊ ဒိဿာ ဒွိကမ္မိကတည်း။

အဓိယမာနော-သရဇ္ဈာယ်လတ်သော်၊ ဝါ-သော၊ (ဇေဒ္ဒ သိသေဿသို့ သွား)

အဇ္ဈာကော - သရဇ္ဈာယ်ခြင်းတို့ကို၊ (ခြင်း၌ သော်လည်းဟူ) တဒနုဝတ္တိတာယ - ထို တပည့်ကြီးသို့ လိုက်သည်၏ အဖြစ် ကြောင့်၊ သန္ဓဟာန ပဌပဥ္စာနံ-ဗဲတ်တပါးကို ဖွဲ့ခြင်းလျှင် ထင် သော အခြင်းအရာရှိ၏ (နောက်ဗိတ်ကိုဖွဲ့ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏ ဗိတ်ကြိုက်ရာပေး)

ဤတွင် အချို့စာကား သန္ဓဒါန, အချို့စာကား သန္ဓာန, အချို့ စာကား သန္ဓဟ ပဋ္ဌပဥ္စာနရှိ၏၊မသင့်။

စက္ကုနာ-ဖြင့်၊ဝါ-သည်၊ဒိဋ္ဌ-မြင်အပ်သော၊(ဤ၌'တ'ပစ္စည်း ကား ကာလသုံးပါးနှ်ဖြစ်သည်)နဂရဂုတ္တိကော-မြို့စောင့်သည်၊ မဟာရာဇ – မင်းမြတ်၊ (မိလိန္ဒမင်း သော်လည်းဟူ၊ ဤကား အနက်ရိုး) ဝါ,မဟ်-မြေအပြင်၌၊အရိ-ရန်သူကို၊ အဇ-အောင် တော်မူဟတ်သောမင်း။

ဤကား အရှင်မဟာအရိယဝံသအကျော် အလိုတော်၊ ဤအလိုကား မဟိ အရိ အဇ ပုဒ်ဖြတ်၊ဤမျှသာ ဤ၌သင့်သည်၊ ထိုကာလ တကျိပ် နှစ်ယောက်သော ပုဂ္ဂိုလ်တို့သည် ကြံအပ်သော မေ အဟိ အရိ အဇ ဟု ပုဒ်ဖြတ်အပ်သော်-

မေ မမ-၏၊အဟိ-စီးပွားမဲ့ကိုပြုတတ်သော၊အရိ-ရန်သူကို၊ အဇ-အောင်တော်မူတတ်သောမင်း၊ဟူသောဝိကပ်,

''မဟာရာဇ မဟာရာဇ မဟာရာဇ မမေဝ ဟိ နေ တဿ ဍုတိ ဝဟ္ဒာန နွေ ဇနာ ကလဟံ ကရုံ'' ဟူ၍ မြွေသမား နှစ်ယောက်သည် ကလဟပြုအပ်သောအရာ၌ လာသော မေ အဟိ အရာဇ ပဒစ္ဆေဒ ပြု အပ်သော်......

မေ-ငါ၏၊အဟိ-မြွေသို၊ အရာဇ-စဖွယ်လော့၊ (က,လော့) ဟူသောဒိကပ်ကိုကား ဤ၌ မသင့်။

(ပိဋကတ်စွတော်

ဧတံ ဝစနံ-ကို၊ အဋ္ဌကထာယံ-မဟာအဋ္ဌကထာ၌၊ အာစရိ
ယေဟိ-တို့သည်၊(ကတ္တားလာ)အဝိစာရိတံ-မစိစစ်ရင်လေ။

အယံ ပနေတ္ထ ယုတ္တိကား ဗုဒ္ဓဃောသဆရာထေရ်မြတ် အလိုတော်
တည်း။

ထိုကို ချဲ့လိုရကား 'ယထာ ဟိ' တက်။

ဓမ္မာ့တပါး ကတ္တားကိုနှစ်စေလိုရကား 'ဝိတက္ကေတိတိ ဝိတက္ကော'
မိန့်သော်၊နိုင်ငံသို့လိုက်သောအားဖြင့် ဖြစ်ခြင်းမရှိသည်ကို ပြလိုရကား
'ဝိတက္ကနံဝါ ဝိတက္ကော' မိန့်သော်။ ဓာတွတ္ထကို ပြလိုရကား ဦဟနန္တိ
စသည်မိန့်သော်။

ဝိတက္ကော-သည်၊ အာကောဋနလက္ခဏော - ခေါက်ခြင်း
လက္ခဏာ ရှိ၏။

ရှုပ်ရှုပ် ပထဝိပထဝီစသည်ဖြင့် မခေါက်တတ်သော်လည်း ခေါက်
တတ်သကဲ့သို့ဖြစ်၏ဟူလို။

အနုရဝတိ-ကြည်းဟည်း၏၊အနုသဒ္ဒါယတိ တဘန်မြည်၏၊
လိုက်၍မြည်၏သော်လည်းဟူ)အာဟနနပရိယာဟနနရသော-
အစ၌ခေါက်ခြင်း, ထက်ဝန်းကျင်မှ ခေါက်ခြင်းကိစ္စရှိ၏၊ ဝါ-
ရှေးရှုခေါက်ခြင်း, လှည့်၍ ခေါက်ခြင်း ကိစ္စရှိ၏၊ ( တီးခြင်း
နှက်ခြင်းကိစ္စရှိ၏ သော်လည်းဟူ) ဝိတက္ကာဟတံ-ဝိတက်ဖြင့်
ရှေးရှုခေါက်သည်ကို၊ဝိတက္ကပရိယာဟတံ-ဝိတက်ဖြင့် လည်၍
ခေါက်သည်ကို၊(ရှေးနည်းသော်လည်း နှစ်ထွေးပေး)

ဝိစရတိ-သုံးသပ်တတ်၏၊ (ကျင်လည်တတ်၏သော်လည်း
ဟူ) ဝိစရဏံ-သုံးသပ်ခြင်း၊ အနုသဉ္စရဏံ - အဘန်တလဲလဲ
သုံးသပ်ခြင်း၊(ကျင်လည်ခြင်းသော်လည်းဟူ)

အနုသဉ္စရဏံ အနုပရိဝတ္တနံ။ (သာရတ္ထဒီပနီ)

ကတ္တဗ္ဗိ-အချို့သောစိတ်၌၊ (ပဉ္စမဈာန်, ကာမာဝစရစိတ်၌
သော်လည်းဟူ) အဝိယောဂေ-မကွေကွင်းခြင်းသည်၊ (မပြတ်
ဖြစ်ခြင်းသည်သော်လည်းဟူ)၊ ဧတ္ထ-ဤဝိတက် ဝိစာရနှစ်ပါးတို့
တွင်၊ပဌမုပ္ပတ္တိကာလေ-၌၊ ဗတ္တသာ-၏၊ ပရိပ္ဖန္ဒနဘူတော-တုန်
လှုပ်သည်ဖြစ်၍ဖြစ်သော၊ဝိတက္ကော-သည်၊ဝိပ္ဖါရဝါ-တုန်လှုပ်

ခြင်းနှင့်ယှဉ်၏၊ပါ,ဠေ-တို့တွင်၊ ဝိတက္ကော-သည်၊ ဝိပ္ပါရဝါ-တုန်လှုပ်ခြင်း ရှိ၏၊(တုန်လှုပ်ခြင်းနှင့်ယှဉ်၏ သော်လည်းဟူ)

ဝိပ္ပရဏံ စလနံ ဝိပ္ပါရော၊ဝိပ္ပါရော အဿ အတ္ထီတိ ဝိပ္ပါရဝါ၊(အာရုံ၌ မတွန့်ခြင်း,မဆုတ်ခြင်းရသတည်း)

ထိုကို ထပ်ဆင့်မြဲနှောင်စေလိုရကား ပဌမပ္ပတ္တိစသည်တက်သော်။

ပဌမပ္ပတ္တိကာလေ-၌၊ ဝိတ္တသော-၏၊ ပရိပ္ဖန္ဒနဘူတော-တုန်လှုပ်ခြင်းဖြစ်၍ဖြစ်၏၊ (ငါတို့ဆရာကား ဥပမာကချို၍ တချက်တည်းသမ္ဗန်ကုန်၏)ဝိစာရော-သည်၊သဒ္ဓံ ဝုတ္တိ-ငြိမ်သက်သော ဖြစ်ခြင်းရှိ၏၊ဝိတ္တသော-၏၊ နာတိ ပရိပ္ဖန္ဒနဘာဝေါ - မတုန်လှုပ်လွန်းသည်ဖြစ်၍ဖြစ်၏၊(ဝိတက်ကဲ့သို့ သုံးနည်းသမ္ဗန်)ဧကဂ္ဂေါ-တခုတည်းသောအာရုံရှိသည်၊ ဟုတွာ-၍၊အပေ့တိ-ဖြစ်၏၊(အဂ္ဂကား အာရုံဟော)တံ ဝစနံ- ထိုမဟာအဋ္ဌကထာစကားသည်၊ အနုပ ဗန္ဓနေန - ဥပစာရ အပ္ပနာတည်းဟူသော မပြတ်သော သန္တာနဖြင့်၊ပဝတ္တိယံ-၌၊အတိဝိယ-လျှင်၊ယုဇ္ဇတိ-၏။

ဤ မဟာအဋ္ဌကထာစကားအလိုကား ပုဗ္ဗာရမ္မဏာ၌သာ ဝိတက်သည် ဝိပ္ပါရဝါဖြစ်၏၊ ပုဗ္ဗာရမ္မဏာကား နာတိပရိပ္ဖန္ဒန ဖြစ်သဘည်း၊ ဤအကြောင်းကိုကား ဋီကာ,အနုကိုနှော၍ ကြည့်။

မလဂ္ဂဟိတံ-အညစ်အကြေး လိမ်းကျံသော (ကြေးတင်သော,သံချေးတက်သော၊ ဗိတ်ကြိုက်ရာပေး) စုဏ္ဏတေလ ဝါလဏ္ဍုပကေန-ပြာမှုန့်,ဆီ, ဆိတ်မွေး စသည်တို့ဖြင့် ပြီးသော ကရွတ်ခွေဖြင့်(ပြာမှုန့်,ဆီ,သားမြီး ကရွတ်ခွေဖြင့် သော်လည်းဟူ)

ဝါလကား အဿာဒိလောမ ဝါစကတည်း၊ အချို့သောသူတို့ကား ''သံမှုန့်ရောသော ဆီ သားမြီးထွေးဖြင့်''ဟူကုန်၏၊ မသင့်၊ အဏ္ဍုပက စုမ္ဗဋက နှစ်ပုဒ်သည် ဒိုး၏ တည်ရာ ဟောချည်းတည်း၊ ဤကို ရည်၍ မဟာတံတိုလော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဝါလဏ္ဍုပက ဟူသည်ကို ဋီကာ၌ ''ဝါလဏ္ဍုပကံ ဠေက လောမာဒီဟိ ကတစုမ္ဗဋကံ ''ဟု မိန့်အပ်ပြီ၊ သာရတ္ထဒီပနီ၌လည်း ''စုဏ္ဏတေလ ဠေက လောမာဒိ ကတစုမ္ဗဋကေန''ဟု မိန့်အပ်ပြီ။

(ပိဋကတ်တော်

စုဒ္ဒေသူတိ စုဒ္ဒေသယတိ ဣတော မိဒောာ စုဒ္ဒေသယတီတိ စုဒ္ဒံ၊ (ပြာမုန့် စသည် ရစေ) တိလသာ ဣဒံ တေလံ၊ (ဆီသာမန်ရစေ) ဗိသေသေန သိတုဏှံ ဟာရိတုံ အလံ ဝါလံ၊ (အမြိုးနှင့်တကွသော သားမွေးရစေ) ဝါလံ လာတိ ဂဏှာတိ ဖြေတေနာတိ ဝါ ဝါလံ၊ (အမြီးရစေ) အန္တံ သမီပမာဓေယျသာ ဥပဂန္တွာတိ ကျဏ္ဍုပက်(ကရွတ်,ခေါင်းခုသာမာန် ရစေ) နှံ့သာ ဓဏ္ဍာ၊ ဂဿစ ကော၊ ဝါလေန ဖြဋ္ဌကာဒိ လောမေန ကတံ အဏ္ဍုပက် ဝါလဏ္ဍုပက်၊ (ဆိတ်မွေးဆိတ်မြီး စသည်ဖြင့် ပြီး သော ကရွတ်ခွေ ခေါင်းခု ဗိသေသ ရစေ) ဤသုံးပါးကား သံချေးကို စားတတ်သည်ချည်း ဖြစ်ရကား ရုဏ္ဏဥ္စ တေလဉ္စ ဝါလဏ္ဍုပကဥ္စ ဟု ဒွန်တွဲ၊ဤအကြောင်းကိုသိလိုမူ သုတ္တသင်္ဂဟ ပါဠိ,အဋ္ဌကထာကိုကြည့် လေ။

ဤတွင် ယောဇနာဆရာ သတိချွတ်လေစွ၊ မှားလေစွ၊ အသို မှား သနည်း၊ ရုဏ္ဏတေလနှင့် နောက်ပုဒ်ကို သမာသ် မကြံ၊ ရုဏ္ဏတေလေန ဟု ဗိဘတ်ဆုံးစေ၍ ကြံခြင်း, ဝါနှင့်လကို တပုဒ်တည်း သားမွေး သား မြီး ဟော မယူမူ၍ အဏ္ဍုပကကိုလည်း ဒိုး၏ တည်ရာ မဟောမူ၍ ဝါကို သမုစ္စယတ္ထကြံခြင်း လနှင့် ဏ္ဍုကိုလည်း "လဍုတိ ဟိံသတိ မလဘာဝန္တိ လဏ္ဍု"ဟု ကြံခြင်း, 'လဏ္ဍုစ တံ ဥပကဍ္ဎာတိ လဏ္ဍု ပကံ'ဟုကြံခြင်း၊ဤအလုံးစုံသည် မှားသည်ချည်း,မသင့်သည်ချည်း။

သဥ္စုရဏ-ဧရွှေ့ရှား၊ မဏ္ဍလံ-အဝန်းကို (လုံးသော အရေး ကို)သန္နိရုမ္ဘိတွာ-နှက်ပိုက်၍၊ဗိနယတိတပွေတိ-ပျံ့စေတတ်၏၊ (ရောင့်ရဲစေတတ်၏သော်လည်းဟူ)ဝါ,ဗိနယတိ ဝဍ္ဎေတိ-ပွား စေတတ်၏၊ (ဖရဏရသာဓ္ဌ ကံကား ကာယသာ လာ)သြဒဂျ ပဋ္ဌုပဋ္ဌာနာ-တက်ကြွသောအဖြစ်လျှင် ထင်သောအခြင်းအရာ ရှိ၏။

ဥဒ္ဓံ အဇတိ ဂန္တွာတီတိ ဥဒဂ္ဂံ၊ဥဒဂ္ဂသာ ဘာဝေါ သြဒဂျံ၊(ဗိဂ္ဂဟာ)

ခုဒ္ဒကာပီတိကား ကြက်သီးမွေးညင်းထကာ တကြိမ်သာဖြစ်သည်၊ ခဏိကာပီတိကား အထပ်ထပ်ဖြစ်သည်၊ဤကား အထူး၊ (ပုဏ္ဏဝလ္လိက ကျောင်းကား သိဟိုဠ်ကျွန်း၌ရှိသတည်း)

ဣမာယ ဝေလာယ-ဖြင့်၊စတသော ပရိသာ-တို့သည်၊မဟာ စေတိယံ-ကို၊ဝန္ဒန္တိဝတ-ရှိခိုးကုန်သည်တကား၊သုဓာတလေ-

အင်္ဂါတေအပြင်၌၊(ဇယ်အပြင်ကိုယူ) ပဟာဠဒုမိတြဂေဏ္ဍုကော
ဝိယ-ခတ်အပ်သော ဇိမ်ကျင်ကဲ့သို့၊ ဃရာဇိရေ - ဇိမ်မှူး၌၊
(ဇိမ်ဦး၌,ကြမ်းပြင်၌သော်လည်းဟူ) (ဃရေရှိမှ ဇိမ်၌ပေး)
ဂဏာသဏ္ဌာယသဒ္ဒံ-အပေါင်းသရဏ္ဌာယ်သံကို၊ (ပရိတ်ရွတ်သံ
ဟူလိုသည်)ယေ မနုဿာ-တို့သည်၊ ဝိဟာရံ-သို့၊ ဂတ္ဝာ-သွား
လေ၍။ပ။လဘန္တိ-ရကုန်၏၊ ဣမေ မနုဿာ-တို့သည်၊ ဉာ
ပတ - ဘုန်းရှိလေကုန်စွ တကား၊ (ပညာတိ မေ ဟု အချို့စာ
ရှိ၏၊မသင့်)ပူရိတဝတ္ထိံ ဝိယ-ပြည့်သော စည်ပေါင်းကဲ့သို့၊ပက္ခန္ဒ
ပဗ္ဗတကူဋံ ဝိယ-စီးသော တောင်ဝှမ်းကဲ့သို့၊ အနုပရိပုရံ-ပြည့်
သည်။

အနုပရိဖုဋံ ရှိမူ 'အဘန်တလဲလဲ ထက်ဝန်းကျင်မှ တွေ့သည်'ဟု
ပေး၊ ဥဗ္ဗေဂထက် နိစ္စလ ဗိရဋ္ဌိတိက ဖြစ်ရကား ဖရဏာ အားကြီးသ
တည်း။

ပဥ္စဝိဓာ-သော၊ သာပနေသာပီတိ-သည်၊ ဂဗ္ဘံ-ပဿဒ္ဓိ၏
တည်ရာကို၊(အကြောင်းကို,တိုက်ကို၊ စိတ်ကြိုက်ရာပေး)တိုက်
ကိုပေးရာ၌ "ပဿဒ္ဓိယာ နိမိတ္တဘာဝေန"ဟု ဝိသေသန လာ။
ဂဏှန္တိ-ယူလျက်၊ ပရိပါကံ-ရင့်ခြင်းသို့၊ ဂစ္ဆန္တိ-ရောက်
လျက်၊ဝါ,သော၊ပီတိ-သည်၊(သော်လည်းဟူ) ကာယပဿဒ္ဓိံ
စ-ငှင်း၊ပိတ္တပဿဒ္ဓိံ စ-ငှင်း၊ဇူတိ-သို့၊ ဒုဝိဓံ-သော၊ ပဿဒ္ဓိံ-
ကို၊ပရိပူရေတိ-၏၊(ဤနည်းကိုမှီ၍ နောက်နောက်ကို သိလေ)

အပ္ပနာ မဟုတ်ရကား တာသု ဠပေထွာ အပ္ပနာသမာဓိ မိန့်သော်၊
ဆန္ဒေတဗ္ဗကို ပြုပြီး၍ ဂပောတဗ္ဗကို ပြုလိုရကား ပူရိတာ ဣတရာဒွေပိ
ဣဓယုဇ္ဇန္တိ မိန့်သော်။

ဣတရာ - သော၊ ဒွေပိ - နှစ်ပါးသော သမာဓိတို့ကိုလည်း၊
ပူရိတာ-ပြည့်စေခြင်းသည်၊ဣဓ-ဤအရာ၌၊ယုဇ္ဇတိ-၏၊ယုဇ္ဇတိ
ဟု ဧကဝစနန္တနှင့် ရှိသည်ကို ရည်သတည်း။ ယုဇ္ဇန္တိ ဟုရှိမူ
ကား ဣတရာ-သော၊ ဒွေပိ-နှစ်ပါးသော သမာဓိတို့ကိုလည်း၊
ပူရိတာ-ပြည့်စေတတ်၏(ပီတိ ကတ္တားလာ)ဒွေပိ-နှစ်ပါးသော
သမာဓိတို့ကိုလည်း၊ ဣဓ-၌၊ ယုဇ္ဇန္တိ-န်၏(သမ္ဗန်)

သုခ တဏ္ဍာရိယာယံ ဟူရကား ထံ သုခံ ကရောတီတိ အတ္ထော မိန့်သော်၊သုဒ္ဓ၊ ၀ါ ခါဒတိလည်း တပိကပ်၊ ခဏာတိလည်း တပိကပ်။

ဥပမြူဟာနရသံ-ပွါးစေခြင်း ကိစ္စရှိ၏၊ဣဋ္ဌာရမ္မဏပဋိလာဘ တုဋ္ဌိ-ဣဋ္ဌာရုံကိုရသဖြင့် နှစ်သက်ခြင်းသည်(ရခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်းသည် သော်လည်းဟူ) ပဋိလဒ္ဓ ရသာနုဘဝနံ-ရအပ်သောအာရုံ၏ အရသာကို ခံစားခြင်းသည်၊ ကန္တာရ ခိန္နဿ -သဲပုတ်ခရီး၌ ပင်ပန်းသောသူအား၊(အချို့ကား 'ကုန်ပြီးသော ခရီးခဲရှိသော သူအား' ဟူကုန်၏ မသင့်)

ကံ ဥဒကံ တာဒရတိ ထွေ့ာတိ ကန္တာရံ၊ (သာရတ္ထ ဒီပနီ) ငါတို့ကျေးဇူးရှင်ကား'ကေန တရန္တိ ထွေ့ာတိ ကန္တာရံ' ဟူ၏။

ရှေးကား ရေသည် လူကို ခဲရာဟူလို၊ နောက်ကား ရေဖြင့် ခရီးကို လွန်ရာ ဟူလို။

ခေဒံ ဂတော ခိန္နံ၊ ဝနန္တောဒက ဒဿန သဝနေသု ဝိယ-တော၌ ရေကို မြင်ခြင်း,ကြားခြင်းတို့၌ ကဲ့သို့၊ဝနမေဝ ဝနန္တံ၊ (သုတ္တ) ဃမ္မပရေတော-အပူဖြင့် နှိပ်စက်သည်၊ တသိတော-မွတ်သည်၊ ပိပါသိတော-သိပ်သည်၊ ပုတ္တ-၍ (ထည့်)ဇာ တဿရ ဝန သဏ္ဍော-ဒိုင်, တောအုပ်သည်၊ဥပ္ပလဒလနာဋ္ဌိ ပတ္တာဒိန်-ကြာပွင့်ချပ်, အရိုး,အရွက်စသည်တို့ကို၊ (ငါတို့ဆရာကား အဘိဓာန်၌ ဒလ, ပတ္တသည် အရွတ်ပောချည်း ဟူသည်ကို ထောက်သော်ကား'ကြာရွက်ရိုးတံ ကြာရွက်စသည်တို့ကို' ဟူလို၍)ဥပ္ပလ ပဒုမ ကုမုဒါဒိန်-ကြာနီ,ကြာဖြူ,ကြာပုဏ္ဍရိက် ပဒုမာ, ကုမုဒြာ စသည်တို့ကို၊ ဘိသမူဠာလပေါက္ခရာဒိန်-ကြာဝွယ် ကြာရင်း စသည်တို့ကို။

ဆာတဘာယံ ဘိသတိ ဝိနာသေတီတိ ဘိသော၊ (ငါတို့ကျေးဇူးရှင်)အဘိဓာန်ဋီကာ၌ 'ဘာသ ဝိတ္တိယံ၊အာကာရဿိ' ဟူရကား 'မူလေ ဇလေဝ ဘာသတိ ဝိဗ္ဘတီတိ ဘိသော' ဟူလို၏။မူလေ ဇာယတီတိ မူဠာလော၊ အညတ္ထေ အလော၊ ရဿာဒိ၊ဠွတ္တံစ၊ပုသတိ ဝုဍ္ဎိ ဟုတွာ ဘဝတီတိ ပေါက္ခရံ၊ ပုသ ဝုဍ္ဎိမှိ၊ခရော၊သဿ ကော၊ ပေါက္ခရေ ဇလေ ဇာတာတိ ဝါ

ပေါက္ခရံ၊ဘိသဉ္စ မုဠာလဉ္စ ဘိသမုဠာလံ၊ ပေါက္ခရဿ ဘိသ မုဠာလံ ဘိသမုဠာလပေါက္ခရံ။

မဒ္ဒါလဝမူလာနိ-ဟင်းရံ့မြစ်တို့ကို၊(ခတောက်မြစ်တို့ကို) မဒ္ဒ လဝတိ ရုဟာဘိတိ မဒ္ဒါလဝံ၊(မန္ဒာလကမူလာနိဟု အချို့ စာရှိ၏၊ဤအနက်ပင်) ခန္ဓေ-၌၊ ခိပိတွာ-ပစ်၍၊ (တင်၍သော်လည်းဟူ)ရှေးလည့်ကိုပိုက်၍ နောက်သို့ တဘက်တစပစ်လိုက်သည်ဟူလို။

ဝိတ္တသ-၏၊ ကေဝဋ္ဋဘာဝေါ - တရသော အာရုံ ရှိသည့်၏ အဖြစ်၊သမာဓိ-သည်၊ပါမောက္ခလက္ခဏော-အကြီးဟူသော လက္ခဏာလည်းရှိ၏၊(အကြီးပြုသောလက္ခဏာလည်းရှိ၏သော်လည်းဟူ) အဝိက္ခေပလက္ခဏော - မပျံ့လွင့်ခြင်း လက္ခဏာလည်းရှိ၏။

ထိုတွင် ပါမောက္ခလက္ခဏာကိုချဲ့လိုရကား ယထာ ဟိ ကူဋ္ဌာဂါရ စသည်မိန့်သော်။အဝိက္ခေပလက္ခဏာကိုချဲ့လိုရကား ယထာစသေနင် စသည်မိန့်သော်။

အဝိသာရလက္ခဏော-မရွေ့ခြင်းလက္ခဏာရှိ၏ ဝါ-ကား၊ အဝိက္ခေပလက္ခဏော-သမ္ပယုတ်တရားတို့၏မပျံ့လွင့်ခြင်းလက္ခဏာရှိ၏၊(သမ္ပယုတ်တရားတို့ကို မပျံ့လွင့်စေခြင်း လက္ခဏာရှိ၏သော်လည်းဟူ)နှာနိယစုဏ္ဏာနံ - ရေချိုး ကသယ်မှုန့် တို့ကို၊ ဝိသေသတော ယေဘုယျေန-များသောအားဖြင့်၊ န အတိဿယေန ဟု လှန်၊(အနှ) ဝါ,ဝိသေသတော အတိဿယေန-လွန်သောအားဖြင့်၊(ထူးသောအားဖြင့်သော်လည်းဟူ) မရသာရဏ္ဍ ဒိပနီအလို သန္တာနဋ္ဌိတိဖြစ်သော သမာဓိကိုသာ ပဒဋ္ဌာန ဟု ယူ၊ ခဏဋ္ဌိတိကို မယူလင့်။

အသဒ္ဓိယဘာသ အဘိဘာဝနတော အဓိပတေယျဋ္ဌေန ဣန္ဒြိယံကား ဝိဂ္ဂ ပြု။ဝိဂ္ဂဟာစစ်ကား......အသဒ္ဓိယံ ဤသတိ အဘိဘဝတီတိ ဤသိယံ၊ (ဤသခေါတ်,ဏျပစ္စည်း) ဤသိယမေဝ ဣန္ဒြိယံ ကား ... ဝိဂ္ဂဟာစစ်တည်း။ နိရုတ္တိနည်းဖြင့် ဤသိယသည်ပင် ဣန္ဒြိယ ဖြီးသတည်း၊ ဤကို သိလိုမူ မဏိသာရမဉ္ဇူကို ကြည့်လေ။

(ဝိဋ္ဌကတ်တော်

အဓိမောက္ခ လက္ခဏော ဝါ ရုန္ဒုတ္တံ ကာရေတိတိ ရုန္ဒြိယံကား ဝိဂ္ဂဟာစစ်ပင်၊ကတ္တုသာဓန ရုန္ဒဓာတ်,ဏျပစ္စည်း၊ဒြေဒဿဟူသော သဒ္ဒနီတိသုတ်ဖြင့် 'ဒ'အက္ခရာကို ဒြပြု၊ဏျပစ္စည်း၌သုတ်ကြီးဖြင့် ရှုလာ၊ ဤကို သိလိုမူ သဒ္ဒနီတိ, ပဒ္ဒာနုသာရဒီပနီတို့ကို ကြည့်လေ၊ယောဇနာ၌ကား ရုန္ဒုတ္တံ ကာရေတိတိ ရုန္ဒြိယံ တိ တဒ္ဓိတ ဝိဂ္ဂဟော၊ယဒါဒိနာ ရုယော၊ ရုန္ဒသဒ္ဒေ အကာရဿ ယော-ဟူ၏။

သာ ပနေသာ သဒ္ဓါ-သည်၊ သမ္ပသာဒန လက္ခဏာစ-ကြည်စေခြင်း လက္ခဏာလည်းရှိ၏၊ သမ္ပက္ခန္ဒန လက္ခဏာစ-သက်စေခြင်း လက္ခဏာလည်း ရှိ၏။

**အဓိပ္ပါယ်ကား**-ဒါန သီလ စသည်၌ မသက်ဝံ့သည်ဖြစ်၍ နောက်သို့သာ ဆုတ်ပြန်လတ်သော သမ္ပယုတ်တရားတို့ကို ငါစင်ရှိပြီးရကား လိုက်လည်း ဟူဘိသကဲ့သို့ သက်စေတတ် ဟူလိုသတည်း၊ ဆရာတို့ကား ''ပြေးဝင်စေခြင်း လက္ခဏာရှိ၏''ဟူကုန်၏။

ပက်သေဝါလ ပဏကကဒ္ဒမံ-ညွန်ဖြစ်, မှော်, ငါးပသိ, ညွန်ပျောင်းကို (ရွှံ့, မှော်, ရေညှိကိုသော်လည်းဟူ)

''ပင်္ကော ကဒ္ဒမတော ဃနီဘူတော ဟောတိ''ဟူရကား ကဒ္ဒမထက် ပက် ခဲသည်, ဖြစ်သည်၊ သေဝါလာ တိလဗီဇဥ္စ၊ သင်္ခါစ ပဏကာဒယော-ဟူသော သေလအပြား၌ ပဏကကို အသီးဆိုပြီးရကား ဤ၌ သေဝါလ သဒ္ဒါဖြင့် တိလ ဗီဇမည်သော မှော်, သင်္ခမည် သော မှော်ကိုသာ ယူ၊ အထူးကို သိလိုမူ အဘိဓာန်ဋီကာကို ကြည့်လေ၊ ပဏကဖြင့်ကား ''ပဏကံ ပိစ္ဆလံ ဥဒကမလံ''ဟု ဋီကာ၌ မိန့်ရကား သလိပ်ကဲ့သို့ ချွဲသောရေ၏ အညစ်အကြေး ဖြစ်သော ပဏကမျိုးကို ယူ။

သံခုဘိတံ-ချောက်ချားသည်၊ အာဝိလံ-နောက်နက် သည်၊ လုလိတံ-လှုပ်ရှားသည်၊ကလလီဘူတံ၊ညွန်သဘွယ်ဖြစ်သည်၊ (ညွန်ဖြစ်သည်)

ဩကပ္ပနလက္ခဏာ-အာရုံသို့သက်၍ ကြံခြင်းလက္ခဏာ ရှိ၏။

အနုပဝိသိတွာ ဝေမေတန္တိ ကပ္ပနလက္ခဏာ (ဋီကာ)၊ အချို့ကား ဝမ်းမြောက်သကဲ့သို့ ဖြစ်ခြင်းလက္ခဏာရှိ၏ဟူကုန်၏၊မသင့်။

ပက္ခန္ဒနရသာ-ပြေးဝင်ခြင်းကိစ္စရှိ၏၊ အကာလုသိယပစ္စုပဋ္ဌာနာ - မမည်းညစ်ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏၊ (ငါတို့ကျေးဇူးရှင်) 'အနာဝိလဘာဝေါတိ အတ္ထော'ဟူသော ဋီကာ အဓိပ္ပါယတ္ထ စကားကျှန့်ညင်၍၊ သင့်မြတ်၍၊ တိုက်ရိုက်ပေးမှုကား 'မနောက်နောက်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏' ဟု ပေး။ သဒ္ဓေယျဝတ္ထု ပဒဋ္ဌာနာ-သဒ္ဓေယျဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။

'ရတနတ္တယံ ကမ္မဖလဉ္စ သဒ္ဓေယျဝတ္ထု'ဟုဝိသုဒ္ဓိမဂ်ဋီကာ,'ဗုဒ္ဓါဒိဝတ္ထူနိ သဒ္ဓေယျာနိ'ဟူသောမူလဋီကာ၏ သံဝဏ္ဏနာဖြစ်သော 'ဗုဒ္ဓါဒိဝတ္ထူနီတိ ဧတ္ထ ဣဓလောက ကမ္မ ဖလ သမ္ဗန္ဓာပိ သင်္ဂဟိတာတိ ဒဋ္ဌဗ္ဗံ' အနုဋီကာမိန့်ရကား ရတနာသုံးပါး,ကံ,ကံ၏အကျိုးကို သဒ္ဓေယျဝတ္ထုယူ။အချို့နိဿယတို့၌ ရတနာသုံးပါးတို့ကိုသာသမ္ဗန်၏၊မသင့်။

သောတာပတ္တိ ယင်္ဂ ပဒဋ္ဌာနာ - သောတာပတ္တိ အင်္ဂါလျှင် နီးစွာသောအကြောင်းရှိ၏။

'စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ၊ကတမာနိ စတ္တာရိ၊ သပ္ပုရိသူပသေဝနံ သဒ္ဓမ္မဿဝနံ ယောနိသော မနသိကာရော၊ ဓမ္မာနုဓမ္မပ္ပဋိပတ္တိ၊ ဣမာနိ ဘိက္ခဝေ စတ္တာရိ သောတာပတ္တိ ယင်္ဂါနိ' ဟု အင်္ဂုတ္တရစတုက္ကနိပါတ်၌ရင်း,သပ္ပုရိသ သံသေဝနာ စသည်ဖြင့် ဣတိဝုတ်အဋ္ဌကထာ, မူလဋီကာ, ဝိသုဒ္ဓိမဂ်ဋီကာစသည်၌ရင်း မိန့်ရကား သပ္ပုရိသူပသေဝန စသော လေးပါးကို သောတာပတ္တိယင်္ဂ ဟု ယူ။ ဂဏ္ဌိ၌ကား 'စတ္တာရိ သောတာပတ္တိ ယင်္ဂါနိ၊ ဗုဒ္ဓေ အဝေစ္စပသာဒေါ၊ ဓမ္မေ သံဃေ အရိယကန္တေဟိ သီလေဟီတိ' ဟု မိန့်ရကား ဗုဒ္ဓေ အဝေစ္စပသာဒ စသောလေးပါးကို ယူ၏၊ယခင် ပါဠိ,အဋ္ဌကထာ,ဋီကာတို့နှင့်မညီ၊ အကြောင်းသာဓက မရှိမှုကား မမိန့်ပေရာ၊ ကျမ်းအထူးရှာလေ၊ကြံသို့လေ။

ဟတ္ထ ဝိတ္တဗီဇာနိဝိယ-လက်,ဥစ္စာ, မျိုးစေ့တို့ကဲ့သို့၊ဒဋ္ဌဗ္ဗာ-ကုန်၏။

**သာဓကကား** ...'သဒ္ဓါ ဟတ္ထော နာမ၊ အရိယဘာဝတော'စသောသုတ်,သဒ္ဓီဓ ဝိတ္တံ စသောသုတ်,သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ စသောသုတ်တို့ကိုထောက်လေ။သဒ္ဓါသအဖြစ်ကို 'ကုသလဓမ္မာနံ အာဒါနေ ဟတ္ထော ဝိယ

(ပိဋကတ်တော်

သံဝဏ္ဏသမ္ပတ္တိ နိပ္ဖါဒနေ ဝိတ္တုံဝိယ၊အမတကာသိဖလဖလနေ ဇိဒ္ဓံဝိယ ဒဋ္ဌဗ္ဗံ’ ဟူသော မူလဋီကာ, သာရတ္ထ ဒီပနီဋီကာပါဌ်တို့ကို အစဉ် လျှောက် သဖြင့်မှတ်လေ၊(သာရတ္ထဒီပနီဟူသည် ဝိသုဒ္ဓိမဂ်ဋီကာကိုဆိုသည်)

ဥပထမ္ဘနလက္ခဏာ-ထောက်ပံ့ခြင်း လက္ခဏာလည်းရှိ၏၊ ပဂ္ဂဟလက္ခဏာ - အားပေးခြင်း လက္ခဏာလည်း ရှိ၏၊ အနုဗလပ္ပဒါနံ ပဂ္ဂဟော၊(ဋီကာ)

ရှေးကို ဥပမာဖြင့် ထင်စွာပြလိုရကား ယထာပိ စသည့်မိန့်သော်။

ထူဏူပတ္ထမ္ဘနံ-ထောက်တိုင် ထောက်သဖြင့်၊ ထူဏန္တိ ထမ္ဘံ၊(ဝိနိစ္ဆယဋီကာ) ဝီရိယုပထမ္ဘနံ- ဝီရိယတည်းဟူသော ထောက်တိုင်ဖြင့်။

နောက်ကို ဥပမာဖြင့် ထင်စွာပြလိုရကား ‘ယထာ ပန ’စသည် တက်သော်။

သင်္ဂါမေ-ပေါင်းရုံးစု၊ ဩလီယေယျ-ဆုတ်နစ်၊ ဥဿဒ္ဓပတိ-ချီ၏၊ ပဂ္ဂဏှာတိ-မြှင့်၏၊ (အားပေး၏သော်လည်းဟူ) ဝီရိယာရမ္ဘ ဝတ္ထု ပဒဋ္ဌာနံ -ဝီရိယာရမ္ဘ ဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။

အာရမ္ဘဝတ္ထုကား ရှစ်ပါးတည်း၊ထိုအာရမ္ဘဝတ္ထုကိုကား “ဣဓ ဝုသော ဘိက္ခုနာ ကမ္မံ ကာတဗ္ဗံ ဟောတိ၊ ကမ္မံ ခေါ မေ ကာတဗ္ဗံ ဘဝိဿတိ၊ကမ္မံ ခေါ ပန ကရောန္တေန သုကရံ ဗုဒ္ဓါနံ သာသနံ ပန မနသိကာတုံ၊ ဟန္ဒာဟံ ဝီရိယံ အာရဘာမိ၊ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယာတိ၊သော ဝီရိယံ အာရဘတိ၊ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယ ဣဒံပဌမံ အာရမ္ဘ ဝတ္ထု”စသော အစဉ်ဖြင့် သင်္ဂီတိ သုတ်၌ လာသည်ကို ကျိုတကျူသရုပ် ဖော်ကာမျှ ပြအပ်သော “မဂ္ဂေါ ဂန္တဗ္ဗော ဟောတိ၊မဂ္ဂေါ ဂတော၊ကမ္မံ ကာတဗ္ဗံ၊ ကမ္မံ ကတံ၊ အပ္ပမတ္တကော အာဗာဓော ဥပ္ပန္နော ဂိလာနာ ဝုဋ္ဌိတော ဟောတိ၊ အစိရ ဝုဋ္ဌိတော ဂေလညာ၊ ဂါမံဝါ နိဂမံဝါ ပိဏ္ဍာယ စရန္တော နလဘတိ၊ လူခဿဝါ ပဏီတဿဝါ ဘောဇနဿ ယာဝဒတ္ထံ ပါရိပူရိံ လဘတိ။ပ။ ပါရိပူရိန္တိ တောနိ အနုရူပ ပစ္စဝေက္ခဏာ

ပြန်ပွားရေးမှ)

သဟိတာနိ အဋ္ဌဝိရိယာရမ္ဘဝတ္ထုနိ၊တံ မူလိကာနိဝါ ပစ္စဝေက္ခဏာ’ ဟူသော မူလဋီကာပါဌ်ကို အစဉ်လျှောက်သဖြင့်သိလေ။

ဥပဋ္ဌာနလက္ခဏော-ထင်ခြင်းလက္ခဏာ၌၊ (အဓိပ္ပါယတ္ထ) အာရုံသို့ကပ်၍တည်ခြင်းလက္ခဏာ၌,အာရုံကို မစွန့်ခြင်းလက္ခဏာ၌၊(သဒ္ဒတ္ထ)

ဝိရတကာဒိအာရမ္မဏံ ဥပဂန္တွာ ဌာနံ အနိဿဇနံဝါ အာရမ္မဏသေ ဥပဋ္ဌာနံ။ (ဋီကာ)

အဝိလာပန လက္ခဏာစ - မပေါ် စေခြင်း လက္ခဏာလည်း ရှိ၏။

**အဓိပ္ပါယ်ကား**..... သတိသည် ဖူးတောင်းကဲ့သို့ အာရုံ၌ မပေါ် စေမူ၍ ကျောက်ဖျာကဲ့သို့ မတုန်မလှုပ်ထားသည်၊အောက်မေ့သည်၊မမေ့မလျော့ခြင်းကိုပြုသည်ဟူလိုသတည်း။

ဥပဂ္ဂဏှနလက္ခဏာစ-ထောက်ပံ့ခြင်းလက္ခဏာလည်းရှိ၏၊ (အားပေးခြင်းလက္ခဏာလည်းရှိ၏သော်လည်းဟူ)ဘဏ္ဍာဂါရိကော - ဘဏ္ဍာစိုးသည်။ (ဘဋ္ဌာဘရေလည်း အချို့စာ ရှိ၏၊ အနက်တူပင်) သာပတေယျံ-ဥစ္စာနှစ်သည်၊ (ဝေါဟာရတ္ထ) ဥစ္စာရှင်စိုးပွားသည်၊(သဒ္ဒတ္ထ)

သံ ဝုစ္စတိ ဓနံ သသာ ဓနသာ ပတိ သံပတိ၊ သံပတိဿ ဟိတံ သာ ပတေယျံ။ (ဝိဂ္ဂဟ)

ဂတိယော - ဖြစ်ခြင်းတို့ကို၊ သမန္နေသိတွာ - စုံစမ်း၍၊ (ကောင်းစွာရှာ၍)အကြောင်းအကျိုးအားဖြင့် ကြံယာဝိသေသန လာ၊အပရောနယောကား ရသစသည်ကိုသာ လဲလှယ်သည်။

အသမ္မောသနရသာ-တွေဝေခြင်း၏ ဆန့်ကျင်ဘက်တည်းဟူသော ကိစ္စရှိ၏။

သမ္မောသ ပစ္စနိကကိစ္စံ အသမ္မောသော၊ နသမ္မောသာ ဘာဝမတ္တံ၊ (ဋီကာ) ထို့ကြောင့်ရကား ‘မတွေဝေခြင်းကိစ္စရှိ၏’ဟု သာမန်မပေးလင့်။

ဝိသယာဘိမုခီဘာဝပစ္စုပဋ္ဌာနာ-စိတ်၏အာရုံသို့ ရှေးရှုဖြစ်ကြောင်းလျှင် ထင်သောအခြင်းအရာရှိ၏။

(ဝိဂ္ဂကတ်တော်

အညတော အာဂတွာ မိတ္တံ ဝိသဇ္ဇေယ အဘိမုခေါ ဘဝတိ ဇောယာတိ ဝိသယာဘိမုခဘာဝေါ၊ ( ဋီကာ, ဝိသုဒ္ဓိမဂ် ) ထို့ကြောင့်ရကား ဘာဝနာထင်အောင်ပေးသော အချို့သော သူတို့၏ အနက်သည် မသင့်။

ကာယာဒိ သတိပဋ္ဌာန ပဒဋ္ဌာနာ-သတိ၏ အာရုံ ဖြစ်သော ကာယအစရှိသည်လျှင် နီးစွာသောအကြောင်းရှိ၏၊ဝါ-ကာယ အစရှိသည်လျှင် အာရုံရှိသော, သတိပဋ္ဌာန်လျှင် နီးစွာသော အကြောင်းရှိ၏။

ရှေးကား ကာယာဒိနှင့်သတိပဋ္ဌာနအရတူ၊အာရုံနှင့်နှင်တည်း။ နောက်ကား ကာယာဒိအရ အာရုံ၊သတိပဋ္ဌာနအရ အာရမ္မဏိက၊ ရှေး သတိလျှင် နောက်သတိ၏ပဒဋ္ဌာန်ဖြစ်သည်ဟုလို။

သတိယာ ဝတ္ထုဘူတာ ကာယာဒယော ကာယာဒိ သတိ ပဋ္ဌာနာ၊ သတိယော ယေဝဝါ ပုရိမာ ပစ္ဆိမာနံ ပဒဋ္ဌာနံ (ဋီကာ)

အဋ္ဌကထာယံ ပန – မဟာအဋ္ဌကထာ၌ကား၊ ဆရာ အယူ တော်၌ သုဒ္ဓ၊အဋ္ဌကထာအယူ၌ ဟောတု (အလုံး)

ယထာ ဟိ စတုရဿတ္တိကကား ဩဘာသန လက္ခဏာကိုမြင့်သည် ယထာပန ဆေကောကား ပဇာနန လက္ခဏာကို မြင့်သည်။

ဟိန ပဏ္ဍိတ ကဏ္ဍ သုက္က သင့်ရိဘာဂ အပ္ပဋိဘာဂေ-ယုတ်သည်, မြတ်သည်, မည်းသည်, ဖြူသည်, တူသောအဘို့ရှိသည်, တူသောအဘို့ မရှိသည်ဟု ဆိုအပ်ကုန်သော၊ဓမ္မေ-တို့ကို၊ အကျွလိတ ပဋိဝေဓ လက္ခ ဏာ-မချော်သော သိခြင်း လက္ခဏာရှိ၏၊ ကုသလိဿာသမိတ္တ ဥသု ပဋိဝေဓောဝိယ-လိမ္မာသော လေးသမားသည် ပစ်အပ်သော မြား၏ ရှုးခြင်း ကဲ့သို့တည်း၊ ဝိသယောဘာသ ရသာ- အာရုံကို ထွန်းပခြင်း ကိစ္စရှိ၏၊ အရည ဂတ သုဒေသကောဝိယ-တော၌ ကျင်လည်သော ခရီးညွှန်သူကဲ့သို့တည်း။

နာဋ္ဌိယာ – တင်းဖြင့်၊ မဟာတုလာယ – ချိန်ကြီးဖြင့်၊ ပီတိ သောမနဿ သမ္ပယောဂတော – ပီတိ သမ္ပယုတ် ဖြစ်သော သောမနဿနှင့် ယှဉ်ခြင်းကြောင့်။

ယေဘုယျ, ပရိဗျတ္တ, ကိစ္စအားဖြင့်သော ပီတိ သမ္ပယုတ် ဖြစ်သော သောမနဿကို ဆိုသည်၊ပီတိဝိပ္ပယုတ် သောမနဿကိုလည်းသဗ္ဗိုဟ်သည်ပင် ယူ (အနုအလို)

ဝါ ပီတိ သောမနဿ သမ္ပယောဂတော-ပီတိ သောမနဿနှင့် ယှဉ်ခြင်းကြောင့်။

ပီတိနှင့် သောမနဿကို ခွန်ပြု၍ သောမနဿ ဝေဒနာကြောင့်သာ ပုဂ္ဂိုလ် သုမနမည်သည်မဟုတ်၊ ပီတိကြောင့်လည်း သုမနမည်ပါ၏ယူ (မဓုသာရတ္ထဒီပနီအလို)

**အနုဟောင်း, အနုသစ်ကား** ပီတိ သောမနဿ သမ္ပယောဂတော တိ ဝတ္တော ယေန ယောဂါ သုမနော ဟောတိ၊ တံ သောမနဿဥ္စ ဝိဘတိတိ၊ ပီတိယာစ သောမနဿ ဘာဝေါ အာပန္နတိ၊ တသ္မာ ပီနာပိ ကာယေန ဝတ္တုံနာ သာတ ဝေဒနာ သမ္ပယောဂတောတိ ယောဇေတဗ္ဗံ၊ ဝေဠု နိပ္ပီတိက သောမနဿဥ္စ သင်္ဂဟိတံ ဟောတီတိ ဟူသော ဋီကာဝယ် အထူးထွက်သော စကားတည်း။

ဝါ ပီတိ သောမနဿ သမ္ပယောဂတော - ပီတိဖြင့် မှတ်အပ်သော သောမနဿနှင့် ယှဉ်ခြင်းကြောင့်။

ပီတိ ဥပလက္ခိတံ ဝါ သောမနဿံ၊ သပ္ပီတိကံ နိပ္ပီတိကဉ္စ သောမနဿဥ္စ အတ္တော ဒဋ္ဌဗ္ဗော (ဋီကာ)

သုမနဿ ဘာဝေါ သောမနဿံ၌ ပဌမဝိကပ်အလိုသော် ပဓာနအားဖြင့် သပ္ပီတိက သောမနဿ, အပဓာနအားဖြင့် နိပ္ပီတိကသောမနဿရစေ၊ ဒုတိယဝိကပ်အလိုသော် ပီတိသောမနဿရစေ၊ တတိယဝိကပ်အလိုသော် သောမနဿနှစ်ပါးရစေ၊ဒုတိယဝိကပ်၌ ပီတိသည် ဘာဝဝင်ဖြစ်သည်ကား အလွန်ခဲစွ။

ပဝတ္တသန္တတာဓိပတေယျ-ဖြစ်ဆဲသောသန္တာန်၌ အကြီးဖြစ်၍ဖြစ်သည်၊ (ဖြစ်ဆဲဥပါဒိဏ္ဏကအစဉ်၌ အကြီးဖြစ်၍ ဖြစ်သည်သော်လည်းဟူ)

ပဝတ္တနှင့် သန္တတိကား အရအတူ၊ အချို့ကား အထူးဟူကုန်၏၊ ပဝတ္တသင်္ခါတာယစ သန္တတိယာ အဓိပတိသန္တုတံ-ဟူသော ဋီကာစသည်နှင့် မညီ၊ ထို့ကြောင့် မသင့်။

[ဝိဋ္ဌကတ်တော့]

နာမ်ဇီဝိတ, ရုပ်ဇီဝိတနှစ်ပါး၏ သမာနလက္ခဏာကို ပြလိုရကား (ပြလိုသောကြောင့်)လက္ခဏာဒိပဒ် ပန အတ္တနာ အဝိနိဗ္ဗုတ္တာနံ စသည် မိန့်သော်။

> အတ္တနာ-နှင့်၊ အဝိနိဗ္ဗုတ္တာနံ – မကွဲပြားကုန်သော၊ ယာပယိတဗ္ဗ ဓမ္မ ပဒဋ္ဌာနံ-မျှစေအပ်သောတရားလျှင် နီးစွာသော အကြောင်းရှိ၏၊(ဆရာ့အနက်) အာဟာရစသည်ကို ယာပယိတဗ္ဗဓမ္မဟု ယူ။(ဂဏ္ဌိ) ဝါ-မိမိလျှင်ဖြစ်စေအပ်သော ဓမ္မလျှင် နီးစွာသောအကြောင်းရှိ၏။

နာမ်ဖြစ်အံ့, ဇီဝိတကြည်သော သဟဇာတ်ကို၊ ရုပ်ဖြစ်အံ့, ဘုတ်ကို ပဒဋ္ဌာနဟု ယူ၊ဤနောက်သာ အသင့်။

ထိုသဟဇာတ်တရားကို ဇီဝိတိန္ဒြေသည် အကယ်အနုပါလနစသည် ကို ပြီးစေငြားအံ့၊ ထိုတရားတို့အား နိရောဓသည် အသို့မူ၍ ဖြစ်အံ့နည်း စုဒ်ရှိရကား သန္တေပိ စသည်မိန့်သော်။

> အနုပါလနလက္ခဏာဒိမှိ-သော၊ (အာဒိဖြင့် ပဝတ္တန, ဌပန တို့ကိုယူ) ဝိဇ္ဇမာနေ-သည်၊ သန္တေပိ-သော်လည်း၊ အနုပါလေတဗ္ဗဓမ္မာနံ-တို့၏၊ (သမ္ဘန်ထည့်) အတ္ထိက္ခဏေယေဝ-ရှိသော ခဏ၌သာလျှင်၊ တံ ဇီဝိတိန္ဒြိယံ-သည်၊ တေ ဓမ္မေ-တို့ကို၊ အနုပါလေတိ-၏။

**အခိပ္ပါယ်ကား**......ဇီဝိတိန္ဒြေသည် အနုပါလနစသောကိစ္စတပ်လျှင်းမှုလည်း ထိုအနုပါလေတဗ္ဗဓမ္မတို့၏ရှိစဉ်သာ စောင့်တတ်၏၊ထိုဓမ္မတို့ နိရောဓသို့မရောက်စိမ့်သောငှါမတတ်နိုင်ဟူလို။'ဥဒကံဝိယဥပ္ပလာဒိနိ' ကား ကြာမရှိသော် ရေအဘယ်ကိုစောင့်မည်နည်း ဟူသောအဓိပ္ပာယ်အားဖြင့် မြှင့်သည်။

မိမိသည် မဖြစ်စေအပ်သော် အသို့လျှင် စောင့်နိုင်အံ့နည်း စုဒ်ရှိရကား ယထာသကံ။ပ။ပါလေတိ မိန့်သော်။

> ယထာသကံ – မိမိဥစ္စာဟု ဆိုအပ်ကုန်သော၊ ပစ္စယုပ္ပန္နေ-ကုန်သော၊ ဓမ္မေ-တို့ကို၊ ပါလေတိ-၏။

''ဓာတိဝိယ ကုမာရံ''ကား ''နို့ထိန်းသည် နို့ဗို့တတ်ခြင်းတျကာ မြင်မြင်ဝါးဝါးသော သူငယ်ကို ထိန်းသိမ်းချိမ စောင့်ရှောက်သည်

မဟုတ်၊မိမိသည် နိစ္စမပြတ် မွေးမြူအပ်သော သူငယ်ကိုသာ ထိန်းသိမ်း ချီယ စောင်မသကဲ့သို့''ဟူသော အနက်ဖြင့် မြှင့်သည်။

မိမိနှင့် အဝိနိဘုတ္တဖြစ်သော တရားတို့ကို ဇိဝိတိန္ဒြေ ဖြစ်စေသော ဟု ဆိုပြီး၊ ဇိဝိတိန္ဒြေကိုကား အသူ ဖြစ်စေသနည်း စုဒ်ရှိရကာ သယံ စသည်မိန့်သော်။

ဝါ, အဝိနိဘုတ္တတရားကိုကား 'ဇိဝိတိန္ဒြေကြောင့်ဖြစ်သော'ဟု ဆိုပြီး၊ဇိဝိတိန္ဒြေကား အသူကြောင့်ဖြစ်သနည်း စုဒ်ရှိရကား သယံ စသည် မိန့်သော်။

> သယံ - မိမိသည်၊ ပဝတ္တိတ ဓမ္မ သမ္ဗန္ဓေနေဝ-ဖြစ်စေအပ်သော ဓမ္မနှင့် စပ်သဖြင့် သာလျှင်၊ ပဝတ္တတိ-၏၊ (သဟဇာတ တရားတို့ကြောင့် ဖြစ်၏-ဟူလို၊နိယျာမကော ဝိယကား ဥပမာ ဖြင့် ပြသည်) နိယျာမကော-လှေသူကြီးသည်၊ အတ္တနာ ပဝတ္တိတ နာဝါ သမ္ဗန္ဓေနေဝ-မိမိသည် ဖြစ်စေအပ်သော လှေနှင့် စပ်သဖြင့်လျှင်၊ ( ရှေ့ကိုမျှော်၍ထည့် ) ပဝတ္တတိဝိယ - ကဲ့သို့ တည်း။

ဤတွင် များစွာသော စာတို့၌ 'နိယမကော ဝိယ နာဝံ'ရှိ၏၊ ဝိသုဒ္ဓိ မဂ် အဋ္ဌကထာ, သစ္စသင်္ခေပ အဋ္ဌကထာ, အဘိဓမ္မတ္ထ ဝိဘာဝနီ မည်သော လက်သန်း ဋီကာတို့နှင့် မညီရကား နိယျာမကော ဝိယ သာ လိုသည်၊ နာဝံ ကား မရှိသင့်ပြီ၊ မလိုပြီ ထင်သည်။

**ဒေါ်ပ္ပါယ်ကား**......လှေနှင့် သဟဇာတ အဝိနိဘုတ္တဓမ္မတူစေ၊ လှေ သူကြီးနှင့် ဇိဝိတိန္ဒြေ တူစေ၊ လှေကို လှေသူကြီးဖြစ်စေသည် စောင့် သည်ကား လောကဌ ပါကဋ, လှေသူကြီးကို လှေစောင့်သည်ကား အပါကဋ၊ယင်းသို့ အပါကဋ ဖြစ်လျှင်းမူလည်း လှေသူကြီးသည် လှေ ကြောင့် ကမ်းတဘက်သို့ ရောက်ရကား စောင့်သည်သာ,ဖြစ်စေသည် သာ မည်သကဲ့သို့ ဇိဝိတိန္ဒြေလည်း သဟဇာတဓမ္မကြောင့်သာ ဖြစ်ရ ကား သဟဇာတ ဓမ္မသည် စောင့်သည်ပင်, ဖြစ်စေသည်ပင် မည်ပါ ၏-ဟူလို။

ယခုကာလ၌ ဖြစ်သော အချို့သော သူတို့ကား ဥပမေယျ၌ ''ပဝတ္တတိ''ဟူသော သဒ္ဒါကို ''ပဝတ္တယတိ''ဟု ဟောတု ထင်လျှင်း အောင် ပြင်၍ 'သဟဇာတ ဓမ္မိကံ'ထည့်၍ သမ္ဗန်ကုန်၏၊ဥပမာ၌လည်း

[ ပိဋကတ်တော်

'နာဝံ'ကို ယထာရုတအတိုင်း ယူ၍'ပဝတ္တယတိ'၏ ကံ အဖြစ်ဖြင့်သမ္ဗန်ကုန်၏၊ မသင့်၊ ဤအကြောင်းကို သိလိုမူ လက်သန်းဋီကာ၁, မဏိမဉ္ဇူ။, ဝိသုဒ္ဓိမဂ် ဋီကာ စသည်ကို ကြည့်လေ။

သဟာဓာဘ ဓမ္မတို့သည် ဇိဝိတိန္ဒြေနှင့် စပ်ကုန်လျက် အခြင်းခပ်သိမ်း အဘယ့်ကြောင့် မတည်သနည်း ဟုဒ်ရှိရကား န ဘင်္ဂေ ဟာ ဥဒ္ဒိပဝတ္တယတိ မိန့်သော်၊ အကြောင်းထုတ်လိုရကား အတ္တနော ပဝတ္တယိ တမှာနံ စ အဘာဝါ မိန့်သော်၊ ဘင်၌ အဘယ့်နည်း ဟုဒ်ရှိရကား န ဘင်္ဂက္ခဏေ ဠပေတိ မိန့်သော်၊ အကြောင်း ထုတ်လိုရကား သယံ ဘိဇ္ဇမာနတ္တာ မိန့်သော်၊ ဥပမာဖြင့် ထင်စေလိုရကား ခီယမာနေ။ပ။ သိခံ မိန့်သော်၊ ပါလန ကိစ္စသည် မရှိ၍လော ဟုဆိုလိုရှိရကား န စ။ပ။ ဟိတံ မိန့်သော်၊ အကြောင်း ထုတ်လိုရကား ယထာ။ပ။ တော မိန့်သော်။

တဿ တဿ အနုပါလနာဒိကဿ – ကို၊ သာဓနတော သာဓေနန-ပြီးစေခြင်းကြောင့်၊ ဒဿနဓေနန သမ္မာဒိဋ္ဌိ စသည် ကား အဓိပ္ပါယတ္တ။

အဓိပ္ပါယတ္တကိုပြဆိုပြီ၊ သဒ္ဒတ္တကို မဆိုပြီလော ဟုဒ်ရှိရကား ဝစနတ္ထတော ပန စသည်တက်သော်။

သမ္မာ အဝိပရီတော-မဖေါက်မပြန်၊ ပဿတိ-၏၊ (ဤနည်းချည်း သမ္ဗန်) သမ္မာ အဝိပရီတော-မဖေါက်မပြန်၊အာရမ္မဏေ-၌၊ သမာဓိယတိ တိဋ္ဌတိ-တည်တတ်၏ (အညီအညွတ် တည်တတ်၏, ကောင်းစွာတည်တတ်၏ သော်လည်းဟူ)

ကရဏ သာဓန၌ သမာဓိယန္တိ တိဋ္ဌန္တိ ဖွင့် အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော လက်သန်း ဋီကာ၌ကား 'သမ္မာသာမဉ္စ အာဓိယတိ ဧတေန စိတ္တံတိ သမ္မာ သမာဓိ' ဟု အဝုတ္တ ကတ္တ သာဓန မိန့်၏။

ကိဘ ဝိဂ္ဂဟကို ပြပြီး၍ သမာသ ဝိဂ္ဂဟကို ပြလိုရကား အင်္ဂ ပသဋ္ဌာ စသည် မိန့်သော်။

အ သဒ္ဒိယေ-မသဒ္ဒါခြင်းကြောင့်၊ န ကမ္ပတိ-မတုန်လှုပ်တတ်၊ (ဤနည်း နောက်နောက်ကို သမ္ဗန်၊ ဥဘယ ပဒါဝသနကား သဒ္ဓါပုဒ်, ဗလပုဒ် စသည်ကိုယူ)

မြန်ပွားရေးမှ)

ကာယဒုစ္စရိတာဒီဟိ-တို့ကို၊ ဟိရိယတိ-ရှက်တတ်၏၊ ဥပယောဂေ ကရဏဝစနံ (ငါတို့ကျေးဇူးရှင်) ဝိသုဒ္ဓိမဂ် ဋီကာ၌ ဟိတ်အနက်၌ ကရိုဏ်းဟူ၏၊ ဇေတေဟိ ဇေ-ထိုကာယဒုစရိုက် အစရှိသည်တို့ကြောင့်လျှင်၊(ဟေတွတ္ထေ ကရဏဝစနံ)

သမုဋ္ဌာနံ-သမုဋ္ဌာန်ဝင်း၊ အဓိပတိ-ဝင်း၊ လဇ္ဇာ-ဝင်း၊ဘယလက္ခဏေနစ-ဝင်း၊(ဤသို့သရုပ်ကြားနည်းသော်လည်း သမ္ဗန်) လဇ္ဇာဘယလက္ခဏေန-နှင့်၊ သဒ္ဒိံ-တကွ၊ သမုဋ္ဌာနဥ္စ-ဝင်း၊ အဓိပတိစ-ဝင်း၊(ဤသို့သော်လည်း သဒ္ဒတ္ထသင့်အောင်သမ္ဗန်)

ဟိရိနာမ-မည်သည်ကား၊ အဇ္ဈတ္တသမုဋ္ဌာနာ-နိယကဇ္ဈတ်လျှင် အကြောင်းရှိ၏၊ (သာမန်ဆိုသော်လည်း နိယကဇ္ဈတ်ကိုသာ ယူ။ဤနည်း နောက်နောက်က ကိုင်၍ သမ္ဗန်လေ) လဇ္ဇာသဘာဝသဏ္ဌိတာ-ရှက်ခြင်းသဘော၌တည်၏၊ဘယသဘာဝသဏ္ဌိတံ-ကြောက်ခြင်းသဘော၌ တည်၏၊ သပ္ပဋိဿဝလက္ခဏာ-ဝန်ခံခြင်းနှင့်တကွ ဖြစ်ခြင်းလက္ခဏာရှိ၏။

ဂရုနာ ကိဉ္စိဝုတ္တေ ဂါရဝဝသေန ပဋိဿဝနံ ပဋိဿဝေါ၊ သဟပဋိဿဝေန သပ္ပဋိဿဝံ။ (ဋီကာ ဝိဂ္ဂဟ)

ငါတို့ကျေးဇူးရှင်ကား ''သပ္ပဋိဿဝလက္ခဏာ-ကျိုးနွံခြင်း လက္ခဏာရှိ၏''ဟု သမ္ဗန်တော်မူ၏။

'သပ္ပဋိဿဝဘူတံ တံ သဘာဝဥ္စ ယံကိဉ္စိ ဂါရဝဉ္စ အတ္ထော'ဟူသော ဋီကာအဓိပ္ပါယ်ကြားနှင့်ညီစွ, သင့်မြတ်စွ၊ ရှေးကား သဒ္ဒတ္ထ၊ နောက်ကား အဓိပ္ပါယတ္ထ၊ ယခုအခါ အချို့သောသူတို့ကား သဒ္ဒတ္ထ သို့လည်း မရောက်,အဓိပ္ပါယတ္ထသို့လည်း မပေါက်......

'သပ္ပဋိဿဝလက္ခဏာ - အမျိုးမြတ်သည်၏ အဖြစ် အစရှိသည်ကို ဆင်ခြင်ခြင်း လက္ခဏာရှိသော ရှက်ခြင်းသည်၊ ဟိရိနာမ-မည်၏'ဟု သမ္ဗန်ကုန်၏၊မသင့်။

ဝဇ္ဇာဘီရုက ဘယဒဿာဝိလက္ခဏံ-အပြစ်ကိုကြောက်တတ်, ဘေးအားဖြင့်ရှုတတ်သော လက္ခဏာရှိ၏။

ကေ ဥဒကေ ဝန္တိ ပရိဝန္တီတိ ကေဝဋ္ဋာ။

အန္ဓဗာလာနံ-အလွန်မိုက်ကုန်သော သူတို့၏။

(ပိဋကတ်တော်

ဂရဟိသာနုဝိ တံ ဝိညူ။ပ။သဝသိကား အဌကွရာဂါထာတည်း။

တံ-သင့်ကို၊ဝိညူ-ပညာရှိတို့သည်၊ ဂရဟိသာနုဝိ-ကဲ့ရဲ့ကုန်
လတ္တံ့၊နာဂရိကော-မြည်ကြီးသူသည်၊ အသုစိ-မစင်ကို၊ ဝဇ္ဇေ
တိယထာ-ကြဉ်သကဲ့သို့၊သီလဝန္တေဟိ-တို့သည်၊ တွံ-သင့်ကို၊
ဝဇ္ဇိတော-ကြဉ်အပ်သည်၊ ဘဝိဿတိ-လတ္တံ့၊ ဘိက္ခု-ရဟန်း၊
ကထံ-အသို့မူ၍၊ပါပံ-ကို၊တွံ-သည်၊ကရိဿသိ-အံ့နည်း။

မြည်ကြီးသူနှင့် သီလဝန္တဟပ်၊မစင်နှင့်မကောင်းမှုကို ပြုကျင့်သော
ပုဂ္ဂိုလ်ဟပ်။

နာဂရိကော၊နဂရေ ဇာတိ မနုဿော၊(ယောဇနာ)

ယခုကာလ၌ဖြစ်သော အချို့သောနိဿယာစရိယတို့ကား 'အသု
စိ နာဂရိကော' ဟူသောပါဌ်ကို အသုစိနာဟု'နာ'အက္ခရာနှင့်စပ်လျက်
တတိယန္တကြံဆ၍ 'ဂရိကော'၌ 'ဂ'အက္ခရာကိုလည်း 'ဘ'အက္ခရာ
ပြင်ဆင်၍'က'အက္ခရာကိုလည်း 'တ'အက္ခရာပြင်၍ "အသုစိနာ ဖြင့်၊
ဘရိတော-အလိမ်းလိမ်းကပ်သောသူကို၊ ဇနေဟိ-တို့သည်၊ ဝဇ္ဇိတော
ယထာ-ကဲ့သို့"ဟု သမ္ဗန်ကုန်၏၊မသင့်၊ ဂဏ္ဌိကိုထောက်သဖြင့်လည်း
ပယ်အပ်သည်ပင်။

အယံ လောကသန္နိဝါသော-ဤစကြဝဠာသည်၊ မဟာပန-
ကျယ်သလျှင်ကတည်း၊ ဈာနိုမန္တော - တန်ခိုးရှိကုန်သော၊ ဒိဗ္ဗ
စက္ခုကာ-ဒိဗ္ဗစက္ခုကို ရကုန်သော၊ ပရစိတ္တဝိဒုနော-သူတပါး
တို့၏ စိတ်ကိုသိတတ်ကုန်သော၊ (သမဏ ဗြာဟ္မဏာ၌ စပ်)။
အဂါရဿ-အိမ်ရာထောင်သော လူ၏ဘောင်မှ၊ (အိမ်မှသော်
လည်းဟူ) အနာဂါရိယံ-ရဟန်း၏ဘောင်၌၊ (ကျောင်း၌သော်
လည်းဟူ)'ဒေဝတာ'သဒ္ဒါကား ဒုတိယာလိင်၊ ထို့ကြောင့် "တာ
နုရတော ပဿန္တိ"ဟု ဒုတိယာလိင်ရှိသော စာသာမှန်သည်။

ဟိဋ္ဌိတော-ရှက်သည်၊ (ရှက်ခြင်းဖြင့် နှိပ်စက်သည်သော်
လည်းဟူ)

ဟိဋ္ဌိတောတိ လဇ္ဇာယေဝေတံ ဝေဝစနံ (ဂဏ္ဌိ)

တကြိမ် သြပမ္မ စသော ဥပမာဖြင့်ပြရာ၌ အဓိပ္ပါယ်အကျဉ်းကား-
'ဟိရိ'သည် မကောင်းမှုကို မစင်ကိုကဲ့သို့ ရှုသည်၊ 'သြတ္တပ္ပ'သည်
မကောင်းမှုကို မီးကိုကဲ့သို့ ရှုသည်ဟုလိုသတည်း။

ဇာတိ မဟတ္တပစ္စဝေက္ခဏာ-အမျိုး၏ မြတ်သော အဖြစ်ကို ဆင်ခြင်ခြင်း၊ သတ္ထုမဟတ္တပစ္စဝေက္ခဏာ-ဆရာဘုရား၏ မြတ်သော အဖြစ်ကို ဆင်ခြင်ခြင်း၊ ဒါယဇ္ဇ မဟတ္တ ပစ္စဝေက္ခဏာ-အမွေခံ၏ မြတ်သောအဖြစ်ကို ဆင်ခြင်ခြင်း၊ (အမွေခံအပ်သော ကျေးဇူး၏ မြတ်သောအဖြစ်ကို ဆင်ခြင်ခြင်းသော်လည်းဟူ)

ဒါတဗ္ဗံ ဒါယံ၊ဒါယံ အာဒဒါတီတိ ဒါယာဒေါ၊ ဒါယာဒဿ ဘာဝေါ ဒါယဇ္ဇံ။

သဗြဟ္မစာရီ မဟတ္တပစ္စဝေက္ခဏာ-သီတင်းသုံးဘော်တို့၏ မြတ်သောအဖြစ်ကို ဆင်ခြင်ခြင်း။

ဤအရာ၌ စကားလွတ်ဆိုလိုက်အံ့၊ဟိရိဩတ္တပ္ပတို့၏ အညမည သမုဋ္ဌာန အစရှိသော အဖြစ်ကိုကား ထိုထိုသို့သော အညတ္တစသည်တို့၌ ထင်သော ကိစ္စရှိသည်၏ အဖြစ်ဖြင့် ဆိုအပ်၏၊ စင်စစ်ကား ထို ဟိရိ ဩတ္တပ္ပတို့ကား တရံတခါမျှလည်း အညမည ဝိပ္ပယောဂသည် မဖြစ်၊ ထိုစကားသည် သင့်စွ၊ ဝါ အဘယ့်ကြောင့် မဖြစ်သနည်း၊ လဇ္ဇန သဘောရှိသော ဟိရိလည်း နိဗ္ဘယ ဖြစ်သည် မဟုတ်၊ ပါပဘယ သဘောရှိသော ဩတ္တပ္ပလည်း အ လဇ္ဇန ဖြစ်သည်မဟုတ်၊ ထို့ကြောင့် မဖြစ်သတည်း။

အညတ္တ သမုဋ္ဌာနာဒိတာစ ဟိရိ ဩတ္တပ္ပါနံ တတ္ထ တတ္ထ ပါကဋ ဘာဝေန ဝုတ္တာ၊ န ပန တေသံ ကဒါစိ အညမညံ ဝိပ္ပယောဂေါ၊ န ဟိ လဇ္ဇနံ နိဗ္ဘယံ၊ပါပဘယံ ဝါ အလဇ္ဇနံ ဟောတီတိ (ဋီကာ)

အ ဂေဓ လက္ခဏော - မမက်မောခြင်း လက္ခဏာ ရှိ၏၊ (မတောင့်တသော လက္ခဏာ ရှိ၏ သော်လည်းဟူ)

အ ဂေဓော အနဘိဇ္ဈာနံ အနဘိကင်္ခနံ (ဋီကာ)

ဝါ-ကား၊ အလဂ္ဂဘာဝလက္ခဏော-မငြိစွန်းသော အဖြစ် လျှင် လက္ခဏာရှိ၏၊ ကမလ တလေ-ကြာပေါ်၌၊ ဒလေရှိမှု 'ကြာဖက်၌' ပေးလေ၊အပရိဂ္ဂဟာဏရသော-မသိမ်းဆည်းခြင်း ကိစ္စရှိ၏။

တစုံတခုသော ဝတ္ထုကိုမျှ မက်မော မြတ်နိုးသဖြင့် မသိမ်းဆည်း ဟူလိုသော်။

မုတ္တ ဘိက္ခုပိယ – ရဟန္တာကဲ့သို့တည်း၊ အနလ္လီန ဘာဝ ပစ္စု ပဋ္ဌာနော–မငြိမကပ်သော အလိုလျှင် ထင်သော အခြင်း အရာရှိ၏၊ (ဗိုးစည်မျှ မဟုတ်၊ အလျင်းပင် မတတ်နိုင်ဟူလို)

ဤ၌ အနလ္လီနဘာဝကား ဆဗ္ဗိတပ္ပုဂ္ဂိုလ် မဟုတ်၊ ဘာဝလည်း 'အလဂ္ဂဘာဝ စသည်၌ကဲ့သို့ ဘာဝနိမိတ္တတ္တ ဝါစက မဟုတ်၊ ''ဘိနံ ဘာဝေါဒုရာဇာနော၊မန္တသော ဝေါဒကေ ယထာ၌''ကဲ့သို့အဓိပ္ပါယ ပရိယာယ်တည်း၊ ထို့ကြောင့် မူလဋီကာ၌ရင်း, သာရတ္ထဒီပနီ မည် သော ဝိသုဒ္ဓိမဂ် ဋီကာ၌ ရင်း 'အနလ္လီနော ဘာဝေါ အဓိပ္ပါယော ဧတဿာတိ အနလ္လီန ဘာဝေါ၊ ဇိဝံ ဟိ ဥပမာသ သမေတိ ''ဟု မိန့် အပ်ပြီ၊ အချို့ကား ဘာဝနိမိတ္တတ္တ ထင်လျှင်းအောင် သမ္ဗန်ကုန်၏၊ မသင့်၊ အစဉ်ကြ လက္ခဏာဟု သံယုဂ်ထင်အောင် ရေး,ဘတ်။

အနုကူလ မိတ္တောဝိယ–လျော်သော အဆွေခင်ပွန်းကဲ့သို့၊ ( မိမိသို့ လိုက်တတ်သော အဆွေခင်ပွန်း ဟူလို ) အာဃာတ– ရန်ညိုး၊ ပဋိဃာဟ–ပူပန်ခြင်း၊ စန္ဒနံဝိယ–စန္ဒကူးကဲ့သို့၊ သောမ္မ ဘာဝ ပစ္စုပဋ္ဌာနော – ငြိမ်းချမ်းခြင်းလျှင် ထင်သော အခြင်း အရာရှိ၏။

သောမ္မ ဘာဝေါ ပါမောဇ္ဇဝသေန သီတလ ဘာဝေါ၊(ယောဇနာ) ''စိတ်၏ ပြုစင်ခြင်းလျှင် အကျိုးရှိ၏''လည်း ဟူကုန်၏။

ဒုသိလျသည် ဒေါသ သမုဋ္ဌာန ဒေါသုပနိဿယသော ဖြစ်ရကား အဒေါသော ဒုသိလျ မလဿ–မိန့်သော်၊ ကုသလ ဓမ္မတို့၌ အကျုံး ဝင်သော သမာဓိပညာတည်းဟူသော ယုဂနဒ္ဓ ဓမ္မတို့၏ အညမည အနတိဝတ္တနအားဖြင့် ပွါးခြင်း, သဒ္ဓါ စသော ဣန္ဒြေတို့၏ ဝိမုတ္တိရသ တည်းဟူသော ဧကရသအားဖြင့် ဖြစ်ခြင်း, ထိုဝိမုတ္တိရသ အားလျော် သော, ဝါ ထိုယုဂနဒ္ဓ ဓမ္မတို့အားလျော်သော ဝီရိယကို ဆောင်သော အားဖြင့် ဖြစ်ခြင်း, ပွါးခြင်း, အာသေဝန, ပဂုဏ, ဗလဝအားဖြင့် ဖြစ် ခြင်းဟု ဆိုအပ်သော ဘာဝနာသည် ပညာဖြင့်သာ ဖြစ်ရကား အမော ဟော။ပ။ ဣဗ္ဗာ မိန့်သော်။

အဘာဝနာယ-မဖြစ်ခြင်း မပွါးခြင်း၏၊ (သမ္ဗန်ကား ယုဂနဒ္ဓဗမ္မာဒိနံ လာလို၏၊ဝိသေသနကား အနတိဝတ္တနာဒိနာ လာလို၏)

ဝါ အမောဟသည် အကုသိုလ်၏ ဥဖုပဒ္ဒိပက္ခဖြစ်ရကား အမောဟော။ပ။ကွော မိန့်သော်။

အဘာဝနာယ-အကုသိုလ်၏(ဓမ္မ၏ မပွားခြင်း၏)အလောဘေန-ဖြင့်၊ အနဘိက်-မလွန်သည်ကို၊ ဂဏှာတိ-၏။

